သည်။ သူသည် အမြဲတမ်း အကြီးမြတ်ဆုံး ခေါင်းဆောင် နှင့် ပညာအရှိဆုံးလူသား ဖြစ်သည်။ သူ့နှုတ်ကပတ်တော်များသည် ရိုးရာဓလေ့ တစ်ခုကို ဦးတည်ခဲ့လျှင် ကျွန်ုပ်တို့ အားလုံးက ကြီးမားသောဒုက္ခများ ရင်ဆိုင်နေရမည်။ သူ့နှုတ်ကပတ်တော်များသည် ရိုးရာဓလေ့သို့ သက်ဆင်းလာ၍၊ သော့ခတ်ထားသည့် တံခါးများကို သော့ဖွင့်နိုင်သည့် သော့ ဖြစ်သောကြောင့် သူ့ နိုင်ငံတော်၏ ရိုးရာဓလေ့သည် စိတ်နှလုံး ကြေကွဲသူများ၊ မိသားစုများ၊ မြို့များ၊ နှင့် နိုင်ငံများ တို့ကို ဖြည့်ဆည်းနိုင်ပါသည်။

## ၃/ အခြား နည်းဗျူဟာ ဤနေရာမှာ အခု မဖြစ်နိုင်ဘူးလား? တစ်နေရာရာမှာ လုပ်နိုင်သည့်အချို့ကို အခု အတုပြန်ခိုးပြီး ဤနေရာမှာ လုပ်နိုင်လိမ့်မည်ဟု မြော်လင့် ထားလို့ရလား?

ကျွန်ုပ်တို့သည် ယေရှု၏ နောက်လိုက်တပည့်များ ဖြစ်ကြဖို့ ပါ။ သူ့ သွန်သင်ချက်များ အားလုံးကို လိုက်နာဖို့ အခြားသူများအား ကျွန်ုပ်တို့က လေ့ကျင့်သင်ကြားပေးရန် ဖြစ်သည်။ လူတစ်ယောက်ယောက်က အအောင်မြင်ဆုံးသူ ဖြစ်ရင်တောင်မှ ကျွန်ုပ်တို့သည် သူ၏ နောက်လိုက်များ မဖြစ်သင့်ပါ။ ဟုတ်ကဲ့ပါ၊ ကျွန်ုပ်တို့သည် ရှင်လုကာ ခရစ်ဝင်ကျမ်း ၁၀ ထဲမှ ယေရှု၏ နှုတ်ထွက်စကားတော်များကို နာခံရဲသည့် မရေတွက်နိုင်သောလူပုဂ္ဂိုလ်များ၊ နှင့် “ကြမ်းတမ်းသည့်နေရာ”၏ ရိုးရာဓလေ့များ သမိုင်းအရ ရှိခဲ့သည့် နေရာများမှာ ၎င်း နာခံခြင်း၏ အသီးကို မြင်တွေ့နေစေသည့်လူပုဂ္ဂိုလ်များ တို့ကို ကျေးဇူးတင်ရှိပါသည်။ ဤအကြောင်းက အခြား နည်းလမ်း မဟုတ်ပါ။ ရိုးရှင်းသည့် ယေရှု မိန့်မှာချက်သာလျှင် ဖြစ်သည်။

အသင်းတော်ကို တိုးပွားစေသည့် အများဆုံး မဟာဗျူဟာသည် ရောင်းဝယ်ဖောက်ကားခြင်း ပုံစံများအပေါ် မှာသော်၎င်း၊ ခေါင်းဆောင်မှုဆိုင်ရာညီလာခံအများအပြား သည် နောက်ဆုံး ပူးပေါင်းလုပ်ဆောင်မှု အမြော်အမြင်ပေါ် မှာသော်၎င်း အခြေခံခဲ့သည်။ ဓမ္မသစ်ကျမ်းက “ရှင်းပြခဲ့သည့်အကြောင်း”ကို အသုံးပြုလေ့ရှိသော်လည်း အခြေခံက အမြဲလိုလို ကုန်သွယ်မှုမှာ နောက်ဆုံး ပေါ်ပင်ဖြစ်သည်။ ဤပေါ်ပင်များသည် လာလိုက် သွားလိုက် ဖြစ်သော်လည်း အမှန်အားလုံးသည် ယေရှုမှာ တည်သည်။ ကျွန်ုပ်တို့သည် ယေရှုမှာရှိသည့် ထိုအမှန်တရားများကို ရှာကြသည်။

တကယ်ပဲ ဤအရာသည် တခြားနည်းပညာ မဟုတ်ပါ။ သူ့ နည်းပညာ ဖြစ်သည်! သို့ရာတွင်၊ ယေရှုက နာမူနာပြသည့် သွေးသားနှင့်ဆိုင်သည့် ဂုဏ်သိက္ခာ နှင့် ကြီးမြတ်သော ဆရာ စသည့်များပြားသော ဗျူဟာများကို ကုန်သွယ်မှုပညာ သင်ကြားလေ့လာသူ တစ်ချို့က တစ်ဆင့် အမွေယူပြီး ဖြစ်သည့် အကြောင်းကို သိရှိဖို့ စိတ်ဝင်စား စရာဖြစ်သည်။

## ၄/သင်တန်းပေးခြင်း နှင့် သွန်သင်ခြင်းတို့အတွက် ဓမ္မကျောင်းများကို ဘာ့ကြောင့် ကျွန်ုပ်တို့က တည်ကြသနည်း?

သာသနာကွင်းထဲမှာ ယေရှုက စံပြခဲ့၍ သင်ကြားသည့်အတိုင်း ကျွန်ုပ်တို့ ဘာကြောင့် မလုပ်ကြသနည်း? အစွမ်းထက်သောခံစားမှု အကြောင်း၊ ခံစားမှုကို ထိန်းချုပ်ခြင်းအကြောင်း၊ အောင်မြင်၍ မြင်နိုင်သည့် ခံစားမှု အကြောင်းတို့နှင့် လုပ်ဆောင်ရမည်ဆိုတာ ဖြစ်နိုင်စရာလား? လောကရေးရာလုပ်ဆောင်ချက်များကို အတုယူ လုပ်ဆောင်စရာလား? ဓလေ့ထုံးစံနှင့် လုပ်ဆောင်စရာလား? သမ္မာကျမ်းစာ သွန်သင်ချက်များ နှင့် သန့်ရှင်းသောဝိညာဉ်တော် ပြည့်ဝခြင်း တို့ကို အယုံအကြည်ကင်း၍ အခြေခံ ယုံကြည်မှုနည်းခြင်းနှင့် လုပ်ဆောင်နိုင်မည်လား? ယေရှုကို သက်သေခံခြင်းအတွက် အခြေခံလိုအပ်ချက် နှင့် သူ့နိုင်ငံတော်က သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုနှင့် ပြည့်ဝနေသည် ဆိုသည့် သူ့ နှုတ်ကပတ်စကားတော်များကို အယုံအကြည်ကင်းမဲ့ခြင်းနှင့် လုပ်ဆောင်နိုင်စရာလား?ယေရှုက သူ့နောက်လိုက်တပည့်တော်များကို သွန်သင်သည့်အတိုင်း အနည်းငယ်သောအသင်းတော်လူကြီးများက ယုံကြည်ခြင်း၌ အသက်ရှင်လျှောက်လှမ်းဖို့ လူငယ်တစ်စုကို သွန်သင်သည့်အချက်နှင့် လုပ်ဆောင်နိုင်စရာလား? ယေရှု လုပ်ဆောင်ခဲ့သည့်လမ်းစဉ်အတိုင်း လူများနှင့် အသက်ရှင်လျှောက်လှမ်းခြင်း အားဖြင့် အသက်တာပြောင်းလဲခြင်း နှင့် တပည့်တော် ဆက်ဆံခြင်း မရှိနိုင်စရာလား?အစီအစဉ်များ၊ သတင်း လွှဲပြောင်းခြင်းများ နှင့် အထောက်အထားစာများ တို့သည် အဆက်အသွယ်များအတွက် အစားထိုးစရာ မလိုသည့် ရိုးရိုးလေး အရာများ ဖြစ်ကြသည်။

## ၅/အမှုတော်ဆောင်သင်တန်းစင်တာ သို့မဟုတ် ကျမ်းစာကျောင်း ပုံစံနှင့် အစပြုသူ လူတိုင်းလူတိုင်းသည် မှားယွင်းသောစိတ်စေ့ဆော်မှုများ ရှိသည့်သူဟု အသင် ပြောနေ မည်လား?

ကျွန်ုပ် ပြောမှာမဟုတ်ပါ။ ကောင်းသော စိတ်စေ့ဆော်မှုများ နှင့် အကောင်းဆုံး ရည်ရွယ်ချက်များ တို့နှင့် ဤစီမံချက်များကို ကျွန်ုပ်တို့ အားလုံး အစပြုကြသည်။ ကျွန်ုပ်တို့သည် သင်တန်းစင်တာတစ်ခုမှာ ကျွန်ုပ်တို့ ကိုယ်တိုင် အစပြုခြင်းအကြောင်း နှင့် ရပ်စိုင်းခြင်း အကြောင်းတို့ ရှိပါသည်! ကျွန်ုပ်တို့သည် ယေရှု၏ ပုံဥပမာ နှင့် နှုတ်ထွက်စကားတော်များကို အလိုက်လျှောက်သည့်အခါမှာ၊ မှားယွင်းသည့်နေရာမှ အမြဲလိုလို အဆုံးသတ်သည့် ပြဿနာ ဖြစ်လာသည်။ ပြဿနာကို ဗဟိုပြု၍ သင်တန်းပေးခြင်းက ကောင်းမွန်ပြတ်သားစွာ မှတ်တမ်းသင်စေကြသည်။ သီးသန့် စေ့ဆော်မှုများနှင့် ၎င်းက အစပြုသော်လည်း တစ်ချိန်မှာ အဖွဲ့အစည်းနှင့် အစပြုပြီး သူ့ကိုယ်တိုင် ရပ်တည်ဖို့ ရှာမှီးစုဆောင်းခြင်းနှင့် လှုပ်ရှားမှုသည် တာဝန်ခံများ၏ စိတ်စေ့ဆော်မှုနှင့် လုပ်ဆောင်ခြင်း ဖြစ်သောကြောင့် တည်ထောင်သူ၏ ရည်ရွယ်ချက်နှင့် သိသိသာသာ ကွဲပြားခြားနား သွားခဲ့သည်။ တည်ထောင်သူသည် အလုပ်သမားများကို ပြတ်သားစွာ ဦးတည်မည် ဖြစ်ခဲ့သော်ငြားလည်း အလုပ်စပြီးနောက် အလုပ်

လာဝင်ကြသည့် သူများက အဖွဲ့အစည်း ကြီးထွားခြင်း နှင့် ငွေကြေးထောက်ပံ့ခြင်း၊ လစာ တိုးခြင်း နှင့် သူတို့၏ ရာထူး တိုးခြင်းများ တို့အပေါ် မှာ အာရုံစိုက်ကြပါသည်။

ကောင်းသောအရာတစ်ချို့ ဖြစ်ပျက်ဖို့အတွက် အလုပ်လုပ်နိုင်မည်လား? ဟုတ်ကဲ့၊ လုပ်နိုင်ပါမည်။ သို့သော်လည်း နောက်ဆုံးတွင် အဖွဲ့အစည်း အားလုံးသည် ရိတ်သိမ်းခြင်း၏ ရန်သူများ ဖြစ်လာသည်။ သူတို့က ရိတ်သိမ်းခြင်းအတွက် ယေရှု ပေးပို့ခဲ့သည့် လူများ နှင့် ငွေကြေး အရင်းအမြစ်များကို ဝါးမျိုကြသည်။

နှစ်တို အမှုတော်ဆောင် သင်တန်းကဲ့သို့ အစပြုခြင်းအကြောင်းက သုံးနှစ် သုံးမိုး သမ္မာကျမ်းစာ ကျောင်းမှာ သင်ကြားမှု ဖြစ်လာနိုင်သည်။ သမ္မာကျမ်းစာကျောင်းကဲ့သို့ အစပြုခြင်းသည် လေးနှစ် ကျမ်းစာသင်ကျောင်း ဖြစ်လာနိုင်သည်။ ကျမ်းစာ သင်ကျောင်း ကဲ့သို့ အစပြုခြင်းမှ တက္ကသိုလ်ကြီးတစ်ခု ဖြစ်လာနိုင်သည်။ တည်ထောင်သူ၏ မူလ ရည်ရွယ် ချက်က ပျောက်ကွယ်သွားပြီး အဖွဲ့အစည်းနှင့်ဆိုင်သည့်အရှိန်အဟုန်က ဦးစည်းသွားပါ တော့သည်။

ကျွန်ုပ်တို့သည် ယေရှု၏ နောက်လိုက်တပည့်များ ဖြစ်ဖို့ရန်သာ ဖြစ်သည်။ သာသ နာကွင်းမှာ သွားရောက်ခြင်းကို သူက သင်တန်းပေးခဲ့သည်။ အသင်းတော် တည်ထောင်ခြင်း လှုပ်ရှားမှုများအားဖြင့် တပည့်တော်ဖြစ်စေသည့်နေရာများက ရိုးရာဓလေ့အတွင်း၌ လျင်မြန် စွာ တိုးပွားစေသည်။ သာမန် ဝိသေသလက္ခဏာ တစ်ခုက အလုပ်သင်ခြင်း ဖြစ်သည်။ နောက်လိုက်တပည့်တော်များက ဉာဏ်ပည်ကို ရရှိစေသည့်အခွင့်အရေး နှင့် အသင်းတော်လူ ကြီးများမှ ယုံကြည်ခြင်း တုံ့ပြန်မှုကို ရစေသည့် နေရာက နှစ်တို သင်တန်းတက်ခြင်း နှင့် ကျန်ရှိသည့် အချိန်များဖြစ်ပြီး ဤအရာက တိုးပွားမှုကို ဖြည့်စွက်ပေးခဲ့ပါသည်။

# အခန်း ၂

# အချိန်ဖြုန်းဆုတောင်းခြင်းများ နှင့် ပထဝီမြေကြီးပြဿနာ

*"ထိုကြောင့် လုပ်ဆောင်သောသူတို့ကို စပါးရိတ်စေခြင်းငှါ စပါးရှင် စေလွှတ်တော်မူမည် အကြောင်း ဆုတောင်းကြလော့။" ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၂(ခ)*

## က/အချိန်ဖြုန်း ဆုတောင်းခြင်းများ

ယေရှုက ပျောက်ဆုံးသောသူများအတွက် ဆုတောင်းပေးဖို့ ကျွန်ုပ်တို့ကို မမိန့်မှာခဲ့သည်ဟု မှတ်ချက်ချဖို့ အငြင်းပွားစရာဖြစ်သည်။ ရိတ်သိမ်းခြင်းအတွက် ဆုတောင်းဖို့လည်း မတောင်းဆိုခဲ့ပါ။ အထီးကျန်၊ ညည်းပန်းခြင်း၊ အစာရေစာခေါင်းပါးခြင်း၊ ဖိနှိပ်ချုပ်ချယ် မှု နှင့် ဒုက္ခဝေဒနာ တို့ကို ခံစား၍ မြည်တမ်းခြင်းများသည် အဖခမည်းတော်၏ စိတ်နှလုံးကို တောက်လျှောက် ဝမ်းနည်းစေပါသည်။ ပျောက်ဆုံးသောသူ၏ ငိုကြွေးမြည်တမ်းခြင်းက ထိရောက်ပြီး တန်ခိုးရှိ၍ ဘယ်တော့မှ မဆုံးနိုင်သည့် ဆုတောင်းမှုများ ဖြစ်စေသည်။

ယေရှုသည် သာသနာကွင်းများကို ဝိညာဉ်ရေးရာအားဖြင့် ဖျူစင်၍ အဆင်သင့်ဖြစ်ခြင်းထက် သာကြောင်း သိနားလည်ခဲ့သည်။ သူတို့က ဝိညာဉ်ရေးရာမှာ ပို၍ ပြင်ဆင်စရာ မလိုတော့ပါ။ သူတို့ ဆုတောင်းသံများကို ကျွန်ုပ်တို့က ကြားဖို့ လိုပါသည်! ကျွန်ုပ်တို့၏ ဆုတောင်းပေးခြင်းတို့ကို သူတို့က မလိုအပ်ပါ။ ကျွန်ုပ်တို့၏ နာခံမှုကို လိုအပ်နေသည်။

ဝိညာဉ်ရေးရာ ထိန်းချုပ်နိုင်မှု စွမ်းအားများ တစ်ခုခုနှင့် ချေနှောင်ဖို့ သို့မဟုတ် ဝိညာဉ်ရေးရာ စွမ်းရည်များ တစ်ခုခုနှင့် သူတို့အပေါ်မှာ အမိန့်အာဏာကို အသုံးပြု၍ နင်ချဖို့ ယေရှုက ကျွန်ုပ်တို့ကို မမိန့်မှာခဲ့ကြောင်းကို မှတ်ချက်ချဖို့လည်း အငြင်းပွားစရာ ဖြစ်သည်။ ရိတ်သိမ်းခြင်းအတွက် အဟန့်အတားရှိသည်ကို သူနားလည်သည့် နေရာမှာ ၎င်းက မရှိခဲ့ပါ။ ထို့အပြင်၊ သူ့သေခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်း တို့အားဖြင့် အမှောင်တန်ခိုးအားလုံးကို ကိုင်တွယ် ဖြေရှင်းနိုင်ခဲ့မည်ဟု သူက သိနားလည်ခဲ့သည်။

ဧဖက်၊ ၁း၁၅-၂၃၊ ကောလောသဲ၊ ၂း၁၄-၁၅ နှင့် ဟေဗြဲ၊ ၂း၁၄-၁၅ စသည့် ကျမ်းပိုဒ်များအားဖြင့် ဤနေရာမှာ တရားအားထုတ်ပါဟု မိန့်မှာနိုင်လိမ့်မည်။ ကျွန်ဘဝ ရောက်နေသည့် တိုင်းနိုင်ငံများကို ချုပ်ကိုင်သည့်နေရာမှာ ယေရှု၏ သေခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းတို့အားဖြင့် ဝိညာဉ်တန်ခိုးတော်များက ကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ပေသည်။

ယေရှုက အထမြောက်စေခဲ့ပြီးဖြစ်သည့် အကြောင်းကို မယုံကြည်သူများ ရှေ့မှာ လုပ်ပြဖို့ ဤအလုပ်က ရိုးရိုးလေးအဖြစ်လုပ်ပြနိုင်ခဲ့ကြောင်း ပြောနိုင်ရန် ကျွန်ုပ်တို့အတွက် ဆုတောင်းဖို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ကားတိုင်ပေါ်မှာ အထမြောက်စေခဲ့ပြီးသည့်အကြောင်းကို "ဝိညာဉ်ရေးရာ"နည်းပညာအားဖြင့် လုပ်နိုင်မည် မဟုတ်ပါ။

၎င်းက ကျွန်ုပ်တို့ ဟောကြားရသည့် ခရစ်တော် နှင့် ကားတိုင်တင်ခြင်းခံသည့်ခရစ်တော်ကြောင့် ဖြစ်သည်! ရှင်ပေါလုက အမှောင်၏ တန်ခိုးတော်များကို ဆန့်ကျင်၍ ဆုမတောင်းပါ။ သို့သော်လည်း အသင်းတော်သည် ခရစ်တော် ဂုဏ်တော်အားဖြင့် အမှောင်ထုအပေါ်မှာ အောင်မြင်သည့် ဖွင့်ပြနိုင်ပေသည်။

ယေရှုသည် "စာတန်မာရ်နတ်က ကောင်းကင်မှာ အလင်းကဲ့သို့ ကျဆုံးလာ"သည်ကို မြင်တွေ့ခဲ့ကြောင့် ပြန်လှည့်လာသည့်တပည့်တော်များ(လုကာ၊ ၁၀း၁၈)ထံသို့ အသိအလင်း ပြောကြားသည်။ သို့သော်လည်း ၎င်းက သူတို့ နိုင်ငံတော်အတွက် သာသနာပြုသွားရောက်ခဲ့သည့်နေရာတိုင်းမှာ ယေရှုအမိန့်ကို နာခံခြင်းဖြင့် ပြီးမြောက်စေခဲ့သည်။ ၎င်းက မြေကြီးပေါ်မှာ သူတို့ အမိန့်နာခံခြင်း၏ ရလဒ် ဖြစ်သည်။ အမိန့် အာဏာနှင့် အနာရောဂါငြိမ်းစေခြင်း နှင့် ကယ်တင်ခြင်းတို့ကို သူတို့က လုပ်ဆောင်နိုင်သည့်အကြောင်း နှင့် "မြွေပွေးများ၊ ကင်းမြီးကောက်များ၊ နှင့် ရန်သူ၏ တန်ခိုးအားလုံးအပေါ်မှာ" ဩဇာအာဏာ ရှိသည်ဟု သူက ကြေငြာခဲ့သည်။ စာတန်မာရ်နတ်၏ ကျရှုံးမှုကို ယေရှုက သိနားလည်ခဲ့သည်။

ဝိညာဉ်ရေးရာ ဩဇာနှင့်ဆိုင်သည့်လှုပ်ရှားမှု အသိုင်းအဝိုင်း အများအပြားမှာ လူတွေကို အစေခံခြင်း အမှန် မပါဝင်သည့် "ဝိညာဉ်ရေးရာ" ကိစ္စကို လုပ်ဆောင်ဖို့ လူစုအတွက် တစ်ခြား အကြောင်းကို အချိန်ယူပြီး သင်က ဖန်တီးသည့် "အမှုတော်"တစ်ခုကဲ့သို့ ထင်ရသည်။ သူတို့က နာရီပေါင်းများစွာ သီချင်းသီဆို နေမည့်အချိန်မှာ "ဝိညာဉ်ရေးရာ"တိုက်ပွဲ ဆင်နွှဲမည်၊ ကြေငြာချက်များကို ထုတ်ဖော်မည်၊ ဆုတောင်းခြင်းနှင့် လျှောက်လှမ်းမည်၊ ဆုတောင်းခြင်း ခရီးများကို နှင်ကြမည် ("ဝိညာဉ်ရေးရာ" ခရီးသွားခြင်း?)၊ ရိတ်သိမ်းခြင်း လာမည်ကို ကြိုတင်ဟောကြားမည်၊ ရိတ်သိမ်းခြင်းလာဖို့ ဆုတောင်းမည်၊ ရိတ်သိမ်းခြင်းလာမည်ဟု ကြေငြာမည်။ သို့သော်လည်း သူတို့က သူတို့၏ အားထားရာ အချိန် နှင့် ရှင်လုကာ ၁၀ ထဲမှ ယေရှု၏ ပညတ်ချက်များကို ရိုးသားစွာ နာခံဖို့ ဆက်စပ်သည့် အရာများကို မယူဆောင်ပဲနှင့် ရိတ်သိမ်းခြင်း အလုပ်ကို ယခု လုပ်နေကြသည်။

အချိန်အကြာကြီး သင်က ဆုတောင်းခြင်း၊ နာမိတ်ဖတ်ခြင်း၊ ပြင်ဆင်ခြင်း နှင့် ပြောကြားခြင်းတို့ကြောင့် လုံခြုံမှုကို ရရှိ၏။ ရှုံးနိမ့်စရာ စွန့်စားမှုမျိုး မရှိပါ။ စီရင်စရာ အသီး မရှိပါ။ သင်သည် ကမ္ဘာ့လေထု၊ "ဘီသိက်ပေးခြင်း"၊ အစည်းအဝေးမှာ ခံစားသည့် အရာ စသည်တို့ အပေါ်မှာပဲ စီရင်နိုင်သည်။ "ဝိညာဉ်ရေးရာ ထိုးဖောက်မှုများ"အကြောင်းကို အသင် ပြောဆိုနိုင်သည် (ဓမ္မသစ်ကျမ်းထဲမှ ဝိညာဉ်ရေးရာ ထိုးဖောက်မှုများ ပြောသည့် အကြောင်း ဘယ်နေရာမှာ ရှိသနည်း?)။ သို့သော်လည်း သူတို့အပေါ်မှာ အသင် "ဝိညာဉ်

ရေးရာ”အမြင်နှင့် ကြည့်ရမည်! သင်သည် အနုပညာ ဖျော်ဖြေမှုကို စီရင်နေသည်။ဤနေရာမှာ စစ်မှန်သော အသက်တာအတွက် တာဝန်ခံမှု မရှိပါ။ သင်သည် တပည့်တော် ဖြစ်စေဖို့ တာဝန်ခံမှု နှင့် ပညတ်တော်တို့ကို လျစ်လျူရှုခဲ့ပြီး ဖြစ်၍၊ မှားယွင်းသော ဝိညာဉ်ရေး၊ နှင့် အဆုံးမရှိသည့် တွေ့ဆုံမှု တို့၏ ကမ္ဘာမှာ အသင်းက နေထိုင်ပါသည်။

အဘယ့်ကြောင့် ကျွန်ုပ်တို့က လူမျိုးတကာများအပေါ်မှာ ထာဝရဘုရား၏ လက်တော်ကို လှည့်၍ ရွေ့ဖို့ ချော့မော့မြောက်ပင့် နားချပြီး စည်းရုံးသိမ်းသွင်း ဆုတောင်း ကြသနည်း? ကျွန်ုပ်တို့သည် သူက လူများကို ချစ်၍ သူတို့အတွက် အကောင်းဆုံး ဆန္ဒများ ရှိသည်ကို မယုံလို့လား? ထာဝရဘုရား၏ စိတ်နှလုံးအရင်းနှင့် ကျွန်ုပ်တို့ မတွေ့ဆုံနိုင်သေးသောကြောင့် ဤလိုမျိုး ဆုတောင်းခြင်းများ အများအပြား ရှိနေသည်။ ဟုတ်ကဲ့ပါ၊ သင်သည် ထာဝရဘုရား၏ စိတ်နှလုံးကို မတွေ့သေးသည့်တိုင် လူမျိုးတကာတို့တွက် ဆုတောင်းပေးပါ။

ပိုပြီး ထာဝရဘုရားက ကြားနိုင်ဖွယ်၊ တုံ့ပြန်နိုင်ဖွယ် ရှိဖို့ ကျွန်ုပ်တို့က ကျယ်လောင်သောအသံနှင့် အမြဲလိုလို ဘာကြောင့် ဆုတောင်းကြသနည်း? သူတို့၏ စကားအများအပြားကို ကြားခဲ့လိမ့်မည်ဟု အထင်နှင့် ဆုတောင်းသည့် ဘုရားမဲ့တို့ ရှိသည့်အချိန်မှစ၍ သည်လို မလုပ်ဖို့ ယေရှုက ကျွန်ုပ်တို့ကို မိန့်မှာခဲ့၏ (မဿဲ၊ ၆း၇)။ ထာဝရဘုရားက ကျွန်ုပ်တို့၏ စိတ်နှလုံးတွင်းနက်ထဲမှ ဆုတောင်းသံကို ကြားပါသည်။

လူအုပ် ဆုတောင်းခြင်းအတွက် လူထုစည်းဝေးပွဲများ များများ ဖြစ်မြောက်နိုင်ဖို့ ကျွန်ုပ်တို့က ဘာ့ကြောင့် ကြိုးစားကြသနည်း? အမှန်စင်စစ် ကျွန်ုပ်တို့က ပိုပြီး လူများများ စုဝေးဆုတောင်းကြပါက ထာဝရဘုရားက ပို၍တုံ့ပြန်မည်ဟု တွေးထင်သောကြောင့်ပါလား? ကျွန်ုတို့သည် ထာဝရဘုရားကို အရေအတွက်များနှင့် ခရီးနှင်စေမလား? ဖြောင့်မတ်သောလူတစ်ယောက်၏ဆုတောင်းခြင်းက အမြောက်အများကို လုပ်ဆောင်နိုင်သည်ကို ဧလိယ ၏ ပုံပမာကို ပေး၍ ရှင်ယာကုပ်က ကျွန်ုပ်တို့အား ပြောထားသည် (ယာကုပ်၊ ၅း၁၆-၁၇)။ ထာဝရဘုရားက အရေအတွက်ထက် ယုံကြည်ခြင်း နှင့် ဖြောင့်မတ်ခြင်းတို့ကို ဂုဏ်ပြုသည်။

ကျွန်ုပ်တို့သည် ဘာကြောင့် လူထုကြီးနှင့် ဆုတောင်းခြင်းက ထိရောက်သည်ဟု တွေးထင်ကြသနည်း? “ဆုတောင်းခြင်း ဦးဆောင်သူများ”အပြင် အကျော်အမော်များ ဖြစ်နိုင်သော်လည်း ယေရှုက သူ့အချိန်မှာ ဘာသာရေးနှင့်ဆိုင်သည့် လူအုပ် ဆုတောင်းခြင်းကို ရှုတ်ချပြီး ကျွန်ုပ်တို့ လျှို့ဝှက်စွာဆုတောင်းသည့်အခါ ထာဝရဘုရားက ဆုချမည်ဟု ပွင့်ပွင့်လင်းလင်း ပြောထားပါသည် (မဿဲ၊ ၆း၅-၆)။

ဝိညာဉ်ရေးရာဘာသာက အတိတ်မှာ ထာဝရဘုရား လုပ်ဆောင်ခဲ့ပြီးသည့်အကြောင်းမှာ အောင်ပွဲဆင်နွှဲပြီး၊ အနာဂတ်မှာ ကယ်တင်ရှင် မေရှယ လာဖို့ ဩဘာပေးကြသည်။ သို့သော် “ယနေ့ပင် ဤကျမ်းစာချက်သည် သင်တို့ကြားသည်အတိုင်း ပြည့်စုံလေပြီဟု မိန့်တော်မူ၏”ဟု ပြောသည့် သူကို သတ်ဖို့ ရှာကြသည် (လုကာ၊ ၄း၂၁-၃၀)။ အတိတ်မှာ ထာဝရဘုရား၏ လုပ်ဆောင်ခဲ့ပြီးသည့်အရာများက ကျွန်ုပ်တို့ကို နှစ်သိမ့်မှုပေးပြီး၊ အနာဂတ်မှာ လုပ်ဆောင်မည့်အကြောင်းများက စိတ်လှုပ်ရှားပျော်ရွှင်မှု အတွေးအမြင်ကို ပေးသည်။ သို့သော် ယခု သခင်၏ ပညတ်တော်က ယုံကြည်မှု၊ နာခံမှု နှင့် ဆက်ကပ်အပ်နှံမှုတို့ကို တောင်းဆိုနေသည်။

ယေရှုသည် ကျွန်ုပ်တို့ကို အလုပ်သမားများအတွက် ဆုတောင်းဖို့ မိန့်မှာသည်က အမှန်တရားဖြစ်သည်။ ရိတ်သိမ်းခြင်းက အသင့်ပါ၊ အသင့်ပြင်ဖို့ လွန်နေပြီ! ဝိညာဉ်ရေး အနေဖြင့် အဆင်သင့်ပါ။ သူက လိုအပ်သည့် ပြင်ဆင်စရာအားလုံးကို ပြင်ဆင်ခဲ့ပြီးပြီ။ ကြီးမြတ်သောအရာကို ကျွန်ုပ်တို့ကိုယ်စား လုပ်ဆောင်ပြီးမြောက်စေခဲ့သည်။ ကျွန်ုပ်တို့သည် သူ့ကိုယ်စား မည့်နေသောသီးနှံများကို ရိတ်သိမ်းပေးဖို့ ဖြစ်သည်။ အလုပ်သမားများအတွက် ကျွန်ုပ်တို့က ဆုတောင်းပေးဖို့ ဖြစ်သည်။

အလုပ်သမားများအတွက် ဆုတောင်းခြင်း အန္တရာယ်သည် တပည့်တော်များဆီမှာ အတိအကျ ဖြစ်ပျက်သည့်အကြောင်း ရှိသည်။ သူတို့က သူတို့ကိုယ်တိုင် ဆုတောင်းခြင်းများ အဖြေကို ချက်ချင်း ထူးစေခဲ့သည်! ကျွန်ုပ်တို့ ကိုယ်တိုင် အမိန့် နာခံဖို့ နှိမ့်ချသည့်အခါမှာ၊ သူ့ရည်ရွယ်ချက်များ စီးဆင်းလာသည်ကို ကျွန်ုပ်တို့ မြင်တွေ့ရပါသည်။

ကျွန်ုပ်တို့သည် ညွှန်ရေးမှူးများ၊ ကျွမ်းကျင်အတတ်ပညာရှင်များ၊ သုတေသနပြုသူများ သို့မဟုတ် ရှင်ဘုရင်များ မဟုတ်ကြပါ။ ဓမ္မသစ်ကျမ်း အမှုတော် သို့မဟုတ် “ပရောဖက်ပြုဖို့ ကြားခံလူ”အဖြစ် ခေါ်ခြင်းခံသည့်သူ မရှိပါ။ “ကြားခံ ခေါင်းဆောင်ကြီးများ” လည်း မရှိပါ။ ကျွန်ုပ်တို့ အားလုံးသည် ယဇ်ပုရောဟိတ်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် အလုပ်၏ အစိတ်အပိုင်းဖြစ်သောကြောင့် ဆုတောင်းကြသည်။ ကျွန်ုပ်တို့သည် အလုပ်သမားများဖြစ်ကြသည်။

ကျွန်ုပ်တို့သည် နှိမ့်ချမည့်သူများအတွက်၊ တစ်ခါတစ်ရံ ညစ်ပတ်၍ အန္တရာယ်ရှိသည့် ရိတ်သိမ်းခြင်း အလုပ်ကို စိတ်ပါလက်ပါနှင့် အလုပ်လုပ်မည့်သူများအတွက် ဆုတောင်းပေးဖို့ ဖြစ်ပါသည်။ ထာဝရဘုရားသည် နည်းလမ်းတစ်ခုပဲ ရှိသည်။ ၎င်းက အတွေးအသားထဲမှာ သူ့နှုတ်ကပတ်တော်ကို လူများကြားထဲ ရှင်သန်ဖို့ ပို့ဆောင်ရန် ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ထာဝရဘုရား၏ ပြည့်စုံသော ကျေးဇူးတော် ဂုဏ်တော်ကို နှင့် အမှန်တရားကို သိနားလည်လာမည် ဖြစ်ပေသည်။ ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁း၁၄မှာ သူ့ စီမံချက် “က” ရှိပါသည်။ သူ့မှာ စီမံချက် “ခ” မရှိပါ။

သာသနာပြုဖို့ ကျွန်ုပ်တို့ ကိုယ်တိုင် မသွားနိုင်လျှင် အလုပ်သမားများအတွက် ဆုတောင်းပေးနိုင်မည် မဟုတ်ပါ။

အလုပ်သမား (အမှုတော်ဆောင်များ)အတွက် ဆုတောင်းပေးပါ!

## ခ/ရိတ်သိမ်းခြင်း သခင်

သည်ရှင်လုကာကျမ်းပိုဒ်ထဲမှာ၊ ယေရှုက သူကိုယ်တိုင်သည် “ရိတ်သိမ်းခြင်း သခင်” ဖြစ်သည်ဟု သက်သေပြခဲ့သည်။ ထိုတို့အတွက် လိုအပ်သည့်အရာအားလုံးကို သူကိုယ်တိုင် သက်သေပြ လုပ်ဆောင်ခဲ့ပြီးပါပြီ။ နတ်ဆိုးအုပ်စိုးသည့်အမှောင်ညမှ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ ယေရှု မလာသေးချိန်ထိ အသင်းတော်က တိုးပွားလိမ့်မည်ဟု တစ်ချို့လူစုက ယုံကြည်ကြသည်။ ဒံယေလအားဖြင့် သိနိုင်သည့် ဒံယေလအနာဂတ္တိကျမ်း ၂ကအတိုင်း နှင့် ရှင်မဿဲခရစ်ဝင်ကျမ်း ၁၃ထဲမှာ ယေရှု ကြေငြာခဲ့သည့်အတိုင်း ကမ္ဘာမြေကြီးမှာ နိုင်ငံတော်ကျယ်ပြန့်ခြင်း တရားနှင့် ပြည့်စုံစေခြင်းထက် မကောင်းဆိုးဝါး လွှမ်းမိုးမှု တိုးတက်ခြင်းကို သူတို့က အမှန်စင်စစ် ယုံကြည်ဟန်ရှိကြသည်။ စွန့်လွှတ်ခြင်းနှင့်ဆိုင်သည့် ချစ်ခြင်းမေတ္တာနှင့် လုပ်ဆောင်ဖို့ သူ ရှုံးနိမ့်ခဲ့သည့်အကြောင်းကို ပြင်းထန်သောအာဏာဖြင့် လုပ်ဆောင်ဖို့ ယေရှု ပြန်လာမည်ဟု သူတို့က ယုံကြည်သည်။ ၎င်းက အမှန်စင်စစ် ကားတိုင်မှာ မပြီးမြောက်သေးကြောင့် နှင့် ပျောက်ဆုံးနေသည့်ဖန်ဆင်းခြင်းကို ကယ်တင်ဖို့ သူ့ယဇ် ပူဇော်ခြင်း မလုံလောက်သေးကြောင့် တို့ကို သူတို့က အယုံအကြည်ရှိသည်။ သူတို့က ယေရှုကိုယ်တိုင်က “လျှော့နည်းမှု၏ သခင်”အဖြစ် ခေါ်ခြင်း ခံခဲ့ရလိမ့်မည်ဟု ယုံကြည်သည့်သဘောရှိသည်။

ယေရှုသည် သူ့ကားတိုင်ပေါ်မှာ မကောင်းဆိုးဝါးကို အောင်နိုင်ခဲ့သည်။ စစ်မှန်သော ချစ်ခြင်းမှာ ဘယ်တော့မှ ရှုံးနိမ့်မှုမရှိ! ကိန်းဂဏန်းများသည် ထာဝရဘုရား၏ နိုင်ငံတော် တိုးတက်ကြီးထွားနေခြင်းကို ပြသည့် သမိုင်းအကြောင်းကို ပြောသည်။ “အေဒီ ၄၀မှာ လှုပ်ရှားမှုဖြင့် ယေရှုသည် နောက်လိုက်တပည့်တော် ၁၀၀၀၀ခန့်ကို ရရှိခဲ့သည်။ အေဒီ ၃၀၀မှာ ကိန်းဂဏန်းသည် ခြောက်သန်း ဝန်းကျင် သို့မဟုတ် ရောမ အင်ပါယာ၏ သန်းခေါင်စာရင်း၏ ဆယ် ရာခိုင်နှုန်း ဝန်းကျင် တိုးပွားလာခဲ့သည်။” ၎င်းတဟုန်ထိုးတိုးပွားမှုသည် သုံးရာစု နောက်ပိုင်း ရပ်သန့်သွားပြီး၊ အသင်းတော်သည် အဖွဲ့အစည်း ဖြစ်လာခဲ့သည်။ သို့သော်လည်း စိန် ပက်ထရစ် (St. Patrick)၏ သာသနာပြုခြင်း လှုပ်ရှားမှုကို ပထမရာစုနှစ်မှာ အစပြုသည့်အချိန်မှ တိုးပွားမှု ပြန်စလာသည်။ တခြား ကျဆင်းမှု အချိန်ပြီးသည့် နောက်ပိုင်း တိုးတက်မှုက မာတင် လူတာနှင့် ပြန်လည် အစပြုပြီး၊ ပြုပြင်ပြောင်းလဲခြင်းများ၊ ပြန်လည်ထူထောင်ခြင်းများ၊ နှင့် နောက်ဆုံး နှစ်ပေါင်း ၅၀၀၏ သာသနာ လှုပ်ရှားမှုများ စသည်တို့ အစပြုသည့်အချိန်မှ စ၍ အရေအတွက် တိုးပွားလာသည်။

ပထမသုံးရာစုနှစ်များမှာ အသင်းတော်သည် အိမ်များမှာ ရိုးရိုးလေး စုရုံး တွေ့ဆုံစည်းဝေး လှုပ်ရှား၍ ထမင်းအတူတူ စားကြသည်။ ဤသို့အပြင်ပန်းတွေ့ဆုံမှုများသည် အမှန်စင်စစ် ပျောက်ကွယ်တော့မည် မဟုတ်ပါ။ သို့သော်လည်း ရာစုနှစ်ပေါင်းများစွာမှာ အစဉ်အလာနှင့်သက်ဆိုင်သည့် အသင်းတော်သည် ပြင်းထန်စွာ ညဉ်းပန်းနှိပ်စက်မှု ခံခဲ့ပြီး၊ သူတို့၏ အိမ်မှာ သမ္မာကျမ်းစာ ဖတ်သည့်သူ သို့မဟုတ် သူတို့ ကလေးသည်နှင့် ဆုတောင်းသည့်သူ တို့ကို ကွက်မျက်ခဲ့ကြသည်။ နှစ်ဆယ်ရာစုမှာ ပြတ်တောင်းပြတ်တောင်း ပျောက်လိုက် ပေါ်လိုက်ဖြစ်သည် အိမ်အသင်းတော်များသည် အမှန် ပေါက်ကွဲ ပေါ်ထွက်လာခဲ့သည်။

တရုတ်မှာ သီးခြားစွာ မြင်တွေ့ရသည်။

“ညဉ်းပန်းနှိပ်စက်မှု အစပိုင်းနှစ်များမှာ၊ တရုတ်လူမျိုး ယုံကြည်သူများသည် သူတို့၏ ယုံကြည်မှုကို လက်လျှော့လာခဲ့ကြသည်. . . သမိုင်းပညာရှင် တစ်ချို့က ထိုအချိန်မှာ အသင်းတော်မှာ ၇၅၀၀၀၀၏ ၇၀%ရှိသည့် များပြားသောအသင်းသားများက သခင်ဘုရားကို လူသိရှင်ကြား စွပ်စွဲ ရှုတ်ချခဲ့သည်ဟု ပြောကြသည်။ တရုတ်ကသည်လို တံခါးကို လုံးဝပိတ်လိုက်သည့်အခါ၊ ကျန်ရှိသည့် ကမ္ဘာမှာ ခရစ်ယာန်များ လျှော့မသွားတော့သည်က သေချာခဲ့ပါသည်. . . ၁၉၇၀ ဆယ်စု နောက်ဆုံးပိုင်းအချိန်မှာ တရုတ်ပြည်မှာ တံခါးများ ပြန်ဖွင့်ဖို့ အစပြုခဲ့သည်. . . ယခုအချိန်မှာ သုတေသနပြုသူ အများဆုံးက တရုတ်ပြည်မှာ ယုံကြည်သူ သန်းပေါင်း ၁၀၀ ဝန်းကျင်ရှိမည်ဟု သဘောတူကြသည်။”

အာဖရိကကို လေ့လာကြည့်ကြရအောင်. . . “၁၉၀၀မှာ၊ အာဖရိက၌ လူဦးရေ သန်းပေါင်း ၁၀၈ ယောက်ရှိရာ သန်းပေါင်း ၈. ၇ ယောက် သို့မဟုတ် ၉%သည် ခရစ်ယာန်များ ဖြစ်ခဲ့သည်။ ထိုခရစ်ယာန် အများစုသည် ကော့ပ်တစ် နှင့် အီသီအိုပီးအန် အောလ်တိုဒေါ့စ်များ ဖြစ်သည်။ မွတ်စလင်များက သန်းပေါင်း ၃၄. ၅ယောက်ရှိပြီး အရေအတွက်အားဖြင့် အများပြားသည်။ နိုင်ငံ လူဦးရေအားလုံး၏ လေးပုံ တစ်ပုံခန့် ဖြစ်သည်။ ၁၉၆၂မှာ. . . မွတ်စလင် သန်းပေါင်း ၁၄၅ယောက်ခန့် ရှိပြီး၊ ခရစ်ယာန် သန်းပေါင်း ၆၀လောက် ရှိသည် - လူဦးရေ၏ ငါးပုံ နှစ်ပုံခန့် ရှိသည်. . . ၂၀၀၀ ခုနှစ်မှာ အာဖရိက၌ ခရစ်ယာန် သန်းပေါင်း ၃၆၀ယောက် ရှိလာသည်. . . အာဖရိကလူမျိုးများ၏ ၄၀. ၆% သည် မွတ်စလင်များ ဖြစ်ကြ၍၊ ၄၅%က ခရစ်ယာန်များ ဖြစ်ကြသည်။ ၁၉၀၀ မှ ၂၀၀၀ ခုနှစ်အတွင်း မွတ်စလင်၏ အချိုးသည် ခရစ်ယာန်သို့ လေးပုံ တစ်ပုံ မှ တစ်ပုံ တစ်ပုံထက် အနည်းဘက်သို့ ပြောင်းရွှေ့လာသည်။”

အိန္ဒိယကို လေ့လာကြပါစို့ . . . “အိန္ဒိယမှာ အိမ်အသင်းတော် နက်ဝေါ့ခ်များ၏ ပူးပေါင်းမှု၊ စတားဖီးစ် မဟာမိတ်အဖွဲ့သည် ၂၀၀၉ ခုနှစ် ပင်တေကုတ္တေနေ့မှာ လူပေါင်း ၃၀၀၀၀၀ နှစ်ခြင်း ခံယူခဲ့သည်ဟု ကြေငြာထားသည်။ နေ့ရက်တူသည့် ၂၀၁၀ ခုနှစ်မှာ တစ်သန်း နှစ်ခြင်းပေးခြင်း ခံခဲ့ကြသည်။ ထူးခြားသည့် ရုတ်တရက် ဝင်တိုက်ခိုက်ခြင်းများက မွတ်စလင် နှင့် ဗလာ့မင် (Brahmin)တို့၏ အတိုင်းအဝိုင်းများ အထဲမှာ ဖြစ်လာခဲ့သည်ဟု ခေါင်းဆောင်များ ဖြစ်သည့် Victor နှင့် Bindhu Choudhrieတို့က ပြောသည်။” စတားဖီးစ် မဟာမိတ်အဖွဲ့သည် အိန္ဒိယမှာ လျင်မြန်စွာ တိုးပွားလာသည့် နက်ဝတ်ခ် တစ်ခုတည်း ဖြစ်သည်။

James Rutzက သည်လို ယုံကြည်သည် - “ခရစ်ယာန်ဖြစ်ခြင်း၏ အဓိကကြီးထားမှုသည် သီဩလော်ဂျီ လိုင်းများကို ဖြတ်ကျော်ပြီး တစ်နှစ်မှာ ၈% တိုးပွားသည့် ပြောင်းလဲသူများ သန်းပေါင်း ၇၀၇ယောက် ပါဝင်သည်။ ဤ ‘အဓိက တပည့်တော်များ’သည် သူတို့က တိုးချဲ့နိုင်သည့်၊ လွယ်ကူစွာ ရေတွက်နိုင်၍ နက်ဝတ်ခ်များနှင့် ဆက်သွယ်နိုင်သည့်

အမိက ထူးခြားချက်ရှိသည့် ကလစ်မာတစ်များ၊ ပင်တေကော့စ်တဲလ်များ၊ နှင့် အီဗင်ဂျယ်လီကဲလ်များ စသည့် အားကောင်းသောအသင်းများ ရောနှောနေပါသည်။”

ယေရှုသည် ရိတ်သိမ်းခြင်း အရှင်သခင် ဖြစ်သည်။ ၎င်းက သူ့ဗီဇကို ဖော်ပြသည့် သူ့ခေါင်းစည်းတစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့သည် တိုးပွားနေသည့် သူ့နိုင်ငံတော်၏ အစိတ်အပိုင်း တစ်ခု ဖြစ်ကြသည်!

## ၈/လုပ်ပိုင်ခွင့် အာဏာပါသော ဆုတောင်းခြင်း နှင့် ပထဝီမြေကြီး ပြဿနာ

“သူ့ ရိတ်သိမ်းခြင်းမှာ အလုပ်သမားများ စေလွှတ်ဖို့” တောင်းဆိုခြင်းသည် သွယ်ဝိုက်တောင်းဆိုမှု (အင်္ဂလိပ်ထဲမှာ အနည်းဆုံး) ဖြစ်သည်။ ကျွန်ုပ်တို့သည် ပေးစာများ ပို့၍၊ အီးမီးလ်များ ပို့လွှတ်ပြီး၊ ဂုဏ်ယူပေးမှုများ သို့မဟုတ် နှစ်သိမ့်စာများ ပို့ကြသည်။ သို့သော်လည်း၊ ရှင်လုကာခရစ်ဝင်ကျမ်း ၁၀ထဲမှာ၊ ဤကြိယာက သူ့လက်မှ သူ့လယ်မြေသို့ မျိုးစေ့ ကျဲသည့် ပုံကို ဆေးခြယ်မည် ဖြစ်သည်။ ၎င်းအတိုင်း ကျွန်ုပ်တို့ အသက် သခင်ယေရှုက သူ့လက်မှာ ကျွန်ုပ်တို့ကို ယူဆောင်၍ ကျွန်ုပ်တို့၏ ဇာတိ ရောင့်ရဲမှု အပြင်ဘက်မှာ ထုတ်၍ သူ့ရိတ်သိမ်းမည့်လယ်ကွင်းမှာ ကျဲခြင်းခံယူ မည်လား? ကွန်ုပ်တို့သည် မြေကြီးထဲမှာ မြုပ်ခြင်းခံပြီး သေ၍ မမြင်နိုင်သည့် အရာဖြစ်လာကာ အစီအစဉ်အတိုင်း အပင်ပေါက်လာပြီး အသီး အများအပြား သီးချင်ကြ မည်လား? ကျွန်ုပ်တို့၏ စိတ် စေ့ဆော်မှုက ပါလည်း? သူထံမှ ကျွန်ုပ်တို့ ရရှိလိုသည့်အရာအတွက် ထာဝရဘုရားကို အသုံးချ ချင်ကြသလား သို့မဟုတ် သူ့ ဂုဏ်တော်အတွက် မှန်ကန်သည့် အလိုဆန္ဒ ရှိပါသလား?

ရှင်ယောဟန်ခရစ်ဝင်ကျမ်း ၁၂း၂၃-၂၆ကို အာရုံပြုပါ! ကျွန်ုပ်တို့သည် ယေရှုနောက်လိုက်၍ အစေခံကြလျှင်၊ သူက အဖခမည်းတော်ကို လေးစားပြီး သူ ရှိသည့်နေရာမှာ သူနှင့်အတူ နေရပါမည်။ ထိုအချိန်မှာ ယေရှုက ဘယ်နေရာမှာ ရှိသနည်း? သူက လေဟာပြင် နေရာမျိုးကို ပြောခြင်း မဟုတ်ပါ။ သူ့အဖခမည်းတော်၏စိတ်နှလုံးနှင့် ဆက်သွယ်မှုရှိသည့်နေရာ ပြောခြင်းဖြစ်သည်။ သူ့နှလုံးသားမှာ ကျွန်ုပ်တို့ အသက်ရှင် ရှိနေမှ အဖခမည်းတော်၏ စိတ်နှလုံးကို ဖော်ပြနိုင်မည် ဖြစ်သည်။ ၎င်းနေရာက ယေရှု ရှိသည့်နေရာ၊ ကျွန်ုပ်တို့ကို ရှိနေစေချင်သည့်နေရာ ဖြစ်သည်။

ထာဝရဘုရားဘက်သို့ ရွေ့လာသည့် အနည်းငယ်သောသူတို့သည် ကြည်ညိုလေးစားသည့်၊ သက်သောင့်သက်သာရှိသည့် လူ့အတိုင်းအဝိုင်း၏ စင်တာမှ လာခဲ့ကြသည်။ ဆင်းရဲသော၊ ထင်ရာစိုင်းသော၊ ကြေကွဲသော သူများကြားထဲမှ အများဆုံးက အစပြုခဲ့သည်။ ထိုလူမှု ဝန်းကျင်မှလူများ ဝတ်ပြုအစည်းအဝေးသို့ လာရောက်ပါဝင်ရန် ဖိတ်ခေါ်ခြင်းဖြင့် ထာဝရဘုရားဘက်မှ လှုပ်ရှားသည့် အနည်းသောသူတို့က အစပြုခဲ့သည်။ အဆုံးစွန်ထိ ကျွန်ုပ်တို့က သွားရမည် ဖြစ်သည်။

တစ်ချို့က အသင်းတော်သည် ပထဝီမြေနှင့်ဆိုင်သည့်ပြဿနာ ရှိသည်ဟု ပြောထားသည်။ ယေရှုက ကမ္ဘာတစ်ဝှမ်းသို့ သွားဖို့ မိန့်မှာခဲ့၍၊ ကျွန်ုပ်တို့သို့ ဆီကို လာဖို့ တောင်းဆိုမှုကို ထိန်းထားစေသည်။ ၎င်းကို ကျွန်ုပ်တို့က ဘာကြောင့် လုပ်ဆောင်ရသနည်း? ကျွန်ုပ်၏နေရာမှာ တစ်ချို့ လာလျှင်၊ ကျွန်ုပ်က ထိန်းချုပ်နိုင်သည့်နေရာ၊ ဥပဒေများ ရေးချမထားသည်ဟု ကျွန်ုပ်သိသည့်နေရာ နှင့် ကျွန်ုပ်က သက်သောင့်သက်တာ နေရသည့်နေရာ များသို့ သူတို့က လာကြသည်။ ကျွန်ုပ်နေရာမှာ ပို၍ လူများ လာလေ၊ ကျွန်ုပ်က ပိုပြီး အရင်းအနှီးများကို ထိန်းနိုင်လေဖြစ်၍၊ ကျွန်ုပ်က ပိုပြီး အာဏာ ရှိလာပါသည်။ ကျွန်ုပ်နေရာမှာ လူများ ပို၍ လာလေ၊ ကျွန်ုပ်က ပိုပြီး အောင်မြင် စေဖို့ ဖြစ်ပေါ်လာလေ ဖြစ်၏။ စုဝေးလာသည့်လူအုပ်သည် ရှင်ဘုရင် အသက်သာများနှင့် ပြည့်စုံစေသည့် ခေါင်းဆောင် အများအပြာကို ရှင်ဘုရင်များ ဖြစ်ပေါ်စေခဲ့ပါသည်။

ဤအကြောင်းက အသင်းတော် တိုးပွားမှု၏ “စွဲဆောင်အား ပုံစံ”ဟု ခေါ်ခဲ့ကြသည်။ ထိုစွဲဆောင်အား အများဆုံးသည် ယုံကြည်သူများ ဖြစ်ကြသော်လည်း ပိုကောင်းသောအပေးအယူကို ရှာဖွေနေသည့် ယုံကြည်သူများ ဖြစ်သည်က ပြဿနာ ဖြစ်သည်။ ကျွန်ုပ်တို့က သူတို့ကို လှေ့လာဖို့ လိုသည့်အရာများကို မြင်တွေ့စေသည့် လူ့အသိုင်းအဝိုင်း တစ်ခု ရှာဖွေဖို့က ယုံကြည်သူဖြစ်သောကြောင့် ကျွန်ုပ်တို့၏ တာဝန် ဖြစ်ပါသလား သို့မဟုတ် လူ့အသိုင်းအဝိုင်း မရှိကြသည့်သူများအတွက် ၎င်းကို ဖန်တီးပေးဖို့က ကျွန်ုပ်တို့၏ တာဝန် ဖြစ်ပါသလား? ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာအတွေ့အကြုံများကို ရောင်းချသူများ မဟုတ် သို့မဟုတ် ဝယ်ယူ သုံးဆောင်သူများ မဟုတ် ဆိုသည့်က ရှင်းနေပါသည်။ ကျွန်ုပ်တို့သည် ရိတ်သိမ်းသည့် လယ်ကွင်းမှာ အလုပ် လုပ်သူများ ဖြစ်ကြဖို့ ဖြစ်သည်။

အမှန်တရားက မလွန် ရိုးရှင်းပါသည်။ ယေရှု၏ နောက်လိုက် တပည့်တော်များ မဖြစ်သေး သူများသည် အများအားဖြင့် သူတို့ ဘယ်လို ဘိသိက်ပေးခြင်းခံပါစေ ကျွန်ုပ်တို့၏ ဝတ်ပြု စည်းဝေးသည့် နေရာများသို့ လာလို့မရပါ။ ၎င်းသည် လယ်သမားက သူ့စပါးကျီ၏ တံခါးမှာ ရပ်နေ၍ ရိတ်သိမ်းဖို့ ရွေးခေါ်ခြင်းနှင့် တူပါသည်။ “ရိတ်သိမ်းခြင်းမှာ လာပါ! သင်နှင့် အဆင်ပေ၍ သက်သောင့်သက်သာ ဖြစ်မည့် အသုံးအဆောင် ပစ္စည်းများအားလုံးနှင့် အလွန်ကောင်းသည့် စပါးကျီတစ်ခု ကျွန်ုပ်တို့မှာ ရှိသည်။ ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းက စိတ်လှုပ်ရှားစရာ ကောင်းသည်။ ကျွန်ုပ်တို့၏ တရားဟောချက်များသည် ဘိသိက်မြောက်ခဲ့သည်။ ကျွန်ုပ်တို့၏ ကလေး ထိန်းကျောင်းသည် ပထမတန်းစား ဖြစ်သည်။”

သူ့စိတ်ကူးပျောက်ဆုံးခဲ့သည့် သည်လို တောင်သူလယ်သမားကို အသင် ပြောပါလိမ့်မည်။ သူ့ ရိတ်သိမ်းခြင်းက ဖြစ်လာမည်ဆိုလျှင်၊ သူ သွား၍ ရယူပြီး၊ သယ်ယူ လာပါလိမ့်မည်။၎င်းက ကျွန်ုပ်တို့က ဆုတောင်းပေးမည့် အလုပ်သမားများ အမျိုး ဖြစ်သည်။ ၎င်းက ရိတ်သိမ်းခြင်း သခင်က လုပ်ဆောင်ဖို့ ကျွန်ုပ်တို့ကို မိန့်မှာသည့်အကြောင်း ဖြစ်သည်။

## မေးလေ့ရှိသည့် မေးခွန်းများ

**၁/ထို့ကြောင့် သင်သည် တစ်ချို့က "မဟာဗျူဟာ အဆင်ရှိသည့် ဝိညာဉ်ရေးရာ တိုက်ပွဲ"ဟု ခေါ်သည့်အကြောင်းကို အယုံအကြည် မရှိဘူး မဟုတ်လား? သတင်းကောင်းဝေမျှဖို့ ပြင်ဆင်သည့်အခါ ကျွန်ဘဝမှာ နေရသည့် လူတကာတို့ကို ဝိညာဉ်ရေးရာ အာဏာများနှင့် ချည်နှောင်ခြင်းကို သင်သည် ယုံကြည်မှု မရှိဘူး မဟုတ်လား?**

မဟုတ်ပါ။ ဖြစ်လာမည့်အရာ ကြိုတင်သတ်မှတ်ချက်ကို ယေရှုက မပြခဲ့သောကြောင့်၊ ကျွန်ုပ်တို့က ဘာ့ကြောင့် လုပ်ရမည်နည်း? စင်စစ်အားဖြင့်၊ ရှင်လုကာခရစ်ဝင်ကျမ်း ၁၀၏ အလယ်လောက်မှာ ယေရှုက "စာတန်မာရ်နတ် ရှုံးနိမ့်၍ ကောင်းကင်မှာ လျှပ်စီးကဲ့သို့ ကျလာသည်ကို ကျွန်ုပ် မြင်ခဲ့သည်"ဟု ပြောသည့်အကြောင်းကို ကျွန်ုပ်တို့ တွေ့နိုင်သည်။ ရှေ့အပိုဒ်ငယ်များမှာ နိုင်ငံတော်အတွက် တပည့်တော်များအားဖြင့် မြေကြီးပေါ်မှာလုပ်ဆောင်ချက်များ ပြီးပြည့်စုံခဲ့သည့် ရလဒ်အဖြစ် ထိုအခြေအနေမှ ကျွန်ုပ်တို့က နိဂုံးချုပ်နိုင်ပါသည်။

ဤအကြောင်းကို ပြည့်စုံသောဆွေးနွေးချက်အတွက် ကျွန်ုပ်တို့သည် အသင့်ကို "အဆုံးစွန် ဝိညာဉ်ရေးရာ တိုက်ပွဲ - ယေရှု၏ ဂုဏ်တော်နှင့် ဖွင့်ပြခြင်း"ကို လေ့လာဖို့ ဖိတ်ခေါ်ပါသည်။

မိန့်မှာချက်သည် အမှုတော်ဆောင်များအတွက် ဆုတောင်းဖို့ နှင့် သွားရောက်သတင်းကောင်း ဝေမျှဖို့ ဖြစ်သည်။ အမှုတော်ဆောင်ဖို့ ပြင်ဆင်မှု မပြည့်စုံခဲ့လျှင် သခင်က ကျွန်ုပ်တို့ကို စေလွှတ်ပါမည်လား?

မျှော်မြင်ရှိသည့် မင်းသားများ နှင့် အာဏာများ အပေါ်မှာ ဤသွန်သင်ချက်နှင့် အစပြုသည့်သူ တစ်ချို့သည် ရှိသည်။ ထို့နောက် အမိန့်အာဏာများနှင့် အမှောင် နိုင်ငံတော့ "အတွင်းလူ"၏ အသိဟု ပြောဆိုသည့်  ယခင် စာတန်နစ်များကို မောင်းထုတ်ခြင်း ရှိသည်။ သမ္မာကျမ်းစာ၏ ရိုးရှင်းသော သွန်သင်ချက်များ ကို ကျော်လွန်၍ သူတို့၏ သက်သေခံချက်ကို ကျွန်ုပ်တို့က ဘာ့ကြောင့် ယူမည်နည်း?

၎င်းသည် လူမျိုးတကာအပေါ်မှာ နတ်ဆိုး၏ အုပ်ချုပ်မှုများကို သတိပြုမိနိုင်စေဖို့ အခိုင်အမာပြောဆိုရန်အတွက် "ကြားခံ ပရောဖက်ပြုခြင်း" (ကျမ်းစာ စကားရပ်နှင့် မဆိုင်သည့်) အမှုတော်များ အများအပြား၏ အစိတ်အပိုင်း နှင့် အထုပ်အပိုး ဖြစ်လာခဲ့သည်။ ထို့နောက် သူတို့ကို ချည်နှောင်ဖို့ နှင့် မောင်းထုတ်ဖို့ ဖြစ်သည်။ ဤအချက်က အလွန်အရေးကြီးလျှင် ယေရှု သို့မဟုတ် ရှင်ပေါလုက ဘာကြောင့် မသင်ကြားခဲ့သနည်း? ရှင်ပေါလုသည် အသစ်သောနယ်မြေအရပ်သို့ သွားဖို့ ဦးစားပေးနေရာမှာ ဤနေရာကို ရွေးကြောင်း ဘာကြောင့် မှတ်တမ်းမတင်ခဲ့သနည်း?

ဤအကြောင်းက အစည်းအဝေ စတိတ်မှာ ကောင်းသောပြဇာတ်ကို ဖြစ်စေနိုင်သော်လည်း ဓမ္မသစ်ကျမ်း ခရစ်ယာန်ဖြစ်ခြင်း မဟုတ်၍၊ ကျွန်ုပ်တို့ ကျင့်ရမည့်အထဲမှာ နေရာ မရှိပါ။ ကျွန်ုပ်တို့သည် လူနာများကို ကျန်းမာစေပြီး၊ လူများအထဲမှ နတ်ဆိုးများကို နှင်ထုတ်ဖို့ ဖြစ်သည်။ ကောင်းကင်မှာ ပျံသည့် နတ်ဆိုးများကို ဦးတည်သည့်သူများ၏ လှည့်စားခြင်းများကို မလိုက်လျှောက်ပဲ၊ ယေရှု၏ အလုပ်များကို ဆောင်ရွက်ကြပါစို့။

**၂/ဘာကြောင့် သီးသန့်ရပ်ဒေသ သို့မဟုတ် ကျေးရွာ တစ်ခု၌ ငြိမ်းချမ်းသည့် အိမ်များကို ရှာဖွေခြင်းအတွက် ဆုတောင်းခြင်းနှင့် လျှောက်လှမ်းခြင်းကို ဦးပေးရမည်နည်း?**

ဟုတ်ကဲ့ပါ၊ ဆုတောင်းခြင်းသည် ကျေးရွာ သို့မဟုတ် အရပ်ဒေသ တစ်ခုကို ကောင်းချီးပေးဖို့ ငြိမ်းအေးသည့်လူ ပုဂ္ဂိုလ်များကို လမ်းပြဖို့ ရှာခြင်း ဖြစ်၍၊ တိကျသည့် လုပ်ရပ်၊ နာခံမှုနှင့် ဝန်ဆောင်မှု ပေးခြင်းတို့နှင့် ချိတ်ဆက်ခဲ့ပါသည်။ ဆုတောင်းခြင်း နှင့် နာခံမှု ကြားမှာ ဆက်သွယ်မှုပြတ်သွားသည့်အချိန် သို့မဟုတ် "ဝိညာဉ်ရေးရာ" လှုပ်ရှားမှုက လူများကို ချစ်ခြင်းနှင့်အစေခံခြင်းဖြင့် အစားထိုးလာသည့် အချိန်မှာ ထိုအရာက မှားယွင်းသည့်နေရာ ဖြစ်လာသည်။ ကျွန်ုပ်တို့သည် သက်ရှိ ယဇ်ပုရောဟိတ်မျိုး၏ အကျင့်သီလအားဖြင့် အားလုံးက ကြားခံသူ ဖြစ်ကြ၍၊ အားလုံးက အမှုတော်ဆောင်ဖြစ်ဖို့ ဖြစ်သည့်အကြောင်းတို့က အဓိကအချက် ဖြစ်သည်။ Nike ကြော်ငြာမှာ ပြောသည့်အတိုင်း ဖြစ်သည်၊ "ခုပဲ ၎င်းကို ဆောင်ရွက်ပါ!"

**၃/လူတိုင်း သွားဖို့ လား? ကျွန်ုပ်တို့အားလုံးက ဧဝံဂေလိ တရားဟော ဆရာများ ဖြစ်ဖို့ နှင့် အသင်းတော် တည်ထောင်သူများ ဖြစ်ဖို့ လား? ယေရှုက တပည့်တော်များ ထံသို့ သူမဟုတ်ဘူးလို့ ပြောနေသလား?**

ဟုတ်ကဲ့ပါ၊ ယေရှုက တပည့်တော်များကို ဒေသန္တာရနှင့် ဆိုင်သည့် အပိုတာဝန်များ ကျွန်ုပ်တို့အားလုံးမှာ မရှိပါဟု ရှင်းရှင်းလင်းလင်း ပြောနေသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့ အယောက်စီတိုင်းက ပင်လယ်ကို ကျော်ဖြတ်သည်ဖြစ်စေ၊ တောင်တွေကို ကျော်ဖြတ်သည် ဖြစ်စေ၊ လမ်းတွေကို ကျော်ဖြတ်သည် ဖြစ်စေ ပတ်ဝန်းကျင်ကို အစေခံဖို့ အခွင့်အရေးနှင့်တာဝန်ရှိကြပြီး၊ တိကျသည့်တာဝန်က မိသားစု နှင့် သူငယ်ချင်းများ အပေါ်မှာ ရှိသည်။

သာမန် မိသားစု အသက်တာမှာ လင်မယားတိုင်းအတွက် ကလေးရဖို့ ဆန္ဒရှိကြသည်။ ထို့ကြောင့် သာမန်အားဖြင့် အဖခမည်းတော် ထာဝရဘုရားနှင့် ကျွန်ုပ်တို့ ဆက်သွယ်မှုသည် သား သမီးများ အတွက်၊ ကြီးမားသည့် အရာအတွက်၊ သူ့သားတော်၏ လှပသည့် သူတို့သမီးအတွက်၊ အလွန်ကြီးမားသော ဖန်တီးသည့်အရာအတွက်၊ ပျော်ရွှင်ဖို့ သန့်ရှင်းသော ဝိညာဉ်တော်အတွက် အသက်ဝင်သည့်ဗိမာန်တော် တို့အား သူ့စိတ်ဆန္ဒကို ဝေမျှဖို့ ဖြစ်သည်။

# အခန်း ၃

# ဘေးဥပါဒ်ဖြစ်သည့် ဦးဆောင်မှု

*"သင်တို့ သွားလေသည့်အရာမှာ၊ တောခွေးစုထဲသို့ သိုးသငယ်တို့ကို စေလွှတ်သကဲ့သို့ သင်တို့ကို ငါစေလွှတ်၏။" ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၃*

## က/အန္တရာယ် ဖြစ်စေမည့်အလုပ်ဟု မျှော်လင့်ပါသည်!

ကျွန်ုပ်တို့သည် အာရှ အလယ်ပိုင်းကို သွားခဲ့သည့်အခါ၊ နယ်ပယ်ဒေသသို့ အရင်ဆုံး သတင်းကောင်းဘယ်လိုရောက်လာကြောင့်ကို ကျွန်ုပ်က မေးသည်။ အဦးဆုံး သာသနာပြုဆရာများသည် "တမန်တော် စတာလင်"၏ ယဉ်ကျေးမှုသို့ ဝင်လာသည်ဟု တုံ့ပြန်ခဲ့ကြသည်။ ကျွန်ုပ်သည် စတာလင်ဟု ခေါ်ခဲ့သည့်နာမ အများအပြားကို ကြားဖူးသော်လည်း "တမန်တော်" မျိုးကို လုံးဝ မသိဖူးပါ။ ထို့ကြောင့် ဆိုလိုသည့်သဘောကို ၎င်းဖော်သည့်အချက်အားဖြင့် ကျွန်ုပ်က မေးခဲ့သည်။

စတာလင် သမိုင်းက သည်လို ရှိသည်။ ထာဝရဘုရားနှင့်ဆိုင်သည့် အရာအားလုံးကို သူမုန်းတီးသောကြောင့် မော်စကို တစ်လျှောက်ရှိ ယုံကြည်သူများကို ဖမ်းဆီးချုပ်နှောင်စေခဲ့ပြီးနောက် Kyrgyzstanသို့ ရထားဖြင့် အကျဉ်းထောင်များသို့ ပို့ကြသည်။ ယခုအချိန်မှာ ၎င်းက သုံးရက် ခရီး ဖြစ်သည်။ သူတို့ ယူလို့အဖြစ်သည့် အရာကိုပဲ သယ်၍ အပိုပစ္စည်းများ ထားရစ်ခဲ့ရပြီး၊ လမ်းတလျှောက်မှာ အစာရေစာ ထောက်ပံ့ခြင်း လုံးဝ မရှိပါ။ ခရီးတစ်ခေါက် ရောက်သည့်အခါ ဖေးကူညီမည့်သူ မရှိကတည်းက စ၍၊ ခရီးတလျှောက်မှာ သုံးပုံတစ်ပုံ သေဆုံးပြီး ထိုနေရာရောက်သည့်အခါ သုံးပုံတစ်ပုံ သေဆုံးခဲ့ပါသည်။ အသက်ရှင်သေးသည့် သုံးပုံတစ်ပုံသည် ထိုအရပ်ဒေသမှာ ယေရှုအတွက် ပထမဆုံး သက်သေခံသူများ ဖြစ်ကြသည်။

မော် စီ တုံး သည်လည်း တရုတ်နိုင်ငံမှာ ခရစ်တော်၏ ခန္ဓာဖြစ်သည့် ယုံကြည်သူတစ်ချို့ဖြင့် "တမန်တော်"ဟု ခေါ်ခဲ့ကြသည်။ နောက်တဖန်၊ ဘာကြောင့်ဟု အသင်မေးလိမ့်မည်? တရုတ်မှာ အသင်းတော်သို့ မော်က အာဏာနှင့် လာခဲ့သည့်အခါ၊ အနောက်တိုင်းခေါင်းဆောင်များထံသို့ အားနည်းခြင်းနှင့် ခယဝပ်သွားပြီး သူတို့၏ ငွေရေးကြေးရေး အထောက်အပံ့များ မှီခို၍ နိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများကို အာရုံစိုက်ခဲ့သည်။ မော်သည် နိုင်ငံခြားသားများကို ပြည်နှင်ဒဏ် ပေးပြီး၊ ခရစ်ယာန်ကျောင်းများ၊ ကျမ်းစာကျောင်းများ၊

အသင်းတော် အဆောက်အအုံများတို့ကို ဖျက်ဆီးသည်။ ယုံကြည်သူများကို ဖမ်းဆီးခြင်း အစပြုလာပြီး နိုင်ငံတဝှမ်းရှိ စက်ရုံများ၊ မိုင်းတွင်းများ နှင့် လယ်ယာများမှာ ပို့လွှတ်၍ အစေခံကျွန်ကဲ့သို့ အလုပ်လုပ်စေသည်။ သူတို့က သေတော့မည့်သူများ နှင့် ဖျားနာသောသူများကို သူတို့၏ မုန့်နှင့်အစောင်များကို ပေးလှူခဲ့သည်။ သက်သောင့်သက်သာ နေနိုင်ဖို့ နှင့် အုပ်စု တစ်စုနှင့်တစ်စု သွားလာ ဆက်သွယ်နိုင်ဖို့ ယုတ်ညံ့ဆုံးအလုပ်ဖြစ်သည့် အိမ်သာသန့်ရှင်းရေးအလုပ်များကို သူတို့က လုပ်ဆောင်ရသည်။ ယုံကြည်သူများက သူတို့ နေထိုင်သည့်နေရာ၊ အလုပ်လုပ်သည့်နေရာ၊ အစေခံသည့်နေရာ၊ ဒုက္ခခံ၍ သေရသည့်နေရာ အသီးသီးမှာ သက်သေခံခြင်းကြောင့် ယေရှုထံသို့ လူအမြောက်အများကို ပို့ဆောင်ဖို့ အစပြုနိုင်ပါသည်။ တိုင်းတစ်ပါးရိုးရာဓလေ့အောက်မှာ သီးခြားနေရသည့်၊ တိုင်းပြည်၏ ကျဉ်းကျပ်သည့် တစ်နေရာမှ ယေရှု၏ သက်သေခံခြင်းက ကွန်မြူနစ် တရုတ်ပြည်၏ အကုန်ကျစရိတ်ကို ကျော်ဖြတ်၍ နေရာယူစေခဲ့သည်။ နုတ်ကပတ်တော်သည် အသက်ဖြစ်လာ၍ သူတို့အထဲမှာ ရှင်သန်နေသည်!

ဤယုံကြည်သူများက ဒုက္ခခံခဲ့ကြပါသလား? ဟုတ်ပါတယ်၊ သူတို့ အများအပြားသေဆုံးခဲ့သည်။ စတာလင် သို့မဟုတ် မော်သည် နောက်ဆုံး စလုံး ဖြစ်ပါသလား? မဟုတ်ပါဘူး။ အသင်းတော်ကို ချေမှုန်းသုတ်သင်ဖို့ ကြိုးစားခြင်းအားဖြင့် သူတို့ တိုင်းနိုင်ငံများ၏ မြေပေါ်မှာ ပို၍ နက်စွာ ၎င်းကို သူတို့က စိုက်လေပဲ ဖြစ်တော့သည်။

## ခ/ဆင်းရဲဒုက္ခခံခြင်းက ယေရှု၏ သဘာဝဇီဇကို ထင်ပေါ်စေသည်

*"ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှဉ်းဆဲ၍ မမှန်ဘဲလျက် အပြစ်တကာ တင်ကြသောအခါ၊ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည် ကြီးလှပေ၏။ သင်သို့ရှေ့က ပေါ်ထွန်းသောပရောဖက်တို့ကို ထိုနည်းတူ ညှဉ်းဆဲကြပြီ။"* ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၁၁-၁၂

ယေရှု၏ ပညတ်တော်များသည် ညှဉ်းပန်းနှိပ်စက်မှု နှင့် ဒုက္ခဝေဒနာခံခြင်းစသည့် အမှန်တရားတို့ကို ရင်ဆိုင်ဖို့ တောင်ပေါ်ဒေသနာမှာ ဝေမျှခဲ့သည်။ မဿဲ ၅း၄၄မှာ ကျွန်ုပ်တို့၏ ရန်သူများကို ချစ်ဖို့၊ ကျိန်ဆဲသောသူများကို ကောင်းချီးပေးဖို့ နှင့် ကျွန်ုပ်တို့ကို စော်ကားသည့်သူများကို ကောင်းစွာ ဆက်ဆံဖို့ မိန့်မှာထားသည်။ တရုတ်အကျဉ်းထောင် နှင့် အာဏာနှင့် အလုပ် လုပ်စေသည့် စနစ်ဆိုးများအထဲမှာ များပြားသောစိတ်နှလုံးများကို ယေရှုထံသို့ လှည့်စေသည့် ဤပညတ်ချက်များကို ပြီးပြည့်စုံစေခဲ့သည်။

စိတ်သက်သာခြင်း၊ ငြိမ်းအေးခြင်း နှင့် ကြွယ်ဝခြင်းအတွက် ကျွန်ုပ်တို့၏ စိတ်ဆန္ဒကို ဤပညတ်တော်များက ရင်ဆိုင်စေသည်။ ထာဝရဘုရား ကောင်းချီး၏ လက္ခဏာသည် သင့်ကြွယ်ဝခြင်းဖြစ်ပြီး အခက်အခဲ၊ ဆင်းရဲခြင်း နှင့် ဒုက္ခခံခြင်းတို့က ကိုယ်ပိုင်အပြစ် သို့မဟုတ် ယုံကြည်မှု ကင်းမဲ့ခြင်း၏ လက္ခဏာ ဖြစ်သည်ကို အသင်းတော်အစီအစဉ်အားလုံးလိုလိုမှာ ကျွန်ုပ်တို့က သွန်သင်ခဲ့ကြသည်။ ၎င်းက နိုင်ငံတော်၏ သတင်းကောင်းကို ကပြောင်းကပြန်ပြုခြင်း ဖြစ်သည်။ ဤများယွင်းသော ငြိမ်သက်ခြင်း၊ ကြွယ်ဝခြင်း နှင့် သာယာမှုတို့၏ ပတ်ဝန်းကျင်မှာရှိသည့် လူများသည် ဓားစာခံအဖြစ် လွယ်ကူစွာ ရောက်တတ်ပြီး၊ သူတို့က ဒုက္ခခံရသည့်နေ့မှာ ထာဝရဘုရားက သူတို့ကို ချစ်နိုင်သေးလားဟု စူးစမ်းကြသည်။ ထာဝရဘုရားက သင့်အစေခံ မဟုတ်ပါ။ ကျွန်ုပ်တို့သည် ထာဝရဘုရားထံမှ ရရှိသည့်အရာများနှင့် သူ့ဆီကို ချဉ်းကပ်မလာကြပါ။ Trite ယုံကြည်မှု ဖော်မြူလာများက သင့်အိမ်ကပ်ထဲမှာ ထာဝရဘုရားကို မထားဖို့ ဖော်ပြသည်။ ထာဝရဘုရားသည် သင့်ယုံကြည်မှုနေရာမှာ၊ ဝန်ခံမည့်နေရာမှာ၊ ပေးလှူသည့်နေရာမှာ နှင့် သင်လိုချင်သည့်နေရာတိုင်းမှာ လိုချင်တာကို ရစေသော ပိုက်စံ(ဒေါ်လာ)များအနေနှင့် အသုံးချလို့ရသည့် အရောင်းစက် မဟုတ်ပါ။

ကျွန်ုပ်တို့သည် လူကြီးအပြစ်နှင့် သေ၍ ကျွန်ုပ်တို့၏ အသစ်သောအသက်တာများကို ထာဝရဘုရား ဘုန်းတော်ထင်ရှားဖို့အတွက် ဒုက္ခဝေဒနာခံမည့် အဓိပ္ပါယ်ဆောင်ရင်တောင်မှ ပေးရမည်။ ယေရှုထံသို့လာကြဖို့ ကမ္ဘာ့အစိတ်အများအပြားမှာ အမှန်တရားသည် သင့်အသက်တာ သာ၍ လွယ်ကူစေမည် မဟုတ်ပါ။ သင့်အသက်တာကို ပို၍ ခက်ခဲပြီး အန္တရာယ် များစေမည် ဖြစ်သည်။ ၂၀၀၈ အလယ်မှ ၂၀၀၉ အလယ်လောက်မှာ ၁၇၆၀၀၀ သောလူများသည် ယေရှုကို သူတို့၏ယုံကြည်ခြင်းကြောင့် အသတ်ခံရသည်ကို www.opendoorsusa.org မှာဖော်ပြချက်အရ သိရှိရပါသည်။ ၎င်းက တစ်ရက်မှာ လူ ၅၀၀ နီးပါးက အသက်ပေးဆပ်ခြင်းကို ခံရသည်ကို ဖော်ပြသည်။

ဤ ဒုက္ခခံခြင်း နှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့၏ အမှန်တရားများသည် လူသားအားလုံးအတွက် ယေရှုက လုပ်ဆောင်ပေးမည့်အကြောင်း နှင့် သူ့ဆီမှ ရယူမည့် အရာအားလုံးအကြောင်း တို့နှင့် သွေးဆောင်ဖို့ ကြိုးစားစေသည့် ချမ်းမြေ့သောသတင်းကောင်းကို ရင်ဆိုင်ရသည်။ ယှဉ်ကြည့်ပါက၊ ရှင်ပေါလုက တိမောသေကို သည်လိုပြောကြားခဲ့သည် (၂ တိမောသေ၊ ၃း၁၂)၊ "ယေရှုခရစ်၏ တရားတော်နှင့်အညီ၊ ဘုရားဝတ်၌ မွေ့လျော်၍ နေခြင်းငှာ အလိုရှိသောသူ အပေါင်းတို့သည် ညှဉ်းဆဲခြင်းကို ခံရကြလိမ့်မည်။" တစ်ချို့က လုံးလုံး ပြောင်းလဲ သွားကြပြီး ယေရှု၌ ယုံကြည်မှုအပြည့်အဝ ရှိကြလျှင်၊ ကျွန်ုပ်တို့ အသက်တာသည် ကျန်းမာ၊ ချမ်းသာ၍ ငြိမ်းသက်ခြင်း နှင့် ပျော်ရွှင်ခြင်း အပြည့်အဝ ခံစားမည်ဟု သွန်သင်ခဲ့ပါသည်။ ဤ ငြိမ်းသက်ခြင်း နှင့် ကြွယ်ဝခြင်း "သတင်းကောင်း"သည် ဓမ္မသစ်ကျမ်းသတင်းကောင်းမှာ မရှိပါ။ ထာဝရဘုရား၏ နိုင်ငံတော်အကြောင်းကို အနောက်တိုင်းသားများက ရုပ်ဝါဒ နှင့် ပျော်ရွှင်မှုကို ရှာ၍ နှစ်ခြင်းပေးခဲ့ပြီး ဖြစ်သည်။

တီဗွီဖန်သားပြင်ပေါ်မှ တရားဟောသူများက ရုပ်ဝါဒ နှင့် ငွေကြေးနှစ်သက်ခြင်းတို့အကြောင်းကို ရှင်းပြဖို့ ကျမ်းပိုဒ်များနှင့် ဘယ်လောက်ဟောသည်ဖြစ်စေ ယေရှုက ကောင်းကြီးပေးသည်။ ဟုတ်ကဲ့ပါ၊ သူတို့ အများဆုံး ပြောသည့်အရာက ကျိန်ဆဲခြင်း နှင့် ကောင်းချီး

ပေးခြင်း အကြောင်းများ ဖြစ်သည်။ အထူးသဖြင့် သူများကို ပေးသည့် အကြောင်း၏ အတိုင်းအတာမှာ ကျွန်ုပ်တို့လုပ်ဆောင်သည့်အကြောင်းအရ ကျွန်ုပ်တို့က ဘယ်လောက်ကောင်းချီးပေးခြင်း ခံရကြောင်း သို့မဟုတ် ကျိန်ဆဲခြင်း ခံရကြောင်းကို ဟောပြောကြသည်။ ဓမ္မဟောင်းကျမ်း ကောင်းချီးခံစားခြင်း နှင့် ကျိန်ဆဲခံရခြင်းတို့၏ ပဋိညာဉ်သည် မောရှေ၏ ဥပဒေကို နာခံမှုအပေါ်မှာ မူတည်သည့်အကြောင်းကို ယခုသို့ သက်ဆိုင်သည့်သဘောနှင့် ဟောကြားခဲ့ ကြပါသည်။

သို့သော်လည်း၊ ကျွန်ုပ်တို့သည် ပဋိညာဉ်ဟောင်းမှာ မနေကြတော့ပါ။ ပဋိညာဉ်ဟောင်း၏ ကတိတော်ပြည့်သည် အသစ်သော ဝိညာဉ်တော်၏ ကတိတော် ဖြစ်လာခဲ့ပြီးပြီဖြစ်၏။ တိုင်းပြည်မှာ ကြွယ်ဝခြင်း ကောင်းချီးမင်္ဂလာများသည် အခြေနေတိုင်းမှာ ယေရှု၌တည်သည့် ကောင်းချီးမင်္ဂလာများ ဖြစ်လာခဲ့ပေသည်။ ယေရှု လုပ်ဆောင်ပေးသည့်အကြောင်းကြောင့် သူ၌ ကျွန်ုပ်တို့က ကောင်းချီးမင်္ဂလာ ခံစားခဲ့ရသည်။ ဤအတွင်းပိုင်းအသက်တာ နှင့် ငြိမ်သက်ခြင်း ကောင်းချီးမင်္ဂလာများသည် ကျွန်ုပ်တို့က ဒုက္ခခံနေရင်တောင်မှ ပျော်ရွှင်မှုကို ရရှိဖို့အကြောင်း လုံလောက်စွာ ပေးစွမ်း နိုင်မည် ဖြစ်ပါသည်။

ဟေဗြဲ အသင်းတော်က ဒုက္ခခံခဲ့၍၊ “(သူတို့)ကောင်းမှုများ၏ လုယက်ခြင်းကို ပျော်ရွှင်စွာ ခံယူခဲ့ရသည်”။ ဘာ့ကြောင့်လည်း? သူတို့က “ကောင်းကင်မှာ. . . သာ၍ကောင်းပြီး ကြံ့ကြံ့ခံမည့် စည်းစိမ်ပိုင်ဆိုင်ကြောင်းကို” သိနားလည်ထားလို့ ဖြစ်သည် (ဟေဗြဲ၊ ၁၀း၃၄)။ ထာဝရအသက်ကို ကျွန်ုပ်တို့ အမှန် မြင်နိုင်ကြလျှင်၊ ၎င်းရှုပါရုံက အခြေအနေတစ်ခုမှာ အချိန် နှင့် သူ့ဝန်ထမ်းအားလုံးကို ထည့်တွက်ထားမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဒုက္ခသည်ကဲ့သို့ တုံ့ပြန်ဖို့ မဟုတ်သော်လည်း ထာဝရဘုရား၏အလိုတော်အတိုင်း လုပ်ဆောင်ခြင်း ပြီးသည့်နောက်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှု ရှိဖို့ ကတိတော်ကို ကျွန်ုပ်တို့က လက်ခံရရှိလာမည် ဖြစ်သည်!

၁ သက်သာလောနိတ်၊ ၃း၃မှာ ရှင်ပေါလုက သက်သာလောနိတ် ယုံကြည်သူများကို “ငါတို့ခံရသော ဆင်းရဲခြင်းကြောင့် အဘယ်သူမျှ မရွေ့လျော့မည်အကြောင်း၊ သင်တို့ကို မြဲမြံစေ၍၊ ယုံကြည်ခြင်းအရာ၌ သင်တို့ကို တိုက်တွန်းနှိုးဆော်စေခြင်းငှာ သူ့ကို ငါလွှတ်လိုက်၏။ ထိုဆင်းရဲခြင်းကို ခံစေမည်အကြောင်း၊ ငါတို့ကို ခန့်ထားတော်မူသည်ဟု သင်တို့ကိုယ်တိုင်သိကြ၏။”ဟု ပြောကြားခဲ့သည်။ ကျွန်ုပ်တို့သည် ချမ်းသာကြွယ်ဝဖို့ ရွေးနှုတ် ခန့်ထားစရာမလိုပါ။ ယေရှုခံသည့်အတိုင်း ဆင်းရဲ ဒုက္ခခံဖို့ ခန့်ထားသည်ဟု ဆိုလိုနိုင်မည့် အနေနှင့် ကျွန်ုပ်တို့ကို ခန့်ထားခြင်း ဖြစ်သည်။

ဆင်းရဲဒုက္ခခံခြင်း နှင့် ညဉ်းပန်းနှိပ်စက်မှုတို့၏ အခြေအနေများမှာ သူတော်စင်အများအပြားသည် ကောင်းချီးမင်္ဂလာ၏ ကျေးဇူးတော်အောက်၌ ကျိန်ဆဲခြင်း နှင့် ခွင့်လွှတ်ခြင်း ကျေးဇူးတော်၌ ညဉ်းပန်းနှိပ်စက်မှု ပြန်ခံလာသည့်အခါ၊ ယေရှုက ကာတိုင်၌ လုပ်ဆောင်ခဲ့သည့် လျှို့ဝှက်ဆန်းကျယ်သောအမှုကို ပြန်လုပ်ဆောင်ဖို့ ခွင့်ပေးနေကြသည်။ ကျိန်ဆဲတိုင်းထက် ကောင်းချီးပေးခြင်းက ပိုပြီး တန်ခိုး ရှိသည်။ ညဉ်းပန်းနှိပ်စက်တိုင်း ထက် ခွင့်လွှတ်ခြင်းက ပိုပြီး တန်ခိုးရှိသည်။ သင့်အပေါ်သို့ ဖြစ်ပျက်လာမည့်အကြောင်း သင် မရွေးချယ်နိုင်သော်လည်း သင့် အပြုအမူ နှင့် တုံ့ပြန်မှုတို့ကို ရွေးချယ်နိုင်ပါသည်။ အခက်အခဲကို ရင်ဆိုင်သည့်အချိန်မှာ တည်ငြိမ်သောအားကိုးမှု၊ ငြိမ်းသက်ခြင်း၊ ပျော်ရွှင်ခြင်း နှင့် ခွင့်လွှတ်ခြင်းတို့သည် သင်၌ ခရစ်တော်အသက်ရှင်ကြောင်းကို ပြသည့် အဓိကသက်သေတစ်ခု ဖြစ်သည်။

## ၈/ကောင်းချီးမင်္ဂလာ ရရှိဖို့ ကျွန်ုပ်တို့က ကောင်းချီးပေးခြင်း ခံရသည်

ယေရှုက အခြားသောဥပစာကို သုံးပြီး၊ မြွေနဂါးများလို ပါးနပ်၍ ချိုးငှက်ကဲ့သို့ အန္တာရာယ်ကင်းဖို့ မိန့်မှာခဲ့သည်(မဿဲ၊ ၁၀း၁၆)။ ဟုတ်ကဲ့ပါ၊ ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာ ရရှိဖို့ ကောင်းချီးပေးခြင်း ခံရသည်! သင့်ကိုယ်သင် ကောင်းချီးမပေးနိုင်လျှင် အခြားသူများကို ကောင်းချီးပေးနိုင်မည် မဟုတ်ပါ။ ထိုသူတို့က လွတ်လပ်စွာလက်ခံရရှိပြီးသည့်နည်းတူ ကျွန်ုပ်တို့က ပေးဖို့ ဖြစ်သည်! ကျေးဇူးတော်၊ ခွင့်လွှတ်ခြင်း၊ အနာရောဂါငြိမ်းခြင်း၊ ကယ်တင်ခြင်း နှင့် သူများက ရန်သူကဲ့သို့ ပြုမူရင်တောင်မှ အားလုံးကိုချစ်ခြင်း တို့သည် အခြေခံ ကောင်းချီးမင်္ဂလာများ ဖြစ်သည်။ သို့သော်၊ ကျွန်ုပ်တို့သည်လည်း ကျန်းမာခြင်းမှ ဆက်သွယ်မှုများသို့ မတည်နိုင်ဖို့ အသက်တာ၏ အခြေနေတိုင်းမှာ ကောင်းချီးပေးခြင်းခံရသည်။ အရင်းအနှီးများကို ကိုင်တွယ်ရာမှာ ပါးနပ်ဖို့၊ ဘဏ္ဍာရေးနှင့်စီးပွားရေးတို့မှာ လာဘ်မြင်ဖို့ ဖြစ်၍၊ ပုဂ္ဂိုလ်ရေးနှင့်ဆိုင်သည့်အကြွေး သွားတင်ဖို့ မိန့်မှာ မထားခဲ့ပါ။ မက်သဒီးစ်ဝါဒကို တည်ထောင်သည့် ဂျွန် ဝီစလီ ပြောလေ့ရှိသည့်အတိုင်း၊ “သင် တတ်နိုင်သမျှ ရှာပါ။ စုထားပါ။ ပေးလှူပါ။” ဟု ပြောကြပါ။

ကောင်းချီးမင်္ဂလာက ဒုက္ခခံသူများ နှင့် သတင်းကောင်းသွားဝေမျှသူများ ဆီသို့ ကြီးမားသောတာဝန်ကို အမြဲ ဖြစ်ထွန်းစေသည်! ကောင်းချီးမင်္ဂလာကို ဘယ်လိုကိုင်တွယ်ရမည်ဆိုခြင်းက အခြားအကြောင်းတစ်ခုလုံး ဖြစ်သော်လည်း အခြေခံအားဖြင့် ဓမ္မသစ်ကျမ်းက အဓိကကဏ္ဍနှစ်ခု ဖြစ်သည့် လက်ခံရရှိခြင်း နှင့် အလှူများ ပေးအပ်ခြင်းတို့ကို အသိအမှတ်ပြုသည်။ တစ်ခုက ဆင်းရဲသားများအတွက် ဖြစ်ပြီး၊ အခြားတစ်ခုက နယ်ပယ်ဒေသအသစ်မှာ အမှုတော်ဆောင်ရန် တမန်တော်အဖွဲ့များ စေလွှတ်ဖို့ ဖြစ်သည်။ ကျွန်ုပ်တို့က ကောင်းချီးကို ပန်းတိုင်ထား၍ ရှာလျှင်၊ ပန်းတိုင်ရောက်ဖို့ စွန့်စားမှုမဲ့သလိုဖြစ်ကာ ပျော်ရွှင်မှု၊ လုံခြုံမှု၊ သက်သောင့်သက်သာဖြစ်ခြင်းတို့ကို ရှာသည့် ကာလတိုအဆင့်ပဲ ဖြစ်စေသည်။

ယေရှုက အန္တာရာယ်ကို ရှင်းခြင်း၊နှင့် ရှေ့သို့ ချီတက်ခြင်းတို့ကို လုပ်နိုင်သည့်အကြောင်း တစ်ခုသည် သူ့တပည့်တော်များခံရသည့် ညဉ်းပန်းနှိပ်စက်ခြင်းကို သက်သေပြဖို့ နှင့် သူတို့၏ DNAထဲမှာ နက်နဲသည့် ချစ်ခြင်း နှင့် ခွင့်လွှတ်ခြင်းတို့ကို ဖန်တီးနိုင်သည့်အပြင်

ဘက်မှာ တံ့ပြန်မှု ထားဖို့ ဖြစ်သည်။ဤအရာများက ဦးစားပေးရမည့်အရာများ ဖြစ်သည်!

သို့သော်လည်း အနောက်တိုင်း၏ သိသာသောလုံခြုံမှုထဲမှာတောင်မှ၊ လူစုသည် ယေရှုထံသို့ လှည့်လာကြသည့်အခါ၊ ကျွန်ုပ်တို့သည် သူတို့၏မိတ်ဟောင်းများက ပြန်မဆွဲနိုင်ဖို့ ကြောက်ခြင်းကင်းမဲ့သည့် ဆက်ဆံမှုအဟောင်းများ အားလုံးကို ဖြတ်တောက်ဖို့ တောင်းဆိုလေ့ရှိသည်။ သာမန် စုံစမ်းနှောက်ယှက်မှု ရင်ဆိုင်သည့်အခါတောင်မှ သတ္တိ မရှိကြပါ။ ကျွန်ုပ်တို့က သည်အကြောင်းကို မေ့နေသည်၊ “. . . သင်တို့ဘက်၌ ရှိသောသူသည် လောကဘက်၌ ရှိသောသူထက် သာ၍ကြီးမြတ်တော်မူ၏။” (၁ယောဟန်၊ ၄း၄)။ ထိုအသစ် သောပြောင်းလဲသူများက လောကကို ကြောက်၍ ကျွန်ုပ်တို့ကို တိုးဝှေ့ပူးကပ်ကြ ပြီးနောက် ကျွန်ုပ်တို့လိုနေ၊ စကားပြော၊ လမ်းလျှောက်ပြီး ဘာသာကူးပြောင်းလာအောင် ကျွန်ုပ်တို့က ဖြစ်ထွန်းစေသည်။ သူတို့က ခရစ်ယာန် တစ်ပိုင်းဖြစ်လာပြီးနောက်၊ သူတို့၏ မိတ်ဟောင်းများဆီသို့သွား၍ ယေရှု၌ အောင်ပွဲခံဖို့ ပြောသည့်အခါ သူတို့မှာ မိတ်ဟောင်းများ မရှိတော့သည်ကို အသိအမှတ်ပြုကြသည်။ ထိုဆက်ဆံမှုများအားလုံး ဖြတ်တောက်စေခဲ့ပြီး ဖြစ်သည်။

ကျွန်ုပ်တို့က လောကကို နည်းနည်းကလေးသာ လွှမ်းမိုးနိုင်ခဲ့ကြောင့် စူးစမ်း သည့်အခါ ပတ်ဝန်းကျင်မှာ လောကကို မကြောက်အောင် တံ့ပြန်မှု အားနည်းသော ကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့က အကြောက်တရားမှာ အသက်ရှင်ရကြောင့်ကို စူးစမ်း သည့်အခါ ကျွန်ုပ်တို့က ဘေးကင်းမှု၊ လုံခြုံမှု နှင့် ကိုယ်စိတ်ချမ်းသာခြင်းတို့ကို ပန်းတိုင် ထား၍ ရှာကြသောကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းချီးမင်္ဂလာကို ရှာသည့်အခါ အထူးသဖြင့် ငွေရေးကြေးရေး ကောင်းချီးကို အရင်ရှာကြသောကြောင့် ယုံကြည်ခြင်း၊ ချစ်ခြင်း နှင့် သံဗောယဉ်များ၏ တန်ဖိုးများကို ဆုံးရှုံးရသည်။ ကောင်းချီးမင်္ဂလာ၏ သီသြလော်ဂျီများ (မိစ္ဆာဒိဋ္ဌိအယူများ?) ကောင်းကောင်း တိုးတက်ခဲ့ကြ သော်ငြားလည်း ညဥ်းပန်းနှိပ်စက်ခြင်း နှင့် ဒုက္ခခံခြင်း သီသြလော်ဂျီများ အလွန်အားနည်းနေကြသည်။ ရှင်ပေါလုသည် “ခရစ်တော်၏ အမှုတော်ဆောင်” တစ်ဦး ဖြစ်ကြောင်း သက်သေပြသည့်အနေဖြင့်(၂ကော၊ ၁၁း၂၃-၂၄) သူ့ဒုက္ခခံခြင်းများ၏ စာရင်းကို တိုက်ရိုက်ကိုးကားထားသည်။ “အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်ခွန်အားနည်းလာပြီးနောက်မှာ အားရှိလာသည်။ အိုးမင်းမစွမ်းမှုများမှာ၊ အပြစ်တင်ခြင်းများမှာ၊ လိုအပ်မှုများမှာ၊ ညဥ်းပန်းနှိပ်စက်မှုများမှာ၊ ဝမ်းနည်းမှုများမှာ ခရစ်တော့်အတွက် ရွှင်လန်းမှုကို ယူဆောင်” ရမည်ဟု နိဂုံးချုပ်ထားသည် (၂ကော၊ ၁၂း၁၁)။ သူတို့၏အမှုတော်ဆောင်ခြင်းကို သက်သေပြသည့်အနေဖြင့် ဒုက္ခခံမှုများကို တိုက်ရိုက်ကိုးကားနိုင်မည့်သူ အများအပြားကို ကျွန်ုပ်တို့က လိုအပ်နေသည်!

အောလ်တိုဒေ့ါစ် အဆင့်များအားလုံးမှ အသင်းတော့် အစဉ်အလာ အတိုင်းအဝိုင်း အများဆုံး၏ ထိခိုက်နစ်နာမှုသဏ္ဍာန်တစ်ခုသည် လူငယ်အများဆုံးက အသက်ကြီးသည့်အခါ သူတို့၏ ယုံကြည်ခြင်း ကျင့်သုံးမှုကို စွန့်လွှတ်ခြင်း ဖြစ်သည်။ ဘယ်လို ခေတ်ပြိုင် ဝတ်ပြုခြင်းဘဲ ဖြစ်ဖြစ် သို့မဟုတ် ဘယ်လို စိတ်ဝင်စားစရာ ဒေသနာများ ဖြစ်ဖြစ် ဘာသာရေး ကျင့်သုံးမှုများကို သွယ်ဝိုက် လေ့လာသူများ နှင့် စိတ်ချရသည့် ဘာသာရေးအတွေ့အကြုံများကို သုံးစွဲသူများ ဖြစ်ကြဖို့ ကျွန်ုပ်တို့က မဖြစ်ထွန်းစေခဲ့သည့် အချက်ကြောင့် ထိုအရာ ဖြစ်လာနိုင်ပါသလား?

ကျွန်ုပ်တို့သည် ယုံကြည်ခြင်း နှင့် ချစ်ခြင်းတို့မှ စွန့်စားမှုကို ဖန်တီးစေဖို့ ဖြစ်သည်။ နိုင်ငံတော်များ နှင့် ကွာဟမှု ပေါင်းကူးတံတား ကြားမှာ အစွန်းထိ အသက်ရှင်ဖို့ ဖြစ်ထွန်းစေမည် ဖြစ်သည်။ ထို့ကြောင့် လူအများအပြားသည် ထာဝရဘုရားနှင့် လျှောက်လှမ်းမှ ဤစွန့်စားမှုမှာလည်း ဝင်ရောက်နိုင်မည် ဖြစ်ပါသည်။ ထာဝရဘုရားက လုံခြုံမှု မဟုတ်ပါ။ သာယာမှု မဟုတ်ပါ။ သူသည် ချစ်ခြင်းမေတ္တာ ဖြစ်သော်လည်း သူ့ချစ်ခြင်းမေတ္တာသည် မယဉ်ကျေးပါ၊ မီးကို သုံးစွဲခြင်းကဲ့သို့၊ အားကြီးသောရေလှိုင်းများ နှင့် ပြင်းထန် အားကြီးသည့် လေများကဲသို့ ခန့်မှန်း ဖော်ပြလို့ မရပါ။

ကျွန်ုပ်တို့၏ဗီဇများသည် သူ့အတွက် ဖြစ်ထွန်းစေဖို့ ဖြစ်သည်။ ဇိမ်ဖြစ်စေသည့် ရိုးရာဓလေ့များ နှင့် သီသြလောဂျီများ ပြင်ဆင်ခြင်း တို့အတွက် ကျွန်ုပ်တို့က ဖြစ်ထွန်းစေဖို့ အဟုတ်ပါ။ ပေါင်းကူးပေးခြင်း နှင့် စွန့်စားမှု တို့ကို ဖြစ်ထွန်းစေဖို့ ဖြစ်သည်။

ကျွန်ုပ်တို့က သိထားသည့်အတိုင်း အသင်းတော်မှာ ကျွန်ုပ်တို့၏လူငယ်များသည် မှန်ကန်မှုအနည်းငယ်ကိုသာ တွေ့နိုင်သည်။ သူတို့သည် အပြုအမူပြုပြင်ခြင်း အများအပြား၊ ကိုယ့်ကိုယ်ကိုကာကွယ်နိုင်သည့်အပြောအဆိုများ၊ နည်းဥပဒေသများ နှင့် အပြင်ထုံးတမ်းနှင့် ကိုက်ညီမှုတို့ကို နာလည်းထားကြသည်။ သူတို့သည် လူ့အတိုင်းအဝိုင်းက လက်ခံစေနိုင်ဖို့၊ လုံခြုံ၍ မြင့်တင်စေနိုင်ဖို့ ဘယ်လို လုပ်ဆောင်ရမည်ဟု သိထားကြ သော်ငြားလည်း “လေသည် အလိုရှိတိုင်း သွားလာ၏။ လေ၏ အသံကို သင်သည် ကြားရသော်လည်း အဘယ်အရပ်က ဖြစ်သည်၊ အဘယ်အရပ်သို့သွားသည်ကို မသိနိုင်။” (ယောဟန်၊ ၃း၈)ဟု ဆိုသည့်အတိုင်း ပြောင်းလဲသူတို့၏ စွန့်စားမှု အနည်းငယ်ပဲ ရှိသည်။

ယေရှုနှင့် လျှောက်လှမ်းခြင်းက လုံခြုံမှု ရှိဖို့ဟု ဘယ်တော့မှ မဆိုလိုပါ။ စွန့်စားမှု ရှိဖို့ကိုသာ ဆိုလိုပါသည်။ အန္တရာယ် ရှိမည်ဟု ဆိုလိုပါသည်။ ၎င်းက ယေရှု ကတိပေးသည့် အကြောင်း ဖြစ်သည်၊

*“သင်တို့သည် ငါ့ကိုအမှီပြု၍ ငြိမ်သက်ခြင်းရှိစေခြင်းငှါ ဤစကားကို ငါဟောပြောပြီ။ သင်တို့သည် လောက၌ ဆင်းရဲဒုက္ခကို ခံရကြလိမ့်မည်။ သို့သော်လည်း မစိုးရိမ်ကြနှင့်။ ငါသည် လောကကို အောင်ပြီဟု မိန့်တော်မူ၏။” ရှင်ယောဟန်၊ ၁၆း၃၃*

ဒုက္ခကို ရှာဖို့က ဝိညာဉ်ရေးရာပိုင်း ဖျားနာစေသည်။ ယေရှုနောက်လိုက်၍ ဖြစ်ချင်ရာဖြစ်လာပါစေ၊ ဒုက္ခခံပါစေ ဆိုပြီး ပြင်ဆင်ထားဖို့က ဝိညာဉ်ရေးရာပိုင်း ကျန်းမာ စေသည်။ အသင်းတော်၏တစ်ချို့အပိုင်းများသည် အစိုးရ၏ မုန်းတီးမှုများမှ အများဆုံး ဒုက္ခခံရသည်။ ခက်ထန်သော ဘာသာရေးလှုပ်ရှားမှုများ၏ ရန်ငြိုးမှ တစ်ချို့က ဒုက္ခ ခံရသည်။ သူတို့၏ ကျင့်သုံးသည့် အယူဝါဒနှင့် မတိုက်ဆိုင်သူများ သို့မဟုတ် သီးခြားအသက်သာပုံစံများမှ

အကြောင်းတရားအဖြစ် လက်မခံသည့်သူတိုင်း၏ တိုက်ခိုက်မှုကြောင့် ဒုက္ခ ခံရသည်။ ဤအမျိုးမျိုးသောဒုက္ခများကို ၂ကော၊ ၁၁း၂၆မှာ အောက်အတိုင်း ပြောကြားထားသည် - "အကြိမ်ကြိမ် ဒေသစာရီလှည့်လည်ပြီ။ မြစ်ကို ကူးသောဘေး၊ ထားပြတိုက်သောဘေး၊ အမျိုးသားချင်းပြုသောဘေး၊ တပါးအမျိုးသားပြုသောဘေး၊ မြို့ရွာ၌ ရောက်သောဘေး၊ တော၌ရောက်သောဘေး၊ပင်လယ်ဘေး၊ ညီအစ်ကိုဖြစ်ယောင်ဆောင်သောသူတို့ ပြုသောဘေး၊ ဤဘေးများကို ငါတွေ့ခဲ့ပြီ။"

ယေရှုနှင့်အတူ လျှောက်လှမ်းခြင်းသည် ကျွန်ုပ်တို့ကို စုံစမ်းလာသည့်နေရာမှာ ပို့ဆောင်၍၊ ထိုအချိန်များမှာ ကျွန်ုပ်တို့၏မိတ်ဆွေ၊ ဒိုင်း၊ ကာကွယ်သူ၊ အသက်သခင်က သူတစ်ဦးတည်းပဲ ဖြစ်သည် နားလည်လာစေမည် ဖြစ်သည်။

## မေးလေ့ရှိသည့် မေးခွန်းများ

### ၁/ယေရှုနောက်လိုက်ခြင်း၏ အန္တရာယ်ရှိသည့်အကြောင်း အများကြီး ဘာ့ကြောင့် ပြောနေကြသနည်း? ၎င်းက လူများကို မနှင်စေနိုင်ဘူးလား?

ရှင်လုကာ၊ ၁၄း၂၆-၃၃မှာ ယေရှုက လုံးဝ အညံ့ခံခြင်း၏ တန်ဖိုး မရေတွက်နိုင်လျှင် ကျွန်ုပ်တို့က သူ့တပည့်များ ဖြစ်မလာနိုင်ကြောင့် ကြေငြာခဲ့သည်။ သူသည် ရှေ့ဆုံးမှာ အနစ်နာခံမှုကို ထားရှိသည်။ ကျွန်ုပ်တို့သည် အနစ်နာခံမှုကို ရှောင်ဖို့ ကြိုးစား၍ အကျိုးအမြတ်များကို အလေးထားသည်! ၎င်းနှင့် လူများကို အောင်နိုင်သည့်အကြောင်းသည် ၎င်းမှ လူများကို အောင်နိုင်ခြင်းအကြောင်းဖြစ်စေသည့် စစ်မှန်သည့်ဖော်ပြချက် တစ်ခု ဖြစ်သည်။ ယေရှုက ကျွန်ုပ်တို့ကို ယုံကြည်ခြင်း နှင့် ချစ်ခြင်း၏ စွန့်စားမှုမှ အငယ်ဆုံးသူအတွက် ဆက်ကပ်အစေခံဖို့ နှင့် အပြုအမူအားလုံးကို စွန့်လွှတ်၍ သူ့ နောက်လိုက်ဖို့ ကျွန်ုပ်တို့ကို အနိုင်ရယူလိုသည်။ ထို့ကြောင့် သူတစ်ဦးတည်းအတွက် သူ့ထံသို့ လုံးဝ အညံ့ခံခြင်းမှ ဖိတ်ခေါ်ခြင်းနှင့် သူက ကျွန်ုပ်တို့ကို အနိုင်ရဖို့ လိုက်ရှာနေသည်။

ကျွန်ုပ်တို့သည် လူတို့၏ တစ်ကိုယ်ကောင်းဆန်ခြင်းမှ မေတ္တာရပ်ခံခြင်းအားဖြင့်၊ သဘာဝတရားမှ ပျော်ရွှင်မှုကို ရှာဖွေခြင်းအားဖြင့် ယေရှုကို စံထားဖို့ သူတို့ကို အနိုင်ယူနိုင်ကြလျှင်၊ ကျွန်ုပ်တို့သည် ၎င်းသဘာဝတရား၏ လိုအပ်မှုများကို တွေ့၍ ဖြည့်ဆည်းဖို့ ဆက်လက်လုပ်ဆောင်နိုင်မည် ဖြစ်သည်။ သွေးသားနှင့်ဆိုင်သည့်မျှော်လင့်ချက်တစ်ချို့ ဖြစ်မလာသည့်အခါ၊ သူတို့က ထွက်သွား၍ ခရစ်ယာန်ဖြစ်ခြင်းက ဘာမလုပ်မပေးနိုင်ဘူးဟု ပြောကြပါတော့သည်။

တစ်ယောက်သောသူသည် တပည့်တော်များ ဖြစ်လာကြဖို့ စားသုံးသူများကို ဖျော်ဖြေနိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့၏အသက်တာများကို အပ်နှံဖို့ ခေါ်ခြင်းသည် အရင်ဆုံးဖြစ်ရပါမည်။ သို့သော်လည်း ထင်ပေါ်သည့်ကူးကားချက်တစ်ခုက ဤနည်းလမ်းကို ထည့်ထားသည်။ ၎င်းက "ခရစ်ယာန်ဖြစ်ခြင်းသည် လိုချင်သည့်အရာကို ကြိုးစား၍ ရှာခဲ့ဖို့ မဟုတ်ပါ။ ၎င်းကို ကြိုးစားလို့ မရ၍ ခက်ခဲသည်ဟု တွေ့ရှိစေခဲ့သည်။"ဟူ၍ ဖြစ်သည်။ လွှဲမှားသည့်ကူးကားချက်သည် ကျွန်ုပ်တို့၏ ကိုယ်ပိုင်ခွန်အားနှင့် မလုပ်နိုင်သည့်အကြောင်းဖြစ်သော်လည်း လုံးဝ အညံ့ခံခြင်းမှ ကျေးဇူးတော် သက်သက်အားဖြင့် လုပ်ဆောင်နိုင်သည်။

### ၂/ထို့ကြောင့် ပဋိညာဉ်အသစ်က ဥစ္စာကောင်းချီးရဖို့ပဋိညာဉ် ဖြစ်သည် ကို အသင်မယုံဘူး မဟုတ်ပါလား?

မဟုတ်ပါ။ ပဋိညာဉ်အသစ်သည် ဥစ္စာကောင်းချီးရဖို့ပဋိညာဉ် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ယေရှုအတွက် ကျွန်ုပ်တို့အသက်တာများကို ပေးအပ်သည့်အခါ၊ ကျွန်ုပ်တို့ ဘယ်လို ပြီးပြတ်ပါစေ ကျွန်ုပ်တို့၏အသက်တာများအားဖြင့် ထာဝရဘုရား၏ ဂုဏ်တော်ကို ဖြစ်ပေါ်စေမည်ဟု ပြောသည့် ဂုဏ်သရေဆိုင်ရာ ပဋိညာဉ် ဖြစ်သည်။ ကားတိုင်၏ နမိတ်လက္ခဏာသည် သူ့ ဂုဏ်အသရေတော်ထဲမှာ ကျွန်ုပ်တို့၏ဒုက္ခခံခြင်းသည် အသွင်းပြောင်းဖို့ လုပ်ဆောင်လာမည်။

ပဋိညာဉ်ဟောင်းသည် ယာယီကောင်းချီးပေးခြင်းဆိုင်ရာ ပဋိညာဉ် ဖြစ်၍၊ မိသားစုများ၊ လူမှုဝန်းကျင်များ နှင့် တိုင်းနိုင်ငံများသို့ အကြမ်းဖျမ်း သုံးပါသေးသည်။ အပြစ် နှင့် တစ်ကိုယ်ကောင်းဆန်ခြင်းတို့က နာမကျန်းဖြစ်ခြင်း၊ ကြောက်လန့်ခြင်း၊ ပထားခြင်း၊ အထီးကျန်ခြင်း၊ ဆင်းရဲခြင်း၊ နှင့် "ဖြောင့်မတ်ခြင်းက လူမျိုးကို ချီးမြှောက်"နေစဉ်တွင် ဖျက်ဆီးခြင်းတို့ကို ဖြစ်ထွန်းစေသည်။ လူမျိုးတကာများသည် အရင်းရှင်ဝါဒကြောင့် သို့မဟုတ် ဒီမိုကရေစီအခွင့်အရေးကြောင့် ကောင်းချီးမခံစားစေသော်ငြားလည်း ဒီဂရီကြောင့် အထွေထွေ လူမှုဝန်းကျင်က ပညတ်တော်ဆယ်ပါးကို လိုက်လျှောက်ကြခြင်းဖြင့် ကောင်းချီးခံစားရသည်။ ထာဝရဘုရားသည် သူ့လူများ ကြားမှာ ထဲမဟုတ်ပဲ ဤပဋိညာဉ်အောက်မှ သူ့လူများ ထဲမှာ နေရာယူလာကတည်းက စပြီး ပဋိညာဉ်သစ်သည် သာ၍ကောင်းသောပဋိညာဉ် ဖြစ်သည်။ သူ့လူများက သူ့ဗိမာန်တော် ဖြစ်လာသည်။ ထို့နောက် ဤဗိမာန်တော့် ဂုဏ်အသရေသည် ကျွန်ုပ်တို့က ဘယ်လို အသက်ရှင်လျှောက်လှမ်းသည် ဖြစ်စေ ထာရဘုရား ဂုဏ်အသရေတော်ကို သယ်ဆောင်လာဖို့ ဖြစ်ပါသည်။

# အခန်း ၄
# ငွေအိတ်များ၊ လွယ်အိတ်များ၊ ဖြေနင်းများ နှင့် နှုတ်ဆက်ခြင်းများ

*“ငွေအိတ်၊ လွယ်အိတ်၊ ခြေနင်းတို့ကို မဆောင်ကြနှင့်။ လမ်း၌ သွားစဉ်တွင် အဘယ်သူကိုမျှ နှုတ်မဆက်ကြနှင့်။” ရှင်လုကာခရစ်ဝင်ကျမ်း ၁၀း၄*

## က/ငွေအိတ်များ နှင့် သာသနာပြုခြင်း

ကျွန်ုပ်တို့သည် ကျမ်းပိုဒ်များကို ဖတ်ရှုသည့်အခါ၊ ယေရှုက သူ့တပည့်တော်များကို ငြိမ်သက်ခြင်း၏ ပုဂ္ဂိုလ်ကို ရှာကြဖို့ ညွှန်ကြားပြီး သူတို့၏အိမ်သို့ ဝင်၍ သူတို့နှင့်အတူ သောက်စားကြသည်ကို တွေ့ရသည်။ ၎င်းအတိုင်း ကျွန်ုပ်တို့က လုပ်ဆောင်ပြီး၊ အထူးသဖြင့် ငွေကိုမက်မောခြင်း မပါပဲနှင့် ခရီးကို အစပြုကြလျှင်၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်သာအတွက် ထိုပုဂ္ဂိုလ်အပေါ်မှာ မှီခိုကြမည် ဖြစ်သည်။ ထို့ကြောင့် စာပေအရမှန်နေစဉ်မှာ ငွေအိတ်လည်း တန်ခိုး၌ ပြောင်းလဲမှုများကို ဘယ်လိုကိုင်တွယ်နိုင်ကြောင့် နှင့် အခြား သူများနှင့် ဆက်သွယ်ခြင်း၌တန်ခိုးအတွက် ဥပစာ ဖြစ်လာသည်။

ကျွန်ုပ်တို့ ငွေများကို ငါတို့ ယူလာကြလျှင်၊ ရိုးရာတိုင်း၏အလယ်မှာ ကျွန်ုပ်တို့ကိုယ်ပိုင်လိုလားမှုဆိုင်သည့် ကျွန်းကလေးကို ဖန်တီးဖို့ တန်ခိုး ရှိပါသည်။ ၎င်းအတိုင်း ကမ္ဘာတစ်ဝှမ်းလုံးမှာ နောက်တိုင်း သာသနာပြုများက အမှန်တကယ် လုပ်ဆောင်ပြီး ဖြစ်သည်။ သင်သည် လူမျိုးတကာသို့ သွား၍၊ ကြံ့ခိုင် မြင့်မားသည့် နံရံများ၏ နောက်မှာ အနောက်တိုင်း ဗိမ်ခံစရာမှ ကောင်းသောခြံဝင်းကို တွေ့ရှိမည် ဖြစ်သည်။ ၎င်းခြံဝင်း အတွင်းပိုင်းသည် အိမ်များ၊ နေ့ပိုင်းစာသင်ကျောင်း၊ ဘုရားကျောင်း၊ ဆေးခန်း၊ မိဘမဲ့ ဂေဟာ၊ သမ္မာကျမ်းစာသင်ကျောင်း တို့ ဖြစ်နိုင်သည်။ အနောက်တိုင်းသားက သက်သောင့်သက်သာနေ နိုင်သည့်နေရာ၊ ဩဇာနှင့်ထိန်းချုပ်ထားနိုင်သည့်နေရာ စသည့် ဤစင်တာများကို ဖန်တီးဖို့ လူများက ငွေကြေးများကို ပေးလှူခဲ့ကြသည်။

ပတ်ဝန်းကျင်ရိုးရာဓလေ့မှ သင့်နေရာသို့ ခေါ်၍ ပညာသင်ကြားလေ့လာ စေဖို့၊ အသံကောင်းဟာစ်နိုင်သည့် ခေါင်းဆောင်များ ဖြစ်ဖို့ ပုဂ္ဂိုလ်အသီးသီးများကို ရရမည့်တာဝန်ဖြစ်ကြောင့် သာသနာပြုခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ သို့သော်လည်း၊ ပတ်ဝန်းကျင်ဓ

လေ့က ဟိန္ဒူဘာသာ၊ ဗုဒ္ဓဘာသာ သို့မဟုတ် အစ္စလာမ်ဘာသာ ဖြစ်ပါက၊ ၎င်းဓလေ့မှ အ ဖွဲ့ဝင်တစ်ဦးလုပ်နိုင်သည့် ပုန်ကန်လိုမှုအကြောင်း အများဆုံးက ခရစ်ယာန် ဖြစ်လာစေပါသည်။ ထို့ကြောင့် ဤဆွဲဆောင်မှု/နှိုက်ယူခြင်းပုံစံသည် သူတို့၏ ထုံးစံဓလေ့ကို ပယ်ချနေသည့် လူငယ်များကို ဆွဲထုတ်စေလေ့ရှိသည်။ သာသနာပြု ခြံဝင်းအထဲမှာ သူတို့သည် သူတို့၏အမည်များကို “ခရစ်ယာန်”နာမည်သို့ ပြောင်းကြသည်။ ဝတ်စားဆင်ယဉ်မှုကို ပြောင်းကြသည်။ ၎င်းယဉ်ကျေးမှုဆိုင်ရာကျွန်း အထဲမှာ ဦးတည် သင်ကြားစေကြသည်။ Marshall McLuhan ပြောသည့် ထင်ရှားသောစကား၊ “ဆက်သွယ်ရေးနည်းလမ်းသည် သတင်း ဖြစ်သည်။” ဆိုသည့်အတိုင်း၊ ထိုလူငယ်များသည် သူတို့ သင်ယူသည့်အတိုင်း သွားလာ ကြသည်။ သူတို့သည် ယုံကြည်မှုရှိလာသည့် ခေါင်းဆောင် ဖြစ်နိုင်ဖို့ နည်းလမ်းတစ်ခုတည်းသည် ထိုပတ်ဝန်းကျင်ကို ဗဟိုပြု၍ စီမံဖို့၊ ဝတ်စားဆင်ယဉ်မှု၊ စင်မြင့်မှ ဟောပြောခြင်းတို့ကို သို့မဟုတ် နိုင်ငံခြားငွေကြေးအထောက်အပံ့ ပိုရရှိနေတုန်း ထိုငွေများနှင့် ဝယ်ယူသည့်စားပွဲ နောက်မှ အုပ်စိုးခြင်းကို စစ်ဆင်ရေး ပြုလုပ်ဖို့ ဖြစ်သည်။

ထိုနည်း၎င်း စင်တာကို ဖန်တီးခြင်းက တန်ဖိုးကြီးလာ ကတည်းကစပြီး ပြဿနာက တိုးပွားလလာသောကြောင့် နှိုင်းယှဉ်ချက်အားဖြင့် သူတို့အထဲအနည်းငယ်သာ ပျိုးထောင်နိုင်မည်ဖြစ်သည်။ သူတို့မှာလည်း ဖြစ်တည်မှုကို ဖျက်ဆီးနိုင်သည့် ပျော့ကွက်၊ နှင့် ခရစ်ယာန်နှင့် ဆန့်ကျင်ဘက်တိုင်းကို ဦးတည်လာဖို့ နှင့်/သို့မဟုတ် ၎င်းဓလေ့ထုံးစံမှာ အနောက်တိုင်းနှင့် ဆန့်ကျင်သည့် ခံယူချက် စသည်တို့ ရှိကြသည်။

ထို့အပြင် ကြီးမားသော ဘတ်ဂျက်များ၊ ကွဲပြားသည့် အသက် မွေးဝမ်းကျောင်း အလုပ်များ၊ ခိုင်မြဲသောထောက်ပံ့မှု တို့ကို ဗဟိုပြုသည့် စီမံခန့်ခွဲခြင်းသည် အနောက်တိုင်း အလှူရှင်များ သုံးပြုစေလိုသည့် နည်းလမ်းအတိုင်း သုံးကြပါက ယေဘုယျအားဖြင့် အ နောက်တိုင်း ဘဏ္ဍာရေး ပညာကို လိုအပ်ပါသည်။ ဖော်ပြသည့်ရည်ရွယ်ချက်သည် သူတို့ “အဆင်တင့်”ဖြစ်သည့် တစ်ချိန်တည်းမှာ သတိမမူမိခြင်းကို “လူမျိုးများ”အား ပေးခဲ့လိမ့်မည့် အကြောင်း ဖြစ်လာနိုင်သော်လည်း ထိုနေ့ ဘယ်တော့မှ ရောက်လာစရာ မရှိပါ။ သက်ရှိမှာ တကယ့်အရေးကြီးသည့်ဥပဒေက၊ “ရှေ့ရှိသည့်သူက နည်းဥပဒေများကို ဖြစ်ထွန်းစေသည်!”ဟု ဆိုသည့်အတိုင်း ဖြစ်သည်။

တစ်ခြား အစစ်အမှန်က ရှုပ်ယှက်ခတ်သည့်သေခြင်းများ ဖြစ်သည်။ ၎င်းကိုဗဟိုပြုခြင်းကို အပြင်က ထောက်ပံ့မှု မရှိလျှင် အလွယ်တကူ ထောက်ပံ့ရနိုင်မည် မဟုတ်ပါ။ ရိုးစင်းသောအရာ တိုးပွားစေသည်။ ယေရှုအားဖြင့်ဤနေရာမှာ အဓိက ရှင်းလင်းစွာပြောကြားသည့်အရာသည် ဒေသန္တာရထုံးစံဓလေ့မှာ တိုးပွားစေ၍ ထိန်းသိမ်းစေနိုင်မည့်အကြောင်းကပဲ သူ့နိုင်ငံတော်ကို ဖော်ပြဖို့ လက်ခံနိုင်သည့်အကြောင်း ဖြစ်သည်။

တရုတ် အသင်းတော်၏ ရှုပ်ယှက်ခတ်မှု၊ ပြင်ပအားကိုးမှု၊ နှင့် မှီခိုမှု တို့ကို မော်က ဖျက်ဆီးခဲ့သည်။ ရိုးစင်းသည့်အကြောင်းကို စိတ်နှလုံးမှာ ဆက်လက် သယ်ဆောင်၍ တိုးပွားစေခဲ့ကြသည်။

သို့သော်လည်း ဖိအားပေးသည့်ပြဿနာအများဆုံးသည် အလွန်ပညာတတ်သည့် ပုဂ္ဂိုလ်တိုင်းကို သူတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများ နှင့် ဓလေ့ထုံးစံတို့က ငြင်းပယ်ကြသောကြောင့် သူတို့၏ဓလေ့ထုံးစံ အပေါ်မှာ နည်းနည်းလေးပဲ လွှမ်းမိုးနိုင်သည်။ သုံးဖြုန်းသည့်ငွေကြေးအားလုံးက ဓလေ့ထုံးစံကို မလွှမ်းမိုးစေနိုင်ခဲ့သော်လည်း ၎င်းဓလေ့က တော်တော်လေး ငြင်းပယ်စေပါသည်။ ကျွန်ုပ်တို့က အထမြောက်စေဖို့ ရည်မှန်းသည့်အကြောင်း၏ တိကျသောဆန့်ကျင်ဘက်ကို အထမြောက်စေခဲ့ကြသည်။

## ခ/လွယ်အိတ်များ နှင့် ရိုးရာဓလေ့

အထူးသဖြင့် ကျွန်ုပ်သည် အချိန်အများဆုံး တစ်ခုပဲ ကိုင်ဆောင်သည့်အတွက် လွယ်အိတ်များ နှင့်ဆန့်ကျင့်သည့်အရာ ယေရှုမှာ လုံးဝမရှိကြောင့် ကျွန်ုပ် ယုံကြည်ပါသည်။ လွယ်အိတ်၊ လက်ဆွဲသေတ္တာ၊ လင်း လိုဗာ သို့မဟုတ် သင်္ဘောကြီး တို့သည် ကျွန်ုပ်တို့၏ပစ္စည်းအားလုံးကို လမ်းတစ်လျှောက်သယ်ဆောင်စေနိုင်သည်။ ကျွန်ုပ်တို့၏ ဓလေ့ဆိုင်ရာဝန် - ကျွန်ုပ်တို့ကြိုက်သည့်အရာ များ၊ မကြိုက်သည့်အရာများ၊ လိုလားမှုများ၊ ဝတ်စားဆင်ယဉ်မှု၊ အကျင့်များ၊ ဂီတအရသာခံ ခြင်းများ၊ လူမှု ထုံးတမ်းဓလေ့များ၊ ထိမ်းမြားခြင်း ဓလေ့များ၊ အစားအစာများ၊ စသဖြင့်၊ စသဖြင့် တို့အားလုံးအတွက် ဥပစာ ဖြစ်သည်။ ကျွန်ုပ်တို့ ဘယ်နေရာမှာ ရှိရှိ လုံလောက်သည့်ငွေ ရှိကြလျှင် ကျွန်ုပ်တို့၏ ရိုးရာဓလေ့ကို ဖန်တီးနိုင်သောကြောင့် ငွေအိတ်နှင့် လွယ်အိတ်တို့သည် တိုက်ရိုက် ပတ်သက်ကြသည်။ ကမ္ဘာတစ်ဝှမ်းလုံးမှာ အနောက်တိုင်း သာသနာပြုဆရာများက လုပ်ဆောင်ခဲ့ပြီးသည့်အတိုင်း အံကိုက် ဖြစ်သည်။ ဤအရာက ယေရှုအကြောင်းကို ဝေမျှဖို့ ကျွန်ုပ်တို့ ရှာနေသည့် လူများ၏ ကိုယ်စိတ်နှလုံး ထဲမှာ ကြီးကျယ်သောရှုပ်ထွေးမှုကို ဖြစ်ပေါ်စေသည်။ နိုင်ငံတော် နှင့် ကျွန်ုပ်တို့၏ ရိုးရာဓလေ့တို့က ပါလည်း? နှစ်ခုစလုံးက တူနေသောကြောင့် ယေဘုယျအားဖြင့် အဖြေကလည်း တူဟန်ရှိ၏! ယေဘုယျအားဖြင့် အနောက်တိုင်းရိုးရာများကို မုန်းတီးသည့် (ယေရှု မုန်းသည့် အနောက်တိုင်းဓလေ့အများအပြား ရှိသည်) ဓလေ့ထဲမှ လိုအပ်ချက်များသည်လည်း အများစိတ်ထဲမှာ ထပ်တူဖြစ်ကြောင်း လုံးဝ လက်ခံစေသည့် ယေရှုအကြောင်း နှင့် အနောက်တိုင်းဓလေ့တို့ကို အနောက်တိုင်းသာသနာပြုဆရာများက ရောသမမွှေခဲ့သောကြောင့် ယေရှုကို ငြင်းပယ်ကြသည်။

အစောပိုင်း အနောက်တိုင်း သာသနာပြုဆရာများသည် ပြည့်စုံကောင်းမွန်သော ဘာသာစကားများနှင့်သော်၎င်း၊ ဓမ္မသီချင်းများကို ဒတ်ချ်လို (သို့) ဂျာမန်လို (သို့) အင်္ဂလိပ်လိုသီဆိုဖို့ ကောင်းသောရိုးရာသံစဉ်များနှင့်သော်၎င်း လူများကို သွန်သင်သောကြောင့် နာမည်ဆိုးဖြင့်ကျော်စော ခဲ့ကြသည်။ ကျွန်ုပ်တို့သည် သည်လိုမျိုး ဓလေ့ဆိုင်ရာမာနကြီးခြင်းမှ ကြောက်ရွံ့တွန့်ဆုတ်နိုင်သော်လည်း ၎င်းမှ အစစ်အမှန် လွတ်မြောက်နိုင်သလား?

ကျွန်ုပ်တို့သည် လူများကို ကျွန်ုပ်တို့ဆီသို့ လာစေလိုတုန်း ဖြစ်သည်။ ကျွန်ုပ်တို့ဆီသို့၊ ကျွန်ုပ်တို့၏ဒေသို့၊ ကျွန်ုပ်တို့၏ ဓလေ့သို့ လူများ ဝင်လာသည့်အခါ၊ ကျွန်ုပ်တို့ သက်သောင့်သက်သာရှိသည့်နေရာ နှင့် ထိန်းချုပ်ခြင်းထဲမှာ ကျွန်ုပ်တို့သည် ယေရှုက ကျွန်ုပ်တို့လုပ်ဆောင်ဖို့ တိကျပြတ်သားစွာတားမြစ်၍၊ ဘာသာအယူအဆကူးပြောင်းသူများ ဖြစ်ထွန်းစေဖို့ ဖြစ်သည့် အကြောင်းတစ်ချို့ကို ကျွန်ုပ်တို့က ဆောင်ရွက်လေ့ရှိသည် (မဿဲ၊ ၂၃း၁၅)။

ဘာသာကူးပြောင်းသူသည် ကျွန်ုပ်တို့လို နေသည်၊ စကားပြောသည်၊ ဆုတောင်းသည်၊ ယေဘုယျအားဖြင့် ကျွန်ုပ်တို့ ဘာသာရေးအတိုင်းအဝိုင်း၏ ရေးထားသော၊ မရေးထားသော စည်းမျဉ်းဥပဒေများ အားလုံးကို လိုက်လျောက်သည်။ ပြင်ပန်းသဏ္ဍာန် နှင့် လူထုလှုပ်ရှားမှုတို့ကို ရှေ့ရှုသည်။ ကျွန်ုပ်တို့ အသင်းတော့် ဓလေ့များသည် အတူတူနေ၊ အတူတူဆုတောင်း၊ အတူတူ ဘုရားရှိခိုး လေ့ရှိသည့် လူများအပြည့် ရှိသည်။ လူအများလုပ်ဆောင်ပုံမှတူညီသောစည်းမျဉ်းဥပဒေများကို လိုက်နာကြသည်။ ထူးခြားသည့်ဝတ်ဆင်ပုံက စံဖြစ်သည့်နေရာအတိုင်းအဝိုင်းတစ်ချို့ သို့မဟုတ် အလှပြင် ဝတ်ဖို့ အပြစ်ရှိသည့်နေရာတစ်ချို့ သို့မဟုတ် သင့်ကို လက်ခံစေဖို့ ပုံမှန်မဟုတ်မည့်နေရာတစ်ချို့ ရှိနိုင်ပါသည်။ အပြင်ဘက်နှင့် လိုက်လျောညီညွတ်မှုသည် လူထုလက်ခံခြင်း နှင့် ထောက်ခံခြင်းတို့အားဖြင့် ဆုချီးမြှင့်ခြင်းကို ခံယူစေနိုင်မည် ဖြစ်သော်လည်း အပြင်မျက်နှာပြင်အောက်၌ အဆင့်အတွက် ပြိုင်ဆိုင်ခြင်း၊ ထင်ပေါ်ကျော်စောခြင်းအတွက် တပ်မက်မှု၊ မနာလိုမှု၊ အတင်းပြောခြင်း နှင့် လျှို့ဝှက်သောအပြစ် စသည်တို့ ခဏခဏ ရှိပါသည်။

Eugene Peterson က ဂလာတိ၊ ၄း၁၇မှ သူ့ဘာသာပြန်ဆိုခြင်းမှာ ဤပြောင်းလဲမှုများကို အောက်ပါအတိုင်း ထိုက်ထိုက်သန်သန်ဖော်ပြသည်။

*“ထိုမိစ္ဆာဒိဋ္ဌိဆရာများက အသင်ကို မြှောက်ပင့်ဖို့ ကြိုးစားပမ်းစားလုပ်သော်လည်း သူတို့၏စေ့ဆော်မှုများသည် အနေဆိုးပါသည်။ ထာဝရဘုရား၏ကျေးဇူးတော်၏ လွတ်လပ်သောနေရာသို့ သင့်ကို သူတို့က အဝင်မခံကြသောကြောင့် သင်သည် သူတို့ အရေးပါသောခံစားမှုကို ဖြစ်ထွန်းစေဖို့ သူတို့၏ထောက်ခံမှု နှင့် ဦးတည်ချက်တို့အပေါ်မှာ အမြဲမှီတည်နေရမည်။”*

၎င်းက ကျင့်ဝတ်စည်းကမ်းများကို အပြင်ပန်းနှင့် လိုက်လျောညီညွတ်မှု အားသန်စေသည့်၊ မြင့်သောစွမ်းဆောင်မှုမျှော်လင့်ချက်များ နှင့် ဘာသာရေးဆိုင်ရာလူထုလှုပ်ရှားမှုမှာ အင်တိုက်အားတိုက်ပါဝင်ခြင်းတို့က လျှို့ဝှက်အပြစ်ကို ဖုံးလွှမ်းလာနိုင်သည့် ဥပဒေ လုနီးပါး ဖြစ်သည်။ ကျွန်ုပ်တို့သည် ကျေးဇူးတော်အားဖြင့် သို့မဟုတ် အကျင့်ပါခြင်းအားဖြင့် အသက်ရှင်နေကြသည်!

အပြောင်းအရွှေ့က သည်လိုပဲ ဖြစ်သည်။ တစ်ချို့သည် ငွေကြေးအရေးပါမှု နှင့်/သို့မဟုတ် အန္တရာယ်ရှိသည့်ဘဝပုံစံသို့ ကျင့်သားရကြသည်။ စိတ်ချနိုင်သောလူအုပ်ဖြင့် လက်ခံပေးဖို့ အရာတိုင်းကို လုပ်ဆောင်ခြင်းဖြင့် သူတို့က အစပြုသည်။ ပို၍ရူးမိုက်သော (သို့) ပိုပြီးအန္တရာယ်ရှိသော အပြုအမူ၊ ပိုလေးစားမှု နှင့် လက်ခံခြင်းတို့ကို သူတို့၏အဆင့်အတန်းက ခွင့်ပြုခဲ့သည်။ သူတို့ အချိန်ပို အလုပ်လုပ်ခြင်းက ၎င်းဘဝပုံစံကို မောပန်းစေလာမည်ဖြစ်၍ အလုပ်ပြောင်းဖို့ ရှာလာကြမည် ဖြစ်သည်။ သူတို့သည် စစ်မှန်သောပြောင်းလဲခြင်းအတွေ့အကြုံ ရှိ၍ သူတို့၏ဘဝပုံစံကို လုံးဝ ပြောင်းလဲလာသည်။ သို့သော်လည်း လက်ခံခြင်းအတွက် ၎င်းလိုအပ်မှုက အဖခမည်းတော်မှာ မတွေ့ခဲ့လျှင်၊ အပြင်ပန်းနှင့် လိုက်လျောညီညွတ်မှု နှင့် ဘာသာရေးလှုပ်ရှားမှု၏ အကြိတ်အနယ်ဖျော်ဖြေမှု နှင့် အပြင်ပန်းနှင့် လိုက်လျောညီညွတ်ခြင်းတို့ကို လွယ်ကူစွာ အဆင်ပြေ၍ လွယ်ကူစွာ ခြယ်လှယ်နိုင်မည် ဖြစ်သည်။ သူတို့ ဝတ်စားဆင်ယဉ်ပုံ ပြောင်းလဲသွားမည်။ သူတို့ ငွေများကို ပေးလှူလာကြမည်။ ဝတ်ပြုစည်းဝေးတိုင်းကို တက်ရောက်ကြမည်။ သူတို့၏သစ္စာခြင်း၊ ဆက်ကပ်သည့်အပြုအမူတို့ကို ရရှိကြောင့် လက်ခံခြင်း နှင့် ထောက်ခံမှုကို နှစ်သက်ကြသည်။ သို့သော်လည်း၊ သည်လိုခံစားပြီးသည့်အချိန်နောက်မှ အသုံးပြုခြင်းခံမည်ဟု ခံယူကြမည်။ သူတို့သည် ဒဏ်ရာရခြင်း နှင့် ခါးသီးမှုတို့မှာ တုံ့ပြန်၍ အကျင့်ဟောင်းများသို့ ပြန်လှည့်နိုင်သည်။ အကျင့်တစ်ခု နောက်တစ်ခု ပြောင်းခဲ့ကြသည်။ ဘာသာရေးလှုပ်ရှားမှုအတွက် ဂိုဏ်းလှုပ်ရှားမှုကို လဲလှည်ခဲ့သည်။ ထာဝရဘုရား၏ အခမဲ့ချစ်ခြင်း နှင့် ကျေးဇူးတော် တို့ဖြင့် အသက်ရှင်ဖို့ ဘယ်သောအခါမှ မသင်ကြားဘူးပါ။

ဝိညာဉ်ရေးရာမှာ ခိုင်လုံဖို့ မြင်နိုင်သည့် ပုံဥပမာများမှ ထောက်ခံခြင်းအတွက် ပြင်းပြသောဆန္ဒ နှင့် ၎င်းအတိုင်းအဝိုင်းမှာ ဝိညာဉ်ရေးရာ သိနားလည်စေလိုသည့် ပြင်းပြသောဆန္ဒတို့က အပြင်ပန်းနှင့် လိုက်လျောညီညွတ်မှု နှင့် အပြုအမူပြောင်းလဲခြင်း တို့ကိုနှင်စေဖို့ ကြီးမားသောစွမ်းအားကို ပေးနိုင်ပါသည်။ အပြင်ပန်းအပြုအမူတစ်ခုလုံးကို မွေးထုတ်သည့် ဘာသာကူးပြောင်းသူကို ဖြစ်ပေါ်စေခြင်း ဖြစ်သည်။ သို့သော် သူ့နှလုံးသားကို ယေရှုအား ဘယ်တော့မှ မသုံးပြုစေခဲ့ပါ။

ထုတ်လွှတ်ခြင်းသည် စိတ်နှလုံးပြောင်းလဲခြင်း ဖြစ်သည်။ နောက်တဖန်၊ Eugene Peterson ဘာသာပြန်သည့် ဂလာတိ ကျမ်းစာအုပ်၌ သူ့နိဒါန်းပျိုးခြင်းမှ ကူးကားခြင်းကို အောက်ပါအတိုင်း ဖော်ပြလိုပါသည်။ *“ယေရှုအားဖြင့်၊ ရှင်ပေါလုသည် သေချာစွာ ပြဋ္ဌာန်းသည့်နည်းလမ်းများ၌ လူများ ပြုမူကြစေဖို့ ခံစားမှုကင်းမဲ့သောအာဏာ ထာဝရဘုရားမှာ မရှိသည်ကို သင်ကြားလေ့လာခဲ့သည်။ သို့သော် လူတစ်ဦးနှင့်သာဆိုင်သော ကယ်တင်ရှင်က လွတ်လပ်သောဘဝကို ရဖို့ လွတ်လပ်ခွင့် ကျွန်ုပ်တို့ကို ပေးသည်။ ထာဝရဘုရားသည် လွတ်လပ်ခြင်းမရှိပဲနှင့် ကျွန်ုပ်တို့ကို အကျပ်မကိုင်သော်လည်း လွတ်လပ်ခြင်းထဲမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေသည်။”*

တောင်ပေါ်ဒေသနာတော်ကို အကျဉ်းချုံးသည့် ယေရှု၏ ပညတ်တော်အားလုံးသည် စိတ်နေစိတ်ထားများဖြစ်သည့် ကျွန်ုပ်တို့အပေါ်မှာ ပြုမှားသောသူများကို ခွင့်လွှတ်ခြင်း၊ ကျွန်ုပ်တို့က သူများအကျိုးကို ဖျက်ဆီးမိသည့်အရာများအား လျော်ကြေးပေးခြင်း နှင့် ကျွန်ုပ်

တို့၏ဘာသာရေးလှုပ်ရှားမှုသည် လူများရှေ့မှာ ထင်ပေါ်အောင်လုပ်ခြင်းထက် လျှို့ဝှက်သည့်နေရာမှ ထာဝရဘုရား ရှာခြင်း တို့ကို ပြုရပါမည်။

ထာဝရဘုရားသည် အဖခမည်းတော်၊ နှုတ်ထွက်စကားတော် နှင့် ဝိညာဉ်တော်တို့၏ တစ်လုံးတစ်ဝဖြစ်ခြင်းကို လေးစားမှု နှင့် ယုံကြည်မှု ရှိသည်။ စကြာဝဠာ၏ အခြေခံအကြောင်းရင်းသည် အကြောင်းပြချက်မရှိ သို့မဟုတ် နိယာမမရှိသည့် ချစ်ခြင်းဆိုင်ရာ ဆက်သွယ်မှုများ ရှိသည်။ တပည့်တော်ဖြစ်ခြင်းက အခြေခံအားဖြင့် ထာဝရဘုရားက သီဩလောဂျီဆိုင်ရာ ကွန်ပျူတာ မဟုတ်ကတည်းကစ၍ စစ်မှန်သောအယူဝါဒ အကြောင်း မဟုတ်ပါ။ သူသည် ချစ်ခြင်း မေတ္တာ ဖြစ်သည်။ သူ့စကြာဝဠာသည် အဆက်အသွယ် ရှိသည်။ တပည့်တော်ဖြစ်ခြင်းသည် အခြေခံအားဖြင့် လွတ်လပ်သောစိတ်နှလုံးမှ ဆက်သွယ်မှုများ အကြောင်း ဖြစ်သည်။

ကျွန်ုပ်တို့ တစ်ဦးနှင့်သာဆိုင်သော ရိုးရာဓလေ့ တန်ဖိုးများ၏ လွယ်အိတ်နှင့် ငြိမ်းချမ်းလူ၏ အိမ်ထဲမှာ ကျွန်ုပ်တို့က ဝင်မသွားသော်လည်း ချစ်ခြင်း၊ လေးစားခြင်း နှင့် လွတ်လပ်ခြင်းတို့၏ နှလုံးသားနှင့် ဝင်သွားကြသည်။ ထာဝရဘုရား၏နိုင်ငံတော်က ထိုအထဲမှာ ရှိသည်။ ၎င်းသည် ကျွန်ုပ်တို့ အားလုံး ယူဆောင်ဖို့ ခွင့်ပြုခဲ့သည့်အရာ ဖြစ်သည်! ဝေမျှဖို့ ခွင့်ပြုသည့်အရာ ဖြစ်သည်။ ရည်မှန်းချက်သည် ဘာသာပြောင်းသူများ ဖြစ်စေဖို့ မဟုတ်ပဲ မိတ်ဆွေများ ဖြစ်ထွန်းစေဖို့ ဖြစ်သည်။

## ၈/ခြေနင်းများ နှင့် နည်းပညာများ

ထာဝရဘုရားသည် ခြေနင်းများကို ဆန့်ကျင်ခြင်း အကြောင်းက ဘာလည်း? သူက ဤအကြောင်း ပြောခဲ့သည့်အချိန်မှာ ဖိနပ်တစ်စုံကို ဝတ်ဆင်နေနိုင်သည်။ ရှင်လုကာ၊ ၁၀ အခြေအနေထဲမှာ ခြေနင်းများကို အကြောင်းဖော်ပြခြင်းသည် ကျွန်ုပ်တို့ ဘယ်အရာများ လုပ်ဆောင်သည်၊ လယ်လို ရည်ရွယ်ချက်နှင့် လျှောက်လမ်းသည်၊ ယေရှုနှင့် ဘယ်လို ဆက်ဆံသည် တို့ကို ပြန်လည်ဖော်ပြခြင်းဖြစ်သည်ဟု ကျွန်ုပ်က ယုံကြည်သည်။

Metilone Indians မှာ ရှေ့ပြေးသာသနာပြုဆရာ၊ အမေရိကန် အလယ်ပိုင်းမှ ကျောက်ခေတ်မျိုးနွယ် (Bruchkoဟု ခေါ်ကြသည့်) Bruce Olson၏သမိုင်းက လွန်စွာစေ့ဆော်မှုကို ပေးသည်။ သူသည် သူတို့ ရွာများမှ တစ်ရွာမှာ ဘာမှမပါဘဲနှင့် ချုံပုတ်ထဲမှာ တိုက်ရိုက်လမ်းလျှောက်ထွက်ခဲ့သည်။ သူက ငွေအိတ် (သို့) ခြေနင်း မရှိသည်က သေချာသည်။ သူသည် ထိုသူတို့ထဲက တစ်ယောက်ကဲ့သို့ နေထိုင်ပြီး၊ အဆက်အသွယ်၊ အထောက်အပံ့၊ ဆေးဝါး တစ်ခုခု သို့မဟုတ် သူ့မိခင်နိုင်ငံအမေရိကန် လူမျိုးမှ အထောက်အပံ့ တစ်မျိုးမျိုးကို မယူဘဲလျက် ထိုသူတို့၏ ဘာသာစကားကို သင်ယူခဲ့သည်။ သူသည် တောသားရဲများကို အမြဲရင်ဆိုင်နေရပြီး၊ အချိန်တစ်ချို့မှာ ဖျားနာခြင်းကြောင့် သေလုနီးပါး ဖြစ်ခဲ့သည်။ အစပိုင်း နှစ်နှစ် အကျော်လောက်မှာ သူသည် ယေရှုကို ယုံကြည်လက်ခံဖို့ လူငယ်တစ်ဦးကို ရလာသည်။ ထို့နောက် မကြာမီတွင် သူ့နောက်လိုက်လာမည့် အခြားသူအများအပြားက ယုံကြည်လက်ခံကြဖို့ အစပြုလာသည်။

သို့သော်လည်း ကျန်ရှိသည့် အုပ်စုနှင့် သူ့ယုံကြည်ချက် အတွေးတစ်ခုခုကို ဝေမျှခြင်း၊ သူ့အချိန် မရောက်သေးဟု အမြဲ ခိုင်မာပြောဆိုခြင်း တို့မှ သူက တံ့ဆိုင်းစရာဖြစ်သည့်အတွက် အဦးဆုံးလူနှင့် ပို၍ပို၍ အဆင်မပြေ ဖြစ်လာခဲ့ရသည်။ Olsonသည် ထိုတပည့်တော်အသစ်က အခြားသူများအပေါ်မှာ ဘာမဆို မျှဝေဖို့ ငြင်းခဲ့သည့်အကြောင်းကို နားမလည်ပါ။

လူမျိုးနွယ်စု၏ ရိုးရာဓလေ့က နှုတ်ပြော ဖြစ်သည်ကစ၍၊ သူတို့၏သမိုင်းသည် သူတို့၏ရိုးရာပုံပြင်များကို ညနေပိုင်းများမှာ အလှည့်ကျ အထူး အာဂုံဆောင်ခြင်းတို့အားဖြင့် အရောက်စီတိုင်း အောက်မေ့ကြဖို့ လက်ဆင့်ကမ်းပြောကြားကြသည်။ Olsonက ထိုအာဂုံဆောင်ခြင်းများကို နာထောင်ခဲ့ပြီး ဖြစ်သော်လည်း တနေ့ အသစ်ပြောင်းလဲသည့်သူက အာဂုံဆောင်ဖို့ သူ့လှည့်ကျသည့်ညဟု မပြောသေးသည်အထိ အရေးကြီးသည့်အကြောင်းကို မသိထားပါ။ အသားဖြူဖွေးသောလူက သူ့ထံသို့ လာကြသည့်သူများကို ငှက်ပျောရွက်တိုင်များမှ ထာဝရဘုရား၏ အမှန်တရား အကြောင်းအား သူတို့ကို ပြောမည့်သူအကြောင်းကို သူ့အာဂုံဆောင်သည့်ညမှာ ရှေးရှေးတုန်းက လူကြီးတစ်ဦး၏ အတွေးမှ ရှင်းလင်းချက်ကို ထည့်ပြောထားသည်။ ပြောင်းလဲသည့်သူက အတွေးကို အသေးစိတ်ပြန်ပြော၍၊ သမ္မာကျမ်းစာမှ ထာဝရဘုရား၏ သားတော်၏ အကြောင်း နှင့် Olson အကြောင်းများက ၎င်းမှာ ပြီးပြည့်စုံခြင်းကို ပြောကြားပြီး အနက်ဖွင့်ကို ပေးခဲ့သည်။ ၎င်းညက ရဲတိုက်ထဲမှ မျိုးနွယ်စုအများဆုံးသည် ယေရှု၏နောက်လိုက်များ ဖြစ်လာထားကြသည်။

Olsonသည် သူ့ငွေအိတ် နှင့် ခြေနင်းများကို ချန်ထားခဲ့သော်လည်း သူ့အမေရိကန်ခြေနင်းကို ဝတ်ဆင်သေးသည်။ သူ့ပြောင်းလဲသူများကို မျိုးနွယ်အသီးသီးနှင့် သီးသန့်တစ်ဦးချင်းဆီ စကားပြောစေလိုသည်။ သူ့ပြောင်းလဲသူများသည် သည်လိုနည်းလမ်းဖြင့် အရာရာကို လုပ်ဆောင်ဖို့ နားမလည်ကြပါ။ သူ့တို့၏ကမ္ဘာသည် နှုတ်ပြောဖြစ်၍၊ သီးသန့်တစ်ဦးစီထက် အများနှင့်ပဲ အလုပ်ဖြစ်သည်။ နှုတ်ပြောနေရာဒေသမှာ၊ အသစ်တရားသည် ရှေ့ဟောင်းမှ အမှန်တရား အပြင်ဘက်သို့ စီးမျောနေပြီး အရာလုံးကတော့ ပါဝင်သည်။ ထို့အပြင်၊ သူ့ခေတ်မှ အမြင်သည် အနောက်တိုင်းလို မဟုတ်ပါ။ ခေတ်နှင့်ဆိုင်သည့်ဖိအားသူ့မှာ မရှိပါ။ သူ့ခေတ်က အာဂုံဆောင်ဖို့ ဖြစ်လာမည်ဆိုသည့်အကြောင်းကိုသာ သူက သိထားသည်။

ကျွန်ုပ်တို့ ထင်ထားသည့်အကြောင်း နှင့် လုပ်ဆောင်သည့်အရာများက "သာမန်" ဖြစ်သည် သို့မဟုတ် "မှန်ကန်သည်"၊ နှင့် တစ်ခြားသူများလုပ်ဆောင်သည့်အရာများက "သဘာဝမကျ" သို့မဟုတ် "မှားယွင်း"သည်ဟု ယုံကြည်လက်ခံခြင်းကို ဆိုလိုသည့် လူမျိုးနွယ်စုဗဟိုပြုခြင်းကို ကျွန်ုပ်တို့အားလုံးက တိမ်းညွတ်ကြသည်။ ဟုတ်ကဲ့ပါ၊ ကျွန်ုပ်တို့သည် အကျင့်

နှင့်ဆိုင်သည့် အကြွင်းမဲ့မေတ္တာအကြောင်း၊ အမှန်ပြောခြင်းအကြောင်း၊ ခွင့်လွှတ်ခြင်းအကြောင်း၊ လိင်ပိုင်းဆိုင်ရာ ဖြူစင်မှုအကြောင်း၊ နှင့် နှိမ့်ချခြင်းအကြောင်း တို့ကို ပြောနေခြင်းမဟုတ်ပါ။ ဓမ္မသစ်ကျမ်းက စိတ်နှလုံး လွတ်လပ် ဖြူစင်ခြင်း အဆင့် ရှိသည့် ထာဝရဘုရားနှင့် ကျွန်ုပ်တို့ ဆက်သွယ်ခြင်းမှ အကြွင်းမဲ့ဆက်သွယ်ခြင်းအကြောင်းကို ရှင်းလင်းထားပါသည်။ သို့သော်လည်း ဤစိတ်နှလုံးဆိုင်ရာအမှန်တရားများကို ကျွန်ုပ်တို့ ဖော်ထုတ်၍ အသက်ရှင်ပြခြင်းအကြောင်းသည် အန္တိမဖန်ဆင်းရှင်ထာဝရဘုရားက ဖန်ဆင်းခြင်းမှာ ပျော်ရွှင်ခြင်းနှင့် နှစ်သက်ခြင်း သက်သက်အတွက် ဖန်ဆင်းခဲ့ပြီးဖြစ်သည့် ရိုးရာဓလေ့များ၏အမျိုးအစားအရ ကြီးမားသည့်မျိုးကွဲများ ရှိနိုင်ပါသည်။

## ဃ/ကုလားအုတ်ခြေရာများပုံပြင်

အရှေ့တောင်အာရှတစ်နိုင်ငံထဲမှာ ဂိုဏ်းဂဏအမျိုးမျိုး သာသနာလာပြု၍၊ အိမ်ခြံဝင်းကြီးများ၊ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ နှင့် ကျမ်းစာသင်ကျောင်းများတို့ကို တည်ဆောက်ခဲ့ပြီးသည့်အလား၊ ထိုနိုင်ငံက ပြီးခဲ့သည့်နှစ်ပေါင်းတစ်ရာကျော်ကျော် သာမန် သာသနာပြုလုပ်ရှားသည်ကို မြင်တွေ့ခဲ့ရသည်။ သူတို့က ပြောင်းလဲလာ၍ နှစ်ခြင်းခံသည့်ထိုသူတို့အား အာရဗီမှ ခရစ်ယာန်သို့ သူတို့၏နာမည်များ၊ ဝတ်စားဆင်ယင်မှုများတို့ကို ပြောင်းကြဖို့ လိုသည်ဟု တက်တက်ကြွကြွ သွန်သင်ခဲ့သည်။ ထို့ကြောင့် သူတို့သည် ဒေသခံမွတ်ဆလင်ရိုးရာဓလေ့နှင့် ပတ်သက်နိုင်တော့မည် မဟုတ်ပါ။ ပြောင်းလဲသူအသစ်များသည် သူတို့ အလုပ်လုပ်သည့်အခါ၊ နေထိုင်သည့်နေရာ၊ လက်ထပ်ထိမ်းမြားသည့်အခါ၊ နှင့် အနောက်တိုင်းခရစ်ယာန်အတိုင်းအဝိုင်းထဲမှာ သူတို့ကလေးများ ပျိုးထောင်သည့်အခါ သူတို့ ရိုးရာဓလေ့က အနည်းငယ်လွှမ်းမိုး နေသည်က ထိုအကြောင်း၏ရလဒ် ဖြစ်သည်။ သူတို့၏ ဝိညာဉ်ရေးအသက်သာများသည့် ကျွမ်းကျင်သော နိုင်ငံခြားသား အမှုတော်ဆောင်များ နှင့် သူတို့ ပတ်လည်ရှိ အဆောက်အအုံများတို့ကို ဗဟိုပြုကြသည်။ ထိုနိုင်ငံထဲမှ အသင်းတော်များသည် သာသနာ ဘုတ်အဖွဲ့၏ ဂိုဏ်းဂဏများအလိုက် ပိုင်းခြားကြသည် . . . . တစ်ချို့က သာမန်အခြေအနေပါဟု ပြောကြသည်!

လူဦးရေ သန်းပေါင်း ၁၅၀အထက်ရှိသည့်ငင်းနိုင်ငံမှာ သာသနာပြု အသိုက်အဝန်းတစ်ချို့အားဖြင့် နှစ်ပေါင်းတစ်ရာကျော် သာသနာပြုခဲ့ကြပြီးနောက် ယုံကြည်သူနှစ်ခြင်းခံပြီး အရေအတွက်က လူဦးရေသည် ၁၀၀၀၀၀ ခန့်လောက် ရှိလာခဲ့သည်။

လွန်ခဲ့သည့်နှစ်ပေါင်း ဆယ့်ငါးခန့်မှာ၊ ၎င်းဓလေ့မှာ လူငယ်နှစ်ဦးသည် ယေရှုကို လက်ခံလာ၍၊ ရိုးစင်းသောဆက်ကပ်မှု တစ်ချို့ ပြုလုပ်ခဲ့သည်။ သူတို့က သူတို့၏ နာမည်များ သို့မဟုတ် ဝတ်စားဆင်ယင်မှုများကို မပြောင်းခဲ့ပါ။ အနောက်တိုင်းဆန်သည့် ခရစ်ယာန်အဖွဲ့အစည်းများ၌ ရပ်တည်ခြင်းနှင့် သက်သေမပြပါ။ သူတို့သည် သူတို့၏ဓလေ့မှ ယေရှုသို့ ပေါင်းကူးပေးနိုင်သည့် သူတို့၏ဓလေ့မှ အသုံးပြုနိုင်သည့်အမှန်လက္ခဏာများကို အလေးထားဖို့ ရှာဖွေကြပါသည်။

## င/နှုတ်ဆက်ခြင်း နှင့် ရည်ရွယ်ချက်များ

ကျွန်ုပ်တို့သည် အဘယ့်ကြောင့် "မည်သူမဆို လမ်းတစ်လျှောက် နှုတ်မဆက်ကြသနည်း"? ၎င်းက မခင်မင်ဟန် နှင့် အဆက်အသွယ် ကင်းမဲ့ဟန် တို့ကို ပြသည်။ ၎င်းက ကျွန်ုပ်တို့သည် စီးပွားရေးအရ စုံတွေ့သည့်လူများ နှင့် ငြိမ်းချမ်းရေးကို ရှာနေသည့် ပုဂ္ဂိုလ်များ ထဲမှာ ရှိနေသည့်အချိန်မှစ၍ ဖြစ်ချင်တာနှင့်တခြားစီဟု ထင်ရသည်။

*"ထိုနောက်မှ သခင်ဘုရားသည် အခြားသော တပည့်တော် ခုနစ်ကျိပ်တို့ကို ခန့်ထားတော်မူ၍၊ ကိုယ်တိုင် ကြွလေအံ့သော မြို့ရွာ အရပ်ရပ်တို့သို့ ရှေ့တော်၌ နှစ်ယောက်စီ နှစ်ယောက်စီ စေလွှတ်တော်မူ၏။" ရှင်လုကာ၊ ၁၀း၁*

ဤခုနစ်ကျိပ်တို့သည် လမ်းရှိသည့်ရွာတိုင်းရွာတိုင်းကို လျှောက်မသွားပဲလျက် သခင်ယေရှု သွားစေလိုသည့် နေရာသို့ သွားကြသည်! သခင်ယေရှုသည် မဟာဗျူဟာအစီအစဉ်ရှိ၍၊ သူတို့သည် ၎င်းအတိုင်း လိုက်လျှောက်ရသည်။ သခင်ယေရှုသည် အဖခမည်းတော်လုပ်ဆောင်ချက် (ယော၊ ၁၂း၁၉)ကို မြင်တွေ့သည့်အတိုင်းပဲ လုပ်ဆောင်ခဲ့၍၊ ခမည်းတော်ပြောသည့်အကြောင်း (ယော၊ ၁၂း၄၉-၅၀)ကို ကြားသည့်အတိုင်းပဲ ပြောကြားခဲ့ကြောင်း ရှင်းနေသည်။ သူသည် သူ့ခမည်းတော်နှင့် အနက်နဲဆုံး ဆက်သွယ်မှုနှင့် အမှုတော် ဆောင်ရွက်ခဲ့သည်။ သူသည် လူသားများ လိုအပ်မှုကိုပဲ အဖြေမပေးခဲ့ပါ။ ဟုတ်ပါသည်၊ ကျွန်ုပ်တို့ ပြုသည့် အငယ်ဆုံး သောအမှုတစ်ခုခုသည် သခင်ယေရှု၌ ပြုခြင်းဖြစ်သည်။ ဟုတ်ပြီ၊ ရှင်မဿဲခရစ်ဝင်ကျမ်း ၂၅ နှင့် ဟေရှာယအနာဂတ်တိကျမ်း ၅၈တို့သည် သခင်ယေရှုက ဣသရေလလူမျိုးထဲမှာ အနာရောဂါငြိမ်းခြင်း မပေးသည့်အရာများ ရှိသော်လည်း ကျွန်ုပ်တို့ လုပ်ဆောင်သည့် အရာအားလုံးထဲမှာ ခိုင်မာသောစံညွှန်းများ ရှိနေသည်။ မရှင်ပြန်သည့် သေသောသူ အများအပြား ရှိပါသည်။ အကျွေးမွေးမခံရသည့် စာလောင်သူ အများအပြား ရှိသည်။ စစ်မှန်သည့် လူ့လိုအပ်မှုမှာ သခင်ယေရှုသည် သူ့ခမည်းတော်နှင့် ခြေလှမ်း လျှောက်လှမ်းခဲ့သည်။ သူ့ခမည်းတော်၏ အလိုတော်အပေါ် (ယော၊ ၄း၃၄)မှာ ကျွေးမွေးပြု စုသည့်အတိုင်း ရှာမာရိတစ်ယောက်ဆီသို့ ဝင်သွားသော်လည်း ရှာမာရိလူမျိုးသည်နေသည့် ရွာတိုင်းမှာ မဝင်ခဲ့ပါ။

လူသားလိုအပ်မှုက အလွန့်အလွန် ဖြစ်တတ်၍၊ အားလုံးလည်း စားသုံးသူ ဖြစ်တတ်

သည်။ ကျွန်ုပ်တို့၏ တုံ့ပြန်မှုသည် အခြေခံလိုအပ်မှု တစ်ခုတည်း ဖြစ်လျှင်၊ ကျွန်ုပ်တို့ ဘာမှ ကျန်တော့မည် မဟုတ်၍ ကျွန်ုပ်တို့ နားလည်သည့်အတိုင်း နားမလည်နိုင်သည့်သူများအားလုံးအပေါ် မှာ စိတ်ဆိုးလာပြီး၊ ထို့နောက် အရင်းအနှီးများ ထပ်၍ မရသောကြောင့် ထာဝရဘုရားအပေါ် မှာ စိတ်ညစ်လာမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် လူ့လိုအပ်မှုကို ဖြည့်ဆီးပေးဖို့ တစ်လမ်းလုံး ကြိုးစား ရှာဖွေဖို့ မဟုတ်ပါ။ ထာဝရဘုရားက ဘာအကြောင်း ပြောသည်ကို ကျွန်ုပ်တို့ သိနားလည်ဖို့၊ ထာဝရဘုရား လုပ်ဆောင်သည့်အကြောင်းကို ကျွန်ုပ်တို့ သိတတ်ဖို့၊ နှင့် သူနှင့် လျှောက်လှမ်းတတ်ဖို့ ဖြစ်သည်။ ဤနေရာသည် သင့်နေရာ၊ ဤအသင်းတော်သည်သင့်အသင်းတော် မဟုတ်ပါ! အဖခမည်းတော်၏ နေရာ၊ သခင်ယေရှုခရစ်တော်၏ အသင်းတော် ဖြစ်သည်။

*"ငါတို့သည် ဘုရားသခင့်ထံ၌ အလုပ်လုပ်သော သူချင်းဖြစ်ကြ၏။ သင်တို့သည် ဘုရားသခင်၏ ဥယျာဉ်တော်ဖြစ်ကြ၏။ ဘုရားသခင်၏ ကျောင်းတော်တိုက်လည်း ဖြစ်ကြ၏။ ဘုရားသခင်၏ ကျေးဇူးတော်ကို ငါခံရသည်နှင့်အညီ၊ လိမ္မာသော ဗိသုကာကဲ့သို့ တိုက်မြစ်ကို ချပြီ။ အခြားသောသူသည် ထပ်ဆင့်၍ တည်ဆောက်လေ၏။ သို့ရာတွင်၊ အဘယ်သို့ ထပ်ဆင့်၍ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။" ၁ကောရိန္သု၊ ၃း၉-၁၀*

ရှင်ပေါလုသည် ထာဝရဘုရား၏ အလုပ်သမားတစ် ဖြစ်၍၊ ကျွမ်းကျင်လိမ္မာသော ဗိသုကာ တစ်ယောက်ကဲ့သို့ သူ လုပ်ဆောင်ရမည့်အကြောင်းက အကန့်အသတ်များ ရှိသည်ကို သိနားလည်ခဲ့သည်။ သူက အခြေခံအုတ်မြစ်များကို ထားပေး၍၊ အခြားသူများကို ၎င်းအပေါ်မှာ တည်ဆောက်စေပါသည်! ၎င်းက ထာဝရဘုရား၏ သာသနာကွင်း နှင့် ကျောင်းတော်တိုက်ဖြစ်သည်။ မိတ်ဆွေက ၎င်းအားလုံးကို လုပ်ဆောင်နိုင်မည်မဟုတ်ပါ။ မိတ်ဆွေသည် ကျေးဇူးတော်အားဖြင့် လုပ်ဆောင်ဖို့ ပေးထားခဲ့သည့်အကြောင်းအပေါ် မှာ ဆက်၍ ဦးတည်ပြီး ၎င်းတစ်ခုတည်းကို ကောင်းအောင် ဆောင်ရွက်ပါ။

အဓိကအရာသည် လူသားလိုအပ်မှု နှင့် လူသား၏ ကောင်းမွန်သည့်ဖြစ်တည်ခြင်း မဟုတ်ပါ။ ၎င်းက လူမျိုးရေးဝါဒ ဖြစ်သည်။ အဓိကအရာသည် ထာဝရဘုရား နှင့် သူ့ဂုဏ်တော်တို့ ဖြစ်သည်။ ၎င်းက သခင်ယေရှု နောက်လိုက်ခြင်း ဖြစ်သည်။

**မေးလေ့ရှိသည့် မေးခွန်းများ**

**၁/မိတ်ဆွေ ဖော်ပြသည့်အတိုင်း ရိုးရာဓလေ့ထဲမှာ ယုံကြည်သူများ လျှောက်လှမ်းကြသည့်အခါ ဓမ္မသစ်ကျမ်းမှ အခြေအနေများနှင့် ၎င်းရိုးရာဓလေ့နှင့် ယုံကြည်မှု စနစ်တို့ ရောသမခြင်း ဖြစ်သည့် syncretism၏ အန္တရာယ် ရှိနိုင်ပါသလား?**

ဟုတ်ကဲ့ပါ၊ အန္တရာယ် အမြဲတမ်း ရှိပါသည်။ သို့သော်လည်း၊ ကျွန်ုပ်တို့၏ ကိုယ်တိုင် syncretismမှာ နားလည်မှု အလွန်အားနည်းသော်လည်း နိုင်ငံတော်၏ သတင်းကောင်းနှင့် ရောသမမွေ့သည့်အခါ ဖြောင့်မတ်ခြင်း မရှိစေနိုင်သည့် အခြား ရိုးရာဓလေ့မှ အခြေအနေများအပေါ် ကျွန်ုပ်တို့က နားလည်မှု အလွန်ကောင်း ကြသည်။

မွတ်စလင်အခံရှိသည့် ယုံကြည်သူ တစ်ယောက်သည် တစ်နေ့ ငါးကြိမ် ဆုတောင်းခြင်း သို့မဟုတ် မွတ်စလင်ကဲ့သို့ အစာရှောင်ခြင်းကို ဆက်ထိမ်းဖို့အလိုငှာ စွန့်စား၍ အခြေအနေ အားလုံးမှာ ယေရှုထံသို့ မျှော်ကြည့်ပြီး၊ ယေရှုထံသို့ သိသာထင်ရှားစွာ ဆုတောင်းနေသော်လည်း မွတ်စလင်အခံရှိသူ ဖြစ်လျှင် အနောက်တိုင်းမှ တစ်ချို့သည် အနှောက်အယှက်ပေးခြင်း ခံရပါမည်။

သို့သော်လည်း၊ အနောက်တိုင်းနှင့်ဆိုင်သည့် ရုပ်ဝါဒ၊ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် လောဘ စသည်တို့ အများအပြား ဝင်ရောက်ခဲ့၍ အသင်းတော် များမှာ ချမ်းသာကြွယ်ဝခြင်း ယုံကြည်မှု သက်ဝင်စေခဲ့သည့်အကြောင်းကို ကျွန်ုပ်က ပိုပြီး စိတ်ဝင်စားပါသည်။

အသင်းတော်၏ အစီအစဉ်တစ်ခုလုံးမှာ ကိုယ်တိုင်ယုံကြည်မှုနှင့် ပြန်လည်ပါခဲ့၍ ပါရမီ၊ ပင်ကိုယ်စရိုက်၊ ကျော်စောခြင်း၊ နှင့် အခွင့်အရေး တို့မှာ ကျွန်ုပ်တို့၏ ဓလေ့ အလေးထားခြင်းကို ဘယ်လောက်က လက်ခံယုံကြည်ကြကြောင်းကို ကျွန်ုပ် ပိုပြီး စိတ်ဝင်စားပါသည်။ ထာဝရဘုရား၏ကောင်းချီးပေးခြင်းမှ ဘာသာရေး ကိုင်းရှိုင်းသည့်လိုအင် နှင့် တစ်ကိုယ်ကောင်းဆန်သည့်အသက်တာများကြောင့် လောဘကြီးမှုကို ကျွန်ုပ်တို့က ဆေးကြောခဲ့ပြီး ဖြစ်သည်။

**၂/မိတ်ဆွေသည် ပိုက်ဆံအနည်းငယ် ပါမလာဘဲနှင့် ဆင်းရဲ သားများကို ညှာတာ၍ ဘယ်လောက် ကူညီလုပ်ပေးနိုင်မည်နည်း? ၎င်းက ကျွန်ုပ်တို့ တာဝန်ယူရမည့် အပိုင်း မဟုတ်ဘူးလား?**

ဟုတ်ကဲ့ပါ၊ ကျွန်ုပ်တို့သည် အခြေခံ ရည်ရွယ်ချက်နှစ်ခု ဖြစ်သည့် နယ်သစ်သို့ တပည့်တော်အဖွဲ့များ စေလွှတ်ရန် နှင့် ဆင်းရဲသားများကို ကူညီရန် စသည်တို့အတွက် ရန်ပုံငွေများ ရှာရမည် ဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့ တာဝန်ယူရမည့် အပိုင်းဖြစ်သည်။

သို့သော်လည်း၊ ကျွန်ုပ်တို့သည် ၎င်းတာဝန်ကို ဘယ်လို ကျေပွန်ရမည်နည်း? ဆိုသည့် မေးခွန်းတစ်ခု ရှိသည်။ တောင်သူလယ်သမားများရှိသည့်ရွာ၏ ဝန်းကျင်တစ်ခုမှာ အုပ်ထိန်းမဲ့ ကလေးများကို ကူညီဖို့ မိတ်ဆွေ ဘယ်လို ထင်သလဲဆိုသည်က အကောင်းဆုံးနည်းလမ်း ဖြစ်သည်။ ၎င်းကို စီမံနိုင်ဖို့ ကျွမ်းကျင်မှုနှင့် အနောက်တိုင်း၏ အဆက်မပြတ်ထောက်ပံ့မှု လိုအပ်သည့် အနောက်တိုင်းအဖွဲ့အစည်း ပုံစံများမှ အနောက်တိုင်းစံနှုန်းများသို့ အသင် ဆောက်တည်နိုင်မည်လား (သို့) ဒေသခံမိသားစုများက အုပ်ထိန်းမဲ့ ကလေးများကို ပြုစုထိန်းကျောင်းတတ်ဖို့ အသင် အကူအညီပေးနိုင်မည်လား? မိမိရပ်ကွက်အိမ်များမှာ

ရေပိုက်ဆက်သွယ်မှုစနစ်ဖြင့် အိမ်ထဲသို့ ရေမရရှိ သည့်အချိန်မှာ အနောက်တိုင်း အုပ်ထိန်းမဲ့ ကလေးများ၏ ဂေဟာ၌ အိမ်သာရေဆွဲခြင်းများ နှင့် ရေနွေးနှင့်ရေချိုးနိုင်ခြင်းများ ထားရှိပေးနိုင်သည်။ ဘာက အကောင်းဆုံး ဖြစ်မည်နည်း?

အနောက်တိုင်း အဖွဲ့အစည်း ပုံစံက ငွေကြေး အများအပြား ကိုင်ဆောင်ပြီး လူဦးရေမှ အုပ်ထိန်းမဲ့ ကလေးများ နည်းနည်းလေးကိုပဲ ကူညီနိုင်ပါသည်။ ကျွမ်းကျင်မှု အများကြီးလိုအပ်ပါသောကြောင့် ၎င်းအလုပ် တိုးချဲ့ဖို့ ခက်ခဲသည်။ ဒေသခံများသည် သူတို့၏ မြို့နှင့်ရွာများမှ အုပ်ထိန်းမဲ့ ကလေးများကို ဂရုစိုက်ထိန်းကျောင်းမှုကို တိုးပွားစေဖို့ အတတ်နိုင်ကြပါ။ သူတို့ အရင်းအနှီး မရှိသောကြောင့် ၎င်းက အလွန်ရှုပ်ယှက်ခတ်သည်။ ၎င်းအဖွဲ့အစည်းများက ဆင်းရဲခြင်း၊ မတတ်နိုင်ခြင်း နှင့် ဒေသခံလူများ၏ အထောက်အပံ့မဲ့ ဘ၀ စသည့် အကျိုးတက်ရောက်မှုများ ရှိစေသည်။ သူတို့က စိတ်မကျေမချမ်းမှု၊ သူတို့၏ ရပ်ရွာများမှာ မနေလိုပဲ အနောက်တိုင်း ပုံစံအတိုင်း နေထိုင်လို၍ အခွင့်အရေးများ ရလိုသည့် ကလေးများကို ဖြစ်ပွားစေသည်။

ဒေသခံမိသားစုဝင်များက သူတို့ဘာသာ ကလေးများ နှင့် အုပ်ထိန်းမဲ့ကလေးများတို့ကို သူတို့ အိမ်များမှာ ထိန်းကျောင်းဖို့ ကျွန်ုပ်တို့က ကူညီနိုင်လျှင် ဘာဖြစ်မလည်း? ဘယ်လိုပုံစံ ဖြစ်လာမည်နည်း? ၎င်းက ကင်းယား (Kenya)မှာ ဒေသခံ မိသားစုကို စက်ဘီးများကို လက်ဆောင်ပေးသောကြောင့် “စက်ဘီး ကယ်ရီဆွဲခ”များဖြင့် ရသည့် ပိုက်ဆံများနှင့် ကလေး အယောက် နှစ်ဆယ်ကို ပြုစုပျိုးထောင် စေနိုင်အောင် သူငယ်ချင်းတစ်ချို့ လုပ်သည့်အကြောင်းလို တကယ် ဖြစ်လာမည်ဖြစ်သည်။ ကလေးများသည် ထိုဒေသ၏ ဓလေ့အတိုင်း ကြီးပြင်းလာသည့် ကလေးများလို ရိုးရိုးလေးနှင့် ကြီးပြင်း တိုးတက်လာမည်ဖြစ်သည်။ မိမိဒေသ အရင်းအမြစ်များမှ တိုးပွားနိုင်သည်ကို သိကတည်းက စပြီး အုပ်ထိန်းမဲ့ ကလေးများ အားလုံးအတွက် နေအိမ်များကို အမှန် ကူညီမစ နိုင်မည့် မျှော်လင့်ခြင်းအချို့ကို ၎င်းပုံစံ(model)က သင်ခန်းစာ ပေးပါသည်။ ဤပုံစံက ဖမ်းတီးနိုင်စွမ်း၊ အစပြုနိုင်စွမ်း လွတ်လပ်မှု အခွင့်အာဏာကို ပေးသည်။

လိုအပ်မှုကို သိနိုင်ဖို့ အနောက်တိုင်း ပုံစံလို အုပ်ထိန်းမဲ့ ကလေးများ ထိန်းကျောင်းခြင်းလို ကျွန်ုပ်တို့က လုံး၀ လုပ်ဆောင်နိုင်မည်မဟုတ်သောကြောင့် ပြင်းပြသောစီမံကိန်းများကို ထိုကဲ့သို့ ငွေကြေး နှင့် ကျွမ်းကျင်မှုတို့ဖြင့် လုပ်ဆောင်ခြင်းကို ကျွန်ုပ်တို့က ဘာကြောင့်ဆက်လုပ်နိုင်မနည်း? သူတို့က ကျွန်ုပ်တို့ကို ကြည့်ကောင်း စေပါသည်။ အစွမ်းရှိသည်ဟုခံစားစေသည်။ ဟုတ်ကဲ့ပါ၊ ဤတက်ကြွစေသောလှုပ်ရှားမှု အင်အားများက ပြောင်းလဲနေသော်ငြားလည်း ကဏ္ဍအများအပြားမှာ ပေါက်ရောက်ဖို့ လိုအပ်မှု ရှိပါသေးသည်။ ထို့ကြောင့် ကျွန်ုပ်တို့က ရိုးရိုးတွေး၊ ရိုးရှင်းစွာ ရှုမြင်၊ တိုးပွားနိုင်အောင်စဉ်းစား၊ ဖမ်းတီးတတ်အောင်တွေး၊ ထိန်းထားနိုင်အောင် စဥ့်စား၊ အခွင့်အာဏာပေးနိုင်အောင်တွေးဖို့ လိုအပ်ပေသည်။

## ၃/မိတ်ဆွေ မသိနိုင်သည့် လိုအပ်မှုအကြောင်းများက ဘာလည်း?

မိတ်ဆွေ လုပ်နိုင်သည့်အရာထက် ထာ၀ရဘုရားက လိုအပ်မှုများကို ပို၍ နက်နဲစွာ လုပ်နိုင်သည်ဟု ယုံကြည်ပါသလား? ထိုဘက်မှာ အမှုတော်ဆောင်များအတွက် မိတ်ဆွေ ဆုတောင်းပေးပါသလား? အရင်းအနှီး အကန့်အသတ်မှာ တိုးပွားမှု ရဖို့ ဆုတောင်းပေးပါသလား? အရင်ပြဿနာများကို ဖြေရှင်းဖို့ အိုင်ဒီယာအသစ်များကို စဉ်းစားဖန်းတီးတတ်ဖို့ အတွက် ဆုတောင်းပေးပါသလား? မတူညီသော ခေါင်းဆောင်ခြင်း၊ ဆုလက်ဆောင် နှင့် အရင်းအနှီးများ ရရှိကြသည့် သူများနှင့် မဟာဗျူဟာမြောက်သောမိတ်ဖက်များကို မိတ်ဆွေ ရှာနေပါသလား? သူတို့အတွက် စိတ်နှလုံး တံခါးကို ဖွင့်ထားပါသလား? သို့မဟုတ် မိတ်ဆွေ လုပ်နိုင်သည့် အကြောင်းမှာ ထာ၀ရဘုရားကို ကန့်သတ်ထားပါသလား?

ဘရာဇီးသည် လမ်းပေါ်က ကလေးများနှင့် ပြဿနာ အကြီးအကျယ် ရှိသည်။ ဤကလေးများက အသက်ရှင်ဖို့ရန် ခိုးသည်၊ ဘိန်းရှူသည်၊ အရက်သေစာသောက်စားသည်။ ဖြစ်ရပ်အချို့မှာ၊ ဒေသခံ ပုလိပ်များက လေလွင့်သောခွေးများလို သူတို့ကို သေနတ်နှင့်ပစ်ဖို့ သိခဲ့ပြီးဖြစ်သည်။ ကလေး ၁၀ယောက် သို့မဟုတ် ၁၂ယောက်က မွေးစား အဖေ၊ အမေတို့နှင့် နေနိုင်ဖို့ အိမ်များ ဆောက်ပေးခြင်းဖြင့် ထိုအုပ်ထိန်းမဲ့ ကလေးများအတွက် အိမ်များကို ဆောက်ပေးနေသည့် သူငယ်ချင်းများကို ကျွန်ုပ်တို့မှာ ရှိပါသည်။ သူတို့၏ အိမ်များသည် ကောင်းနေသော်လည်း လမ်းပေါ်မှာ လေလွင့်ကလေးများ ထောင်နှင့်ချီ ရှိပါသေးသည်။ ထို့ကြောင့် ဘရာဇီးမှ အသင်းတော်များ အဖွဲ့သည် လမ်းပေါ်က ကလေးများအတွက် တစ်စုံတစ်ခုကို လုပ်ဆောင်ပေးဖို့ အစိုးရကို တောင်းဆိုခဲ့ပါသည်။ အမှန်စင်စစ် ၎င်းက အစိုးရ၏ တာ၀န် ဖြစ်ပါသလား? ဘရာဇီးမှာ ရှိသည့် ဧ၀ံဂေလိ အသင်းတော်များမှ ခေါင်းဆောင်များ တစ်ယောက်ဆီတိုင်းက ကလေး တစ်ယောက်ဆီကို မွေးစားကြမည် ဆိုလျှင်၊ လမ်းပေါ်မှာ လေလွင့်ကလေးများ ရှိတော့မည် မဟုတ်ပါဟု ကျွန်ုပ်တို့၏ သူငယ်ချင်းက ပြောဖူးပါသည်။

မိတ်ဆွေ မတွေ့ဖူးသည့် ဆင်းရဲသူများနှင့် ထိပ်တိုက်ရင်ဆိုင်ဖူးပါသလား? မာတာ ထာရီဆာ၏ အကြံပေးချက်ကို ယူသွားလိုက်ပါ၊ “သင့်မှာ ရှိသည့်အရာနှင့် အစပြုလိုက်ပါ”။ သင်လုပ်နိုင်သည့် အရာကို လုပ်လိုက်ပါ။ သင်မလုပ်နိုင်မည့်အရာကို ဦးတည်ပြီး စမလုပ်ပါနှင့်။

## ၄/ထာ၀ရဘုရားက အသင့်ကို စေလွှတ်သည့်နေရာကို ဘယ်လို သိနိုင်မည် နည်း? ယေရှုက သူသွားနေသည့် နေရာကို သိသိကျကျ ပြောခဲ့သည်။ ကျွန်ုပ်တို့က သွားရမည့် နေရာကို သိဖို့ ဘယ်လို ဖြစ်နိုင်သနည်း?

ကျွန်ုပ်တို့သည် နားစွင့်၍ ပြုမူဖို့ ဖြစ်သည်။ ဘာ့ကြောင့်လည်းဆိုပါက အသင်းတော်၏ အုတ်မြစ်သည် ပရောဖက်များ နှင့် တမန်တော်များ ဖြစ်ကြသည်။ ကျွန်ုပ်တို့မှာ အိုင်ဒီယာ

အကောင်း အများအပြား ရှိတတ်သော်လည်း နားစွင့်ရဦးမှာလား? တမန်၊ ၁၀မှာ ရှင်ပေတရုကဲ့သို့ သို့မဟုတ် တမန်၊ ၁၆မှာ ရှင်ပေါလုကဲ့သို့ အိပ်မက် နှင့် ရူပါရုံများမှ စကားကို ကျွန်ုပ်တို့ မှတ်မိ နိုင်မည်လား? တမန်၊ ၁၈း၁-၃မှ ရှင်ပေါလုကဲ့သို့ ဘုရားနှင့် ချိန်းထားပြီး အဆက်အသွယ် လုပ်ဖို့ စိတ်နှလုံး တံခါးများကို ဖွင့်ထားဖို့ ကျွန်ုပ်တို့ သတိထားမိဦးမလား?

နှစ်ရှည်အတွက် အစီအစဉ်များကို ကျွန်ုပ်တို့၏ စိတ်စေ့ဆော်မှုကို နားထောင်နေရမည်လား? ထာဝရဘုရားက သင့်အထဲမှာ ဘယ်နေရာကို ရရှိခဲ့သနည်း? အသင်က ဘယ်လို စိတ်ကူး အိပ်မက် ရှိသနည်း၊ ဘယ်လောက်ဆုတောင်း သနည်း၊ ဘယ်လောက် ထင်ထားသနည်း? ယုံကြည်မှု နှင့် ကျေးဇူးတော် အသင့်မှာင် ဘယ်လို ရှိသနည်း? သင့် အ ခြေအနေအမှန်နှင့် အစပြုဖို့ ဆန္ဒ ရှိပါသလား?

# အခန်း ၅
# သင့်ငြိမ်သက်ခြင်း နှင့် ငြိမ်းချမ်းသော လူသား

*“မည်သည့်အိမ်သို့ ဝင်သည့်အခါ၊ ဤအိမ်၌မင်္ဂလာ ဖြစ်ပါစေသောဟု ရှေ့ဦးစွာ ပြောကြလော့။ ထိုအိမ်၌ မင်္ဂလာသားရှိလျှင်၊ သင်တို့မြွက်သော မင်္ဂလာသည် တည်လိမ့်မည်။ သို့မဟုတ် သင်တို့ ထံသို့ ပြန်လာလိမ့်မည်။“ ရှင်လုကာ ခရစ်ဝင် ၁၀း ၅-၆*

## က/သင်၌ ငြိမ်သက်ခြင်း ရှိပါစေသော!

မွတ်စလင် ဓလေ့မှာ အများဆုံး သုံးနှုန်းလေ့ရှိသည့် အဆင့်ရှိသည့် နှုတ်ဆက်ခြင်းသည် “သင်နှင့်အတူ ငြိမ်သက်ခြင်း ရှိပါစေသော”ဟု ဆိုလိုသည့် “As-Salamu Alaykum!” ဖြစ်ပြီး၊ တုန့်ပြန်ခြင်းက “သင့်မှာလည်း ငြိမ်သက်ခြင်း ရှိပါစေသော” “Wa-Alaykum As-Salaam” ဖြစ်သည်။ သခင်ယေရှု သုံးနှုန်းသည့်အကြောင်းနှင့် တစ်ထပ်တည်း ဖြစ်ပါသည်။ သူသည် အရှေ့တိုင်း ဓလေ့မှာ ကြီးပြင်းသည့် အရှေ့တိုင်းသား ဖြစ်သည်။

သင်သည် ဘယ်နေရာကို သွားသွား ရှင်ဘုရင်၏ ရှိခြင်းကို သယ်ဆောင်သည့် ဘုရားသခင့် နိုင်ငံတော်၏ သံတမန် ဖြစ်သည်ကို နားလည်ပါသလား? ဘုရားသခင့် နိုင်ငံတော်၏ ငြိမ်သက်ခြင်းကို ဖော်ဆောင်ဖို့ သံတမန် တစ်ဦးကဲ့သို့ သင့်မှာ ဩဇာ ရှိကြောင်းကို သိပါသလား? အိမ်တော်မှာ အနားလာယူကြမည့် သူများအား ငြိမ်သက်ခြင်းကို အသင် လုပ်ဆောင်ပေးနိုင်သလား? ငြိမ်သက်ခြင်းနှင့် ပြည့်သည့် သို့မဟုတ် ကြောက်ရွံ့စရာနှင့် ပြည့်သည့် ပတ်ဝန်းကျင်အသစ်များမှာ အသင် သွားနိုင်ပါသလား?

ရှုတ်ချ၍ ရာထိုးမြင့်ခြင်းထက် သင် လက်ခံသည့် အရာများက ငြိမ်သက်ခြင်းကို ဖြစ်ပေါ်စေသည်ဟု ယေရှုကို မသိသေးသည့် ထိုအရာများက ထင်စေပါသလား? ကျွန်ုပ်တို့၏ သခင်ကို “အပြစ်များ၏ မိတ်ဆွေ”ဟု ခေါ်ခဲ့ကြသည်။ ၎င်းလိုနာမည်ကို ကျွန်ုပ်တို့ ရှိခဲ့ကြပါသလား? သူ့စေတနာများသည် သူတို့ဘက်သို့ ဦးတည်သည်ကို ပြည့်တဆာမများ သိထားသည်က အမှန်တရားဖြစ်၍ သူတို့ကို လက်ခံကြသောကြောင့် ပြည်တဆာများက နောက်ဆုံးမှာ သူ့ကို တွေ့မြင်ရကြသည်။ အခွန်ခံများကို သူက မရှုတ်ချသောကြောင့် သူနှင့် အဆင်ပြေခဲ့ပါသည်။

ပထမဦးစားပေးက ငြိမ်ချမ်းမှုကို ညွှန်ပြဖို့ ဖြစ်သည်။ ကျွန်ုပ်တို့က ထိုအကြောင်းကို ဝေမျှရန် ကြိုးစားသည်ကို ပြောဖို့ အခွင့်ရသော်လည်း ကျွန်ုပ်တို့ကို ညှင်းကတည်းကစပြီး ရံဖန်ရံခါ ထိပ်တိုက်ရင်ဆိုင်ခြင်း၊ အဆက်ဖြတ်ခြင်း နှင့် ညှင်းဖို့ ဖြစ်ပေါ်စေခြင်းတို့မှာ ကျွန်ုပ်တို့ ဝမ်းမြောက်လုနီးပါးဖြစ်တတ်သည်။ ဘာသာရေးစိတ်က ဝေါဟာရများနှင့်စပ်လျဉ်း၍ နှိပ်စက်မှု နှင့် ထိပ်တိုက်ရင်ဆိုင်ခြင်းတို့မှာ ဂုဏ်ယူတတ်ပါသည်။ သူတို့က ယေရှုကို ညှင်းခြင်း မဟုတ်ပဲ ကျွန်ုပ်တို့၏ နည်းလမ်းများကို ညှင်းနေခြင်း ဖြစ်နိုင်ပါသလား? ပထမဆုံး တာဝန်သည် ငြိမ်းချမ်းမှုကို ညွှန်ပြဖို့ ဖြစ်သည်။ အမှန်တရားက သင့်ကို ပို့ဆောင်မှာ ဖြစ်သည်။ သင်က အမှန်တရားကို မပို့ဆောင်နိုင်ပါ! သူ့လက်ရုံးတော်များပေါ်မှာ သက်သာစွာနေပါ။ လမ်းခရီး၊ သမ္မာတရား နှင့် အသက် တို့ဖြစ်သည့် ယေရှုသည် အစေခံလိုသည့် မိတ်ဆွေတစ်ယောက်ကဲ့သို့ ကြွလာခဲ့သည်။ အသင်က သမ္မာတရားကို ကာကွယ်သူ မဟုတ်ဘဲ သင့်ကို ထိုတရားက ကာကွယ်၏။ သင့် အပေါ်မှာ ငြိမ်သက်ခြင်း ရှိပါစေသော!

## ခ/ငြိမ်းချမ်းခြင်း သားတော်ကို ရှာတွေ့ခြင်း

သူတို့က ရှာသူဖြစ်သောကြောင့် ဤပုဂ္ဂိုလ်ကို “ငြိမ်ချမ်းခြင်း သားတော်”ဟု ခေါ်ကြသည်။ သူတို့၏ စိတ်နှလုံးထဲမှာ ထာဝရဘုရားက အလုပ်လုပ်နေလျက် သူ လုပ်ဆောင်သည့် နေရာကို ကျွန်ုပ်တို့ ရှာဖွေတွေ့ရှိဖို့ ဖြစ်သည်။ ကျွန်ုပ်တို့က ယေရှုဘုရား လာခြင်းနှင့် ပတ်သက်သည့် အကြောင်းကို ရှာဖွေတွေ့ရှိဖို့ ဖြစ်သည်။ ၎င်းပုဂ္ဂိုလ်မျိုးကို ကျွန်ုပ်တို့က ဘယ်လို ရှာတွေ့နိုင်မည်နည်း?

ကုလအုတ် လမ်းများကို ရှေ့ဆောင်ခဲ့သည့် ညီအစ်ကိုယ်များသည် တစ်ခါတစ်ရံ ဗလီသို့ သွား၍ ထိုနေရာမှာ ရှိသည့်လူများအား ကိုရန်ကျမ်းကို ဖတ်ဖို့ တောင်းဆိုတတ်သည်။ “အမျိုးသမီး”ဟုဆိုလိုသည့် Sura မှ စဖတ်ပေးပြီး ၎င်း၏ ဆိုလိုသည့်အဓိပ္ပါယ်ကစ၍ မေးခွန်းများ မေးဖို့ အစပြုကြသည်။ သူတို့၏ မေးခွန်းများသည် ပိုပြီး မေးခွန်းများများ မေးနိုင်မည့် ပုံစံ လုပ်ခဲ့ကြသည်။ မေးခွန်းများသည် ယေရှုအကြောင်း နှင့် ဓမ္မသစ်ကျမ်းကို ဆိုလိုသည့် “Ningel” စသည်များကို မေးခြင်းသို့ အမြဲလိုလို ဦးတည်သွားသည်။ တစ်ခါတစ်လေလည်း စကားစမြည်ပြန်ပြော၍ သူတို့က မေးခွန်းမေးလေ့ ရှိသည်။ တစ်ခါတစ်ရံ လူတစ်ယောက်က သူတို့နောက်ကိုလိုက်၍ သူ့အိမ်သို့ လာဖို့ တောင်းဆိုပြီး ဓမ္မသစ်ကျမ်းကို သူ့အား ပေးခဲ့သည်။ သူတို့သည် စကားအများကြီးပြောခဲ့ကြပြီးနောက် သူ့အိမ်သို့ ခေါ်ဖိတ်၍ သူ ရင်းနှီးသည့်မိသားစု နှင့် သူငယ်ချင်းများကို မိတ်ဆက်ပြီး၊ “ကျွန်ုပ်ထံသို့ အသင်တို့ ပြောပြသည့်အကြောင်းများကို အခု သူတို့အားပြောပါ”ဟု တောင်းဆိုခဲ့သည်။

ရုပါရုံများ (သို့) စိတ်ကူးအိပ်မက်များ တစ်ခုခု ရှိခဲ့ကြလျှင် နည်းလမ်းတစ်ခုနှင့် စကားစပြောကြကာ ရိုးရိုးလေး မေးခွန်းမေးဖို့ ရရှိလာသည့် မွတ်စလင် ရှာဖွေသူများကြားထဲမှာ ရုပါရုံများ နှင့် စိတ်ကူးအိပ်မက်များတို့သည် အမြဲ တွေ့နေကျ ဖြစ်ပါသည်။

ၚင်းပုဂ္ဂိုလ်သည် ယေရှု၏ ရုပါရုံမျိုး ရှိခဲ့ပါက မေးခွန်းအပေါ်မှာ သူတို့ အလွန် အံ့သြကြလိမ့်မည်။ သူတို့ထင်သည့် တောက်ပသောဝတ်ရုံနှင့်လူ၌ ရှိသည့် ရုပါရုံကို ထူးထူးခြားခြား ဆွဲယူနိုင်သည်ကို သင်က သူတို့အား မေးမိပါက ပိုပိုပြီး အံ့သြကြပါလိမ့်မည်။

ငြိမ်ချမ်းခြင်း သားတော်ကို သင် ရှာတွေ့သည့်အခါ၊ သင့်ငြိမ်သက်ခြင်းက အိမ်မှာ တည်ရှိပါမည်။ မဟုတ်ပါက သင့်ငြိမ်သက်ခြင်းသည် သင်သွားသည့်လမ်းသို့ ပြန်လှည့်သွားပါလိမ့်မည်။ ဤလိုဘိသိက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ ဤလိုတက်ရောက်ခြင်း၊ ဤလို ငြိမ်သက်ခြင်းသည် တန်ခိုးရှိ၍၊ သင် သယ်ယူသွားမည့် သက်သေခံခြင်း၏ ကြီးမားသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ငြိမ်းချမ်းခြင်း သားတော်ကို ရှာတွေ့သည့်အခါ၊ သူသည် အသင် သင်ကြားသည့် ငြိမ်သက်ခြင်းကို အသိအမှတ်ပြုမည် ဖြစ်ပြီး၊ ၎င်းက သင့်အတွက် သူ့စိတ်နှလုံးတံခါးကို ပွင့်စေမည့် ကြီးမားသောအပိုင်း ဖြစ်ပေလိမ့်မည်။ ဟုတ်ကဲ့ပါ၊ လူသား ကျွမ်းကျင်မှုများ တစ်ချို့ ပါဝင်နိုင်၍၊ ထိုအရာက လူသားကျွမ်းကျင်မှု နှင့် သင်ယူမှုများမှ ဖြစ်သောကြောင့် အလုပ် လုပ်လို့မရပါ။ သင့်အားဖြင့် သူတို့ အထဲမှာ ထာဝရဘုရားက အလုပ် လုပ်နေသောကြောင့် ၎င်းက အလုပ် လုပ်ပါသည်။ ယေရှုက ဤရွှေ့လျားမှုကို ငြိမ်းချမ်းခြင်း၏ ရွေ့လျားမှုဟု ခေါ်သည်။ သဘာဝအလျောက် ခွဲခြားမှု သို့မဟုတ် အမုန်းရှိသည့် စိတ်နှလုံးများမှာ ငြိမ်းချမ်းခြင်းကို တက်ရောက်စေဖို့ ထာဝရဘုရား၏ တန်ခိုးရှိသော အလုပ် ဖြစ်ပါသည်။

ငြိမ်းချမ်းသောပုဂ္ဂိုလ်သည် ရပ်ရွာမှ သို့မဟုတ် လူမှုရေးအဖွဲ့မှ အဦးဆုံးပြောင်းလဲသူ ဖြစ်နိုင်သည်။ သူတို့၏ သက်သေခံခြင်းသည် ၎င်းရပ်ရွာ သို့မဟုတ် အသင်းအဖွဲ့က ယေရှုကို လက်ခံဖို့အလိုငှာ ဇာတ်လမ်းပမာဖြစ်၍ ပွင့်လင်းရပါမည်။ ဤအကြောင်းသည် ရှင်ယောဟန် ခရစ်ဝင်ကျမ်း ၄က ရေတွင်းနားမှ အမျိုးသမီး နှင့် ရှင်မာကုခရစ်ဝင်ကျမ်း ၅း၁၆က နတ်ဆိုးစီးသောသူ တို့မှာ ဖြစ်ပျက်သည့်အကြောင်းများတွင် တွေ့ရသည်။

ငြိမ်းချမ်းသောပုဂ္ဂိုလ်သည် သူတို့၏လူမှုအခြေအနေကို အလွမ်းမိုးဆုံး တစ်ယောက် ဖြစ်နိုင်သည်။ မြောက်အာဖရိကမှ မွတ်စလင်ခေါင်းဆောင်များ နှင့် သူတို့၏ ဗလီသို့ ဦးဆောင်ခေါ်သွားသည့်သူများ စသည်တို့ကို ယေရှု၏နောက်လိုက် တပည့်တော်များ ဖြစ်လာစေသည့် သက်သေခံခြင်း အများအပြား ရှိပါသည်။

ဤလို ငြိမ်းချမ်းခြင်းနှင့် သြဇာညောင်းသောပုဂ္ဂိုလ်သည် တမန်တော်ဝတ္ထု ၁၀မှ ပေါလုနှင့် ကောနိလေးစ်၏မိသားစု ဖြစ်ရပ် အပိုင်း၊ နှင့် ပေါလုနှင့် ဆိုင်းလပ်စ်ဖြစ်ရပ်မှ ဖိလိပ္ပုထောင်မှူး၏ ပြောင်းလဲခြင်း တို့မှာ တွေ့ရှိရသည်။ ဤအခြေအနေ နှစ်ရပ်စလုံးမှာ "သူ နှင့် သူ့တစ်မိသားစုလုံးက နှစ်ခြင်းခံယူရရှိခဲ့ရသည်"။

ငြိမ်းချမ်းသောပုဂ္ဂိုလ်သည် အဦးဆုံးပြောင်းလဲသူ ဖြစ်နိုင်သော်ငြားလည်း သင့်ပန်းတိုင်သည် တစ်ချိန်တည်းမှာ တစ်မိသားစုလုံး နှစ်ခြင်းခံယူခြင်းကို မြင်နိုင်ဖို့ ဖြစ်ရပါမည်။ ကျွန်ုပ်တို့သည် အမြဲလိုလို နှစ်ခြင်းပေးဖို့ မြန်ဆန်လွန်းတတ်သောကြောင့် တစ်မိသားစုမှ တစ်ယောက်ထဲကို ခွဲစေကြသည်။ သင်သည် တစ်မိသားစုလုံးက ယေရှု၏နောက်လိုက် တပည့်တော်များဖြစ်လာကြဖို့ နှင့် အဖွဲ့လိုက် နှစ်ခြင်းခံယူဖို့ သူတို့နှင့် သမ္မာကျမ်းစာ လေ့လာခြင်းသည် ပို၍ ကောင်းပါလိမ့်မည်။ ထို့ကြောင့် နှစ်ခြင်းပွဲတော်သည် အသင်းတည်ဆောက်ခြင်း ပွဲလည်း ဖြစ်သွားသည်။

## မေးလေ့ရှိသည့် မေးခွန်း

### မြို့ပြ နှင့် အနောက်တိုင်း ဓလေ့တို့မှာ ငြိမ်းချမ်းသောလူသားက မည်သို့နည်း?

ကျွန်ုပ်တို့သည် မြို့ပြ သို့မဟုတ် အနောက်တိုင်း ဓလေ့များမှာ ငြိမ်းချမ်းသောပုဂ္ဂိုလ် ရှာတွေ့ခြင်းအကြောင်းကို ဆွေးနွေးခြင်းများ အချို့ ရှိခဲ့ပါသည်။ ရှင်လုကာခရစ်ဝင်ကျမ်း ၁၀၏ အခြေအနေသည် အစေခံများနှင့် ညီးရင်းအစ်ကို မောင်နှမလို ပေါင်းစပ်သည့် မိသားစုများ နှင့် မျိုးရိုး သုံးဆက်တို့ ရှိသည့် အရှေ့တိုင်း ကျေးလက် ရှင်းလင်းစွာ ဖော်ပြသောကြောင့် အိမ်ထောင်စုတစ်စုမှာ အယောက် နှစ်ဆယ် သို့မဟုတ် လေးဆယ် ပါဝင်တတ်ပါသည်။ သူတို့အထဲမှာ နေထိုင်၍ သူတို့ မိသားစု နှင့် မိတ်ဆွေများ၏ လူကြီး/ပတ်စ်တာ ဖြစ်လာဖို့ ငြိမ်းချမ်းသောပုဂ္ဂိုလ်အကြောင်း သွန်သင်ပေးလျက် မိသားစု ပုံစံများအားဖြင့် တိုးပွားလာခြင်းကို မြင်ရဖို့က တတိယကမ္ဘာများမှ ဓလေ့များကျော်ဖြတ်၍ ယခု ဖြစ်ပျက်နေသည့်အကြောင်း ဖြစ်ပါသည်။ ဤပုံစံများသည် အသင်းတော်တည်ဆောက်ခြင်း လှုပ်ရှားမှုများ လျင်မြန်စွာ တိုးပွားဖို့ ဖြည့်ဆီးနေသည်။

တစ်သီးပုဂ္ဂလ နှင့် တစ်ပိုင်းတစ်စဖြစ်ခြင်းက သတ်မှတ်ချက်ဖြစ်၍၊ မိသားစုဝင်ကဲ့သို့ ဆက်ဆံမှု မရှိသည့် မြို့ပြလိုနေရာ သို့မဟုတ် အနောက်တိုင်းမှာ ရှင်လုကာခရစ်ဝင်ကျမ်း ၁၀မှ အဓိကအချက်များကို ကျွန်ုပ်တို့က ဘယ်လို အသုံးချရမည်နည်း?

ရှင်လုကာခရစ်ဝင် ၁၀မှ ယေရှု၏သွန်သင်ချက်က ရိုးရာဓလေ့ အတားအစည်းများ အားလုံးကို ဖြတ်ကျော်၍ ချဲ့ကားပြောဆိုပါသလား? ကျွန်ုပ်တို့ ပြောနေသည့် ဤအကြောင်းက ယေရှုအကြောင်း ဖြစ်နိုင်သည်! အနောက်တိုင်း "မိသားစုများ"မှာ၊ ကျွန်ုပ်တို့ အချိန်အများဆုံးပေးသည့်လူများသည် လုပ်ပိုင်ခွင့်ရှိသောအဖွဲ့ အမျိုးမျိုး ဖြစ်လေ့ရှိသည်။ ပြဿနာက ရိတ်သိမ်းခြင်းနှင့် မဆိုင်ပါ။ သင့်ဆီသို့ ရိတ်သိမ်းလာဖို့ စောင့်ဆိုင်း နေပါသေးသလား? သူတို့ လာမည်ဟု ယေရှုက ဘယ်တော့မှ မပြောခဲ့သည်ကို သတိရပါ! ရိတ်သိမ်းဖို့ သွားမည့်သူများအတွက် ဆုတောင်းပေးဖို့ ကျွန်ုပ်တို့ကို သူက မိန့်မှာခဲ့၏။ သင့်ဆုတောင်းခြင်းမှ အဖြေအားဖြင့် သင်က စေလွှတ်ဖို့ သူလိုလားသည်။ ခေတ်ပေါ်အနောက်တိုင်း ပုံပမာ တစ်ချို့က

အောက်ပါအတိုင်း ဖြစ်သည်။

အင်္ဂလန်မှာရှိသည့် ခေတ်မီသောသသာနာ၏ အဖွဲ့ခေါင်းဆောင်သည် ဒေသခံခရစ် ကက်ကလပ်နှင့် ပူးပေါင်း၍ ကလပ်၏ ကဏ္ဍအားလုံးမှာ ပါဝင်ခွင့်ရခဲ့သည်။ ရလဒ်ကဘာလည်း? ကလပ်အဖွဲ့ဝင်အချို့သည် ယေရှု၏ နောက်လိုက်တပည့်အဖြစ် နှစ်ခြင်းခံယူခဲ့ပြီး ဖြစ်ကြပါသည်။

ဂျာမဏီမှာရှိသည့် သူငယ်ချင်းသည် သူမအရပ်ဒေသအရက်ဆိုင်သို့သွားဖို့ ညွှန်ကြားချက်ကို ရှင်းရှင်းလင်းလင်း ကြားရသည်။“ဘုရားသခင်၊ ကျွန်ုပ်တစ်သက်မှာ ဘယ်သောအခါမှ အရက်ဆိုင်သို့ မသွားဖူးပါ။ ယခု ဘာကြောင့် သွားးရမည်နည်း?” လူနည်းစု နားလည်သည့် ဝိညာဉ်ခေါ် သူကို ရှာသူများ စုရုံး၍ အပတ်စဉ် ဆွေးနွေးပွဲလုပ်ကြသည့် အမျိုးသမီးတစ်ချို့ စားပွဲဝိုင်းမှာ ပါဝင်ဖို့ သူမ သွားခဲ့သည်။ သူတို့၏ ဆွေးနွေးပွဲမှာ သူမကို လက်ခံကြသည်။ သူတို့ပြောသည့်အကြောင်းကို နားထောင်သည် ရက်သတ္တပတ်အနည်းငယ်ကြာပြီး နောက်တွင် မေးခွန်းအနည်းငယ်မှ နူးညံ့သောအဖြေကို သူတို့က တစ်ညနေလုံး အချိန်ယူဖို့ သူမကို ခေါ်ဖိတ်ခဲ့ပြီး ယေရှုနှင့် သူ့ဆက်သွယ်မှုအကြောင်းကို ဝေမျှစေသည်။ သူမသည် ထိုစိတ်ဝင်စားစရာကောင်းသည့် ငြိမ်းချမ်းသောအိမ်မှာ ထိုကဲ့သို့ အလုပ် လုပ်ခဲ့သည်။ ဆက်လက်လုပ်ဆောင်ဖို့သည် သူတို့၏ ယောကျ်ားများ ဖြစ်သည်။ သူတို့၏ ယောကျ်ားများထဲမှ တစ်ယောက်က ကျမ်းစာဖတ်ရှုလေ့လာခဲ့သည်ကို သူတို့က ရှာတွေ့ပြီး၊ “ဒင်းကို နားလည်ဖို့ ကျွန်ုပ်ကို ကူညီနိုင်မည့်သူ တစ်ယောက်ယောက်ရှိမလား?”ဆိုပြီး လိုက်ရှာပါသည်။

တစ်ခြား ဂျာမန် သူငယ်ချင်းတစ်ယောက်သည် ဒေသပန်းခြံ၏ အစွန်အဖျားပိုင်းများမှာ နေစရာအိမ်မဲ့သူ၊ အဝတ်ဆုတ်ဝတ်သူများ၊ နှင့် တခြား လူများ တို့နှင့် အချိန်ဖြုန်းဖို့ အစပြုခဲ့သည်။ ရလဒ်ကော ဘယ်လိုလည်း? ပန်းခြံထဲမှာ ယေရှု၏ လူတစ်စု နှင့် ယေရှု၏ နောက်လိုက် နှစ်ခြင်းခံ တစ်ချို့ ရှိပါသည်။ လမ်းပေါ်မှာ ၁၅နှစ်ကြာ နေထိုင်အသက်ရှင်ပြီး ကလေးဘဝကို ကြောက်မက်ဖွယ် စောကားမှု ဇာတ်လမ်း ရှိသည့် လူတစ်ယောက် ရှိသည်။

ပတ်စ်တာ တစ်ပါး ဖြစ်လိုပါသလား? သင့်သား အားကစားအသင်း၏ (ကောင်းမွန်သောနည်းပြ) ဆရာ ဘာကြောင့် ဖြစ်မလာနိုင်ဘူးလား? ရင်းနှီးသည့်သူငယ်ချင်းက ဒင်းအတိုင်း လုပ်ဆောင်ပြီး၊ ရှေ့သို့ ဆွဲထုတ်ဖို့ စမ်းကြည့်သည့် ဖအေကို သွားတွေ့သည်။ သေချာသောအချက်သည် ဖအေက သူ့သား လေ့ကျင့်မှု နှင့် ဆော့ကစားမှုများတို့ကို မျှော်လင့်ချက် အဆုံးသတ်ခဲ့သည်။ ကျွန်ုပ်သူငယ်ချင်းက ဆက်လက် ခေါ်ပြောနေသော်လည်း ဖအေက ခရစ်မတ် မတိုင်မှီအထိ လုံးဝ မခေါ်မပြောဘူး။ သူသည် ပြန်လည်စတင်ပြီး လုံးဝ မျှော်လင့်ချက်ပျက်သုန်းခြင်းမှာဒင်း၊ ကိုယ့်ကိုယ်ကို သတ်သေမည့် လမ်းကြောင်းမှာဒင်း ရောက်ရှိနေသည့်အကြောင်း ပြောလာပါတော့သည်။ ဒင်းက စကားအများကြီးပြောဖို့ အစဖြစ်ပြီး ယခု ဤလိုဖအေနှင့် သူ့ဇနီးတို့သည် ယေရှု နောက်လိုက်တပည့်များ ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့သည် Dushanbe, Tajikistan တို့မှာ သာနာပြု အခြေချနေသည့် ပီတာကို တွေ့ခဲ့သည်။ သူသည် တွဲလဲခိုစွန်စီးသည့် သင်ခန်းစားများနှင့်ဆိုင်သည့် တန်ဆာပလာကို အလကား ထောက်ပံ့ဖို့ ကြော်ငြာနေသည်။ လူငယ်အဖွဲ့က စွန့်စားမှုကို နှစ်သက်၍၊ ဒင်းအရာများကို နေရာတကာမှာ အများအပြား လုပ်လိုသော်လည်း သူတို့က ပိုနည်းသောအခွင့်အရေး နှင့် ပစ္စည်းအနည်းသာ ရှိသည်။ ပီတာသည် သူ့ဘာသာသူ တွဲလဲစွန်စီးခြင်းဖြင့် လူငယ်များကြားထဲမှာ ငြိမ်းချမ်းသည့်အိမ်ကို ဖန်တီးနေပေသည်။

နယူးယောက်မြို့မှာ “ဆက်သွယ်ရေးအဖွဲ့များ”ဟု သူတို့ပြောသည့် အကြောင်းမှ ဆင်းသက်လာသည့် စပိန်စကားပြောခြင်းဓလေ့ လှုပ်ရှားမှု တစ်ခု ရှိသည်။ ယေရှုအကြောင်းကို စိတ်အားထက်သန်နေသည့် အရောက်စီတိုင်းသည် စားစရာရှိသည့်နေရာ၊ ရုပ်ရှင်ပြသည့်နေရာ၊ စကားလက်ဆုံပြောသည့်နေရာ၊ နှင့် ဖျားနာသူများအတွက် ဆုတောင်းပေးသည့်နေရာ စသည်တို့မှာ မိတ်ဆွေများ၊ မိသားစု နှင့် စီးပွားရေး လုပ်ဖော်ကိုင်ဖက်များကို ခေါ်ဖိတ်ကြပါသည်။ လူစုသည် ယေရှုထံသို့ လာကြသောကြောင့် ဆက်သွယ်ရေးအဖွဲ့များသည် အိမ်အသင်းတော်များ ဖြစ်လာနိုင်ပြီး၊ အဖွဲ့သစ်လည်း ဖွဲ့နိုင်ခဲ့ကြသည်။

မြို့ပြဝန်းကျင်မှာ ရိုးရှင်းသောအသင်းတော်တည်ထောင်ခြင်းအတွက် အကောင်းဆုံး အစပျိုးခြင်းများမှ တစ်ခုသည် Neil Cole၏ *Organic Church: Growing Church Where Life Happens*, Wiley Press, 2005 ဆိုသည့်စာအုပ်မှာ တွေ့ရပါသည်။

အနောက်တိုင်း မြို့ပြဝန်းကျင်မှာ ငြိမ်းချမ်းသည့်အိမ်သည် လူမှုရေးအဖွဲ့ သို့မဟုတ် လူမှုရေးကို စိတ်ပါသည့်အဖွဲ့ ဖွဲ့လေ့ရှိသည်။ ဤအဖွဲ့များသည် ချမ်းသာသောစီးပွားရေးသမားမှ အခြားနိုင်ငံသို့အခြေစိုက် ဝင်လာသူအဖြစ်သို့ ခြားနားစွာ ပြောင်းလဲလာနိုင်သည်။ သန့်ရှင်းသောဝိညာဉ်တော်သည် စကြာဝဠာထဲမှာ ဖန်တီးတတ်ဆုံးပုဂ္ဂိုလ် ဖြစ်သည်- ဘာကြောင့် အသင်းတော်အများအပြားသည် ဖန်တီးနိုင်မှုမရှိသလို ရှိသနည်း? သူ့ကို မေးမိသည်။ သူနှင့် စိတ်ကူးအိပ်မက်မက်မိသည်။ ချစ်ခြင်း နှင့် ယုံကြည်ခြင်းကို စူးစမ်းလေ့လာဖို့ သူနှင့် ထထွက်ခဲ့သည်။

သင်၏ ငြိမ်းချမ်းသောပုဂ္ဂိုလ်ကို ရှာပါ။
သင် ရိတ်သိမ်းသည့်နေရာသည် သင့်ဘဝ ဖြစ်သည်။
သင့်ဘဝရှိသည့်နေရာသည် သင့် ရိတ်သိမ်းသည့်နေရာ ဖြစ်သည်!

# အခန်း ၆

# စားသုံးခြင်း၊ သောက်သုံးခြင်း တို့နှင့်ဆိုင်သည့်လုပ်ပိုင်ခွင့်

*"ထိုအိမ်၌ မင်္ဂလာသားရှိလျှင်၊ သင်တို့မြွက်သောမင်္ဂလာသည် တည်လိမ့်မည်။ သို့မဟုတ် သင်တို့ထံသို့ပြန်လာလိမ့်မည်။ ထိုအိမ်၌နေ၍ အစားအသောက် စီရင်ရာကို စားသောက်ကြလော့။ အကြောင်းမူကား၊ လုပ်ဆောင်သောသူသည် အခကိုခံထိုက်ပေ၏။ တအိမ်မှ တအိမ်သို့ လှည့်လည်၍ မသွားကြနှင့်။" ရှင်လုကာခရစ်ဝင် ၁၀း၆-၇*

## က/ ဂုဏ်သိက္ခာ နှင့် အဆတိုးခြင်းတို့၏ ဆက်နွယ်မှု

သင့်ငြိမ်းချမ်းသည့်အိမ်ကို တစ်ခါ ရှာတွေ့သည့်နေရာမှာ နေထိုင်ပါ။ သို့မဟုတ် ပီတာစန်က အမှာစကားမှာ သည်လို ပြောပါသည်၊ "မြို့ထဲမှာ အကောင်းဆုံးချက်ပြုတ်နိုင်သည့်အိမ်ကို ရှာဖို့ တစ်အိမ်ပြီးတစ်အိမ် လျှောက်မသွားပါနှင့်။" တစ်ခါ ငြိမ်းချမ်းသည့်အိမ်ကို သင်ရှာတွေ့ပါက ၎င်းအိမ်ကို လေးစားပါ။ ဂုဏ်သိက္ခာ၊ သစ္စာရှိခြင်း၊ ရင်းနှီးမှု စသည်တို့နှင့် ဆက်နွယ်မှုကို ထုတ်ပြပါ။ ထိုနေရာမှာ ထာဝရဘုရားက သင့်ကို ပို့ဆောင်ခဲ့လျှင် ထိုနေရာမှာ နေထိုင်၍ နားလည်မှုလွဲခြင်း နှင့် အခက်အခဲပြဿနာ တစ်ခုခုကို ထင်ရှားပေါ်လွင်စေပါ။

ဆက်လက်တည်ရှိဖို့ အမိန့်သည် တပည့်တော်များ ဖြစ်စေဖို့၊ ယေရှု မိန့်မှာခဲ့သည့် အရာများကို နာခံရန်အတွက် အားလုံးကို သင်ကြားပေးဖို့ ယေရှု၏ မိန့်မှာချက်နှင့် ချိတ်ဆက်ပါသည်။ ကျွန်ုပ်တို့သည် ဆုံးဖြတ်မဲများကို ရေမနေတော့ပါ။ သင့်ငြိမ်းချမ်းသောအိမ်နှင့် ဆက်သွယ်မှုသည် တစ်ခါဖြစ်ရပ်မျိုးမဟုတ်ပါ။ ရေရှည်အတွက် ဖြစ်သည်! ရှိရင်းစွဲအတိုင်း ဆက်သွယ်မှု ပြုလုပ်နေ၍ တပည့်တော် ဖြစ်စေသည့်အလုပ် မပြီးမြောက်မချင်း သူတို့ကို မထားခဲ့ပဲနှင့် သူငယ်ချင်းလို ဆက်နေပေးပါ။ သူတို့အိမ်၏ မိတ်ဆွေများ နှင့် သူတို့မိသားစု၏ ပတ်စတာတစ်ပါး ရှိထားဖို့ သင်က သင်ကြားပါ။ မိတ်ဆွေအသစ် သင့်အိမ်သို့ လာခြင်းက အဆင်ပြေနိုင်သော်လည်း သူတို့၏ မိသားစု နှင့် မိတ်ဆွေများအတွက် အဆင်ပြေမည် မဟုတ်ပါ။ သင်ကိုယ်တိုင်လည်း စုရုံးလိုမည် မဟုတ်ပါ။ သင်က နေရာအသစ်မှာ သွားချင်ပြီး၊ သင့်ငြိမ်သက်သောလူသည် ထပ်တူ လုပ်ဆောင်ဖို့ သင်ကြားမည် ဖြစ်သည်။ သင်က အဆတိုးစေလိုသည်။ သင်ကိုယ်တိုင်က နောက်တိုးခြင်းဖြင့် တိုးတက်မှုကိုပဲ မြင်လိုသော်လည်း သင့်တပည့်တော်များက ထပ်တူ လုပ်ဆောင်သည့်အခါမှ အဆတိုးခြင်းကို အသင် မြင်တွေ့လာမည် ဖြစ်သည်။

လေးဆက်မြောက်မျိုးရိုးအားဖြင့် ၎င်းက ထိန်းချုပ်မှုအပြင်မှာ ရှိသော်လည်း သော့ချက်သည် ဆက်ဆံမှုအရည်အချင်းများကို တိုးပွားစေပါသည်။

ယေရှုမှာ တပည့်တော် ဆယ့်နှစ်ဖော်ရှိ၍ သူတို့နှင့် သုံးနှစ်သုံးမိုး ကပ်နေသည်။ အထူးသဖြင့် သူသည် လူအုပ်က သူ့ကို ဘုရင် လုပ်စေလိုသည့်အခါ၊ သူတို့ တစ်နေရာကို သွားဖို့ ဆက်ထိန်းခဲ့သည်။ ဆယ့်နှစ်ဖော်အပေါ် မှာ သူ့အသက်ကို သူက သွန်းလောင်းပါသည်။ သူသည် သူ့တပည့်တို့နှင့် မျှဝေခဲ့သည့် ဆက်ဆံမှု အဆင့်ကို မလျှော့စေလိုသည့် အချိန်မစ၍ ဆယ့်နှစ်ဖော်အထက် ထပ်၍မဖြည့်တော့ပါ။

လူတစ်ယောက်၏ အိမ်တွင် လူစုက အသင်းတော်လို အစပြုစဉ် သူတို့အားဖြင့် ပျော်စရာကောင်းသောမိတ်သဟာရလို ပျော်ရွှင်ခဲ့ပြီး ရင်းနှီးမှုကိုအားပေးသော သက်သေခံချက် အများအပြားကို ကျွန်ုပ်က ကြားနာခဲ့ရသည်။ များမကြာမီ သူတို့ တိုးပွားလာ၍ အဆောက်အဦးတစ်ခု လိုသည်ဟု ခံယူလာပြီးနောက်တွင် အစတုံးက သံယောဇဉ်များ ပျောက်ကွယ်သည့်အဆင့်သို့ ကြီးထွားလာသည်။ သူတို့သည် အရေအတွက်မှာ အောင်မြင်လာခဲ့သောကြောင့် မိတ်ဖွဲ့မည့်အစား အစီအစဉ်များ များလာပြီး သူတို့၏ အစချစ်သံယောဇဉ်ကို ဆုံးရှုံးခဲ့သည်။ ဤအကြောင်းက နောက်တိုးခြင်းအားဖြင့် ကြီးထွားမှု၏ ရလဒ် ဖြစ်ပါသည်။

ယေရှုက တပည့်တော်ဆယ့်နှစ်ဖော်အထဲသို့ တခြားသူများကို ပါဝင်ခွင့်ပြုခြင်းဖြင့် သံယောဇဉ်အဆင့်ကို လျှော့မသွားပါ။ တခြားသူများ ပါဝင်ချင်သည်ကို သင်က ၎င်းအတိုင်း လွယ်ကူမည်ဟု ထင်မှတ်နိုင်သော်လည်း ယေရှုက သူတို့ကို လွယ်လွယ်နှင့် ခွင့်မပြုခဲ့ပါ။ ဆယ့်နှစ်ဖော်အသီးသီးက သူတို့ကိုယ်စီ တပည့်တော်အဖွဲ့များ ရှိကြပါက ထိုအဖွဲ့များသည် တူညီသောသံယောဇဉ်အဆင့်မှာ ပျော်ရွှင်ကြလိမ့်မည်။ ကြီးထွားမှုသည် တပည့်တော် မျိုးဆက်သစ်များ လွှတ်လိုက်ခြင်းကြောင့် နှင့် အဆတိုးခြင်းကြောင့် ဖြစ်ပွားနေသည်။ ဤအချက်က အတော်အသင့် ရောင်းဝယ်သည့်အစီအစဉ် တစ်ချို့လို မဟုတ်ပါသော်လည်း အခြေအနေကောင်းသောဆက်နွယ်မှုအသက်တာ၏ သဘာဝအမှုအရာ ဖြစ်သည်။

ဤအလုပ်သည် ရေရှည်ဖြစ်ပြီး၊ ငြိမ်အောင်ထိန်းနိုင်၍ ဆက်စပ်မှု ရှိသည်။ ဖြစ်ရပ်၊ ထင်ပေါ်ခြင်း၊ နှင့် ဖျော်ဖြေရေး စသည်တို့ မဟုတ်ပါ။ ဖြစ်ရပ်များ နှင့် အစီအစဉ်များသည် တပည့်တော်များ မဖြစ်ထွန်းစေပါ။ တပည့်တော်များကပဲ တပည့်တော်များကို ဖြစ်ထွန်းစေပါသည်။

## ခ/စားသုံးခြင်း၊ သောက်သုံးခြင်း နှင့် လက်ခံခြင်း သို့မဟုတ် ပိုင်ဆိုင်ခြင်း၊ ကိုယ်ကျင့် နှင့် ယုံကြည်မှု

ရိုးရာဓလေ့တိုင်းကို နည်းလမ်းတစ်ခုတည်းမှာ ထပ်တူ ဖြစ်ဖို့ ကျွန်ုပ်တို့က ရှာတွေ့ခဲ့သည်။ မိတ်သစ်များနှင့် သင် အစာစားသည့်အခါ၊ သင်က အစာ သုံးဆောင်၍ ရောင့်ရဲသလားဆိုသည်ကို သူများက အမြဲလိုလို သိလိုမှု ပြင်းပျကြသည်။ ဘာ့ကြောင့်လည်း? သင်က အစာ သုံးဆောင်၍ ရောင့်ရဲလျှင်၊ သူတို့ ဓလေ့၊ သူတို့ကြိုက်သည့်အရာများ နှင့် မကြိုက်သည့်အရာများ၊ သင့်ကိုပေးဖို့ သူတို့ လက်ဆောင်များ နှင့်၊ နောက်ဆုံးတွင် သူတို့ကို ကြည်နူးမှု နှင့် လက်ခံခြင်းများကို သင်က ဖော်ပြရမည် ဖြစ်သည်။

“သူတို့ပေးသည့် ထိုအရာများကို” စားသုံး၍ သောက်သုံးဖို့ ဤအမိန့်သည် “ညစ်ညူးသော”အရာများ စားသုံးခြင်းကို တားမြစ်သည့် ရှေးရိုးစွဲ ယုဒ ဓလေ့မှာ အလွန်တုန်လှုပ်စေသည့်အမိန့် တစ်ခု ဖြစ်သည်။ သင့်ရှေ့မှာ ချပေးထားသည့် စားစရာတိုင်း ကို သုံးဆောင်ပါသလား? ပီတာသည် အလွန်ခိုင်မာသောစိတ်ကူးအိပ်မက် သုံးကြိမ်ဆက်တိုက် လိုအပ်သည့်အကြောင်းက ဓလေ့နှင့်ဆိုင်သောခွဲခြားမှုကို နားလည်း၍ ကျော်လွှားနိုင်ဖို့ ဖြစ်သည်။ ၎င်းစိတ်ကူးအိပ်မက်ကြောင့် သူသည် တမန်တော်ဝတ္ထု ၁၀မှ ကော်နေလိ၏ အိမ်၌ ညစ်ညူးသောတပါးမျိုးသားများနှင့် ညစ်ညူးသည့်အစာကို စားဖို့ အဆင်သင့်ဖြစ်ခဲ့သည်။ ထို့နောက် တမန်တော်ဝတ္ထု ၁၁တွင် တခြားတမန်တော်များက ဆုံးဖြတ်ချက်မချမီ ၎င်းကို ခုခံခဲ့သည်။

ရှင်လုကာခရစ်ဝင် ၁၀း၇-၉တွင် အစဉ် သတိပေးသည်. . . ကျွန်ုပ်တို့သည် စားသုံး၍ အစေခံပြီးနောက် နိုင်ငံတော်ကို ကြေငြာဖို့ ဖြစ်သည်။ အတူတကွစားသောက်ခြင်းက လက်ခံမှုကို ပြသော်လည်း ၎င်းနေ့ရက်က ဓလေ့မှာ ပိုပြီး ပြင်းထန်သည်။ တခြားနှင့်မုန့်ကို ချိုးဖွဲ့ဖို့ ဆိုလိုသည်မှာ သင်သည် သူတို့မိတ်ဆွေဖြစ်ဖို့ ဆက်ကပ်ခြင်းကို ဆိုလိုသည်။ ယေရှုက စားသုံးခြင်းနှင့်ဆိုင်သောမိန်မှာချက်ကို နှစ်ခါဆက်တိုက် ဖော်ပြသည်။ ထို့နောက် ကျွန်ုပ်တို့သည် အစေခံ၍၊ “ထာဝရဘုရား၏ နိုင်ငံတော်သည် သင့်ထံသို့ တည်လုနီးလာ၏”ဟု ကြေငြာဖို့ ဖြစ်သည်။

အခြားနည်းလမ်းနှင့် လေ့လာကြပါစို့။ ပထမက ပိုင်ဆိုင်ခြင်း၊ မိတ်ဖွဲ့ခြင်း နှင့် ရပ်ကွက်အုပ်စု၊ ပြီးနောက် ဒုတိယက အပြုအမူ၊ အစေခံခြင်း၊ ဆင်းရဲနွမ်းပါးသူများကို ဆုံတွေ့ခြင်း နှင့် နောက်ဆုံးပိတ်က ယုံကြည်မှု၊ အမှန်တရား နှင့် နိုင်ငံတော်၏ ဆက်သွယ်ရေး- ပိုင်ဆိုင်ခြင်း၊ အပြုအမူ နှင့် ယုံကြည်မှု တို့ဖြစ်သည်။ ဧဝံဂေလိနှင့်ဆိုင်သောအစဉ်အလာအုပ်စု အများဆုံးသည် ထိုသုံးချက်ကို ပြောင်းပြန်လှန်ခဲ့သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အမှန်တရားအမြင်နှင့် အရင်ဆုံး သဘောတူသည့် လူများကို တောင်းဆိုလေ့ရှိခဲ့ပြီး၊ ကျွန်ုပ်တို့ လုပ်ဆောင်သည့် တူညီသောနည်းလမ်းကို ယုံကြည်လေ့ရှိသည်။ ထို့နောက် ကျွန်ုပ်တို့ ယုံကြည်သည့်အတိုင်း ပြုမူကြသည်။ သူများက ကျွန်ုပ်တို့လို လုပ်ဆောင်လျှင်၊ ကျွန်ုပ်တို့သည် သူတို့ကို လက်ခံမည် ဖြစ်သည်- သူတို့က ပိုင်ဆိုင်နိုင်သည်။ ကျွန်ုပ်တို့လုပ်ဆောင်သည့်အတိုင်း ယုံကြည်ခြင်း နှင့် ကျွန်ုပ်တို့၏ အပြုအမူကို တုခိုးခြင်း တို့အတွက် အခြားသူများကို ပေးသည့် ဆုလာဘ်သည် ကျွန်ုပ်တို့၏ လက်ခံခြင်း ဖြစ်သည်။

ယေရှုက ထိုကဲ့သို့ မလုပ်ဆောင်ခဲ့ပါ။ သူသည် ဇက္ခဲ၏အိမ်သို့(လုကာ၊ ၁၉) သွား

ရောက်သည်။ ဤတွေ့ဆုံခြင်းသည် ယဉ်ကျေးမှုဆိုင်ရာ လက်ခံခြင်း နှင့် မိတ်ဖွဲ့ခြင်းဖြစ်သောကြောင့် ဇက်ခဲက သူ့အပြုအမူ ပြောင်းလဲဖို့ အကျိုးကျေးဇူး နှင့် ယုံကြည်ခြင်း အနှစ်သာရတို့ကို လက်ခံရရှိခဲ့သည်။

ကောင်းသောတမန်တော်တစ်ယောက်ဖြစ်ဖို့ ပထမဆုံး လိုအပ်ချက်သည် တိတ်မကြာသည့်ဓမ္မစာပေသင်ယူမှု ဖြစ်သော်လည်း လူပေါင်းစုံနှင့် ပျော်နိုင်သည့်သူ၊ ထိုသူတို့နှင့် စားသောက်နိုင်သည့်သူ တစ်ယောက်ယောက် ဖြစ်ဖို့ လိုပါသည်! သင့်သင်ယူမှုအစီအစဉ်က အဘယ်နည်း?

## ၇/ထိုက်တန်သောလုပ်ခများ ရယူခြင်း နှင့် အခြား ဝတ္တရားဆိုင်ရာ ကိစ္စများ

သီးခြားဓလေ့တစ်ခု၊ စီးပွားရေးအဖွဲ့ နှင့် ဘာသာစကားတို့အထဲမှာ ပိုက်ဆံအကြောင်း ဆွေးနွေးခြင်းသည် အခက်အခဲအတော်အသင့်ရှိသော်လည်း သင်သည် ဓလေ့၊ စီးပွားရေး နှင့် ဘာသာစကားတို့၏ ကွဲပြားမှုများကို ပေါင်းထည့်သည့်အခါမှာ တကယ့်ပြဿနာ ရှိလာပါသည်။ လက်ဝါးကပ်တိုင်ထုံးတမ်းနှင့်ဆိုင်သောဆက်သွယ်မှုများကို တည်ဆောက်ဖို့ ကျွန်ုပ်တို့က ရှာသည့်အခါ၊ သီးခြားကိစ္စမဟုတ်သည့်အရာက ငွေရေးကြေးရေးကိုင်တွယ်ခြင်း ပြဿနာအများအပြားကို ဖန်တီးခဲ့ပေသည်။

ဤပြဿနာများကို ဘယ်လိုရှောင်ရမည့်အကြောင်း ထိုးထွင်းသိမြင်သည့်ဉာဏ်ကို ယေရှုက ကျွန်ုပ်တို့အား ပေးပါသည်။ စေလွှတ်သောတစ်ယောက်ကြောင့် သင်သည် ငြိမ်းချမ်းသောအိမ်၏ ဧည့်ဝတ်ကျေပွန်မှုအပေါ်မှာ မှီတည်သည်ဟု သူက ပြောသွားသည်။ ကာယလုပ်သားအသင်သည် သင့်လုပ်ခများနှင့် ထိုက်တန်ပေသည်။ ဤအချက်က တာဝန်ဝတ္တရားအားလုံးအကြောင်း ဖြစ်သည်။ တစ်ယောက်သည် အစမှ တာဝန်နှင့်ဆိုင်သည့် လုပ်ပိုင်ခွင့်ကို လက်မခံလျှင် အမှန်တကယ် သူတို့က ဘယ်တော့မှ တာဝန်ယူစေမည် မဟုတ်ပါ။

အရင်းအနှီးပိုရှိသောသူတစ်ယောက်သည် အနည်းငယ်ရှိသောသူထံသို့ လာသည့်အခါ အမြဲ ဖြစ်ပျက်လေ့ရှိသည့်အတိုင်း အရင်းအနှီးပို၍နည်းသောသူတို့သည် ပိုရှိသောသူများအပေါ်မှာ အားကိုးလာခဲ့ကြသည်။ အားကိုးခြင်းက ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ရေးလေးစားမှု၊ နှင့် ကိုယ့်ကိုယ်ကိုအလေးထားမှု စသည်တို့ကို ဖျက်ဆီးသည်။ အားကိုးသည့် ဆက်သွယ်မှုမျိုးကို ကျွန်ုပ်တို့က မဖန်တီးဖို့ ဖြစ်သည်။ ရှင်ယောဟန်၊ ၁၅မှာ ယေရှုက သူ့တပည့်တော် ဆယ့်နှစ်ပါးကို ကြည့်၍ မိတ်ဆွေများဟု ခေါ်ပါသည်။ ကျွန်ုပ်တို့သည် ကျွန်များကဲ့သို့ အလုပ်လုပ်လိုမည် သို့မဟုတ် ကျွန် ဖြစ်လိုမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် စီမံကိန်းများ ချလိုမည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် မိတ်ဆွေများ ဖြစ်လို၍၊ မိတ်ဆွေများကဲ့သို့ ဆက်ဆံလိုပါသည်။

သို့ရာတွင်၊ မိတ်ဆွေများသည် ဝန်ထုပ် ဖြစ်လိုမည်မဟုတ်ပါ သို့မဟုတ် အခြားသူများ၏ကလေးများမှ အစာကို ယူလိုမည် မဟုတ်ပါ။ မည်သို့ပင်ဆိုစေ မိတ်ဆွေများသည် တစ်ယောက်စီအတွက် အသက်စွန့်လှူဒါန်းကြသည်။ ထိုကဲ့သို့ အသက်စွန့်လှူဒါန်းခြင်းသည် ဓလေ့တိုင်းမှာ လေးစားမှု တစ်ခု ဖြစ်သည်။ ငြိမ်းချမ်းသောအိမ်ကို စမ်းသပ်သည့်နည်းတစ်ခုသည် ဧည့်ဝတ်ကျေပွန်မှုနှင့်စမ်းခြင်း ဖြစ်သည်- သူတို့သည် ငြိမ်းသက်သောပုဂ္ဂိုလ် ဖြစ်မည်လား? စေလွှတ်သူတစ်ယောက်ကို၊ သူတို့ မိသားစုနှင့် မိတ်ဆွေများတို့ကို ဂရုစိုက်ဖို့ တာဝန်ယူပါ့မည်လား? သူတို့က လူများကို ပေးလှူပါသလား?

နေ့စဉ်ထောက်ပံ့ခြင်းသည် စေလွှတ်သူတစ်ယောက်အတွက် ငြိမ်းချမ်းသည့်အိမ်၌ တာဝန်တစ်ခုတည်း ဖြစ်ကြောင်းကို ယေရှုက အလွန်သေချာစေသည်။ ဤအကြောင်းက အသင်းသားလူထုကို အမြဲ ဖိနှိပ်၍ သူတို့ဆီမှ ပိုင်ဆိုင်မှုများကို ယူသွားသည့် ဘာသာရေးနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ ဘာသာရေးသည် သူ့ဗိမာန်တော်များကို တည်ဆောက်၍ သူတို့၏ သင်းအုပ်ဆရာများအတွက် ရုံးခန်းများ၊ ကားများ၊ အိမ်များ နှင့် မြေကွက်များကို ပေးသည်။ အသင်းသားများက ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ငွေရေးကြေးရေးအတွက် ဖိနှိပ်ခဲ့၍၊ သူတို့က ခံစားရရှိသည့် ကောင်းကြီးများမှ မပေးလှူလျှင် ကျိန်ဆဲခြင်းခံရမည်ဟု ပြောခဲ့ကြသည်။ အသက်ကြီးသောရောမအသင်းတော်သည် ကျွန်ုပ်တို့ ယခုခေတ်သစ်မှာ ကောင်းချီးများကို ရောင်းသကဲ့သို့ နောက်ဘဝ ကောင်းချီးအတွက် ကောင်းကင်ဝင်နိုင်မည့် လက်မှတ်များကို ရောင်းချခဲ့သည်။ ဘာသာရေးသည် အမြဲရောင်းချဖို့ ကောင်းချီး ရှိသည်! ဘာသာရေးသည် ရရှိနိုင်သောကောင်းချီးများကို မဝယ်သောသူတို့အတွက် ကျိန်ဆဲခြင်း နှင့် အပြစ် အမြဲ ရှိပါသည်။ ဘာသာရေးက လူများကို ဆင်းရဲခြင်းမှာ ကာကွယ်သည်။ ဤစံနှုန်းကြောင့်အများအားဖြင့် ယေရှုခရစ်တော်၏အသင်းတော်ခေါ်ခဲ့သည့် အသင်းတော်သည် တစ်ခြားဘာသာများနှင့် မခြားနားလှသည့် ပိုက်ဆံစွဲလမ်းမှုအထဲမှာ ပြန်လှည့်ခဲ့ကြသည်။

ယေရှုက သူ့တပည့်တော်များအား သူတို့ အခမဲ့ရသောကြောင့် အခမဲ့ပေးရမည်ဟု ပြောထားသည်။ ထာဝရဘုရား၏နိုင်ငံတော်သည် အခမဲ့ပေးထား၍၊ အခမဲ့လရရှိခဲ့သည်။ ကျွန်ုပ်တို့က သူတို့နှင့်အနိုင်ရခြင်းသည် သူတို့ဆီသို့ ကျွန်ုပ်တို့ အနိုင်ရခြင်း ဖြစ်သည်။ နိုင်ငံတော်နှင့် သူတို့ကို အောင်နိုင်မည်လား? သူတို့က နိုင်ငံတော်တွင် နေရလိမ့်မည်။ သူတို့ကို ဆန်နှင့် သိမ်းနိုင်မည်လား? သူတို့သည် ဆန်ကို ပိုပိုပြီး လိုလာမည် ဖြစ်သည်။ လူများ လိုအပ်သည့်အရင်းအနှီးက ငွေကြေးဖြစ်သောကြောင့် ငွေနှင့် ကြိုကိုင်နိုင်မည်ဟု အသင် ယူဆလျှင်၊ သင်သည် နိုင်ငံတော်၏ သာသနာတော်အတွက် အရည်အချင်း မပြည့်မီပါ။

သို့သော် ငွေသည် အရေးပါသောကိစ္စ ဖြစ်သည်! ဟုတ်ပါသည်၊ ကျွန်ုပ်တို့သည် အရင်းအနှီးချို့တဲ့မှုမှာ ကန့်သတ်သလို အမြဲ ခံစားပါသည်။ သို့ရာတွင်၊ လှုပ်ရှားမှု ကြီးထွားခြင်းသည် ငွေအပေါ်မှာ အားထားလို့မရပါ။ လှုပ်ရှားမှုအားက ယုံကြည်ခြင်း၊ စိတ်ပြင်းပြမှု၊ ရူပါရုံ၊ စွန့်လွှတ်ခြင်း နှင့် ငွေအနည်းငယ် စသည်တို့နှင့်အတူ အစပြုရသည်။ လှုံ့ဆော်ပေးသည့်အရာက ငွေမဟုတ်ပါ။ စိတ်ပြင်းပြမှု၊ ယုံကြည်ခြင်း နှင့် ရူပါရုံတို့က လှုံ့ဆော်ပေသည်။

၎င်းလှုံ့ဆော်မှုသည် သင့်စိတ်ထဲမှာ လောင်ကျွမ်းသည့် ထာဝရဘုရား၏စိတ် ဖြစ်သည်!

လုပ်ရှားမှုများ ရှုံးနိမ့်လျှင် ငွေရေးကြေးရေးချို့တဲ့မှုကြောင့် မဟုတ်ပါ။ ရင့်ကျက်သောလုပ်ရှားမှုအများအပြားသည် နယ်မြေများ၊ ဉစ္စာဓနပေါ်ခြင်း နှင့် အဆောက်အအုံများ ပိုင်ဆိုင်ထားသော်လည်း ရူပါရုံ၊ ယုံကြည်ခြင်း၊ ဂုဏ်သိက္ခာ နှင့် စွန့်လွှတ်ခြင်းတို့ ချို့တဲ့သောကြောင့် သူတို့က ရှုံးနိမ့်ကြသည်။ သူတို့သည် ပကတိလုပ်ရှားမှုများကို ရပ်လိုက်ရပြီး၊ ကုန်ခဲ့သည့်ဂုဏ်သည် မော်ကွန်းတိုင်များ ဖြစ်လာခဲ့သည်။ ထာဝရဘုရားသည် သင့်စိတ်ထဲရှိသည့်အတိုင်း သင့်လက်ထဲမှာ ရှိသည့်အရာမြောက်များစွာကို ကြည့်မနေပါ။ အရင်းအနှီးများသည် ရူပါရုံ နှင့် ယုံကြည်ခြင်း တို့မှ စီးဆင်းလာသည်။

လူတစ်ဦးသည် သူတို့ ကားမရှိသောကြောင့် သွားမည့်နေရာကို မသွားနိုင်ဟု ပြောသည်။ အခြားတစ်ယောက်သည် အများပြည်သူပို့ဆောင်ရေး ယာဉ်ကို လိုက်စီး၍ ခရီးသည်များနှင့် စကားပြော အချိန်ဖြုန်းပြီး၊ ကားပေါ်မှာ ငြိမ်းချမ်းသောလူများကို ရှာနေသည်။ အခြားတစ်ယောက်သည် အများပြည်သူပို့ဆောင်ရေးယာဉ် သို့မဟုတ် ကား လိုက်စီးဖို့ ငွေမရှိသောကြောင့် ခြေကျင်လမ်းလျှောက်ပြီး၊ သွားရင်းနှင့် ယေရှုကို လိုအပ်သည့် အခြားခြေကျင်လမ်းလျှောက်သူကို တွေ့ဖို့ ဆုတောင်းသည်။ ကျွန်ုပ်တို့၏ ကန့်သတ်ချက်များသည် ထာဝရဘုရား၏ ဖျန်ဖြေခြင်းများအတွက် အခွင့်အရေးကို ဖန်တီးပေးသည်။

သင် မနာခံမီ များစွာသောပိုက်ဆံကို စောင့်စားနေလျှင်၊ သင်သည် ဘယ်တော့မှ နာခံမည် မဟုတ်ပါ။ သင်သည် လျှံပယ်သောအရင်းအနှီးများ ရှိခဲ့လျှင် အသင် လုပ်ဆောင်မည်ဟု ပြောသည့်အကြောင်းအားဖြင့် ထာဝရဘုရားက သဘောကျမပါ။ ယခု သင့်မှာ ရှိသည့်အရာနှင့် သင်လုပ်ဆောင်မည့်အကြောင်းကို မြင်တွေ့ဖို့ သူက စောင့်ဆိုင်းနေသည်။

*“ဘုရားသခင်၏နိုင်ငံတော်သည် အစားအသောက်၌ မတည်။ ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ခံရသောဝမ်းမြောက်ခြင်း၌ တည်၏။ ထိုသို့ ကျင့်၍ ခရစ်တော်၏အမှုကို ဆောင်ရွက်သောသူသည် ဘုရားသခင်ရှေ့၌ နှစ်သက်ဘွယ်၊ လူတို့တွင် ချီးမွမ်းဘွယ် ဖြစ်၏။” ရောမသြဝါဒစာ ၁၄း၁၇-၁၈*

ယေရှုသည် နောက်လိုက်တပည့်တော်များ ဖြစ်စေဖို့ ပညတ်ထုတ်သည့်အခါ၊ တစ်ချို့ဆောင်ရွက်ဖို့ ရိုးရာ ဓလေ့တိုင်းမှာ တူညီသောအရင်းအနှီး- အချိန် ပမာဏ အတိအကျရှိဖို့အတွက် သူက ကျွန်ုပ်တို့ကို မိန့်မှာထားသည်။ တပည့်တော်ဖြစ်စေဖို့ စိတ်နှလုံးဖြူဆင်ခြင်းသို့ သူတို့ကို ဦးဆောင်၍၊ သူတို့အထဲမှာ အသက်ရှင်သည့်ယေရှုအပေါ်မှာ အားကိုးဖို့ရန် သွန်သင်ဖို့အတွက် အချိန် ရင်နှီးမှု ပါဝင်ရမည် ဖြစ်သည်။ ထိုရင်နှီးခဲ့သည့်အချိန်မှာ အခြားသူများဆီသို့ တိုးပွားစေဖို့လည်း သွန်သင်ရပါမည်။ တစ်ခုတည်း လိုအပ်သောအရင်းအနှီးသည် အချိန်ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်နှလုံးရှိ တန်ဖိုးအမှန်ကို ပြသည့် မြင့်မြတ် သောအရင်းအနှီးအများဆုံး သုံးဖြုန်းဖို့ တူညီသောအချိန်ပမာဏ ကျွန်ုပ်တို့ အားလုံးမှာ ရှိကြပါသည်။

သို့သော်လည်း ကျွန်ုပ်တို့သည် ငွေကြေးမရှိပဲ ဘယ်လို ခရီးသွားနိုင်မည်နည်း? ငွေကြေးမပါပဲ ခရီးသွားခြင်းက ခက်ခဲသော်လည်း တခြားရွာ သို့မဟုတ် နိုင်ငံကို ရောက်ရှိခြင်းသည် ငွေကြေးအပေါ်မှာ အပြည့်အဝ အားထားလို့ မရပါ။ သင်သည် လမ်းကိုကျော်ဖြတ်၍ လူများကိုတပည့်တော် ဖြစ်စေလျှင်၊ သူတို့သည် မိသားစုဝင်များနှင့် နောက်တစ်မြို့မှာ ၎င်းအတိုင်း ဖြစ်စေပြီး၊ သူတို့ အကောင်းဆုံးလုပ်ဆောင်မှုကြောင့် မကြာမီ နောက်တစ်နိုင်ငံမှာ သင်က တပည့်တော်များ ရရှိမည် ဖြစ်သည်! အခြေခံလိုအပ်သောအရင်းအနှီးသည် အချိန် ဖြစ်သည်! သံယောဇဉ်များ တိုးပွားခြင်းသည် အတားအဆီး နှင့် ကန့်သတ်ချက်များ အားလုံး ကျော်ဖြတ်သွားမည် ဖြစ်သည်။

လူအုပ်ကြီး စုရုံးသည့်နေရာတွင် သင် တရားဟောလျှင်၊ ထိုနေရာမှာ အရေးပါဆုံး ပုဂ္ဂိုလ်က ဘယ်သူလည်း? သင်ပဲ ဖြစ်သည်။ သင်သည် တရားဟောသူ ဖြစ်သည်။ အစဉ်အလာတိုင်းမှာ၊ ထိုပုဂ္ဂိုလ်မျိုးက လေးစားမှု၊ အရေးပေးခြင်း နှင့် သူတို့ လူထု အမှုတော်အတွက် ကျော်စောသူ ဖြစ်လာနိုင်သည် စသည်တို့ကို ခံစားရသည်။ လူအုပ်ထဲ ပါဝင်သည့်တစ်ယောက်ကို ဆွဲထုတ်ခြင်းမှာ ယေရှုက အတော်ဆုံးဖြစ်သည်။ လူအုပ်ကို သူက စေလွှတ်ခဲ့သည့်အကြောင်းကို ကျွန်ုပ်တို့က ဖတ်ရသည် (မဿဲ၊ ၁၄း၂၂။ ၁၅း၃၉။ မာကု၊ ၆း၄၅။ ၈း၉)။ ရှင်ယောဟန်ခရစ်ဝင်ထဲမှာ သူသည် “သူနှင့်အတူ လျှောက်မသွားတော့မည့်”(ယော၊ ၆း၆၆) သူ့ တပည့်တော်အများအပြားအား သူ့နောက်လိုက်ခြင်း၏အဖိုးအခအကြောင်းကို တည့်တည့်ပြောကြားခဲ့သည်။ အောင်မြင်ခြင်းက လူအုပ်များထဲမှာ မရှိကြောင်းကို ယေရှုက နားလည်သည်။ တစ်နေ့မှာ သူတို့က သူ့ကို ဘုရင်ဖြစ်စေလိုပြီး၊ နောက်တစ်နေ့မှာ သူ့ကို သတ်လိုကြသည်။ သင့်ကို လူများ ပေးနိုင်သည့်အရာကို သင့်ထံမှ သူတို့က ပြန်ယူသွားနိုင်သည်။

ယှဉ်ကြည့်ပါက၊ သင်သည် လူတစ်ယောက်အိမ်တွင် တရားဟောနေလျှင် အခန်းထဲမှာ အရေးပါဆုံးပုဂ္ဂိုလ်က ဘယ်သူနည်း? သင့်ရှေ့ကတစ်ယောက် ဖြစ်သည်။ သင်သည် ဧည့်သည် ဖြစ်သည်၊ အစေခံ ဖြစ်သည်။ သံယောဇဉ်သွယ်သောတပည့်ဖြစ်ခြင်းက ထာဝရဘုရားသည် သူ့သား သို့မဟုတ် သမီးကို သူတို့အတွက် စေလွှတ်ဖို့ သူတို့ကို အပြည့်အဝ ချစ်ကြောင်းကို နားလည်သည့်ပုဂ္ဂိုလ်အသီးသီးအကြောင်း ဖြစ်သည်။ ထာဝရဘုရားသည် ထိုပုဂ္ဂိုလ်တိုင်းကို အလွန်တကာ ချစ်သောကြောင့် သူသည် သတင်း သို့မဟုတ် စာအုပ် သို့မဟုတ် တီဗွီအစီအစဉ်ကို မစေလွှတ်ပဲနှင့် သားတော် သို့မဟုတ် သမီးကို စေလွှတ်ခဲ့သည်။

ယေရှုသည် သူ့အသက်တာကို ဆယ့်နှစ်ဖော်အပေါ်မှာ အာရုံစူးစိုက်သည်။ ၎င်းအာရုံစိုက်ခြင်း သတင်းသည် သူတို့အယောက်စီတိုင်းက ထာဝရဘုရားအတွက် အရေးပါသည့်အကြောင်း ဖြစ်သည်။ ၎င်းက ကျွန်ုပ်တို့ သွားသည့်နေရာတိုင်းမှာ တစ်ယောက်အတွက်၊ အနည်းငယ်အတွက် ရင်းနှီးမြှုပ်နှံ၍ သူတို့ စိတ်နှလုံးထဲမှာ သယ်ဆောင်ပေးရမည့် သတင်းဖြစ်သည်။ ထာဝရဘုရားအတွက် သင်သည် အရေးပါသည်! ဆိုသည့် ယေရှုလမ်းစဉ်သည် တပည့်ဖြစ်ခြင်း၏ အခြေခံသတင်းများမှ သတင်းတစ်ပုဒ် ဖြစ်သည်။ ထာဝရဘုရားက သင်နှင့် မိတ်သဟာရဖွဲ့လိုသည်။ ၎င်းသတင်းနှင့် အသင် ဆက်သွယ်သည့် အခြေခံနည်းလမ်းသည် လူများ

နှင့် သံယောဇဉ်များမှာ အချိန်ကို ရင်းနှီးမြှုပ်နှံခြင်း ဖြစ်သည်။ သည်လိုလုပ်ဆောင်ခြင်းက ယေရှုကို အတုယူသူများ ဖြစ်ဖို့ လွယ်ကူစေသည်။

တခြားသော့ချက်က လူများသည် သင့်အိမ်သို့ လာကြ၍ သူတို့ကို သင် ဂရုစိုက်လျှင်၊ သူတို့က သင့်အပေါ်မှာ အားထားလာမည်ဖြစ်သည့်အကြောင်း ဖြစ်သည်။ ထို့အပြင်၊ သင့်ဆီသို့ သူတို့ လာကြသည့်အချိန်တွင်၊ သူတို့မိသားစု နှင့် မိတ်ဆွေများ မလာကြပါ။ ထို့ကြောင့် ၎င်းတစ်ခေတ်မှာ ကြီးထွားမှု ရပ်တန့်သွားသည်။ သူတို့၏အိမ်သို့ သင်သွားသောကြောင့်၊ သူတို့၏မိသားစု နှင့် မိတ်ဆွေများ လာဖို့ စိတ်သက်သာသွားမည့်နေရာ ဖြစ်စေသည်။ ငြိမ်းချမ်းသောပုဂ္ဂိုလ်သည် ဧည့်ဝတ်ကျေရန်အတွက် တာဝန်ယူသောကြောင့် သူတို့၏မိသားစု နှင့် မိတ်ဆွေများအတွက်၊နှင့် ယေရှုခရစ်တော်၏ နောက်မျိုးဆက် အဆတိုးဖို့အတွက်လည်း သူတို့က တာဝန်ယူမည် ဖြစ်သည်။ ဖန်တီးသောအားကိုးမှုကို ရှောင်ကျဉ်၍ မျိုးဆက်သစ် တပည့်တော်များကို တာဝန်ယူမွေးထုတ်ဖို့ ၎င်းငြိမ်းချမ်းသောအိမ်သို့ ကျွန်ုပ်တို့သွားခြင်းသည် ပါရမီရှင် ယေရှုကြောင့် ဖြစ်သည်။

## မေးလေ့ရှိသည့် မေးခွန်းများ

### ၁/ထို့ကြောင့် သင်သည် လူထုနှင့်ဆက်သွယ်သည့်အမှုတော်များကို ဆန့်ကျင်ပြောဆိုနေခြင်းကို ကျွန်ုပ်က ကြားချင်ပါမည်လား?

ဟုတ်ကဲ့၊ သင်ကြားချင်မည် ဖြစ်သည်! ယေရှုသည် လူဆယ့်နှစ်ယောက်ကို မျက်နှာချင်းဆိုင်စကားပြောခဲ့ပြီး သူလုပ်သကဲ့သို့ လုပ်ဆောင်၍ သူ့နောက်လိုက်ဖို့ တောင်းဆိုသည်။ သူသည် လူအုပ်ကို စေလွှတ်ခဲ့သည်။ ကျွန်ုပ်တို့မှာ ပိုကောင်းသောနည်းလမ်း ရှိသည်ဟု ဘာ့ကြောင့် ထင်ကြသနည်း? သမိုင်းမှာ အကြီးမားဆုံးခရူးဆိတ်တစ်ချို့သည် အာဖရိကမှာ လုပ်ဆောင်ခဲ့ကြ၍ ခရူးဆိတ်တစ်ခုမှာ တစ်သန်းနီးပါး ပြောင်းလဲလာသည်။ Nigeriaမှာ ဤလိုကြီးမားသောခရူးဆိတ် အများအပြား ပြုလုပ်ခဲ့ပြီး၊ ယခု ကမ္ဘာမှာ အကြီးဆုံး အသင်းတော်များ တစ်ချို့ ရှိပါသည်။ နိုင်ငံ၏တောင်ပိုင်းရှိ လူဦးရေ ၈၀%သည် ခရစ်ယာန်များ ဖြစ်သော်လည်း Nigeriaနိုင်ငံသည် စကြဝဠာပေါ်မှာ လူမှုရေး အကျင့်ပြတ်ဆုံး နိုင်ငံများတွင် တစ်ခုအဖြစ် ရှိနေသေးသည်။ မျိုးဖြုတ်သတ်ခြင်းမှာ ရှေ့ပြေးဖြစ်သည့် Rwandaနိုင်ငံသည် ခရစ်ယာန် ၉၀% ဖြစ်သော်လည်း ထပ်တူဘုရားကျောင်းများ တက်ရောက်သည့် ယုံကြည်သူများသည် တောခုတ်ဓားများနှင့် တစ်ယောက်ကိုတစ်ယောက် ခုတ်သတ်ခဲ့ကြသည်။ အများဆုံးသည် ဆုံးဖြတ်မဲများမှာ လက်မှတ်ထိုးကြသော်လည်း ယေရှု မိန့်မှာချက်အားလုံးကို နာခံဖို့ အနည်းငယ်ကိုသာ သင်ကြားပေးနိုင်ခဲ့သည်။

ခရူးဆိတ်များမှာ ဧရာမလူစုများကို အလားအလာကောင်းသည့်ဇဝ်ဂေလိဆရာဖြစ်ထွန်းစေပြီး၊ သူက များပြားသောငွေကို တိုးပွားစေသော်လည်း အသီးသည် ဘေးအန္တရာယ်ဖြစ်လာသည်။ ဘာကြောင့်လည်း? ကျွန်ုပ်တို့ပြုလုပ်ဖို့ ယေရှုက တောင်းဆိုသည့်အကြောင်းကို ကျွန်ုပ်တို့သည် ပြုလုပ်မနေကြပါ။ အမှန်အားဖြင့် အရေအတွက်များသောလူစု၊ ကြီးမားသောစင်မြင့်များ နှင့် ပမာဏများသောငွေကြေးများ ပါဝင်ပတ်သက်သော တရားများမှ တစ်ခုတည်းကိုပဲ ရရှိနိုင်သည်- အမှုတော်ဆောင်ခြင်းသည် ရာထူး၊ ဩဇာ၊ ငွေကြေး နှင့် အရေအတွက်များအကြောင်း ဖြစ်သည်။ ရာထူး၊ ဩဇာ၊ ကြွယ်ဝခြင်း နှင့် အရေအတွက်များတို့သည် အာဖရိက အသင်းတော် အများအပြား၏ သွင်ပြင်လက္ခဏာများ ဖြစ်သော်လည်း ဂုဏ်သိက္ခာ နှင့် ဖြောင့်မတ်ခြင်းတို့ မရှိပါ။ ယုံကြည်ဖို့ ငွေကြေး နှင့် ဩဇာ တို့အကြောင်းအားလုံးသည်လည်း နောက်ဆုံး တရားမျှတခြင်းတစ်ခုခုကို ဆိုလိုဟန်ရှိသည်။ BBCက Nigeria လူမျိုး နိုင်ငံရေး နှင့် စီးပွားရေး ခေါင်းဆောင်များသည် ကမ္ဘာ့အကြီးဆုံးဘုရားကျောင်းတစ်ချို့ကို တည်ဆောက်ဖို့ သန်းပေါင်းများစွာ ပေးလှူကြောင်း သတင်းကဏ္ဍတစ်ခုကို ထုတ်ပြန် ပြောကြားခဲ့သည်။ သူတို့သည် လာဘ်စားခြင်းဖြင့် ခိုးယူခဲ့သည့်အရာများမှ ဆယ်ဖို့တစ်ဖို့ကို ပေးလှူနေကြသောကြောင့် တခြား ကိုးဆယ်ရာခိုင်နှုန်းသည် သူတို့ ရရှိသည့် ကောင်းချီး ဖြစ်လိမ့်မည်!

ရုပ်မြင်သံကြားမှ လွှင့်သည့် ၎င်းသတင်းသည် ထောင်ပေါင်းများစွာသောအိမ်များမှာ အရမ်းပြောလို့ကောင်းသည်။ သို့သော် ၎င်းသည် အရမ်းပြောကောင်းခဲ့လျှင် ဘာကြောင့် ယေရှုက ကျွန်ုပ်တို့ကို တပည့်ဖြစ်စေဖို့ တောင်းဆိုပြီး တပည့်ဆယ်နှစ်ဖော်နှင့် သူ့ဆက်ဆံမှု ဘယ်လို ဖြစ်ကြောင်း ကျွန်ုပ်တို့ကို အတိအလင်းဖော်ပြသနည်း? ခရစ်ယာန်ဖြစ်ခြင်းသည် ယေရှုအကြောင်းကို အသိပေးခြင်းမျှလောက် မဟုတ်ပါ။ ခရစ်ယာန်ဖြစ်ခြင်းက သင့်အထဲမှာ ယေရှု အသက်ရှင်၍ လူနည်းစုနှင့် လျှောက်လှမ်းခြင်း ဖြစ်သည်။ ယေရှု၏ လူဝင်စားခြင်းသည် ကမ္ဘာမှာ ကျွန်ုပ်တို့အားဖြင့် ဆက်လက် အသက်ရှင်နေထိုင်ခြင်း ဖြစ်သည်။ လူထုဆက်သွယ်ရေးကဏ္ဍက ထူးချွန်သောအမှုတော်ဆောင်များ နှင့် ထူးချွန်သောအသက်တာပုံစံ တို့ကို ဖန်တီးပေးသည်။ မီဒီယာသည် အမှုတော်ဆောင်ရွက်မှုကို ဖြစ်စေသည်။ ရိုးရာဓလေ့ဖြင့် တိုးပွားသည့် ဆက်သွယ်ရေး အမှုတော်ကို ယေရှုက စံပြုထားသည်။

မီဒီယာအမှုတော်သည် အတိုင်းအတာနှစ်ခုရှိသည်- ၎င်းတို့မှာ အလုပ် နှင့် ခကြေး၊ သတင်း နှင့် လက်ခံခြင်း တို့ဖြစ်သည်။ ယေရှု၏ အမှုတော်မှာ အတိုင်းအတာ သုံးခု ရှိသည်- ၎င်းတို့မှာ ကိုယ်တိုင်ပါဝင်ခြင်း၊ ဂုဏ်သိက္ခာရှိသည့်စရိုက် နှင့် ချစ်ခြင်းနှင့် ရိုးသား ဖြောင့်မတ်ခြင်း(ငွေကြေး တောင်းတမှုမရှိ!)ဖြင့် ဆက်ဆံခြင်းများ တို့ဖြစ်သည်။

### ၂/ သင်သည် ဆင်းရဲသားများကို ကာကွယ်စောင့်ရှောက်ချင်သလား?

မလုပ်ချင်ပါ! အပြင်မှ သာသနာထဲမှာ များပြားသောငွေကြေး ဝင်လာခြင်းသည် မထူးဆန်း

သော်လည်း ၎င်းသာသနာမှ နည်းသထက်နည်း ရလဒ်ကို ရစေသည်။ အဘယ်ကြောင့် ဤကဲ့သို့ ဖြစ်ရသနည်း? ဒုတိယနှင့်တတိယကမ္ဘာမှ လူများသည် အနောက်တိုင်းသားများထက် ငွေကြေးကိုင်တွယ်မှုမှာ ပိုဆိုးသောကြောင့်တော့ မဟုတ်ပါ။

သာသနာအရွယ်ရောက်လာသဖြင့် ကျောင်းများ နှင့် ဆေးရုံများ တို့လို ဈေးကြီးသောအဆောက်အအုံများမှာ ဘဏ္ဍာငွေများ ပိုသုံးသောကြောင့် ဖြစ်နိုင်သည်။ သို့ရာတွင်၊ အပြင်မှ ဝင်လာသော ငွေကြေးအများအပြားကြောင့် လက်ခံရရှိသူများကို ပေးလှူသူများက ထိန်းချုပ်ဖို့ အခွင့်အရေးပိုရသည်ဟု ထင်သည့်အကြောင်းသည် အခြေခံအကြောင်းရင်းဖြစ်သည်ဟု ကျွန်ုပ် ယုံကြည်သည်။ အပြင်လူက ဆုံးဖြတ်သည့်ဖြစ်စဉ်ကို ချုပ်ကိုင်နေသည့်အခါ၊ ၎င်းက ယုံကြည်မှု၊ တာဝန် နှင့် ဒေသခံယုံကြည်သူများဖြင့် သူ့အသင်းတော် တည်ခြင်းမှ ယေရှုကို အပြင်ထိန်းချုပ်မှုက တားဆီးကြောင်း ပြောဖို့ အလွန်ကောင်းသည့်နည်းများ အစပြုခြင်း စသည်တို့ကို ပျက်စေသည်။

ဤပြဿနာ ဖြေရှင်းချက်က “ဆင်းရဲသားများကို ထောက်ပံ့ခြင်း”မဟုတ်ပါ။ အဖြေသည် ယေရှုမှာ အရာအားလုံး၏အရင်းအမြစ်ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း နှင့် သန့်ရှင်းသောဝိညာဉ်တော်မှာ စွန့်လွှတ်ခြင်း၊ ဖန်တီးနိုင်စွမ်း နှင့် အဆတိုးခြင်းတို့ဖြစ်ကြောင်း သက်ဝင်ယုံကြည်ခြင်း ဖြစ်သည်။ ဖြေရှင်းချက်သည် မိတ်ဆွေများက သူတို့၏ အရင်းအနှီးကို ဖန်တီး၍ ကြီးကြပ်တတ်ဖို့အတွက် အားပေးဖို့ ဖြစ်သည်။ ဤအကြောင်းတွင် အသေးစားငွေချေးလုပ်ငန်း နှင့် စီးပွားရေး သင်တန်းတို့ ပါနိုင်ပါသည်။

တတိယကမ္ဘာမှ ဆင်းရဲသားများသည် ပျင်းရိသောသူများ ဖြစ်သောကြောင့် မဆင်းရဲကြပါ။ သူတို့သည် အလွန်ခဲယဉ်းစွာ အလုပ် လုပ်သည်။ အဓိကအကြောင်းရင်းက အလုပ်မားအပေါ် တရားမျှတစွာ ဆက်ဆံဖို့ ငြင်းဆိုသည့်အလုပ်ရှင်၏ စနစ်ပျက်ပြားမှု ဖြစ်သည်။

ကုန်ခဲ့သည့်အချိန်မှာ၊ ကျွန်ုပ်တို့သည် မိတ်ဆွေများဟု မြင်သည့်အနောက်တိုင်းများ နှင့် မိတ်ဖွဲ့ဖို့ ကြိုးစားခဲ့သောကြောင့် ကျွန်ုပ်တို့၏ အဖိုးတန်ရှုပါရုံကို ဝေမျှပါသည်။ သို့ရာတွင်၊ကျွန်ုပ်တို့ အငြင်းပွားလာသည့်အခါ ကျွန်ုပ်အပေါ် သူတို့၏ ဖိအားသည်၊ “လုပ်ရမည့်ကိစ္စ ဘာ့ကြောင့်(အာရှအလယ်ပိုင်း အဖွဲ့) လွယ်လွယ်နှင့်မပြောနိုင်သနည်း?”ဆိုသည့် မေးခွန်း ဖြစ်သည်။ ကျွန်ုပ်ကို အဖွဲ့က(အဓိကအားဖြင့် ခရီးသွား၍ ဂရုဏာနှင့် ဆောင်ရွက်ရန်အတွက်)ငွေကြေးဖြင့် ထောက်ပံ့နေကတည်းကစပြီး လုပ်မည့်ကိစ္စ သူတို့ကို ပြောပြ၍ ၎င်းထောက်ပံ့မှု ဆုံးရှုံးမည့်အခြေအနေအောက်မှာ သူတို့ လုပ်ရမည်ဆိုသည့်အချက်က သူတို့၏ ယုံကြည်ချက် ဖြစ်သည်။

ကျွန်ုပ်၏တုန့်ပြန်မှုသည် ကျွန်များကဲ့သို့ သို့မဟုတ် ငယ်သားများကဲ့သို့ မလုပ်နိုင်သည်ကစ၍ ၎င်းကို မလုပ်နိုင်ဖြစ်သော်လည်း မိတ်ဆွေများနှင့် လုပ်နိုင်ပါသည်။ အာရှအလယ်ပိုင်းမှ ကျွန်ုပ်မိတ်ဆွေများသည် သူတို့နှင့် နေရမည့်အကြောင်း ဆုံးဖြတ်ချက်များ ချစေလိုသည်။ ၎င်းက ကျွန်ုပ်တို့ စည်းကမ်းဖြစ်သောကြောင့် ထိုရှုပါရုံအပေါ် မှာ ကျွန်ုပ်တို့က သဘောတူပါသည်။ ရှုပါရုံနှင့် မကိုက်လျှင် ကျွန်ုပ်တို့ မလုပ်ပါဟု နည်းဗျူဟာအပေါ် မှာလည်း သဘောတူသည်။ မိတ်ဖွဲ့ သူငယ်ချင်းများကဲ့သို့ တစ်ဦးနှင့်တစ်ဦး ဆက်ဆံဖို့ ကတိပေးပြီးဖြစ်သည်။ သူတို့က အမြော်အမြင်ရှိသည်ဖြစ်စေ၊ (သို့) မိုက်မဲသည်ဖြစ်စေ နောက်ဆုံးမှာ သူတို့ကို ယေရှုက လျှောက်လှမ်းဖို့ တောင်ဆိုနေသည်ဟု ခံစားသည့်အတိုင်း လျှောက်လှမ်းရမည်ဖြစ်ကြောင်း အကြံပေးဖို့ ကျွန်ုပ်တာဝန် ဖြစ်သည်။ ၎င်းက အမြော်အမြင်မရှိဟု ကျွန်ုပ်ခံစားသောကြောင့် ဆုံးဖြတ်ချက်ပိုင်းကို ကျွန်ုပ်ပံ့ပိုးခဲ့သည်ဟု ဆိုလိုပါသည်။ သို့ရာတွင်၊ ဤလိုကိစ္စအများဆုံးမှ အတွေ့အကြုံက ကျွန်ုပ်သူငယ်ချင်းများသည် ဉာဏ်ပါးသောအရာနှင့် လုပ်သည်ဟု သက်သေပြခဲ့သည်။ ကျွန်ုပ်တို့သည် အကျိုးဆက်များဖြင့် အတူတကွ အလုပ်လုပ်၍၊ အလွန်မပါးနပ်ဖို့ သက်သေပြသည့် ဆုံးဖြတ်ချက်များကို ကျွန်ုပ်က ပံ့ပိုးသည်ဟု ဆိုလိုခြင်းလည်း ဖြစ်သည်။

ခင်မင်မှု နှင့် မိတ်ဖွဲ့ခြင်းတို့သည် ကိုယ့်ကိုယ်ကို ကာကွယ်ခြင်း၏တန်ဖိုးက အမိန့်နှင့် အခွင့်အာဏာတို့ဖြစ်လျှင် ဆင်းရဲဒုက္ခအချို့မှ ကိုယ့်ကိုယ်ကို ကာကွယ်ခြင်းထက် ပို၍ အရေးကြီးသောအရာများ ဖြစ်သည်။

# အခန်း ၅
# နိုင်ငံတော်ကို သရုပ်ဖော်ခြင်း နှင့် ကြေငြာခြင်း

*"လူနာများကို ချမ်းသာပေးကြလော့။ ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့၌ တည်ထောင်သောအချိန်နီးပြီဟု သူတို့အား ဟောပြောကြလော့။" ရှင်လုကာခရစ်ဝင် ၁၀း၉*

*"သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်ရသောအခွင့်နှင့် ရန်သူများကိုနိုင်ရသောအခွင့်တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှ မညှဉ်းဆဲရ။" ရှင်လုကာခရစ်ဝင် ၁၀း၁၉*

## က/နိုင်ငံတော်ကို သရုပ်ဖော်ခြင်း နှင့် ကျန်မာသုခ

ခရစ်ယာန်လောကမှ အများအပြားသည် စကားလုံးများမှ. . . စာအုပ်များ၊ တီဗွီ၊ ရေဒီယို၊ စီဒီ၊ ဒီဗွီဒီ နှင့် ကျွန်ုပ်တို့သည် သတင်းကောင်းပေးပို့သူများ ဖြစ်သည်မှစ၍ တစ်နည်းနည်းနှင့် သင့်လျော်အောင် ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့သည် "သင့်အထဲမှာရှိသည့် မျှော်လင့်ခြင်းအတွက် အောက်ကျို့ခြင်းနှင့်ကြောက်ရွံ့ခြင်းအကြောင်း သင့်ကို မေးသည့် တယောက်ယောက်ထံသို့ ခုခံဖို့ အမြဲအဆင်သင့်ဖြစ်သည့် ကျွန်ုပ်တို့စိတ်နှလုံးများ၌ သခင်ဘုရားကို သန့်ရှင်းစေဖို့" ဖြစ်သည်(၁ပေ၊ ၃း၁၅)။ ကျွန်ုပ်တို့က ကျွန်ုပ်တို့၏စိတ်နှလုံးများကို သခင်ဘုရား သန့်ရှင်းစေကြောင်း စမ်းစစ်ရန် အဆင်သင့်ဖြစ်ဖို့၊ နားလည်ဖို့ နှင့် စူးစမ်းလေ့လာဖို့ ဖြစ်သည်! သို့ရာတွင်၊ ကောရိန္တုသည်ဆီမှာ ရှင်ပေါလုက သည်လို ကြေငြာသည် (၁ကော၊ ၄း၁၀)၊ "ဘုရားသခင်၏ နိုင်ငံတော်သည် စကား၌တည်သည်မဟုတ်၊ တန်ခိုး၌ တည်၏။" ၎င်းကူးကားချက်က သူ့ကိုယ်ကျင့်သြဇာ၏ အခြေအနေမှာ ဆွဲဆောင်ဖို့ ဖြစ်သော်လည်း ဧရာမပြဿနာကို ညွှန်ပြနေသည်။ ကျွန်ုပ်တို့သည် စကားလုံးတည်းဖြင့် နိုင်ငံတော်၏တရုပ်အမှန်မှ လူများကို စည်းရုံးသိမ်းသွင်းနိုင်မည် မဟုတ်ပါ။ ယေရှုကလည်း ထိုအတိုင်း လုပ်ဖို့ ကျွန်ုပ်တို့ကို မမျှော်လင့်ပါ။

ကျွန်ုပ်တို့သည် သူ့တန်ခိုး နှင့် တည်ရှိခြင်းတို့ကို အစသရုပ်ဖော်သည့်အခါ၊ ဖျားနာသူကို ကျန်းမာစေဖို့ နှင့် နိုင်ငံတော်ကို ကြေငြာဖို့ပဲ မိန့်မှာခဲ့သည်။ ဤသရုပ်ဖော်ခြင်းသည် ငြိမ်းချမ်းသောပုဂ္ဂိုလ်၏အိမ်မှာ ယူလာဖို့ ဖြစ်သည်။ စိတ်ကိုအမှန်လှုံ့ဆော်မှုကို ဖန်တီး၍ သံစုံကျူးနေစဉ် အထူးဇဝ်ဂေလိဆရာနှင့် အထူးခရူးဆိတ်မှာ ၎င်းကို ယူလာဖို့ မဟုတ်ပါ။

ဘိသိက်ခြင်းသည် တေးဂီတကျွမ်းကျင်သူများက တစ်နာရီ သီချင်းဆိုခြင်းဖြင့်

ဖန်တီးသည့်ခံစားမှုအပေါ်မှာ မတည်ပါ။ အပေါ်မှလည်း ကျမလာပါ။ ပေတရုက ဝတ်ပြုခြင်းကို တစ်နာရီ ဦးဆောင်၍ လူအုပ်ဆီမှာ သန့်ရှင်းသောဝိညာဉ်တော် ဆင်းသက်လာသည်ဟု မကြေငြာခဲ့သည့်အချိန်ထိ လူများအတွက် ဆုတောင်းဖို့ ယေရှုက ငြင်းဆန်နေသည်ကို သင် စဉ်းစားဖူးသလား?

ဘိသိက်ခြင်းသည် သင့်အပေါ်မှာ နားနေ၍ သင့်အထဲမှာ နေထိုင်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ တည်ရှိခြင်း နှင့် တန်ခိုးတို့ကို ဖော်ပြခြင်း ဖြစ်သည်။ နောက်တဖန် ရှင်လုကာခရစ်ဝင် ၄း၁၈-၂၁ကို ကျွန်ုပ်တို့ ဖတ်ဖို့လိုသည်! ဘိသိက်ခြင်း ရောက်လာ၍ အထူးလူများကို ချက်ချင်းလွှမ်းမိုးသည့် ပဋိညာဉ်ဟောင်းမှာ ကျွန်ုပ်တို့ မနေတော့ပါ။

သင့်ခန္ဓာကိုယ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ဗိမာန် ဖြစ်သည်။ ဘိသိက်ခြင်းက ထွက်သွားဖို့ ရောက်လာသည်မဟုတ်။ နေထိုင်ဖို့ လာသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ လာလည်မည့်နေရာမဟုတ်ပဲ၊ နေထိုင်မည့်နေရာ ဖြစ်သည်။

မည်သူမဆို ကျမ်းစာကို ကိုးကား၍ ဝိညာဉ်နှင့်ပြည့်ဝသောအသံနှင့် ကောင်းသောစကားကို ပြောတတ်သော်လည်း သူတို့က အထွက်အထိပ်ရောက်ချိန်မှာ ရဲရဲတင်းတင်းပြောဆိုခြင်းဖြစ်နိုင်သောကြောင့် စကားလုံးများမှာ ပြဿနာ ရှိပါသည်။ သင်သည် ၎င်းကို စကားလုံးများနှင့် ဟန်ဆောင်နိုင်ပြီး၊ လူအုပ်များကို တက်ကြွ၍ စိတ်လှုပ်ရှားစေသောတင်ပြမှုများနှင့် ကြိုးကိုင်နိုင်ပါသည်။ တက်ကြွသည့်လူအုပ်များမရှိသည့်အခန်းမှာ နတ်ဆိုးဆွဲသောလူ သို့မဟုတ် ဖျားနာသူ တစ်ဦး (သို့) နှစ်ဦးနှင့် ဆုတောင်းခြင်းမှ စိန်ခေါ်မှုသည် ဟန်ဆောင်လို့မရခြင်း ဖြစ်သည်။ သူတို့သည် ယေရှုကို မသိကြသေးပါ။ သင့်ကိုလည်း မသိပါ။ သူတို့သည် ကယ်တင်ခြင်း နှင့် ကျန်းမာခြင်းတို့ကို ရလိုသည် သို့မဟုတ် မရလိုပါ။ သင်သည် ယေရှုနှင့် သန့်ရှင်းသောဝိညာဉ်တော်သင့်အထဲတွင်ရှိနေသည် စသည်တို့ကို သိသည် သို့မဟုတ် မသိပါ။

ဤအကြောင်းသည် သင် ကျမ်းပိုဒ် ဘယ်လောက်ကိုးကားနိုင်သည့်အကြောင်း၊ ဆုတောင်းသည့်အခါ ဝိညာဉ်နှင့်ပြည့်ဝသည့်အသံ ဘယ်လောက်ထွက်ကြောင်း သို့မဟုတ် ကျယ်လောင်စွာအော် ဆုတောင်းကြောင်း တို့နှင့် မဆိုင်ပါ။ (သင်သည် ဘယ်လိုဖြစ်ဖြစ် တစ်ယောက်ယောက်၏ မီးဖိုချောင်တစ်လျှောက် ကခုံ အော်ဟစ်ခြင်းကို တော်တော်လေးရှုံးနိမ့်သည်ဟု ခံစားမည်ဖြစ်သည်!) ကျွန်ုပ်တို့အထဲမှာနေသည့် သန့်ရှင်းသောဝိညာဉ်တော်က လူများကို ချစ်ဖို့ နှင့် ကျန်းမာစေဖို့ စွမ်းဆောင်နိုင်သည်ကို ရိုးရိုးယုံကြည်မှုအပေါ်မှာ ကျွန်ုပ်တို့ နှိမ့်ချစွာမှီခိုသောကြောင့် လူများက ကျန်းမာခြင်းကို ရရှိကြသည်။

လူသားလိုအပ်မှုက ထာဝရဘုရားရှေ့မှာ ကျွန်ုပ်တို့ကို ဗလာဖြစ်စေသည်။ နိုင်ငံတော်ကို ကျွန်ုပ်တို့က သယ်ဆောင်နိုင်မည်လား (သို့) မသယ်ဆောင်နိုင်ဘူးလား? နိုင်ငံတော်ကို သရုပ်ဖော်နိုင်မည်လား (သို့) မဖော်နိုင်ဘူးလား? လူများကို ချစ်နိုင်လား (သို့) မချစ်နိုင်ဘူးလား? ကျွန်ုပ်တို့အထဲမှာ သန့်ရှင်းသောဝိညာဉ်တော် အစစ်အမှန် နေထိုင်လား (သို့) မနေထိုင်ဘူးလား?

ဖျားနာသူကို ကျန်းမာစေခြင်းသည် လက်တွေ့နည်းလမ်းများပါဝင်လျက် လူများကို ရိုးရိုးလေးအစေခံဖို့ ဆိုလိုခြင်းလည်း ဖြစ်သည်။ ရှေးလူကြီးများက သည်လိုပြောကြသည်၊ “လူများကို သင် ဘယ်လောက် ဂရုစိုက်ကြောင်း သူတို့ မယုံကြည်မချင်း သင် ယုံကြည်သည့်အကြောင်းကို သူတို့ ဂရုစိုက်မည် မဟုတ်ပါ။” လွန်ခဲ့သည့်တစ်ချိန်က မိတ်ဆွေတစ်ဦးသည် “ဆေးသမားပန်းခြံ”ဟုခေါ်သည့်နေရာတွင် လမ်းပေါ်ကလူများ၊ ဆေးစွဲနေသူများ နှင့် အိမ်မဲ့သူများတို့နှင့် စကားပြော အချိန်ဖြုန်းနေသည်။ ပန်းခြံပတ်လည်တွင် သူတို့ကို မောင်း၍ အနည်းငယ်သောအသပြာ လက်ဆောင်များကို ပေးပြီး၊ များသောအားဖြင့် သူတို့ကို အသုံးချစေသည်။ ဟုတ်ပါသည်၊ သူတို့က ငွေအများဆုံးကို ဆေးပေါလိပ်၊ မူးယစ်ဆေး နှင့် အရက်တို့ ဝယ်သည့်နေရာမှာ သုံးဖြုန်းကြသည်။ ဟုတ်ပါသည်၊ သူတို့ ဆေးပေါလိပ်၊ မူးယစ်ဆေး နှင့် အရက်တို့ကို စင်စစ် ဖြတ်နိုင်စေမည်ဟု သူက သိသော်လည်း သူတို့ကို အစေခံခဲ့သည်။ အချိန်အနည်းငယ်ကြာလာသည့်နောက်ပိုင်းတွင် လမ်းပေါ်ကလူများသည် သူက အစစ်အမှန်ဂရုစိုက်ကြောင်း ယုံကြည်လက်ခံလာ၍၊ သူ့ကို မေးခွန်းများ မေးလာပါသည်။ အနှေးနှင့်အမြန် “ဆေးသမားပန်းခြံ”သည် “ဆုတောင်းအစည်းအဝေးပန်းခြံ”အဖြစ် လူသိများလာခဲ့သည်။ လက်တွေ့အမှုတော်ဆောင်ခြင်းက ကျန်းမာခြင်း၊ ကယ်တင်ခြင်းသို့ ပို့ဆောင်၍ ပန်းခြံထဲမှာ အသင်းတော်တစ်ပါး ဖြစ်ထွန်းလာသည်။

သန့်ရှင်းသောဝိညာဉ်တော်၏ လုပ်ရပ်တစ်ချို့ဖြင့် အနာရောဂါငြိမ်းခြင်း နှင့် ကယ်တင်ခြင်း တို့နှင့် အိမ်အသင်းတော်သစ်များ စ၍ တိုးတက်လာသည့် ရိုးရိုးအသင်းတော်တည်ဆောက်သည့်လှုပ်ရှားမှုများက ကမ္ဘာတစ်ဝှမ်းကို ကျော်ဖြတ်လာခြင်းသည် ခိုင်မြဲသောသက်သေတစ်ခု ဖြစ်သည်။ ယေဘုယျအားဖြင့် ငြိမ်းချမ်းသောပုဂ္ဂိုလ်က အနာရောဂါငြိမ်းခြင်းခံရသည့် သို့မဟုတ် ကယ်တင်ခြင်းခံရသည့် တစ်ယောက်ယောက် သို့မဟုတ် သူတို့၏ အိမ်မှာ အနာရောဂါငြိမ်းခြင်းခံရသည့်ကလေး (သို့) မိန်းမ တစ်ယောက်ယောက် ဖြစ်ပါသည်။ သင်သိသည့်နှုတ်ကပတ်တော်များနှင့် တစ်ယောက်ယောက်ကို စည်းရုံးသိမ်းသွင်းခဲ့သည့်အကြောင်းက သူ့စကားလုံးများမှ အခြားတစ်ယောက်ကို သိမ်းသွင်းစေနိုင်မည် ဖြစ်သည်။ သို့သော်ထာဝရဘုရား၏ ဂရုဏာတော်ဖြင့် ကျန်းမာခြင်း (သို့) ကယ်တင်ခြင်း (သို့) တစ်ယောက်ကိုချစ်ခြင်းကို အသင် မြင်တွေ့သည့်အခါ၊ သင်မြင်တွေ့ခဲ့သည့်အကြောင်းကို သင် သိနားလည်မည် ဖြစ်သည်။

အထူးသဖြင့် အနောက်တိုင်း ခရစ်ယာန်တစ်ချို့သည် ဩဇာရှိသောပုံပန်းဖြစ်သည့် လုံးဝ အမှန်တရား သို့မဟုတ် ယုံကြည်စိတ်ချမှုကို ကြာကြာ သက်ဝင်ယုံကြည်တော့မည် မဟုတ်သည့် လောကီ ဓလေ့အကြောင်း အများကြီး ဆွေးနွေးခဲ့သည်။ ဤလူအဓိကပြုဓလေ့က အတွေ့အကြုံအကြောင်းကိုပဲ သက်ဝင်ယုံကြည်သည့်အကြောင်း နှင့် သူငယ်ချင်းများ ပြောသည့်အကြောင်းကိုပဲ ယုံကြည်စိတ်ချသည့်အကြောင်းတို့ကို သူတို့ ဆွေးနွေးကြသည်။ အတွေ့အကြုံကို သက်ဝင်ယုံကြည်သည့် ဤခေတ်လွန် စိတ်ထားကို သူတို့က အမှန်တရားဟု

ပြောကြပြီး၊ စိတ်တက်ကြွမှုက သက်သေပြ၍၊ အတည်ပြုခြင်းက သက်သေခံလျက် မိတ်ဆွေများ၏ အတွေ့အကြုံကို ဝေမျှခဲ့သည်။ ၎င်းကဲ့သို့ ဆွေမျိုးဝါဒထဲမှာ ယေရှုအကြောင်း ဝေမျှခြင်းကို ခရစ်ယာန်အများအပြားက စိတ်ပျက်ကြသည်။

မှန်ပေသည်၊ ဤလောကီခေလေ့သည် ဥသဲ့အမှန်တရားကို သက်ဝင်ယုံကြည်မှု မရှိ သို့မဟုတ် လူတွေက သူတို့သည် ဩဇာရှိသူများကဲ့သို့ တင်ပြခြင်းမှ အမှန်တရားအကြောင်း ဆွေးနွေးခြင်းများကို နားထောင်လိုကြသည်။ သို့သော် သဘာဝလွန် နှင့် ထာဝရဘုရား၏ နိုင်ငံတော်ကို ပုံဖော်ခြင်း တို့အထဲမှာ သာ၍တံခါးဖွင့်သောခေလေ့ ထိုနေရာမှာ မရှိပါ။ သို့ရာတွင်၊ ဖမ်းမိစေသည့်အရာတစ်ခု ရှိသည်! ပုံဖော်ခြင်းကို မြင်တွေ့ဖို့ ကျွန်ုပ်တို့၏တွေ့ဆုံမှုများမှာ သူတို့က မလာကြပါ။ ကျွန်ုပ်တို့ လုပ်ဆောင်သည့်အကြောင်း ကြော်ငြာလွန်းသည်၊ အရာရာက ငွေကြေးအတွက် ဖြစ်သည်ဟု သူတို့က ထင်ကြသည်။ တီဗွီပေါ်မှာ နှင့် ခရူးဆိတ်ကြီးများမှာ အလှူပေးဖို့ ဆွေးနွေးခြင်းများကို သင် မြင်သည့်အခါ၊ သူတို့က မှန်သည်ဟု ဝန်ခံမည် ဖြစ်သည်။ ၎င်းက ငွေကြေးအကြောင်းချေး ဖြစ်သည်။ အဘယ်ကြောင့် သူတို့က ကျွန်ုပ်တို့ကို ယုံကြည်နိုင်သနည်း? ကျွန်ုပ်တို့သည် သူတို့၏ အခြေအနေထဲသို့၊ သူတို့မိတ်ဆွေများကြားထဲသို့ သွားရောက်လျက်၊ နိုင်ငံတော်နှင့်ဆိုင်သောအရာသည် အစစ်အမှန် ရှိသည်ဟု သူတို့မြင်နိုင်မည့်နေရာကို ရိုးရှင်းစွာ ပြရမည် ဖြစ်သည်။

နိုင်ငံတော်မှာ မျိုးဆက် လုံးဝ မရှိဟု သူတို့ဆီသို့ ၎င်းကို ဖော်ပြဖို့ သာ၍ လွယ်ကူပေသည်။ သို့သော် ယေရှု၏စကားကို နာခံ၍ သူတို့ဆီကို သွားရမည် ဖြစ်သည်။ ငွေကြေးနှင့် ဩဇာ တို့အကြောင်း မဟုတ်ပဲ၊ လူများ နှင့် မိတ်ဆွေများ အကြောင်း စင်စစ် ဖြစ်သည်ဟု ယုံကြည်ဖို့ သူတို့က သင်ယူနိုင်မည့် ကြားထဲမှာ ကျွန်ုပ်တို့က ၎င်းကို လုပ်ပြရပါမည်။

## ၁/ ထာဝရဘုရား၏ နိုင်ငံတော် ပုံစံကို ကြေငြာခြင်း

၁၉၇၀ ဝန်းကျင်ကစ၍ "တမန်တော် ပြန်လည်ထူထောင်ရေး"လှုပ်ရှားမှု အများအပြား ရှိခဲ့ပါသည်။ သာမန်အသားပေးမှုတစ်ခုက အသင်းတော်အပေါ်မှာ ဩဇာညောင်းသည့်တမန်တော်၏ အမှုတော်မြတ်၌ ခိုင်မာသည့်ဦးတည်ချက်နှင့် အမှုတော်နှင့်ဆိုင်သောလက်ဆောင်ငါးဆ၏ဩဇာဖြင့် ပြန်လည်ထူထောင်ရေး ဖြစ်သည်။ "ပေါင်းစည်းမှုဖြစ်လာခြင်း"၊ "ဘုရားသခင်၏အစီအစဉ်ကို အသိအမှတ်ပြုခြင်း"၊ "နိုင်ငံတော်ဩဇာဖို့ နာခံခြင်း"၊ "အစီအစဉ်ထဲမှာပါဝင်ခြင်း"၊ "တိုးတက်သောအစေခံဖြစ်ခြင်း"၊ "တာဝန်ပေးသည့်အမိန့်အာဏာကို နာခံခြင်း"၊ "ဝိညာဉ်ရေးရာအာမခံခြင်း"၊ "အမိန့်အာဏာကိုလေးစားခြင်း"၊ "ထာဝရဘုရား၏သားတော်ကို အသိအမှတ်ပြုခြင်း"၊ နှင့် "ဝိညာဉ်ရေးရာဘဝ"စသည့် စကားစုအားလုံးသည် ထိုလှုပ်ရှားမှုများမှ အများလက်ခံမှု ဖြစ်လာခဲ့သည်။ ရုပ်ပိုင်းကို မောင်းနှင်ခြင်းသည် နိုင်ငံရေးအစီအစဉ်၊ စီးပွားရေး၊ နှင့်အမိန့်နှင့်အုပ်ချုပ်မှုတို့က အပေါ်အောက်ဖြစ်ချိန်မှာ လေးစားမှုနှင့်ကြွယ်ဝခြင်းတို့က အောက်အပေါ်ဖြစ်သည့် အမှောင်ဖုံးသောနိုင်ငံ တော် စသည်တို့သည် ပိရမစ်ပုံစံဖြစ်သည်။ ပုဂ္ဂိုလ်တစ်ယောက်၏အမြင့်ဆုံး ဩဇာ၊ ဂုဏ်သိက္ခာ နှင့် ကြွယ်ဝခြင်းတို့သည် ရာထူးဂုဏ်သိမ်အဆင့် အမျိုးမျိုးတို့၏ အောက်မှာ နှိုင်းယှဉ်ချက် အများအပြား ရှိပါသည်။

တပည့်တော်များ ဖြစ်စေခြင်းကို ဆွေးနွေးဖို့ ဤလှုပ်ရှားမှုများအတွက် သာမန်ဖြစ်သော်လည်း အရာရာကို လုပ်ဖို့ အမြဲ အခွင့်တောင်းနေသည့် တစ်ချို့ကို ကျွန်ဖြစ်စေခြင်းဆိုသည့်အမြင် သူတို့မှာရှိသည်။ ဤတပည့်တော်ဖြစ်စေခြင်း၏ရည်ရွယ်ချက်သည် ရာထူးဂုဏ်သိမ်အဆင့်ဆင့်ကို အာဏာတည်စေဖို့ ဖြစ်သည်။ ထာဝရဘုရား၏နိုင်ငံတော်တွင် တပည့်တော်ဖြစ်စေခြင်း၏ ရည်ရွယ်ချက်သည် စိတ်ခံစားမှုကို မျှဝေ၍၊ မိတ်ဆွေများအတွက် အသက်ကို ပေးလှူဖို့ ဖြစ်ပါသည် (ရှင်ယောဟန်ခရစ်ဝင် ၁၅)။

ဤ "အသစ်" တမန်တော်လှုပ်ရှားမှုအားလုံးသည် ဝိညာဉ်ပိုင်းမှာ လွတ်လပ်ကြောင်း ကတိပေးလျက် ခေတ်ပေါ် ဝတ်ပြုခြင်း၊ ကခုံခြင်း၊ အလံဝှေ့ရမ်းခြင်း၊ ပရော ဖက်သီချင်းလွတ်လွတ်လပ်လပ်တေဆိုခြင်း၊ နှင့် ပရောဖက်စကားရေရွက်ခြင်း စသည်တို့မှာ ကျယ်လောင်သောအသံဖြင့် ခဏခဏ ပြုမူကြပါသည်။ ကျမ်းပိုဒ်များမှ သူတို့အကြိုက်တစ်ခုက "ဘုရားသခင်၏ဝိညာဉ်တော်တရားသည် လွတ်ခြင်းချမ်းသာကို ပေးတတ်၏။"ဟု ဆိုသည့် ၂ကော၊ ၃း၁၇ ဖြစ်သည်။ လွတ်လပ်မှုသည် တံတိုင်းလေးခု အကြားမှာ ရှိပြီး၊ တွေ့ဆုံနေသည့်အတောအတွင်း သင့်ခန္ဓာ လှုပ်ရှားမှုအကြောင်းပဲ ပါဝင်သည်ဟု ကောင်းသောအရာအားလုံးကို လက်ခံခဲ့ကြသည်။ ခေါင်းဆောင်ရေးရာ ဖွဲ့စည်းပုံသည် ပိရမစ်လို တင်းကြပ်သောရာထူးအဆင့်ဆင့်ရှိသည်။ သင်သည် ဘယ်လိုဖြစ်ဖြစ် ကျိုးနွံသောအပြုအမူကို တွေ့ရှိသည့်အကြောင်းမှ သွေဖည်လျှင် ခေါင်းဆောင်မှုအတွက် သင်က မသင့်လျော်ကြောင်း တွေ့ရှိရမည် ဖြစ်သည်။ ဘာမဆို စိန်ခေါ်နေသည့်လူသည် အပ်စလုံ ဖြစ်ပြီး၊ ဘာမဆိုမေးခွန်းထုတ်သည့်အမျိုးသမီးက ယေဇဘဲလ် ဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ မာဖီးယား သို့မဟုတ် အမှောင်ဖုံးသောနိုင်ငံတော်များကဲ့သို့ ကြီးမား၍ ရှုပ်ယှက်ခတ်သောအဖွဲ့အစည်း ဖြစ်နိုင်သည့် ရာထူးအဆင့်ဆင့် ထားရှိသည့်အဖွဲ့အစည်းသည် တစ်ခါတည်း တစ်နေရာထဲမှာ ပုဂ္ဂိုလ်တစ်ယောက်ထဲပဲ ဖြစ်နိုင်သည့် အလုပ် ဖြစ်သောကြောင့် အလုပ်တာဝန် အပ်နှင်းခံရ၍၊ ကွပ်ကဲမှု အနှောင်အဖွဲ့၏ ထောက်ပံ့မှု အစီရင်ခံစာများကို ရရှိမည် ဖြစ်သည်။ တစ်ချို့က ဘာသာရေးအဖွဲ့ နှင့် ရာဇဝတ်မှုအဖွဲ့တို့သည် အများအားဖြင့် တူညီမှု ရှိသော်လည်း မာဖီးယားတို့က ပိုကောင်းသောစားသောက်ဆိုင်များရှိသည့်အကြောင်း ပြက်လုံးထုတ်ခဲ့ကြသည်။ သို့ရာတွင်၊ ညီညွတ်သောဖွဲ့စည်းပုံများ နှင့် ခေါင်းဆောင်မရှိသည့် အဖွဲ့အစည်းများ၏ ဩဇာ စသည်တို့အပေါ်မှာ ကမ္ဘာ့စီးပွားရေးအများအပြား လုပ်ခဲ့ပြီးဖြစ်သည့်အကြောင်း ရှိပါသည်။

ယေရှုခရစ်တော်၏ခန္ဓာသည် ညီညွတ်အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ သူ့မှာ အကန့်အသတ် မရှိပါ။ သူက အတိုင်းအဆမရှိ ကြီးမြတ်၍ အမြဲတည်ရှိသည်။ အချိန်တိုင်း နေရာ

တိုင်းမှာ သူ ရှိသည်။ အရာခပ်သိမ်းကို မြင်၍ သိသည်။ ကွပ်ကဲမှု အနှောင်အဖွဲ့ တစ်ခုခုကို အစီရင်ခံစာ တင်သွင်းဖို့ မလိုပါ။ ဩဇာအာဏာ တစ်ခုခု အပ်နှင်းဖို့ မလိုအပ်ပေ။

သူသည် လူတစ်ယောက်ယောက်က အခြားအပေါ်မှာ အစိုးရဖို့ ဩဇာအာဏာ တစ်ခုခုကို ဘယ်တော့မှ မပေးပါ။ ဟုတ်ပါသည်၊ ရန်သူများကို နိုင်ရသောအခွင့်တန်ခိုးကို ငါပေး၏”ဟု (လုကာ၊ ၁၀း၉)ပြောသော်လည်း ဘယ်မှာမှ ယောကျ်ား သို့မဟုတ် မိန်းကလေး တစ်ယောက်ယောက်က အခြားတစ်ယောက်အပေါ် အစိုးရဖို့ ဩဇာ မပေးပါ။ ဖြစ်ရပ်မှန်ကိစ္စအတွက် သူသည် ၎င်းဩဇာမျိုးတစ်ခုခု ပြုလုပ်ခြင်းကို သိသိသာသာ တားမစ်ခဲ့သည် - **“သင်တို့အထဲမှာ ထိုသို့ မပြုကြနှင့်”!**

*“ယေရှုသည် ထိုသူတို့ကို ခေါ်တော်မူ၍၊ သင်တို့ သိသည်အတိုင်း လောကီမင်းတို့သည် အစိုးတရ ပြုတတ်ကြ၏။ အကဲအမှူးတို့သည် အစိုးတရ ပြုတတ်ကြ၏။ အကဲအမှူးတို့သည် အာဏာ ထားတတ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနှင့်။ လူသားသည် သူတပါးကို စေစားခြင်းငှါမလာ၊ သူတပါးအစေကို ခံခြင်းငှါ၎င်း၊ မိမိအသက်ကို စွန့်၍ လူများကို ရွေးခြင်းငှါ၎င်း၊ ကြွလာသည်ဖြစ်၍၊ ထိုနည်းတူ သင်တို့တွင် အကဲအမှူးပြုလိုသော သူကို သင်တို့ အစေခံဖြစ်စေ။ သင်တို့တွင် အထွဋ်အမြတ် လုပ်ချင်သောသူကိုလည်း သင်တို့ကျွန်ဖြစ်စေဟု မိန့်တော်မူ၏။” ရှင်မဿဲခရစ်ဝင် ၂၀း၂၅-၂၈*

“တမန်တော်”က အဆင့်မြင့်အမှုတော်လက်ဆောင်များ ရှိပါသလား?ဟု သင် မေးနိုင်ပါသည်။ ၎င်းက ထိုးထွင်းဉာဏ် ပြဿနာ ဖြစ်ပြီး ဓမ္မသစ်ကျမ်းကို အခြေမခံပါ။ ၎င်းအချိန်က လူတို့၏ဘဝတွင် လူဦးရေ သုံးပုံတစ်ပုံခန့်သည် ကျွန်များ ဖြစ်ပြီး၊ တခြား သုံးပုံတစ်ပုံက လွတ်လပ်သောကျွန်များ ဖြစ်ကြကာ၊ တခြား သုံးပုံတစ်ပုံက ကျွန်ပိုင်ရှင်များ ဖြစ်ကြသည်။ ဤအရာက အမေရိကန်ပြည်မှာရှိသည့်ကျွန်တို့လို သို့မဟုတ် အာရပ် မွတ်စလင်များ ပိုင်သည့် လူမည်းအာဖရိကန်ကျွန်များ ရှိသည့်နေရာ မြောက်အာဖရိကမှာ ယခု တည်ရှိသည့် အကြောင်းတို့လို မပြောင်းလဲပါ။ ရောမ အင်ပါယာ အုပ်ချုပ်မှုအောက်က ကျွန်များသည် ကောင်းကောင်း ဂရုစိုက်ခြင်းခံရသည်၊ အစေခံသည့်အချိန် ကုန်းဆုံးပြီးနောက် လွတ်လပ်ခွင့်ရခဲ့သည်၊ အဓိက ပညာသင်ပေးခဲ့သည်၊ သူတို့ပိုင်ရှင်များ၏ စီးပွားရေးနယ်ပယ်ကို စီမံနိုင်သည့် အိမ်ဖော် များကို အဓိက ယုံကြည်အားထားရသည်၊ သူတို့၏ ကလေးများကို ပညာသင်ပေးသည်၊ နှင့် သူတို့၏ကိုယ်ပိုင် ဝင်ငွေများဖြင့် ကိုယ်ပိုင်လွတ်လပ်မှုကို ဝယ်ယူနိုင်သည်။ လွတ်လပ်သောကျွန်များသည် လွတ်လပ်သောသူများကဲ့သို့ နေထိုင်ခြင်းထက် ကျွန်ကဲ့သို့ နေထိုင်ခြင်းကို ပိုကောင်းသည်ဟု ခံယူကြသောကြောင့် ပြန်ပြီး ကျွန်ဂုဏ်ကို နှစ်သက်ကြသည်။

“တမန်တော်”စကားလုံးက “စေလွှတ်ခံသူ”ဟု ရိုးရိုးအဓိပ္ပါယ်ရှိသော်လည်း ကျွန်ုပ်တို့သည် ၎င်းအဓိပ္ပါယ်၏ အရေးပါမှုကို နားမလည်ခဲ့ပါ။ အနိမ့်ဆုံးဂုဏ်၏ကျေးကျွန်သည် “တမန်တော်” ဖြစ်သည်။ ဘာ့ကြောင့်လည်း? ၎င်းအချိန်တွင် ခရီးသည် ခဏခဏ အန္တရာယ်ရှိလျက် ခက်ခဲကြမ်းတမ်းသည်။ သင်တို့သည် သံတမန်ရေးရာသာသနာကို ပြုသည် သို့မဟုတ် အလွန်များသောစည်းစိမ်ကို သယ်ဆောင်သည် ဖြစ်လျှင်၊ ဓားပြများမှ သင့်ကို ကာကွယ်ပေးဖို့ လက်နက်ကိုင်ကိုယ်ရံတော်နှင့် ခရီးသွားရမည်။ သင်တို့သည် တန်ဖိုးနည်းပစ္စည်းကို သယ်ဆောင်သည့်အခါ၊ တစ်ယောက်တည်းပဲ ခရီးသွားကြသည်။ သခင်သည် တန်ဖိုးအနည်းဆုံးသူ့အစေခံကို ကယ်တင်စေဖို့ စေလွှတ်ပါသည်။ အကာအကွယ်မရှိသော ၎င်း“တမန်တော်” ဓားပြတိုက်ခံနိုင်သည်၊ သို့မဟုတ် ပြန်ပေးဆွဲခံနိုင်၍ ကျွန်ကဲ့သို့ ရောင်းစားခြင်းခံနိုင်သည်။ သင်တို့သခင်အတွက် သင်တို့သည် တန်ဖိုးအနည်းဆုံးဖြစ်ကြလျှင် သင်တို့က တမန်တော်များ ဖြစ်ကြသည်။ ရောမဩဝါဒစာစောင် ၁း၁က ဤအကြောင်းမှ ကွဲပြားသောအပြောအများအပြား ရှိပါသည်!

*“ယေရှုခရစ်တော်၏ အစေခံကျွန် ရှင်ပေါလုကို ထာဝရဘုရား၏ဝေံဂေလိမှ ခွဲထား၍ တမန်တော်တစ်ပါးဟု ခေါ်ခဲ့ကြသည်။”*

ရှင်ပေါလုက သူ့ကိုယ်သူ အစေခံကျွန်အငယ်ဆုံးကဲ့သို့ တင်ထားကြောင်းကို ထိုအချိန်ကယဉ်ကျေးမှုက နားလည်လိမ့်မည်။ သို့သော် ထာဝရဘုရား၏နိုင်ငံတော်အတွက် ဤကဲ့သို့ ဘာအကြောင်းက ခံယူစေသနည်း?

အားလုံးဖြစ်သည်! နိုင်ငံတော်၏ဝေံဂေလိက ကြားသည့်သူတိုင်းအတွက် သတင်းကောင်း အဖြစ် ယူဆစေသည်။ မှန်ပါသည်! ယေရှုက သင့်ရှင်ဘုရင်၊ သင့်သခင်၊ သင့်ဆရာကြီး၊ သင့်ဦးခေါင်း၊ သင့်ဂုဏ်ရည်တို့ဖြစ်ပြီး၊ သင့်အထဲမှာ အသက်ရှင်၍ ဂုဏ်တော်၌ သင့်မျှော်လင့်အားထားရာဖြစ်သည့်အကြောင်းက နိုင်ငံတော်၏ဝေံဂေလိ ဖြစ်သည်။

သင်သည် ကျွန်ုပ်အတွက် နာခံပြီး ထာဝရဘုရား၏နိုင်ငံတော်ထဲမှာ နေပါဟု ပြောစေခြင်းက သတင်းကောင်း မဟုတ်ပါ! လူတစ်ယောက်ယောက်သည် သင့်ဝိညာဉ်ရေးဦးဆောင်သူ သို့မဟုတ် ၁တိ၊ ၂း၅ကို ငြင်းခြင်းမှာ ကာကွယ်ပေးသူဟု ပြောစေဖို့ ဖြစ်သည်။

*“ထို့ကြောင့် ထာဝရဘုရားတစ်ပါး၊ ထာဝရဘုရားနှင့်လူကြားမှာ ဖျန်ဖြေပေးသူတစ်ပါး၊ လူသား ခရစ်တော် ယေရှုတစ်ပါးတည်း ရှိပါသည်။”*

ယေရှုတစ်ပါးတည်းမှတစ်ဆင့် ကျွန်ုပ်တို့ တစ်ဦးတည်းနှင့်ဆိုင်သော ကယ်တင်ခြင်းကို ကျွန်ုပ်တို့ အလွန်ရှင်းကြသည့်အကြောင်း နှင့် ယေရှုက ကျွန်ုပ်တို့ တစ်ဦးတည်း၏ခေါင်းဆောင်ဖြစ်သည့်အကြောင်းတို့သည် စိတ်ဝင်စားစရာ ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် ၁တိ၊ ၂း၅ကို ကိုးကားက အသုံးချခြင်းဖြင့် ယဇ်ပရောဟိတ်တို့က အပြစ်လွှတ်ပေးခြင်းအကြောင်းကို လက်ခံသည့် ကဲသောလစ်ခ် နှင့် အောသောဒေါ့စ် တို့ကို ပယ်ချသော်လည်း ထာဝရဘုရား၏ နိုင်ငံတော်နှင့်ဆိုင်သည့်အဖွဲ့အစည်းမှာ လက်တွေ့အသုံးချဖို့ ဖြစ်လာသည့်အခါ လူသားခေါင်းဆောင်မှုသို့ လိုက်နာခြင်းအကြောင်း အောသောဒေါ့စ် နှင့် ကဲသောလစ်ခ် တရားသေဝါဒတို့ကို ကျွန်ုပ်တို့က ဟောကြားရသည်။ ကျွန်ုပ်တို့သည် လူသားခေါင်းဆောင်ကို နာခံစေခဲ့လျက် နိုင်ငံတော်မှာပဲ ဦးတည်ရမည်ဟု ကျွန်ုပ်တို့ ပြောခဲ့ကြသည်။ ကျွန်ုပ်တို့က ယေရှုနှင့် ထင်ထင်ရှားရှားပူးပေါင်းဆက်သွယ်ခြင်းအကြောင်းက ယေရှုထက် အခြားတစ်ဦးဦး

နှင့် ပြေလည်ရမည့်အကြောင်းကို ကျွန်ုပ်တို့က ပြောကြားခဲ့သည်။ ဤကဲ့သို့ ဖြစ်ပျက်သည့်အခါ ယေရှုက ပုံဆောင်သောခေါင်းဆောင် မျှသာ ဖြစ်လာသည်။ သို့ရာတွင်၊ ယေရှုက တည်ရှိပြီး၊ သူ့ခန္ဓာကိုယ်ကို ဦးတည်သောခေါင်းဆောင် အမြဲ အစစ်အမှန် ဖြစ်လိမ့်မည်။

ကျွန်ုပ်တို့ သွန်သင်သည့် ပုဂ္ဂိုလ်ရေး အုပ်စိုးခြင်း နှင့် လူသားခေါင်းဆောင်အတွက် ပူးပေါင်းလိုက်နာခြင်းတို့က စိတ်ကစဉ့်အလျားဖြစ်စေသည်။ ယုံကြည်သူများ အလွန် ရှုပ်ထွေးစေ၍ အသီးမသီးစေသည့်အကြောင်း တစ်ဦးဦးက စူးစမ်းနေပါသလား?

အသစ်ပြောင်းလဲသူရှိသည့်နေရာမှ အသင်းတော်ဦးဆောင်မှု၏ အဓိက“ပြဿနာ” သည် သူတို့က “ပုန်ကန်သူ”၊ “မိုက်မဲသူ” နှင့် “အမိန့်ကို နာခံဖို့” သင်ယူရန်လိုအပ်သူ ဖြစ်သည့်အကြောင်း ဖြစ်သည်ကို အနည်းစူးစမ်းခြင်းလည်း ဖြစ်သည်။

အသစ်ပြောင်းလဲလာသူက သူတို့၏ဘုရင်နှင့် ဆုံတွေ့ခဲ့သည့်အကြောင်း၊ ရှင်ဘုရင်၏အသံကို သူတို့၏စိတ်နှလုံးထဲမှာ မြည်နေသည့်အကြောင်း၊ ရှင်ဘုရင်၏ဝိညာဉ်သည် သူတို့ရှိသည့်နေရာမှာ ရွေ့လျားနေသည့်အကြောင်း၊ နှင့် သူတို့ကို သူ့ဦးတည်ချက်များ နှင့် လူများကို ချစ်ဖို့အတွက် မေတ္တာပြည့်ဝစေသည့် ရှင်ဘုရင်အသစ်နှင့် မီးအိုင်ပေါ်မှာ အတူတူ လျှောက်လှမ်းနေသည့်အကြောင်း တို့က ပြဿနာဖြစ်သည်။ သူတို့ ပတ်လည်မှာရှိသည့်လူထုက ကြီးမားသောမနာခံမှုအထဲမှာ သူ့ကိုယ်သူပဲ ဂရုစိုက်သည့် ဘာသာရေးဓလေ့အယူဝါဒကို သွတ်သွင်းလာခဲ့ပြီး သူတို့ပတ်လည်ရှိလူ့လောကကို အနည်းငယ်ပဲ စိတ်ဝင်စား၍ နေရာတကာ လျှောက်သွားနေသည် သို့မဟုတ် အနည်းငယ်ပဲ အဆက်အသွယ် ရှိသည်။

အရမ်းအားသန်သပါလား? မဟုတ်ဘူးလို့ ကျွန်ုပ်ထင်သည်။ လူထုနှင့်ဖွဲ့စည်းသော အသင်းတော်အများဆုံးသည် ယခုမှာ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ဆယ်ကျော်ကအတိုင်းပဲ ဖြစ်သည်။ သို့ရာတွင်၊ ထိုအတောအတွင်းမှာ သူတို့သည် နိုးထမှုအတွက် ဆုတောင်းလျက် သတင်းကောင်းကြေငြာနေပြီး၊ မကြာမီ ဖြစ်ပျက်မည့်အရာအားလုံးကို ပရောဖက်ပြုနေကြသည်။ အသစ်ပြောင်းလဲခြင်းမှာ သူတို့က ယေရှုကို သတ်ပြီးနောက် သူတို့အဝေးသို့ နှင်ခဲ့ပြီးဖြစ်သည့်ဘဝကို ပြန်ပါလာဖို့ကြိုးပမ်းခြင်းကို နိုးထသောတွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြသည်။

စိတ်စွမ်းအား၊ စိတ်လှုပ်ရှားမှုကို ခြယ်လှယ်ခြင်း နှင့် အပြုအမူပုံသွင်းခြင်း အများအပြားကို ၎င်းက ယူသွားလျက် ဘာသာရေးစနစ်သို့ အသစ်ပြောင်းလဲသူများကို လိုက်နာစေပြီး ကျန်ရှိသည့်လူထု၏ နာခံမှု ပုံမှန်ကင်းမဲ့ခြင်းအကြောင်း လက်ခံစေသည်။ ကျမ်းချက်များကို တလွဲသုံးကြလျက် ထိုမနာခံမှု နှင့် ဝိညာဉ်ရေးအေးစက်ခြင်းတို့ဖြင့် အသစ်ပြောင်းလဲသူကို စည်းရုံးဖို့ လိမ်ခဲ့ကြသည်။ သို့သော် လူကောင်းများက သူတို့၏လူကြီးများကို အမှန်ယုံကြည် အားကိုးကြသည်! ဤကား ယေရှု၏နောက်လိုက် ဖြစ်စေခြင်းထက် ဘာသာရေးအယူကူးပြောင်းစေခြင်း၏ဖြစ်စဉ်၊ ယေရှုအတွက် လုပ်ဖို့ထက် အဖွဲ့အစည်းအတွက် ပိုသစ္စာရှိသည့် အချက်သို့ တစ်ဦးဦးကို အတည်တကျဖွဲ့စည်းစေခြင်း၏ဖြစ်စဉ် စသည်တို့ ဖြစ်သည်။

အဖွဲ့အစည်း ဦးဆောင်ခြင်းမှာ ဤကဲ့သို့သစ္စာရှိခြင်းက မာဖီးယားတို့ တောင်းဆို

သည့်သစ္စာရှိခြင်းနှင့်အလားတူ ဖြစ်လာသည်။ သင်လုပ်နေသည့်အရာ မှားသည်ဟု အပေါ်က အကြောင်းဖြင့် သိနေသည့်အခါ နှင့် မှန်ကန်သောကိစ္စများမှာ စော်ကားခံရသည့်အခါ သင်သည် သစ္စာရှိမည် ဖြစ်သည်။ သစ္စာရှိခြင်းမှ တောင်းဆိုမှုများသည် အမှန်တရား တောင်းဆိုမှုများထက် ပိုမြင့်သည့်အချိန်မှာ သင်သည် ထာဝရဘုရား၏နိုင်ငံတော်ထဲမှာ ကြာကြာ မနေတော့ပါ။ ကူးကွယ်မှုဆိုင်ရာ ကျင့်စဉ်ထဲမှာ ရှိနေသည်။ ရာဇဝတ် အဖွဲ့အစည်းမှာ နေပြီး၊ ဘာသာရေးခေါင်းဆောင်များ အပြုအမူသည် အမှန်ကိစ္စများမှာ သူများကို ရင်ဆိုင်သည့်အခါ လူရမ်းကားလို ဖြစ်သည်!

ဤအရာက ဘာကြောင့် လုကာ ၁၀နှင့် လုပ်ရမည်နည်း? ကျွန်ုပ်တို့က အနာရောဂါငြိမ်းစေခြင်းဖြင့် နိုင်ငံတော်ကို ပုံဖော်ပြီးသည့်နောက်တွင် ထာဝရဘုရား၏နိုင်ငံတော်တည်လုနီးပြီးဟု ကြေငြာရမည် ဖြစ်သည်။ ဤနေရာမှာ တက်ကြွမှုအားက ဘာလည်း? သင့်ဆုတောင်းပေးခြင်းဖြင့် တစ်ဦးဦး၏ သား၊ လင်ယောကျ်ား၊ သမီး၊ မိန်းမ သို့မဟုတ် ဖအေ ကျန်းမာလာခဲ့လျှင် တကယ့်ပင်ကိုအားဖြင့် ဘာဖြစ်မည်နည်း? သူတို့က သင့်ကို အလွန်မြင့်မြတ်သောလေးစားမှု ပေးထားမည် ဖြစ်သည်။ ရှင်ဘုရင်ဖြစ်လာဖို့ ၎င်းတက်ကြွမှုအားကို လွယ်ကူစွာ အသုံးချနိုင်မည် ဖြစ်သည်။ သို့သော် သင့်တုံ့ပြန်မှုက ဘာဖြစ်မည်နည်း? သင့်တုံ့ပြန်မှုက ထာဝရဘုရား၏နိုင်ငံတော်တည်လုပြီဟု ပြောကြားဖို့ ဖြစ်ပါသည်။ ပေါလုနှင့်ဗာနဗတို့က တမန်တော်ဝတ္ထု ၁၄း၈-၁၈မှာ၊ “ငါတို့သည် သင်တို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူ ဖြစ်ပါ၏”ဟု ပြောသည့်အတိုင်း ဖြစ်၏။ ၎င်းက ဘာကို ဆိုလိုသနည်း? သင့်ဧည့်သည်က နိုင်ငံတော်ဝင်စားလိုလျက် သင်လုပ်သည့်အတိုင်း ဖျားနာခြင်း နှင့် နတ်ဆိုးများ အပေါ်မှာ ဩဇာညောင်းနိုင်လျှင် နိုင်ငံတော်ကို ဝင်စားနိုင်သည်ဟု ဆိုလိုပါသည်။ နိုင်ငံတော်ကို ပုံဖော်နေသည့် “တမန်တော်”တစ်ပါးသာလျှင်ဖြစ်သောကြောင့် သင့်ဧည့်သည်က ၎င်းကို မြင်တွေ့ပြီး၊ နိုင်ငံတော်တို့ ဝင်စား၍ သူ့အတွက် ရှင်ဘုရင်ယေရှုဟု နားလည်မည် ဖြစ်ပေသည်။

အမှောင်ဖုံးသည့်နိုင်ငံတော်အပေါ် ရှင်ဘုရင်၏ ဩဇာညောင်းခြင်းကို ဖော်ပြခြင်းဖြင့် နိုင်ငံတော်ကို ကျွန်ုပ်တို့က ပုံဖော်နိုင်ပြီး၊ အားလုံးအပေါ်မှာ အစေခံအဖြစ် ဆက်လက်တည်ရှိခြင်းဖြင့် နိုင်ငံတော်ကို စံပြုနိုင်ပါသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား နှင့် လူသားအကြားမှာ ဖျန်ဖြေသူများ လုံးဝ မဖြစ်နိုင်ပါ။ တခြားသူအပေါ်မှာ ကျွန်ုပ်တို့က ဝိညာဉ်ရေးရာဦးဆောင်သူအဖြစ် လုံးဝ ဟန်မဆောင်ရပါ။

ဤကား မွတ်ဆလင်ဓလေ့များမှလာသူအတွက် သီးသန့်အသိပေးခြင်း ဖြစ်သည်။ အမှန်တရားပြီးနောက် ချစ်ခြင်းကိုရှာဖွေသူ တစ်ချို့ရှိပြီး၊ အမှန်တရား ဖြစ်မည်ဟု သူတို့လက်ခံသည့်အကြောင်းအတွက် သေခံရဲကြသည်။ မွတ်ဆလင်၏ အဓိပ္ပါယ်အမှန်သည် ထာဝရဘုရားအတွက် ဆက်ကပ်သည်ဟူ၍ ဖြစ်သည်။ သို့ရာတွင်၊ ထာဝရဘုရား၏နိုင်ငံတော်သို့ ဝင်စားဖို့ ပြောသည့်အခါ၊ နိုင်ငံခြား ဘာသာဓလေ့၊ ဂုဏ်သိမ်အဆင့်ဆင့်ကို လိုက်နာရမည်

သို့မဟုတ် နိုင်ငံခြားအဆောက်အအုံသို့ဝင်စားခြင်းသည် အစွန်းရောက်မှုကို တိုက်ခိုက်စေသောကြောင့် သူ့ဝိညာဉ်ရေးပိုင်းက အရာခပ်သိမ်း ဝေဒနာအမှန်ခံစားစေသည့် ၎င်းကဲ့သို့လိုက်နာခြင်းက ယတိပြတ် မှားပါသည်။

ကျွန်ုပ်တို့က သူ့အိမ် နှင့် သူ့ဓလေ့တို့မှာ ထာဝရဘုရား၏နိုင်ငံတော်ကို သရုပ်ဖော်ဖို့ ဖြစ်သည်။ ကျွန်ုပ်တို့က လုံးဝ ရှင်ဘုရင် မဖြစ်နိုင်သော်လည်း ယေရှုတစ်ပါးတည်းအားဖြင့်သာ လွတ်လပ်စွာ ဝင်စားနိုင်သည့်၊ ယေရှုတစ်ပါးတည်းကို နာခံခြင်းဖြင့် နေထိုင်နိုင်သည့် ထာဝရဘုရား၏နိုင်ငံတော်ကို သရုပ်ဖော်ဖို့ အမြဲ အစေခံ၍ အမှုတော်ဆောင်ရမည် ဖြစ်သည်။ ဟုတ်ပါသည်၊ ဤအကြောင်းက ရိုးရာဓလေ့တိုင်း နှင့် လူ့အဖွဲ့အစည်းတိုင်းအတွက် မှန်ကန်ပါသည်။

## ၈/ဘယ်သူက တာဝန်ရှိသနည်း?

လူထုအသင်းတော်တိုင်း နှင့် လူ့အဖွဲ့အစည်းတိုင်းမှာ မေးလေ့ရှိသည့် ပထမမေးခွန်းသည် "ဘယ်သူ တာဝန်ရှိသနည်း?" ဖြစ်သည်။ ကျွန်ုပ်တို့၏စိတ်ထဲမှ အဖွဲ့အစည်း ပုံစံသည် ပိရမစ်လို ဖြစ်ပြီး၊ ဂုဏ်အဆင့်ဆင့်ရှိလျက် ဖွဲ့စည်းပုံသြဇာနှင့် ကိုက်ညီကြောင်းကို သိဖို့ လိုအပ်သည့်အဖွဲ့အစည်းထဲ ၎င်းကို ဖြစ်ထွန်းစေရမည်။ အသစ်သောတမန်တော်လှုပ်ရှားမှုများက ဦးတည်ချက်၊ ရူပါရုံ နှင့် အရင်းအနှီးခွဲဝေပေးခြင်းတို့ကို အားသန်သောဗဟိုအုပ်ချုပ်ရေးခိုင်မာစေခြင်းဖြင့် ဒေသန္တာရအသင်းတော်မှာ ဧကန်ပြဿနာများကို ရပ်တန့်စေဖို့ ကြိုးစားခဲ့ကြသည်။ ဤအကြောင်းက ကနဦးအသင်းတော်မှာ ဖြစ်သည့်အကြောင်းကို "ပြန်လည်ထူထောင်ခြင်း" ဖြစ်သော်လည်း အမှန်စင်စစ် ရှေးပုပ်ရဟန်းမင်း၏စနစ် ဖြစ်သည်ဟု သူတို့က ပြောခဲ့ကြသည်။

ပုပ်၊ ခရစ်ယာန်ဘုန်းကြီး၊ ဂိုဏ်းအုပ်၊ ယဇ်ပုရောဟိတ် နှင့် အစားထိုးတမန်တော်၊ ပရောဖက်၊ ပတ်စ်တာ၊ အသင်းတော်လူကြီးတို့ကို ယူသွားပါ။ ဤအရာက ငယ်သောပုပ်အများအပြား၊ ကျေးကျွန်အများအပြား၊ ပြဿနာအများအပြားတို့ကို ဖန်တီးပေးပြီး၊ ကနဦးအသင်းမှာ ၎င်းတို့နှင့် ဘာမှမလုပ်ကြပါ။ ပိရမစ်များက လူသေများအတွက် ဖြစ်သည်။ ကျေးကျွန်များက ပိရမစ်ကို တည်ဆောက်ကြရ၏! ဖါရောအတွက် အုတ်ခဲအများအပြားကို ဘာကြောင့် ပြုလုပ်သေးသနည်း?

သို့သော်လည်း လုကာ၊ ၁၀က ကွဲပြားသောရုပ်ပုံကို ဆွဲပြနေသည်။ ကနဦးအသင်းတော်မှာ ဘာတွေဖြစ်သနည်း? သင်သည် တခြားသူ၏အိမ်မှာ သွားသည့်အခါ သင်ဟာ အမြဲတမ်း ဧည့်သည်၊ အစေခံ ဖြစ်သည်။ သင်သည် လုံးဝ အစိုးမရပါ။ သူတို့၏ စားပွဲ ကုလားထိုင်များကို ဘယ်လိုစီရမည့်အကြောင်း၊ သူတို့၏ အိမ်ဖော်ကို စေခိုင်းဖို့ သို့မဟုတ် သင်နှစ်သက်သောအစားအစာများကို တောင်းဖို့ အစပြုမည် မဟုတ်ပါ။ နိုင်ငံတော်ကို ရုပ်လုံးဖော်ခြင်းမှ သင်၏အလုပ်သည် သင့်ဧည့်သည်များကို တပည့်တော်ဖြစ်၍ သူတို့မိသားစု နှင့် မိတ်ဆွေများ၏ ပတ်စ်တာ/သိုးထိန်း/ဘုန်းကြီး/အသင်းတော်လူကြီး (ဓမ္မသစ်၌ ထိုအရာများကို အပြန်အလှန် အသုံးပြုသည်- တမန်တော်၊ ၂၀း၁၇ နှင့် ၂၈) ဖြစ်လာကြသည်။ ကမ္ဘာမြေပေါ်မှာ ထာဝရဘုရား နိုင်ငံတော်၏ သာမန်သြဇာ၊ လွှမ်းမိုးခြင်း နှင့် ဖွင့်ပြခြင်းတို့သည် မိသားစု နှင့် မိတ်ဖွဲ့ဆက်သွယ်ခြင်းများကဲ့သို့ လွယ်ကူသောဆက်သွယ်မှုဖွဲ့စည်းပုံများကြောင့် ဖြစ်သည်။

အသင်းတော်ထုံးစံစည်းစနစ်အများအပြား၏ ဝမ်းနည်းဖွယ်အမှန်ဖြစ်ခြင်းသည် အိမ်၏သြဇာကို ဖျက်ဆီးလာကြသည့်အကြောင်း နှင့် မိသားစု အချိန်၊ စွမ်းအင်တို့အတွက် အဖွဲ့အစည်း၏အစီအစဉ်များ ပြိုင်ကြသည့်အကြောင်း တို့ဖြစ်သည်။ ဤအဖြစ်မှ ရလဒ်တစ်ခုက ယုံကြည်သူများ၏အိမ်များမှ ကြီးပြင်းလာသည့်ကလေးအများဆုံးသည် သူတို့၏အရွယ်ရောက်လူငယ်အချိန်များသို့ ဝင်လာမည့်အပေါ်မှာ ယုံကြည်ချက်ကို ထားခဲ့သည်။

နိုင်ငံတော်အကြောင်းကို သင် ကြေငြာသည့်အခါ သင့်တပည့်အသစ်က ယဇ်ပုရောဟိတ်များ၏နိုင်ငံတော့်အဖွဲ့ဝင်၊ သစ္စာရှိသောယဇ်ပုရောဟိတ်၊ သန့်ရှင်းသောလူမျိုး (၁ပေ၊ ၂း၁-၁၀)၊ ကောင်းကင်ဘုံရှင်ခမည်းတော်၏ သား (သို့) သမီး (၁ယော၊ ၃း၁-၃) တို့ဖြစ်သည်။ ထိုဘုရားသား၊ သမီးများက ယေရှု၏ အသွေးတော်ဖြင့် အသန့်ရှင်းဆုံးနေရာသို့ ဝင်ရောက်ခွင့်ရသည် (ဟေဗြဲ၊ ၁၀း၁၉-၂၅၊ ၁၂း၂၂-၂၄)၊ အမှန်တရားတိုင်းမှာ လမ်းပြဖို့ သန့်ရှင်းသောဝိညာဉ်တော် ဝင်စားသည် (ယော၊ ၁၆း၁၃-၁၅ နှင့် ၁ယော၊ ၂း၂၄-၂၇)၊ ထာဝရဘုရားက သူ့ပဋိညာဉ်များကို ရေးသည့် စိတ်နှလုံးအသစ် ရှိကြသည် (၂ကော၊ ၃း၃)၊ သူတို့၏ဂုဏ် နှင့် ဦးခေါင်းက ယေရှု ဖြစ်သည် (ကောလောသဲ၊ ၁း၁၈) နှင့် ခရစ်တော်၌ အရာခပ်သိမ်း ပိုင်ဆိုင်ကြသည် (ဧဖက်၊ ၁ - ၃ နှင့် ၁ကော၊ ၃း၂၁-၂၃)။

ထိုအရာများမှာ ဘယ်လို လူ့ခေါင်းဆောင်မှုက သင့်တော်မည်နည်း? အစေခံခေါင်း၏ အခြေခံအလုပ်သည် ထာဝရဘုရားကိုယုံကြည်ခြင်း၌ သူတို့ကို ဦးဆောင်၍ ခရစ်တော်၌ အသက်ရှင်စေကြပြီး ယုံကြည်စိတ်ချမှုကို သရုပ်ဖော်ခြင်းဖြင့် နိုင်ငံတော်ကို ပုံဖော်ဖို့ ဖြစ်သည်။ လူသားဦးဆောင်မှုသည် အရာခပ်သိမ်း၌ ခရစ်တော်၏အုပ်စိုးခြင်းသို့ ချစ်ခြင်းကြောင့် လွတ်ငြိမ်းခွင့်ရခြင်းအကြောင်း ဖြစ်သည်။

*"ထိုသို့ဆိုသော်လည်း၊ ငါတို့သည် သင်တို့၏ ယုံကြည်ခြင်းကို အစိုးရသည်မဟုတ်။ သင်တို့၏ ဝမ်းမြောက်ခြင်းအကြောင်းကို ကူမ၍သာပြုကြ၏။ အဘယ်ကြောင့်နည်းဟူ မူကား၊ ယုံကြည်ခြင်းအားဖြင့် သင်တို့သည်တည်နိုင်ကြ၏။" ၂ကောရိန္သု၊ ၁း၂၄။*

၁ နှင့် ၂ ကောရိန္သုသြဝါဒစာတစ်လျှောက်လုံးမှာ ရှင်ပေါလုက ခရစ်ယာန်များကို အကြံပြု၍ ဆွဲဆောင်ပြီး သူတို့၏ကိစ္စများကို ကိုင်တွယ်ဖြေရှင်းပေးဖို့ နှင့် အပြစ်သားညီအစ်ကိုဆီသို့ စည်းကမ်း ချပေးဖို့ ကြိုးပမ်းနေပါသည်။ အသင်းတော်လူကြီးများဆီကို သူက စာမရေး၊ ထိုအရာကို လိုက်လျှောက်ဖို့လည်း အမိန့်မပေးပါ! သြဇာလွှဲအပ်ခြင်း မှတ်တမ်းစာချုပ်

တစ်ခုခု သို့မဟုတ် အမိန့်နှောင်ကြိုးတစ်ခုခုကို အလိုက်လျှောက်ခိုင်းပါ။ သူသည် အသင်းတော်တစ်ခုလုံးဆီသို့ စာရေးပြီး၊ သူက ထိုသူတို့ကို ချစ်ကတည်းကစ၍ သူတို့သိနားလည်သည့် ဖြောင့်မတ်ခြင်းကြောင့် သူ့စရိတ်အကုန်ခံ၍ သူတို့ကို အမြဲ အစေခံကာ အလုပ်လုပ်ဖို့ အသင်းတော်ကို အသနားခံသည်။

ထာဝရဘုရား၏ နိုင်ငံတော်၌ ခေါင်းဆောင်ခြင်းသည် ပုံပမာ နှင့် အကြံပေးခြင်းတို့ဖြင့် ဦးဆောင်ခြင်း ဖြစ်သည်။ အကြံပေးခြင်းသည် မိုက်မိုက်မဲမဲ သို့မဟုတ် ပညာရှိရှိ ဆက်ဆံခြင်း ဖြစ်ပြီး၊ နောက်ဆုံး ဆုံးဖြတ်ချက်နှင့် ရှင်သန်နေမည့်သူများကို ချန်ထားခဲ့သည်။ ၎င်းက ယေရှုသည် သူ့အသင်းတော် တည်ခြင်းသို့ သူ့ကို ထားခဲ့ဖို့ နှင့် ထာဝရဘုရား၏ ရှေ့မှောက်မှာ သူတို့၏တာဝန်များနှင့် ရင်ဆိုင်ဖို့ ထာဝရဘုရား၏သားသမီးများကို ချန်ထားခြင်းအကြောင်း ဖြစ်သည်။ ခေတ်ပြိုင်အသင်းတော်အများဆုံးတွင် ခေါင်းဆောင်မှုသည် ခွင့်ပြုချက်ပေးခြင်းအကြောင်း ရှိသည်။ မဟုတ် (သို့) ဟုတ်ကဲ့ဟု ဆက်ဆံစေသည်။ သူတို့က သင်လုပ်နိုင် (သို့) မလုပ်နိုင်သည့်အကြောင်းကို ပြောပြသည်။ ၎င်းက ထာဝရဘုရားနှင့် ဘယ်လို မိတ်ဖွဲ့ရမည့်အကြောင်းကို နားမလည်သည့် ကလေးများကို ဝိညာဉ်ရေးပုံပျက်စေအောင် ပျိုးထောင်ပေးဖို့ အမိန့်ပေး၍ ထိန်းချုပ်သည့်အကြောင်း ဖြစ်သည်။

အများအားဖြင့် အမိန့်ပေး၍ ထိန်ချုပ်ခြင်းရှိမည့် မဟာအဖွဲ့အစည်းမှာ ၎င်းကို အမှန်အဖြစ်ယူဆသည်။ အမှန်စင်စစ် ဖြစ်နိုင်သော်လည်း ယေရှု၏အသင်းတော်က မဟာအဖွဲ့အစည်း ဖြစ်ဖို့ ဆိုလိုခြင်းဖြစ်သလား? ကျွန်ုပ်တို့သည် ယေရှု၏စကားကို နာခံ၍ အိမ်များမှာ တပည့်များ ဖြစ်ပေါ်စေလျက် တိုးပွားစေကြလျှင်၊ အသင်းတော်တိုင်းက သေးငယ်သော်လည်း တစ်ယောက်နှင့်တစ်ယောက် စောင့်ဆိုင်းလျက် အဖွဲ့ဝင်တိုင်းက သခင်၏အသံကို ကြား၍ နာခံခြင်း အမွေကို အဆင်သင့် လေ့ကျင့်နိုင်သည်။ ယေရှုခရစ်တော်၏အသင်းတော်က သူ့ခန္ဓာကိုယ် ဖြစ်ဖို့ ဆိုလိုသည့်အဓိပ္ပါယ်ရှိသည်။

ဤသေးငယ်သောအဖွဲ့အစည်းများက ရောမအင်ပါယာကို ဖြတ်၍ အင်ပါယာ၏ ဆယ်ရာခိုင်နှုန်းအထိ တိုးပွားကာ ယေရှုနောက်လိုက်တပည့်တော်များ ဖြစ်စေခဲ့သည်။ သူတို့က ၎င်းကို ဗဟိုရုံးချုပ်၊ ရာထူးဂုဏ်၊ ရာထူးအာဏာတည်စေဖို့ ထိန်းချုပ်ခြင်း သို့မဟုတ် အဓိကကျသော ရန်ပုံငွေ ရှာဖွေခြင်း တစ်ခုခု နှင့် ပေးဝေခြင်း စနစ် စသည်တို့နှင့် မလုပ်ဆောင်ခဲ့ကြပါ။ ယုံကြည်သူတိုင်းက သူတို့၏စိတ်နှလုံးထဲမှာ အဖွဲ့အစည်း၏ ဒီအင်အေကို သယ်ဆောင်ခဲ့ကြသည်။ သခင်၏ ဒီအင်အေ နှင့်အညီ သစ္စာရှိစွာ ဖြစ်ထွန်းစေပါသည်။ လူသားခေါင်းဆောင်မှုက ခေါင်း နှင့် သူ့ခန္ဓာကိုယ်၏အဖွဲ့ဝင်များ အကြားဖြစ်သောအခါ ၎င်းက မှားသွားပါသည်! ဇီဝရုပ်က အဖွဲ့အစည်း ဖြစ်လာသည့်အခါမှာလည်း ၎င်းက မှားသွားပါသည်။

ယေရှု လိုချင်သည့်အသင်းတော်ကို ကျွန်ုပ်တို့က မစိတ်ကူးမိသည့်အကြောင်း အလွန်ကြာသောကြောင့် ကျွန်ုပ်တို့ မြင်တွေ့သည့်အသင်းတော်သည် သိသည့်အတိုင်းသာ ရှိခဲ့သည်! ယေရှုက သူ့အသင်းတော်ကို ပြန်လိုချင်သည်! ကျွန်ုပ်တို့က စိတ်မကူးမိသည့် ယေရှုအမှန် လမ်းညွှန်သောသူ့ခန္ဓာကိုယ်ကို လူသားဦးဆောင်ဖို့ လက်ခံခြင်း၊ လိုအပ်မှု နှင့် သက်ဝင်ယုံကြည်ခြင်းတို့အတွက် အခြေအနေက ကန့်သတ်လွန်းပါသည်။

ယေရှု၏ခန္ဓာကိုယ်ကို ဦးတည်ခြင်းက ပုန်ကန်သူ့လွတ်လပ်ခြင်းကို တွေ့ရှိစေသောကြောင့် ယေရှုကို သက်ဝင်ယုံကြည်ခြင်းကို ထုတ်ဖော်ပြသည့် လူသားဦးဆောင်ခြင်း“လိုအပ်မှု” အတွက် ကျွန်ုပ်တို့က အခြေအနေကို ကန့်သတ်လွန်းပါသည်!

ရှင်လုကာ၊ ၁၀မှာ ယေရှုက မျှော်မှန်းသည့်အသင်းအတိုင်း ဘယ်အသင်းတော်က အကောင်းဆုံး လက္ခဏာကိုဆောင်သနည်း? ဝက်သစ်ချပင် သို့မဟုတ် စတောဘယ်ရီပင်လား? ဆင် သို့မဟုတ် ယုန် လား? ဟုတ်ကဲ့ပါ၊ ထာဝရဘုရားက နှစ်ခုစလုံးကို ဖန်ဆင်းခဲ့သော်လည်း ရှင်လုကာ အခန်းကြီး ၁၀ကို နာခံခြင်း ရလဒ်မှ အသင်းတော်များ၏ ထူးခြားသည့်လက္ခဏာများက ဘယ်ဟာသည်လည်း? အဖြေက ရှင်းပါသည်! စတောဘယ်ရီပင်များနှင့် ယုန်များ ဖြစ်သည်။ ဆင်များ နှင့် ဝက်သစ်ချပင်များအတွက် ထာဝရဘုရားကို ချီးမွမ်းစရာ ဖြစ်သော်လည်း လူများက ၎င်းတို့နှင့် အိမ်ဆောက်ဖို့ အဘယ်ကြောင့် ကြိုးပမ်းနေပါသနည်း? သင်သည် ပလ္လင်ကို ဝက်သစ်ချပင် သို့မဟုတ် ဆင်ပေါ်မှာ တည်နိုင်ပြီး၊ လောကသားအားလုံးက မြင်တွေ့နိုင်၍ ကြီးမြတ်သောအမှုတော် သင့်မှာ ရှိကြောင်းကို နားလည်နိုင်မည် ဖြစ်သည်။ သို့သော် သင်သည် စတောဘယ်ရီ ပင်ပေါ်ထိုင်ဖို့ သို့မဟုတ် ယုန်ကို စီးဖို့ ရှုးနမ်းစွာ ကြိုးစား ရှာနေသည်။

သို့သော်လည်း သင်သည် စတောဘယ်ရီပင် တစ်ပင်ကို လယ်ထဲမှာ စိုက်လျှင် ၎င်းက လျင်မြန်စွာအပင်ပေါက်လာပြီး အခြားအပင်များတွယ်လာဖို့ အစပြုလာသည်။ အပင်အသီးသီးက အမြစ်များ ချ၍၊ အသက်အတွက် ရေကို သူတို့ဖာသာ ရှာကြပြီး အရွက်များ ဖြန့်လာကာ သားတော်၏ ချင်ခြင်းကို စုပ်ယူလျက် မကြာမီလယ်ကွင်းကို စတောဘယ်ရီပင်များက ဖုံးလွှမ်းလာမည် ဖြစ်ပါသည်။ သူတို့သည် ဆက်နွယ်ကြသော်လည်း တစ်ခုအပေါ်တစ်ခု မှီခိုအားမထားကြပါ! သင်သည် ဘယ်ဟာက ပထမဆုံးပေါက်သည့် စတောဘယ်ရီပင်ဟု ပြောနိုင်တော့မည် မဟုတ်ပါ!

သင်သည် ယုန်နှစ်ကောင်ထဲကို နှစ်နှစ်ကြာထားခဲ့လျှင် အနည်း ယုန်တစ်သန်းပိုင်ဆိုင်ရမည် ဖြစ်သည်။ နှစ်နှစ်ကုန်ဆုံးပြီးသည့်နောက်မှာ ဆင်နှစ်ကောင်သည် ဆင်တစ်ကောင်ကို ဖြစ်ထွန်းလာ၍၊ ၎င်းအတိုင်း ရဖို့ အရင်းအနှီး အများအပြား ကုန်ကျပါမည်။

ခေါင်းဆောင်မဲ့သောအဖွဲ့အစည်း၏ “ပြဿနာ”သည ပုဂ္ဂိုလ်ရေးကြွယ်ဝခြင်းကို ဖန်တီးဖို့ သူတို့ကို အသုံးပြုရန် ခက်ခဲခြင်း ဖြစ်သည်။ ရာထူးဂုဏ်သိမ်များက ကြွယ်ဝခြင်း စီးလာအောင် ဖန်တီးသည်။ တစ်ဦးက လူသည် သူ့လစာ အပေါ်မှာ မှီခိုနေကြောင်း နားမလည်လျှင် တစ်ချို့အကြောင်းကို နာလည်မှာမဟုတ်ဟု ပြောခဲ့ပါသည်။ သူတို့ပြောသကဲ့သို့၊ သင်သည် အလုပ်တစ်ချို့လုပ်နိုင်သည့်အကြောင်းကို နားလည်လိုပါက ငွေ နောက်ပါသွား

မည် ဖြစ်သည်။ ကျွမ်းကျင်အမှုတော်ဆောင်အဆင့်များမှာ အများအပြားအတွက် ကြီးမားသောပြိုလဲခြင်းသည် ထိုလစာကိစ္စ နှင့် ငွေကြေးအာမခံချက် စသည်တို့ ဖြစ်သည်။

မိတ်ဆွေအသစ်က ဒေသန္တရကျမ်းစာကျောင်းတစ်ခု၌ အမှုတော်ဆောင်ခြင်း ပါရဂူဓမ္မပညာကို ဆက်လက်ဆည်းပူးနေသည်။ မတ်စတာ နှင့် ပါရဂူ တက်ရောက်သင်ယူခွင့်ရသူအများအပြားသည် အခြေခံကျ၍ အင်္ဂါရပ်ပြည့်စုံသောအသင်းအကြောင်းကို ဆွေးနွေးနေကြပြီး ကျမ်းစာစံနှုန်းဖြစ်သည်ဟု ယုံကြည်ဖို့ အစပြုလာပါတော့သည်။ သို့ရာတွင်၊ သူတို့မှာ လူထုပြဿနာတစ်ခု ရှိသည်။ ကြီးမားသောလူထုအသင်းတော်များမှာ ကျွမ်းကျင် သောအမှုတော်ဆောင်အဆင့်များကဲ့သို့ အသုံးချတတ်ဖို့ နှစ်ပေါင်းများစွာ လေ့လာခဲ့ပြီး ဖြစ်ပါသည်။ ယေရှု၏မိန့်မှာချက်သည် တပည့်တော်များ ဖြစ်ထွန်းစေဖို့ ဖြစ်၍ အဖွဲ့အစည်း များ တည်ထောင်ဖို့ မဟုတ်သည့်အကြောင်း နှင့် အင်္ဂါပြည့်စုံသောအသင်းတော်အကြောင်း သူတို့အယူအဆ၏ အကျိုးဆက်များကို သူတို့က လက်ခံလာကြလျှင် သူတို့ကိုယ်တိုင် နှင့် သူတို့မိသားစုများ ထောက်ခံမှုဖြင့် တခြားအရာကို တွေ့ရှိနိုင်မည် ဖြစ်သည်။ သူတို့က တာဝန်ရှိလိမ့်မည် မဟုတ်ပါ။

ဘယ်သူ တာဝန် ရှိသနည်း?

ယေရှု!

## ဃ/ဘုရင်မဟုတ်ပဲ၊ အမြဲတမ်း အစေခံဖြစ်ခြင်း သို့မဟုတ် အသင်းတော်လူကြီးများက ဘယ်လိုလည်း?

ဓမ္မသစ်ကျမ်း၏ ကျန်သည့်အပုင်းကို ဖြတ်၍ ရှင်လုကာ ၁၀ကို တောက်လျှောက် လေ့လာကြည့်ပါက သင်သည် အိမ်ကို ရည်ညွှန်းသည့်အသင်းတော်ကို အနည်းဆုံး တိုက်ရိုက် ၁၅ကြိမ်နှင့် သွယ်ဝိုက်၍ ၁၅ကြိမ် တွေ့နိုင်မည် ဖြစ်သည် (ဖြည့်စွက်ချက် #၂မှာ တွေ့နိုင်သည်)။ ငြိမ်းအေးသောလူက သူ့ကိုယ်ပိုင်မိသားစု နှင့် မိတ်ဆွေများ၏ သိုးထိန်း/ပတ်စတာ/ခရစ်ယာန်ဘုန်းကြီး/အသင်းတော်လူကြီး ဖြစ်လာဖို့ အကြံပေးကူညီခဲ့သည့်နေရာက ဤအိမ်များဖြစ်ပါသည်။

ဟုတ်ပြီ၊ အသင်းတော်လူကြီးများ သိက္ခာတင်ခြင်းက ဘာလည်း? ၎င်းက ရာထူးဂုဏ်သိမ်ကို သွယ်ဝိုက်ညွှန်းဆိုပါသလား? ၎င်းက ထိုအင်္ဂါရပ်ရှိသည့်ရုပါရုံနှင့် ဘယ်လိုသင့်တော်မည်နည်း? ပထမဆုံးအနေဖြင့် ကျွန်ုပ်တို့သည် "သိက္ခာတင်"အခေါ်အဝေါ်မှ အမှန် ဝေးနေဖို့လိုပါသည်။ ဘာသာရေးအဖွဲ့အစည်းများ အသုံးပြုသည့် "သိက္ခာတင်ခြင်း"က ရာထူးဂုဏ်သိမ်နှင့် ပို၍ဝေးသည့် တစ်ယောက်မှ အခြားတစ်ယောက်သို့ အဆင့်နှင့်တန်ခိုးပေးခြင်းကို အခိုင်အမာ သွယ်ဝိုက်ညွှန်းဆိုပါသည်။ ၎င်းအစား၊ ရှင်ပေါလုက ၁တိ၊ ၃ နှင့် တိတု၊ ၁တို့တွင် ပြောသည့်အကြောင်း၏ ဖြစ်စဉ်သည် ရင့်ကျက်သောအသီးဖြင့် သက်သေပြနိုင်သည့်အကြောင်း တစ်ယောက်စီတိုင်းအပေါ်မှာ ထာဝရဘုရား၏ ကျေးဇူးတော်ကို လွယ်လွယ်သိနားလည်နိုင်ဖို့အတွက် ပို၍ကောင်းသောဝိသေသလက္ခဏာ ဖြစ်သည်။ ထာဝရဘုရား၌ နှစ်များ၊ ဘဝအတွေ့အကြုံ နှင့် အချိန် တို့ကြောင့် အရွယ်ရောက်လာသည့်အရှေ့တိုင်းသားများ၏ ဓလေ့အမှန်အပေါ် လေးစားမှုကို ကျွန်ုပ်တို့က အလေးထားဖို့လည်း လိုအပ်သည်။ ဤအကြောင်းက အထုံပါရမီ၊ ပင်ကိုယ်အရည်အသွေး သို့မဟုတ် ဩဇာတိက္ကမနှင့် ပြည့်စုံသောကြောင့် အနောက်တိုင်းပုံစံဖြင့် အရွယ်မြင့်တင်ခြင်းမျိုး မဟုတ်ပါ။ အောင်မြင်သောဘဝအတွေ့အကြုံကြောင့် အရွယ်ရောက်လာမည့် အရှေ့တိုင်းသားများကို ဂုဏ်ပြုခြင်းမျိုးသာဖြစ်ပါသည်။

ထို့ကြောင့် ရှင်ပေါလုသည် Creteသို့ ဆက်သွား၍ အိမ်အသင်းတော်အချို့ကို တည်ခဲ့သည်။ ထို့နောက် တိတု ၁မှာ သူက တိတုကို သူလုပ်ဆောင်သည့်အတိုင်း အထုံပါရမီ သို့မဟုတ် ပင်ကိုယ်အရည်အသွေးထက် အပြုအမူ နှင့် ဆက်ဆံရေးဂုဏ်ပုဒ်တို့ကို ရှာဖွေဖို့ ညွှန်ကြားပြီး၊ လူကြီးများကို အသိအမှတ်ပြု၍ ပြန်လာဖို့ လမ်းညွှန်ပါသည်။ ရှင်လုကာ၊ ၁၀ကို အနုကြည့်လေ့လာခြင်းဖြင့်၊ သူတို့အိမ်သားများအပြင် သူတို့ အစေခံဖို့ အသိအမှတ်ပြုစေမည့် တစ်အိမ်မှာ လူကြီးတစ်ပါး ဖြစ်လာကာ မြို့မှ အသင်းတော်၌ အခြားစုရုံးလာကြသူများဆီသို့ အကြံပြုနိုင်မည် ဖြစ်သည်။

အိမ်ဖော်များ၏ ခေါင်းဆောင်တစ်ချို့သည် လူကြီးများကဲ့သို့ အသိအမှတ်ပြုစေဖို့ သူတို့အသက်တာ၌လိုအပ်သောအသီး သီးလာမည် မဟုတ်ပါ။ ထိုသူတို့သည် Crete အသင်းတော်လူကြီးများ ဖြစ်လာဖို့ ၎င်းက မလုပ်ပေးခဲ့ပါ။ အသင်းတော်လူကြီးအသစ်၏အိမ်မှာ ဘာပြောင်းလဲမှု ရှိသနည်း? ဘာမှမရှိပါ။ အသင်းတော်လူကြီးကဲ့သို့ အသိအမှတ်ပြုမခံရသည့် တစ်ဦး နေသည့်အိမ်မှာ ဘာပြောင်းလဲမှု ရှိသနည်း? ဘာမှမရှိပါ။ သို့ရာတွင်၊ အသင်းလူကြီးသည် သူ့အနီးအနားမှာရှိသည့်တစ်ခြားအိမ်အသင်းတော်များကို ကူညီနိုင်သည့်သူတစ်ဦးအဖြစ် အသိအမှတ်ပြုခံနိုင်မည် ဖြစ်သည်။

ထိုအလင်းထဲမှာ ဧဖက်အသင်းတော်လူကြီးများထံသို့ ရှင်ပေါလု၏ စွပ်စွဲချက်ကို လေ့လာကြည့်ကြစို့။ တည်ထောင်ခြင်း၊ စမ်းသပ်ခြင်း နှင့် အသိအမှတ်ပြုခြင်းတို့၏ ထပ်တူဖြစ်စဉ်ကို ဧဖက်မှာ ယူလာခဲ့ကြပြီး၊ ရှင်ပေါလုက ယေရုစလင်သို့ သူ့နောက်ဆုံးခရီးစဉ်မှာ အသင်းတော်လူကြီးများစုရုံး ခေါ်ဖိတ်၍ သူတို့ကို သတိပေးခဲ့သည်ကို တမန်တော်ဝတ္ထု ၂၀း၂၉-၃၀မှာ အောက်ပါအတိုင်း တွေ့နိုင်သည်။

*"အကြောင်းမူကား၊ ငါမရှိသည်နောက်၊ ကြမ်းတမ်းသော တောခွေးတို့သည် သိုးများကို မသနားဘဲ သင်တို့အထဲသို့ ဝင်မည်ကိုဎင်း၊ တပည့်တော်များကို သွေးဆောင်ခြင်းငှါ၊ မှားသောစကားကို ပြောတတ်သောလူတို့သည် သင်တို့အထဲ၌လည်း ပေါ်လာမည်ကိုဎင်း ငါသိ၏။"*

သူက ဘေးအန္တရာယ်နှစ်ခုကို သွားတွေ့သည်။ တစ်ခုက "ရိုင်းစိုင်းကြမ်းကြုတ်သော

ဝံပုလွေများ”မှ ဖြစ်သည်။ ဩဇာနှင့်ငွေကြေးကိုပဲ အရေးစိုက် နေသည့် မှားသောတမန်တော်များအကြောင်းကို သူက ပြောသည့်အခါ ၎င်းဘေးအန္တရာယ် အကြောင်းများကိုလည်း ၂ ကောရိန္သု၊ ၁၁မှာ ပြောထားပါသည်။ သူက ထိုအပြင်မှအန္တရာယ် အကြောင်းကို တိတုဆီမှာလည်း ပြောခဲ့သည်၊

*“ထိုသူတို့၏ နှုတ်ကို ပိတ်ရမည်။ သူတို့သည် မစင်ကြယ်သောစီးပွါးကို တပ်မက်လျက်၊ မပေးအပ်သောဩဝါဒကို ပေး၍၊ တအိမ်ထောင်လုံးကို မှောက်လှန်တတ်ကြ၏။” တိတုဩဝါဒစာ ၁း၁၁*

ဒုတိယ အန္တရာယ်က အတွင်းပိုင်းမှ ဖြစ်သည်။ အတွင်းပိုင်းအန္တရာယ်သည် အသင်းတော်လူကြီးတစ်ချို့က သူတို့ကိုယ်သူတို့ တမန်တော်များအဖြစ် ဝင်လာကြခြင်း ဖြစ်ပါသည်။ ဤနေရာမှာ တက်ကြွအားက ဘာဖြစ်သနည်း?

မြို့ထဲရှိအသင်းတော်လူကြီးတစ်ပါးကဲ့သို့ သူ့အိမ် အပြင်ဘက် နှင့် သူ/သူမ၏ ကိုယ်ပိုင် အိမ်အသင်းတော်၏အတွင်းပိုင်းမှ တစ်ဦးဦးက လူကြီးတစ်ပါးကို အသိအမှတ်ပြုနိုင်မည် ဖြစ်သည်။ ပထမဆုံး နိုင်ငံတော်ကို သရုပ်ဖော်ခြင်း နှင့် စံပြုခြင်းတို့ဖြင့် အိမ်အသင်းတော်တစ်ခုစီ၏ ကျန်းမာခြင်းကို သေချာစေဖို့အကြောင်း၊ ဒုတိယမှာ လက်တင်ဆုတောင်းခြင်းအားဖြင့် အနာငြိမ်းခြင်းအမှုတော် ဖြစ်နိုင်ဖို့အကြောင်း၊ တတိယမှာ ဒေသန္တာရပထဝီဇရိယာတွင် သို့မဟုတ် မြို့ထဲတွင် ရှိသည့်အသင်း ဖြစ်သော တခြားဒေသန္တာရအသင်းတော်များနှင့် ကွန်ယက်ဆက်သွယ်ခြင်း ရှိဖို့အကြောင်း၊ စတုတ္ထမှာ ၎င်းဧရိယာတွင် အိမ်အသင်းတော်အသစ် သူတို့အားဖြင့် တိုးပွားလာဖို့အကြောင်း နှင့်၊ ပဉ္စမမှာ ငတ်မွတ်ခြင်းဘေးကြုံတွေ့နေသည့် မက်စီဒိုးနီအန်းများ နှင့် ကောရိန္သုများမှ ယုဒီးအားအသင်းတော်များသို့ လက်ဆောင်များယူဆောင်ခြင်းဖြင့် ရှင်ပေါလု လုပ်ဆောင်ခဲ့သကဲ့သို့ အပိုဒေသန္တာရအစေခံခြင်း အခွင့်အရေးများကို လွယ်ကူစေဖို့အကြောင်း ၎င်းကဲ့သို့သောအစေခံများ၏တာဝန်များကို ကျွန်ုပ်က မြင်တွေ့ရပါသည်။

ဤအစေခံတာဝန်ငါးချက်ကို ပြည့်စုံစေမည့်အစား တစ်ချို့လူကြီးများသည် သူတို့၏ လက်ဆောင်များဖြင့် နိုင်ငံတော်ကို သွေဖည်ဖို့ အသုံးပြုကြလျက်၊ တခြားအိမ်အသင်းတော်များမှ တခြားတပည့်တော်များလို ဝင်လာသည်။ ရှင်လုကာ ၁၀မှ ရသောလုပ်ပိုင်ခွင့်နှင့် လျှောက်လှမ်းခြင်းကို ဆက်လိုက်လျှောက်လျက် သူတို့၏အိမ်တွင် ဆက်နေကြလျှင် သူတို့သည် အမြဲအစေခံ ဖြစ်ရပါမည်။ အိမ်သားအသစ်များကို ယေရှု၏နောက်လိုက်တပည့်များ ဖြစ်လာဖို့ အမြဲသွား၍ သူတို့ကို ကူညီရမည် ဖြစ်သည်။

သို့သော် အသင်းတော်လူကြီးများက တပည့်တော်များလို ဝင်လာလျှင်၊ သူတို့က ဘုရင်များ ဖြစ်လာနိုင်သည်။ သူတို့၏လက်ဆောင်များ၊ သူတို့၏ဘိသိက်ခြင်း၊ သူတို့၏အထုံပါရမီဖြင့် ဖိအားပေးခြင်းဖြင့် ယေရှု၏အသင်းတော်အပေါ်မှ သူ့နေရာကို လုယူဖို့ သူတို့က အသုံးချတတ်ကြသည်။ ရာထူး၊ ဩဇာ နှင့် ကြွယ်ဝခြင်း နှင့် အဖျက်အမှောင့်လုပ်ငန်းစသည်တို့ တိုးပွားစေခြင်း ဖြစ်စဉ်ကို ဆောက်တည်တတ်ပါသည်။ အစေခံအဖြစ် လျှောက်လှမ်းခြင်းကို ရပ်တန့်ပြီး သူတို့ဘာသာ စုရုံးဖို့ စလာသည့်သူများသည် “ကကြီးက ကြောင်နိုင်သောအရာများကို ပြောဆိုခြင်း”ဖြင့် ၎င်းအတိုင်းပဲ လုပ်ဆောင်နိုင်သည်ဟု ရှင်ပေါလုက ပြောသည်။

သို့ရာတွင် ခေတ်ပြိုင် ခရစ်တော့်နိုင်ငံတော်ထဲမှာ လူအများဆုံးကို ဆွဲဆောင်သည့်ထိုသူတို့က ၎င်းအောင်မြင်မှုကို ထပ်လုပ်မည့်အကြောင်း တခြားခေါင်းဆောင်များကို သွန်သင်ဖို့ အအောင်မြင်ဆုံး ညီလာခံများ၏အိမ်ရှင်ကဲ့သို့ မြင်တွေ့ခဲ့ကြသည်။ ရှင်ပေါလုအရဆိုလျှင် သူတို့က “ကကြီးကကြောင်နိုင်သောအရာများ”ကို ဘယ်လိုပြောရမည့်အကြောင်း တခြားသူများကို သွန်သင်နေမည် ဖြစ်သည်။

ထို့ကြောင့် ဟုတ်ပါသည်၊ အသင်းတော်လူကြီးများကို အသိအမှတ်ပြုခဲ့ကြသည်။ သို့ရာတွင်၊ သူတို့က တခြားသူများကို သူတို့လုပ်နိုင်၊ မလုပ်နိုင်သည့်အကြောင်းတို့ကို ပြောဖို့ မလုပ်ခဲ့ပါ။ သူတို့သည် သဘောတူညီချက်ကို မပေးပဲထားခဲ့သည်။ လူများကို အစေခံ၍ ပညတ်တော်များ တစ်ခုပြီးတစ်ခု လိုက်လျှောက်ခြင်းဖြင့် စံပြုခဲ့ကြသည်။ တခြားသူများဘယ်လို အစီရမည်ဟု ဆုံးဖြတ်ချက်ချပေးခြင်းများသည် သူတို့၏အလုပ် မဟုတ်ပါ။ ခွင့်ပြုချက်ပေးခြင်းက ဓမ္မသစ်ကျမ်းမှ အသင်းတော်လူကြီးအဖွဲ့မှာ မရှိပါ။

ဓမ္မသစ်ကျမ်းမှ အသင်းတော်လူကြီးများက တခြားအိမ်ထောင်မိသားစုများကို အစေခံနိုင်မည်ဟု အသိအမှတ်ပြုခြင်းခံခဲ့ကြသည့် ရင့်ကျက်၍ အသီးသီးသောအိမ်အသင်းတော်ခေါင်းဆောင်များ ဖြစ်ကြသည်။ သူတို့သည် သူတို့ကို သူတို့ ဆွဲထုတ်ဖို့ အစပြုကြလျှင် သူတို့၏အမှုတော်က သွေဖည်ကြပါသည်။ သူတို့က ခွင့်ပြုချက်ကို ပေးပိုင်သောသူများဖြစ်လာပါက ခန္ဓာကိုယ်၏ဦးခေါင်းဖြစ်သည့် ယေရှု၏နေရာမှာ နေရာယူကြသည်။

သင်သည် သင်းတော်လူကြီးတစ်ပါးဖြစ်သလား? လူများကို သင် ချစ်ပါသလား? သင် ဖြစ်လျှင်၊ သင်ကိုယ်တိုင်အတွက် သင့်ဆန္ဒ နှင့် စံပြနှိမ့်ချခြင်း၊ အမှန်ပြောခြင်း၊ ပညာကိုခံယူခြင်း နှင့် ပေးလှူခြင်းတို့ကို ယေရှု၌ ထပ်တူလွတ်လပ်မှုကို သူတို့အား ပေးရပါမည်။

## ၄/ခေါင်းဆောင်ပုဂ္ဂိုလ် မဟုတ်ပဲ၊ စစ်မှန်သောဦးခေါင်း၊ သခင်ယေရှု

နောက်တစ်ဖန်၊ ကျွန်ုပ်တို့သည် ရှင်ဘုရင်ကို ဘယ်လောက်လေးစားကြသည့်အကြောင်းဖြင့် နိုင်ငံတော်ကို ပုံဖော်ဖို့ ဖြစ်သည်။ အိမ်လုပ်ငန်းမှာ အသင်းတော်က၊ တော်ဝင် ယဇ်ပုရောဟိတ်များ အဖွဲ့၏လုပ်ငန်းက ဘယ်လိုလည်း? ခရစ်တော့်ခန္ဓာကိုယ်၏ အသင်းဝင်များသည် သူတို့၏ ဘုံဦးခေါင်းကို ဘယ်လို ဖော်ပြကြသနည်း? သန့်ရှင်းသောဝိညာဉ်တော်၏ အသက်ရှင်သောဗိမာန်တော်ကျောက်များက သူတို့အသီးသီး  အိမ်မှာ ရှိသည့် ထာဝရဘုရားကို သူတို့၏လေးစားမှုနှင့် ချီးမွမ်းထောမနာပြုခြင်းကို ဘယ်လို ဖော်ပြကြသနည်း? ဓမ္မသစ်ကျမ်း

ထဲမှ ခရစ်တော့်ခန္ဓာကိုယ်အတွက် တင်စားမှုက ခန္ဓာကိုယ်မှ၊ ဗိမာန်တော်မှ မိသားစု နှင့် စစ်တပ်အထိရှိသည်။ ပရိတ်သတ်များ တင်စားမှုကို အသုံးပြုခြင်း လုံးဝမရှိပါ! ခန္ဓာကိုယ်သည် ထိပ်တန်းခေါင်းဆောင်များက အမှုတော်ဆောင်ရွက်နေမှုကို အချိန်ပေးကြည့်ရှုမည့် သွယ်ဝိုက်လေ့လာသူများဖြင့် မတီထွင်ထားပါ။ ဘုန်းကြီး နှင့် အသင်းသား၊ လူလူချင်း သတ်ပုတ်၍ ပရိတ်သတ်ကို ဖျော်ဖြေရသူများ နှင့် ပွဲကြည့်ပရိတ်သတ်များဟူ၍ ကျွန်ုပ်တို့က ပိုင်းခြားခြင်း မရှိပါ။ ယုံကြည်သူတိုင်း၏ အထဲမှာ သန့်ရှင်းသောဝိညာဉ်တော် နေထိုင်သည်ဟု ကျွန်ုပ်တို့က ယုံကြည်ကြလျှင် သူတို့အထဲမှာ အသက်ရှင်သည့် ဝိညာဉ်တော်ကို အဖွဲ့ဝင်တိုင်းက ဖော်ပြခြင်းဖြင့် ဖြစ်ပေါ်သည့်အကြောင်းကို မြင်တွေ့ဖို့ လိုနေသည်။

"တစ်ဦးကို တစ်ဦး ချစ်ကြပါ"၊ "တစ်ဦးကို တစ်ဦး ပြုစုပါ"၊ တစ်ဦးကို တစ်ဦး၏ ဝန်ကို ထမ်းပေးပါ"၊ တစ်ဦးကို တစ်ဦး အမှန် စကားပြောပါ" နှင့် "ထာဝရဘုရားကို ကြောက်ရွံ့ခြင်းဖြင့် တစ်ဦးကို တစ်ဦး နာခံကြပါ" ကဲ့သို့သောအရာများကို တစ်ဦးအပေါ် တစ်ဦး ပြုကြဖို့ မိန့်မှာသည့်ကျမ်းပိုဒ် လေးဆယ် ဝန်းကျင်ရှိသည် (အပြည့်အစုံကို ဖြည့်စွက်ချက် #၃မှာ တွေ့နိုင်သည်)။ အိမ်နီးနားများအပေါ် သို့မဟုတ် ညီအစ်ကိုများအပေါ် ဆက်ဆံရေး ပညတ်ချက်များ၏ အရေအတွက် ခုနှစ်ဆယ်ထက် များလာသည့် ပြောမည့် ကျမ်းပိုဒ်များ ကျွန်ုပ်တို့က ပေါင်းထည့်လျှင် သူတို့အထဲမှာ ရှိနိုင်သည့် ပညတ်ချက်က "သင့်ကိုယ်ကို ချစ်သကဲ့သို့ သင့်အိမ်နီးနားများကို ချစ်ပါ"ဆိုသည့် ပညတ်ချက် ဖြစ်သည်။

သို့ရာတွင်၊ သခင်ဘုရား၌ ကျွန်ုပ်တို့ကို အစိုးရသူများအပေါ် ဂုဏ်ပြုလေးစားဖို့ ညွှန်ပြသည့် ကျမ်းပိုဒ်များ ခြောက်ခုလောက်ပဲ ရှိသည်။ လူထုနှင့်ဆိုင်သောအသင်းတော်များ၌ အရေးထားမှုအများဆုံးကို ဘယ်ကျမ်းပိုဒ်အစုံများက ရရှိနိုင်မည်နည်း? မှန်ပါသည်! အနည်းငယ်လောက်ကပဲ ခေါင်းဆောင်များကို နာခံသည်။ အလေးထားရွေးချယ်ခြင်းအရ ဤအချက်က မှားပါသည်။ မြင့်မြတ်သောယဇ်ပုရောဟိတ်တစ်ပါးအောက်မှာ သန့်ရှင်းသောယဇ်ပုရောဟိတ်များ၏ခန္ဓာကိုယ်ကို ငြင်းပယ်စေကြောင်း ပြောသည့် ကျမ်းပိုဒ် အများဆုံး ရှိနေစဉ်တွင် ရာထူးဂုဏ်သိမ် တရားမျှတဖို့ ထိုကျမ်းပိုဒ်များကို အသုံးပြုခဲ့သည်။ ဤအကြောင်းက ရွေးချယ်ထားသောကျမ်း ပိုဒ်အနည်းငယ်က ကျေးကျွန် သို့မဟုတ် အသားအရောင်ခွဲခြားမှုအပေါ် တရားမျှတခြင်းကို အလွဲသုံးစားပြုနေကြသည့်နေရာ နှင့် တန်းတူညီမျှသောညီအစ်ကိုများအကြောင်း ကျမ်းပိုဒ် အများဆုံးကို လုံးဝ မဖော်ပြခဲ့သည့်နေရာ တောင်အာဖရိကမှာ တရားမျှတခြင်း လမ်းကြောင်း ပြောင်းစေသည့်နေရာ အမေရိကန် တောင်ပိုင်းမှာ ကျမ်းစာ တလွဲသုံးခြင်းနှင့် တူပါသည်။

လူကြီးများလေးစားဖို့ ပြောသည့် ကျမ်းပိုဒ်အားလုံးသည်လည်း "တစ်ဦးအပေါ် တစ်ဦး"၏ စစ်မှန်သည့်အခြေအနေ ဖြစ်သည်။ ထို့ကြောင့် ဧဖက်၊ ၅တွင် ချပြသည့်ဆက်ဆံရေးပုံစံ အားလုံးတွင် "ထာဝရဘုရားကြောက်ရွံ့ခြင်း၌ တစ်ဦးကို တစ်ဦး နာခံခြင်း"က အလျှင်ကြပါသည် (ဧဖက်၊ ၅း၂၁)။ ၁ ပေတရု၊ ၅း၅မှ ညွှန်ကြားချက်သည်၊ "ထိုနည်းတူ၊ အသက်ပျိုသောသူတို့၊ အသက်ကြီးသောသူတို့၏စကားကို နားထောင်ကြလော့။"ဖြစ်ပြီး ထပ်တူကျမ်းနောက်က လာသည့်စာကြောင်းသည်၊ "ဟုတ်ပါသည်၊ အချင်းချင်း တယောက်အောက်တယောက် နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကို ဆင်ကြလော့။" ဖြစ်သည်။

ဟုတ်ပြီ၊ ခေါင်းဆောင်များ ရှိကြ၏။ ဟုတ်ကဲ့ပါ၊ ခေါင်းဆောင်မှုအပေါ်မှာ အရာအားလုံး တိုးတက်သည် သို့မဟုတ် ကျရှုံးသည်။ သို့သော် ၁ ပေ၊ ၅း၃မှာ ရှင်ပေတရု ပြောသည့်အတိုင်း ကျွန်ုပ်တို့က ဦးဆောင်ဖို့ မဟုတ်ပါ၊ "ကျွန်ုပ်တို့ဆီကို အပ်နှံသည့်သူများအပေါ်မှာ အုပ်စိုးဖို့ ဖြစ်သော်လည်း သိုးစုတော်ရှေ့မှာ ပုံသက်သေပြ အသက်ရှင်ကြဖို့သာ ဖြစ်ပါသည်။" အရင်ဆုံး ဒုက္ခခံဖို့၊ အရင်ဆုံး သင့်အသက် ပေးဆပ်ဖို့၊ အရင်ဆုံး ခွင့်လွှတ်ဖို့ နှင့် "အကျွန်ုပ်မှားပါပြီး ကျွန်ုပ်ကို အသင် ခွင့်လွှတ်တော်မူပါ"ဟု အရင်ဆုံး ပြောဖို့ ပကတိသဘောဖြင့် ဦးဆောင်ပါ။

ပုံသက်သေအားဖြင့် နှင့် လွှမ်းမိုးခြင်းအားဖြင့် ကျွန်ုပ်တို့က အဓိက ဦးဆောင်ပါသည်။ နာခံခြင်းကို လိုအပ်သည့်ခေါင်းသည် ကိုယ်ကျင့်နှင့်ဆိုင်သောဩဇာအားလုံးကို ဆုံးရှုံးခဲ့ရသည်။ သင်သည် သူဌေးများ နှင့် ကျွန်များ သို့မဟုတ် ညီအစ်ကိုများ နှင့် မိတ်ဆွေများကို လိုအပ်ပါသလား?

ဤအချက်က ဘာသာရေး၊ ကျေးကျွန် သို့မဟုတ် အလေးအထားသောစိတ်ထား၊ မှားသောနှိမ့်ချခြင်းမျိုးတစ်ချို့လည်း မဟုတ်ပါ။ ဟုတ်ကဲ့ပါ၊ ကျွန်ုပ်တို့သည် ရှင်ဘုရင်း၏လူငယ်များဖြစ်ပြီး၊ အမှီးပိုင်မဟုတ်ပဲ ခေါင်းပိုင်း ဖြစ်ကြသည်။ ဟုတ်ပါသည်၊ ကျွန်ုပ်တို့က ကောင်းနှင့်ဆိုင်သောနေရာများမှာ ခရစ်တော်နှင့် ထိုင်နေခဲ့ကြသည်။ သို့သော် ကျွန်ုပ်တို့က ဖိလိပ္ပိ၊ ၂း၅-၈မှ လမ်းညွှန်ခြင်းကို လိုက်လျှောက်ဖို့ ဖြစ်သည်၊

*"ယေရှုခရစ်၌ ရှိသောထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကိုစွန့်၍ အစေခံကျွန်၏ သဏ္ဍာန်ကိုယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ့ဂုဏ် အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။"*

ငင်းစိတ်သဘောကို သင်တို့၌ ရှိစေကြလော့! ထို့ကြောင့် ယေရှုသည် သူ့ခန္ဓာကိုယ့်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ ကိုယ်ရေးအရှင်သခင် ဖြစ်ရုံမျှ မဟုတ်ပဲ သူ့ခန္ဓာကိုယ်၏ ဦးခေါင်းအမှန် ဖြစ်မည်ဆိုပါက ခန္ဓာကိုယ်၏ ပင်မစည်းကမ်းများမှ တစ်ခုသည် ကျွန်ုပ်တို့မှန်ကန်စွာပိုင်ဆိုင်နိုင်သည့်အကြောင်း အသာထားဖို့ သင်ယူလျက်၊ ကျွန်ုပ်တို့ တစ်ဦးနှင့် တစ်ဦး ပြုစုရမည့်အကြောင်း ဖြစ်သည်။ ငင်းသည် ၁ ကော၊ ၁၁း၂၇-၃၄၏ အခရာအာဘော်များမှ တစ်ခု ဖြစ်ပါသည်။ "သင်တို့အတွင်း၌ ဖျား၍ အားနည်းသူများ လဲ့လျက် အိပ်နေသည့်အများအပြားအကြောင်း"သည် ပုဂ္ဂိုလ်ရေး၊ ကိုယ်ရေးနှင့် ဝန်မခံသည့်အပြစ်တို့တစ်ချို့ကြောင့်

မဟုတ်ပါ။ သူတို့အတူတူ စားသောက်သည့်အကြောင်းမှာ ခရစ်တော်၏ခန္ဓာကိုယ်ကို ပုံဖော်သည့်ဆီသို့ သူတို့၏ သဘောထားသာ ဖြစ်သည်။

ကျွန်ုပ်တို့သည် ခန္ဓာကိုယ်တစ်ခု ဖြစ်သည့်အကြောင်း ပြဖို့ မုန့်ကို စား၍၊ ခွက်တစ်မှ စပျစ်ရည်ကို သောက်ကြသည်။ သူပြန်မကြွလာမချင်း သူ့အသက်စတေးခြင်းအကြောင်းကို ကျွန်ုပ်တို့က ကြေညာပါသည်။ သူ့သက်ပေးခြင်းကြောင့် ကျွန်ုပ်တို့က တလုံးတဝ ဖြစ်စေသည်ကို တရားဝင်ကြေညာသည်။ ကျွန်ုပ်တို့ အတူတကွ စားသောက်လာသည့်အခါ၊ တစ်ဦးကို တစ်ဦး စောင့်ဆိုင်းဖို့ ဖြစ်သည်။ ကောရိန္သုမှာ ဖြစ်သည့်ပြဿနာက ဘာအကြောင်း ဖြစ်သနည်း? ပွဲတော်မင်္ဂလာသည် စစ်မှန်သောအစာ ဖြစ်၍ ပုံဆောင်သည့်အစာ မဟုတ်ပါဟု ခံယူသည့်အကြောင်း ဖြစ်သည်။ ချမ်းသာကြွယ်ဝသောသူက အစားအသောက် အများကြီး ယူလာပြီး၊ ဆင်းရဲသားများ ဆာငတ်နေစဉ် သူတို့ မမူးမချင်းသောက်သုံး၍ ဗိုက်မတင်းမချင်း စားသုံးခဲ့ကြသည်။ ချမ်းသာကြွယ်ဝသူက ဆင်းရဲသားများအပေါ်မှာ ရှက်နေပေသည်။ သူတို့က "သခင်ဘုရား၏ ခန္ဓာကိုယ်ကို သတိမပြုမိ"ကြပါ။ ချမ်းသာသူများထက် ဆင်းရဲသူများက သခင်ဘုရား၏ ခန္ဓာကိုယ့် အပိုင်းမှာ အများအပြား ပါရှိပါသည်။ ဆင်းရဲသားများအပေါ် အရှက်ရခြင်းမှာ သူတို့က ယေရှုသည် သူတို့အားအတွက် အသေခံခြင်း နှင့် သူ့ကို အလေးမထားခြင်း ဖြစ်သည်။

ဖြေရှင်းချက်က ဘာလည်း? "သင်တို့သည် စားအံ့သောငှါ စည်းဝေးသောအခါ၊ အချင်းချင်း တယောက်ကို တယောက် ငံ့လင့်ကြလော့။" (၁ကော၊ ၁၁း၃၃)။ သင်သည် အလွန်ဆာလောင်နေလျှင် အစာစားဖို့ စောင့်နိုင်မည် မဟုတ်လော? သင်မလာမီ အစာတစ်ချို့ စားမည်ဖြစ်သောကြောင့် သင်သည် စီရင်ချက်ထဲမှာ သင်ကိုတိုင် မိဖို့ မစားပါနှင့်(၁ကော၊ ၁၁း၃၄)။ ဆင်းရဲသားတစ်ဦးသည် သူကိုတိုင် သို့မဟုတ် သူ့မိသားစုကို မကျွေးမွေးနိုင်လျှင်ကော? သူသည် သူ့အိမ်မှာ ကောင်းကောင်းစားနိုင်သူ ဖြစ်သောကြောင့် အားလုံးရှေ့မှာသူ့ ဆင်းရဲနွမ်းပါးမှုကို ဖော်ထုတ်ဖို့ မလိုကြောင်းကို သေချာစွာ ပြပါ။ ထို့ကြောင့် သင့်ဂရုဏာက ခရစ်တော့် ခန္ဓာကိုယ်၏ အဖွဲ့ဝင်တစ်ဦးကဲ့သို့ သူ့ဂုဏ်သိက္ခာကို ထိန်းစေမည် ဖြစ်သည်။

တယောက်ကို တယောက် ပြုစုခြင်းက ဂယက်ရိုက်ခတ်မှုအများအပြား ရှိသည်။ အမှန်အားဖြင့် ကျွန်ုပ်သည် ယေရှုကို ကျွန်ုပ်ခေါင်းကဲ့သို့ နားလည်ခဲ့လျှင် သူ့ကို ယုံကြည်ခြင်း၌ ကျွန်ုပ်ထက် ပိုပြီး ရင့်ကျက်လျက် ကြီးရင့်ကြသည့်သူများကို လေးစား၍ စောင့်စားလာပါမည်။ ခရစ်တော်ကို သူတို့အထဲမှ အသိအမှတ် ပြုနိုင်မည် ဖြစ်သည်။ ၎င်းက ဟေဗြဲ ၁၃း၈မှာ၊ "ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲ မပြောင်းမလဲနေတော်မူ၏။"ဟု ပြောခဲ့ကြသည့်အကြောင်း ဖြစ်ပါသည်။ ၎င်းကျမ်းပိုဒ်က ယေရှုအကြောင်းတခုထဲကို ပြောနေခြင်း မဟုတ်ပါ။ ၎င်းက ယေရှု၏ အမှန်တရား ဖြစ်သော်လည်း တယောက်ယောက် ပြောစေဖို့ မလိုပါ။ အံ့သြဖွယ်ကောင်းသည့်အကြောင်းသည် သူတို့၏အသက်တာ၌ ယေရှုပါရှိကြောင်းကို ဖော်ပြ၍ ထာဝရဘုရား၏ကျေးဇူးတော်အားဖြင့် ဆက်လျှောက်လှမ်းနိုင်ကြခြင်း ဖြစ်သည်။ ၎င်းကျမ်းပိုဒ်က တစ်စုံတစ်ယောက်၏အသက်မှ ရလဒ်အဖြစ် ကျွန်ုပ်တို့မြင်တွေ့သည့်အကြောင်းကို ပြောနေသည်။ သူတို့၏ အသက်တာ၌ ယေရှုကို ကျွန်ုပ်တို့က တွေ့ကြပါသလား? ၎င်းက ကျွန်ုပ်တို့ လိုက်လျှောက်မည့် ယုံကြည်ခြင်း ဖြစ်သည်။ ယေရှုခရစ်တော် ပါရှိသည်ကို တွေ့နိုင်သည့်တစ်ဦးစီတိုင်းသည် သူတို့ဆီသို့ တစ်ယောက်ယောက်က အညံ့ခံဖို့ လုံးဝ တောင်းဆိုမည် မဟုတ်ပါ။

ခရစ်တော်၏ ခန္ဓာကိုယ်မှ ရင့်ကျက်သောအသင်းသားကဲ့သို့ ကျွန်ုပ်ကို ယေရှုအား အမှန် ဦးစီးစေ၍ အသက်ရှင်လျှောက်လှမ်းလျှင် ခန္ဓာကိုယ့်အဖွဲ့ဝင်သစ်များကို လက်ခံ၍ အသိအမှတ်ပြုနိုင်ပြီး ယေရှုကို သူတို့အထဲမှာ တွေ့နိုင်မည် ဖြစ်ပါသည်။ ကျွန်ုပ်သည် ယေရှု၌ လုံခြုံစိတ်ချပါက တစ်စုံတစ်ယောက် အညံ့ခံဖို့ လုံးဝ တောင်းဆိုမည် မဟုတ်ပါ။ ကျွန်ုပ်အထဲမှာ ယေရှုကို သူတို့က မတွေ့နိုင်လျှင်၊ သန့်ရှင်းသောဝိညာဉ်တော်က သူတို့ကို စကားမပြောလျှင်၊ ကျွန်ုပ်မှာ ဘာကြောင့်လည်း? ဘယ်လိုလည်း?

## မေးလေ့ရှိသည့် မေးခွန်းများ

### ၁/ "ဝိညာဉ်ရေး ဖခင်များ"အကြောင်းက ဘာလည်း? ကျွန်ုပ်တို့ကို ညွှန်ပြ၍ လွှတ်ပေးဖို့ ကျွန်ုပ်တို့ဘဝမှာ ဝိညာဉ်ရေးဖခင်များ လိုအပ်ပါမည်လား?

ဟုတ်ကဲ့ပါ။ ရှင်ပေါလုက တိမောသေကို "ယုံကြည်ခြင်းမှာ စစ်မှန်သောသား" (၁တိ၊ ၁း၂)ဟု ခေါ်ပြီး အင်တိုက်အားတိုက် ညွှန်ပြခြင်း၊ အားပေးခြင်း နှင့် လွှတ်လပ်သော ဆက်ဆံမှုဖြင့် တိမောသေဆီကို ထင်ရှားစွာ ချဉ်းကပ်ခဲ့သည်။ ရှင်ပေါလုသည် ဆရာသမား ဖြစ်နိုင်သောသူများ နှင့် စစ်မှန်သောဝိညာဉ်ရေးဖခင်များကို ပိုပိုပြီး နှိုင်းယှဉ်လိုကြောင်းကိုလည်း ဖော်ပြခဲ့ပါသည် (၁ကော၊ ၄း၁၅-၁၇)။ ပီးရမစ်လို ဖွဲ့စည်းပုံမှာ တွေ့နိုင်သည့် ဝိညာဉ်ရေးဖခင်နှင့်ဆိုင်သော ပြဿနာသည် စည်းစနစ်နှင့် ထိန်းချုပ်ခြင်း၊ ရုံပုံငွေရှာခြင်း၊ နှင့် အဆင့်တိုးခြင်းတို့ ဖြစ်လာခြင်းများကြောင့် ဖြစ်သည်။ ဤအချက်က အယောက်တိုင်းက ဝိညာဉ်ရေး ဖခင်ရှိ၍ ဆယ်ဖို့တစ်ဖို့ ပေးလှူခြင်းဖြင့် လေးစားရမည်ဟု တောင်းဆိုမှု ရှိသည့်အခါမှာ ဖြစ်ပျက်နေသည့်အကြောင်းများ ဖြစ်သည်။

ပေးထားသည့်ပုံပမာများသည် မောရှေ လက်အောက်မှာ ယောရှု၊ ဧလိယ လက်အောက်မှာ ဧလိရှဲ နှင့် ရှင်ပေါလု လက်အောက်မှာ တိမောသေ စသဖြင့် ရှိပါသည်။ ဤပုံပမာများမှ ယူရမည့် သင်ခန်းစာသည် ထိုကဲ့သို့သော ဖခင်နှင့် ဆက်ဆံရာမှာ "သင့်ဘဝ လွှတ်လပ်မှု" ရှိရမည့်အကြောင်း ဖြစ်သည်။ သို့ရာတွင်၊ ကိုးကားရမည့် ပုံပမာများ၏ အမှန်တရားသည် မောရှေ၊ ဧလိရှဲ သို့မဟုတ် ပေါလုတို့ ဘယ်သူကမျှ ဝိညာဉ်ဖခင် မရှိသည့်အကြောင်း

ဖြစ်သည်။ ဤပုံပမာများက နှစ်မျိုးစလုံးကို ဖြတ်သည်။ အကိုကြီး၊ ညွှန်ပြသူ၊ ဝိညာဉ်ရေးဖခင်စသည်တို့ ရှိဖို့ ကောင်းပါသော်လည်း မဖြစ်မနေရှိရမည့် လိုအပ်သောအရာမျိုး မဟုတ်ပါ။ ၎င်းကိုကင်းမဲ့ခြင်းသည် သူတို့၏ဘဝကို ပြည့်စုံစေဖို့ အနှောင့်အယှက် အဟန့်အတား မဖြစ်စေပါ!

စင်စစ်အားဖြင့်၊ ရှင်ပေါလုသည် ယေရှုမှ တိုက်ရိုက် သူ့ဖွင့်ပြမှုကို ရရှိသည့် အထောက်အထားပြဖို့အတွက် ယုံကြည်ခြင်း၌ ညွှန်ပြသူများ မရှိခဲ့သည့် အချက်ကို ဖော်ပြထားပါသည်။

*"အသရေထင်ရှားသောသူတို့သည် အထက်က အဘယ်သို့သောသူ ဖြစ်ကြသည်ကို ငါမဆိုင်။ ဘုရားသခင်သည် လူမျက်နှာကို မှတ်တော်မမူ။ ထိုသူတို့နှင့် ငါသည် ပေါင်းဘော်၍ ထူးခြားသောအရာကို မခံရပါ။" (ဂလာတိဩဝါဒစာ ၂း၆)*

ယေရုဆလင်မှာ တမန်တော်များပြောသည့်၊ "အဘယ်သို့သောသူ ဖြစ်ကြသည်" ဤစကားကို သူပြောကြားခဲ့သည်! စစ်မှန်သောဝိညာဉ်ရေးရာဖခင်များက သားတို့ကို တစ်ပါးတည်းသော ကောင်းကင်ဘုံရှင် အဖခမည်းတော်မှာ ဖိအားပေးလျက်၊ ဆက်သွယ်ရေးမှာ မှားသောနေရာသို့ မခေါ်သွားဖို့ သူတို့၏စိတ်နှလုံးတွင် ယေရှု၏ နှုတ်ကပတ်များကို သွင်းထားကြသည်။ ယေရှုကို မြင်တွေ့လို့မရခဲ့သည့် သူများက သူတို့ကိုတိုင် သို့မဟုတ် တခြားခေါင်းဆောင်တစ်ဦးဦးအား ယေရှုကို အလွှန် လေးနက်စွာ ယူဆောက်မလာကြပါ။

*"သင်တို့မူကား အရှင်ဘုရားဟု ခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ ခရစ်တော် တည်းဟူသော သင်တို့ဥပဇ္ဈာယ် ဆရာတပါးတည်းရှိ၏။ သင်တို့အပေါင်းသည် ညီအစ်ကိုချင်းဖြစ်ကြ၏။ မြေကြီးပေါ်မှာ အဘယ်သူကိုမျှ အဘ ဟူ၍ မခေါ်ဝေါ်ကြနှင့်။ ကောင်းကင်ဘုံ၌ သင်တို့ အဘ တပါးတည်းရှိတော်မူ၏။ ဥပဇ္ဈာယ် ဆရာဟုခေါ်ဝေါ်ခြင်းကို မခံကြနှင့်။ ခရစ်တော် တည်းဟူသော သင်တို့ ဥပဇ္ဈာယ် ဆရာတပါးတည်းရှိ၏။ သင်တို့တွင် အကြီးဖြစ်သောသူသည် သင်တို့ အစေခံဖြစ်ရ၏။ အကြင်သူသည် မိမိကို ချီးမြှောက်အံ့၊ ထိုသူသည် နှိမ့်ချခြင်းသို့ ရောက်လတံ့။ အကြင်သူသည် မိမိကို နှိမ့်ချအံ့၊ ထိုသူသည် ချီးမြှောက်ခြင်းသို့ ရောက်လတံ့။" ရှင်မဿဲခရစ်ဝင် ၂၃း၈-၁၂)*

သူတို့သားများ၏ ဆယ်ဖို့တစ်ဖို့ကို တောင်းဆိုသည့် ဝိညာဉ်ရေးရာဖခင်များအကြောင်းက ဘာဖြစ်သနည်း? ရှင်ပေါလုသည် ဖခင်ဖြစ်ခြင်း အမျိုးတစ်ခုခုမှ ငွေကြေးတောင်းဆိုမှုကြောင့် အရည်အချင်းမပြည့်ပါဟု ကောရိန္သုများဆီသို့ သူ၏ဖခင်ကဲ့သို့သော အပြုအမူအကြောင်းအတိုင်း ပြောနေမည် ဖြစ်သည်။

*"ဤတတိယအကြိမ် သင်တို့ဆီသို့သွားခြင်းငှါငါသည် အသင့်ရှိ၏။ သင်တို့ကို နှောင့်ယှက်မည်ဟု အကြံမရှိ။ သင်တို့ဥစ္စာကို ငါရှာသည်မဟုတ်။ သင်တို့ကိုသာ ရှာ၏။ သားသမီးတို့သည် မိဘ အတွက် ဥစ္စာကို ဆည်းဖူးရသည် မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းဖူးရ၏။" (ကောရိန္သုဩဝါဒစာ ဒုတိယစောင် ၁၂း၁၄)*

## ၂/ တမန်တော် Ivan သို့မဟုတ် ပရောဖက် Jimmyက ဘယ်လိုလည်း? မှန်သလား သို့မဟုတ် မှားသလား? ကျွန်ုပ်တို့က ဘယ်လို သိနိုင် မည်နည်း?

ရှင်မဿဲခရစ်ဝင် ၇း၂၁-၂၃မှ ယေရှုဖော်ပြခဲ့သည့်အတိုင်း၊ မမှန်သော ပရောဖက် (သို့) တမန်တော်သည် အံ့ဖွယ်နိမိတ်လက္ခဏာများ ပြုလုပ်နိုင်သော်လည်း ဥပဒေမဲ့စွာ လက်တွေ့လုပ်ဆောင်နေသေးသောကြောင့် အဖခမည်းတော် နားမလည်းသဖြင့် သူ့ဆန္ဒအတိုင်း မလုပ်ဆောင်နိုင်ပါ။ ယေရှု နာမဖြင့် ပြုလုပ်သည့် စစ်မှန်သောအံ့ဖွယ်များသည် အမှုတော်ကို သက်သေအမှန်မပြနိုင်ပါ။ အထုံပါရမီများကလည်း လုံးဝမပြနိုင်ပါ။ အမှန်အားဖြင့် အမှုတော်၊ အထုံပါရမီ၊ နှင့် လူပုဂ္ဂိုလ်တို့သည် သက်သေအမှန်ပြနိုင်သည့် အက္ခရာပင် ဖြစ်ပါသည်။

ရှင်မဿဲခရစ်ဝင် ၂၃မှ ယေရှုဖော်ပြခဲ့သည့်အတိုင်း မမှန်သောနိမိတ်များသည် လူများ၏ ပုခုံးပေါ်မှာ လေးသောဝန်များထမ်းစေခြင်း(မဖြစ်မနေပေးရသည့်အခွန်ကဲ့သို့)၊ အဆင့်များ၊ ရာထူးများ နှင့် လူထုအသိအမှတ်ပြုခြင်းတို့ကို နှစ်သက်ခြင်း တို့ဖြစ်သည်။

ရှင်မဿဲခရစ်ဝင် ၂၀း၂၅-၂၈မှ ယေရှုဖော်ပြခဲ့သည့်အတိုင်း၊ မမှန်သောအရာက ယေရှု၏ ဆက်ကပ်အစေခံမှုစံ ကို လိုက်လျှောက်ခြင်းထက် အခွင့်အရေးရစေသည့် တန်ခိုးရှိသောခေါင်းဆောင်ပိုင်းဓလေ့ကို ဖော်ထုတ်စေခဲ့သည်။

တမန်တော်ဝတ္ထု ၂၀း၃၀မှ ရှင်ပေါလုဖော်ပြခဲ့သည့်အတိုင်း မမှန်သောအရာက "မှားသောလုပ်ဆောင်ချက်များ ပြောခြင်း"(မရှိမနေရသည့် ဝိညာဉ်ရေးဖခင်ကဲ့သို့)ဖြင့် သူတို့ကိုယ်တိုင် ၎င်းကို ကျင့်သုံးခြင်းမှာ လူများအားဆွဲဆောင်ခြင်းကို ဖော်ထုတ်စေသည်။

၂ ကောရိန္သု ၁၁မှ ရှင်ပေါလုဖော်ပြခဲ့သည့်အတိုင်း၊ မမှန်သောတမန်တော်များ၏ အံ့ဖွယ်များက လူများအပေါ်မှာ သူတို့ဩဇာဘယ်လောက်ရှိကြောင်း နှင့် လူများဆီမှ ငွေကြေးဘယ်လောက်ရယူနိုင်ကြောင်းတို့ကို ဖော်ပြသည်။

မမှန်သောအရာက ငွေကြေးဖြင့်သူ့ဩဇာဖြည့်စွက်မှုကို ဖော်ထုတ်ခဲ့သည်။ ငွေကြေးအတွက် ထာဝရဘုရား၏လူများကို အသုံးချ၍ သူ့ကိုသူ ဆွဲထုတ်ဖို့ မှန်သောအထုံပါရမီများ၊ မှန်သောအံ့ဖွယ်များ နှင့် သဘာဝလွှန်တရားတို့ကို ၎င်းက အသုံးပြုသည်။ ခေတ်ပေါ်အသင်းတော် အများဆုံးက ငွေရေးကြေးရေးနှင့် ရောယှက်နေသည် သို့မဟုတ် ဂုဏ်ပကာသနအစွဲအလမ်း ရှိသည်။ သတို့သမီး ခရစ်တော်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်စေသည်။

စူးဝါးသောဖော်ပြချက် ဖြစ်မည်လား? နိုင်ဂျီရီးယားမှ မိတ်ဆွေက တရားဟောစင်မြင့်များမှသာ သမ္မာကျမ်းဒေသနာတော်တစ်ခုတည်းကို ဟောကြားခြင်းကို မလာခဲ ၃မှာ တွေ့ရသည်ဟု သက်သေခံပါသည်။ ခေါင်းဆောင်များက သူတို့၏လူများကို ဆယ်ဖို့တစ်ဖို့ ပေးလှူဖို့ ဖိအားပေးလျက်၊ တခြား အလှူများ ထပ်ပေးလျှင်လည်း ဂတိတော်အတိုင်း ကောင်းချီးများ ရရှိမည် ဖြစ်ပြီး ထိုသို့မပေးလျှင် ကျိန်ခြင်းမှ ကြောက်ခြင်းမျိုးစေ့ကို ကျဲခြင်းဖြစ်သည်ဟု ဖိအားပေးခဲ့သည်။ ခေါင်းဆောင်များသည် သူတို့၏ လူများက သားသမီးများကို မကျွေးမွေးနိုင်သည့်အချိန်မှာ မာစီးဒီးစ် ကားကို စီးနေကြသည်။ "၎င်းက အာဖရိကမှာ ဖြစ်သည်"ဟု

သင် ပြောမည် ဖြစ်သည်။ ကောင်းပါသည်၊ တစ်ချို့၏စစ်မှန်သောသဘာဝကို သင် မြင်တွေ့လိုလျှင် ၎င်း၏ သဘာဝကျသောအဆုံးသတ်ခြင်းကို ဆောင်ယူခဲ့ကြောင်းကို နားလည်ဖို့ အမြဲလိုလို အထောက်အကူ ၎င်းက ပေးမည် ဖြစ်သည်။

အမေရိက၏ ချမ်းသာကြွယ်ဝမှု သတင်းကောင်းကို ဆောင်ယူလျက် ၎င်း၏ သဘာဝကျသောအဆုံးသတ်နှင့် ခဲ့စေသည်။ အမေရိကားမှာ အယောက်တိုင်းက သူတို့၏ကလေးများကို အနည်းဆုံး ကျွေးမွေးကြသည့်အချိန်မှစ၍ ကြည့်လို့ ဆိုးမလာတော့ပါ။ အာဖရိကားမှာလည်း ရဖို့အတွက် ပေးလှူခြင်းက ဘယ်လိုပုံစံဖြစ်သနည်း? ၎င်းက ဆင်းရဲသားကို ဓားပြတိုက်ခြင်းနှင့် တူပါသည်။ ဓားပြတိုက်ခြင်းအကြောင်းကို ၎င်းက သေချာစွာ ဖော်ပြသည်။

ယုံကြည်မှုကိုဟောနေသည့်သူက သူ့ မျိုးကဲ့၍ ရိတ်သိမ်းခြင်းမှာ ယုံကြည်မှုအပြည့်ရှိပါလျှင်၊ သူ့အလှူနှင့် သူ့ယုံကြည်ခြင်းဖြင့် ရိတ်သိမ်းလာစေမည့် လူထု တယောက်တိုင်းကို ဒေါ်လာ ၁၀၀စီ ပေးလှူခြင်းကို သူက ဘာကြောင့် မပေးနိုင်သနည်း? အကြောင်းမှာ ၎င်းက အလုပ်မလုပ်ပေးနိုင်ဟု သူ သိသောကြောင့် ၎င်းကို သူမလုပ်ပေးခြင်း ဖြစ်သည်။ ၎င်းက လိမ်လည်ခြင်း ဖြစ်သည်ဟု သူ သိသောကြောင့်လည်း ဖြစ်ပါသည်။

ဤလိမ်လည်မှုများကို အများအပြားက ဘာကြောင့် ဆက်ပေးနေကြသနည်း? သူတို့က လိမ်ခြင်းကို ယုံကြည်လိုကြသည်။ ဤအကြောင်းက "ခရစ်ယာန်" အောင်ဘာလီ ဖြစ်သည် - ယခုအချိန်မှာ ကျွန်ုပ် ယုံကြည်မှုအပြည့် ရှိလာစေမည်၊ တရားဟောသူက ဘိသိက်ခြင်း အပြည့်ရရှိလာစေမည်၊ ၎င်းက ကျွန်ုပ်အတွက် လုပ်ဆောင်ပေးလာစေမည်၊ ဤအချိန်မှာ ကျွန်ုပ်ငွေရေးကြေးရေးပြဿနာကိုကျော်ဖြတ်စေမည့် အချိန် ဖြစ်လာမည်!

တစ်ချိန်က ကွန်ဖရင့်၌ တရားဟောသူ တစ်ဦးနှင့် စကားစမြည်ပြောခြင်းမှာ သူက သည်လို ကောက်ချက်တစ်ခု ချသည့်အကြောင်း ပြောဖူးသည်၊ "လှည့်လည်ဟောပြောသူ အများဆုံးသည် ပြည့်တဆာမများလို ဖြစ်သည်။ ပတ်စ်တာများက လူများ၏အလာ နှင့် အလှူပေးလှူခြင်းများကို ထိန်းဖို့ သူတို့၏ဝိညာဉ်ရေးအတွေ့အကြုံကို ပြောပြကြသည်။" ခန္ဓာကိုယ်က စီးပွားရှာခြင်းအတွက် ဖြစ်လာသည့်အခါ၊ ၎င်းက ပြည့်တဆာလုပ်ခြင်းနှင့် အတူတူ ဖြစ်သည်။ ခရစ်တော်၏ခန္ဓာကိုယ်က ဘယ်လိုလည်း?

ခရစ်တော့်နိုင်ငံမှာ တခြား ငွေရေးကြေးရေးမဟုတ်တရုတ် တော်တော်ရှိသည်ကို ကြားပြီးနောက် အခြား မိတ်ဆွေ တစ်ယောက်က မကြာခဏ သည်လို တဖွဖွ ပြောရှာသည်၊ "ခရစ်တော်၏ခန္ဓာကိုယ်ပေါ်မှာ ကပ်ပါးကောင် အများအပြား ရှိပါသည်။"

John Wimberသည် တခါ လေယာဉ်ကွင်းမှ တက်ခ်စီ နောက်ကျ စီးလာလျက် ကားမောင်းဆရာ ပြောင်းလဲအောင် ကယ်တင်ခြင်းအကြောင်းပြောနေသော်လည်း ဂျွန်က ခရစ်ယာန် ခေါင်းဆောင် ဖြစ်ကြောင်းကို သိသည့်အခါ ခရစ်ယာန် ငွေရေးကြေးရေး နှင့် လိင်ပိုင်း မကောင်းသတင်း ကျော်ကြားမှုအကြောင်းတိုင်းကို ပက်ပက်စက်စက် စပြောခဲ့သည်။ သူက အားလုံးကို သိနေပါကလား! သူက Wimberဘက်သို့ လှည့်ကြည့်လာသည့်အခါ သူ့ကို Wimberမေးခွန်းမေးလာသည်၊ "သို့ရာတွင် ယေရှု ထိုနေရာမှာ ရှိခဲ့လျှင်၊ အသင်းတော် ရှိခဲ့လျှင်၊ သူ့အသင်းတော်က ဘာတွေ လုပ်မည်ဟု သင်တို့ ထင်ပါသနည်း?" တက်စ်စီကားမောင်းဆရာက၊ "သူတို့က အချင်းချင်း ချစ်ကြလျက် ဆင်းရဲသားများကို ကူညီကြလိမ်မည်" ဟု တုန့်ပြန်ပြောဆိုခဲ့သည်။ ကမ္ဘာလူသားများက ကျွန်ုပ်တို့ ဘာတွေလုပ်မည့်အကြောင်း နှင့် ဘယ်လို အသက်ရှင်ကြမည့်အကြောင်းတို့ကို သိကြသည်။ ၎င်းက သူတို့ကိုသူတို့ ခရစ်ယာန်များဟု ပြောကြသည့်သူများ၏ နည်းဗျူဟာဖြစ်သော်လည်း ၎င်းအတိုင်း မလုပ်ကြပါ။

## ၃/ခရစ်တော်၏ခန္ဓာကိုယ်မှာ ဒီမိုကရေစီအခွင့်အရေး မရှိသော်လည်း ဘာသာရေးထိပ်ထား အုပ်ချုပ်သည့်စနစ် ရှိသည်ဟု ထိုအကြောင်းများက ဖော်ပြသောကြောင့် ငါးထပ်ကွင်းအမှုတော်အတွက် ယေရှုအားဖြင့် ကျွန်ုပ်တို့က ဘယ်လို အာဏာအပ်နှင်း တာဝန်ပေးရမည်နည်း?

ဟုတ်ကဲ့ပါ၊ ခရစ်တော်၏ ခန္ဓာကိုယ်မှာ ဘာသာရေးထိပ်ထား အုပ်ချုပ်သည့်စနစ် ရှိသော်လည်း သင်တို့က တခြားလူကို အာဏာအပ်နှင်းပါက သင်တို့က ထိုအုပ်ချုပ်သည့်စနစ်မှာ မရှိတော့ပါ။ ဘုရင်စနစ်ထဲမှာ ရှိနေသည်။ ဘာကြောင့်လည်းဆိုလျှင် ၁ဓမ္မရာဇဝင် ၈း၇မှာ ထာဝရဘုရား နှင့် ရှမွေလတို့သည် လူများအုပ်ချုပ်မည့်ရှင်ဘုရင်ကို မပေးလိုကြပါ၊ "သူတို့သည် သင့်ကိုသာ မပယ်၊ ငါသည်သူတို့ကို မအုပ်စိုးစေခြင်းငှါ ငါ့ကိုလည်း ပယ်ကြပြီ။"

ခရစ်တော်၏ ခန္ဓာကိုယ်၌ အာဏာအပ်နှင်းခြင်း မရှိပါ။ အဖွဲ့ဝင်တိုင်းဆီသို့ ရှင်ဘုရင်ထံမှ သြဇာ ဝေမျှကြဖို့ပဲ ဖြစ်သည်။ ကျွန်ုပ်တို့က တဦးကိုတဦး အစေခံဖို့ ၎င်းသြဇာကို သုံးပြုကြမည် ဖြစ်သည်။ ခေါင်းဆောင်များက ရှောလု၊ ဒါဝိဒ် နှင့် ရှောလမုန်တို့အကြောင်း အများကြီး ပြောသည့်အချိန်မှာ ဂရုစိုက်ပါစေ။ ကျွန်ုပ်တို့၏ စံပြများသည် ဒါဝိဒ် နှင့် ရှောလမုန်တို့ မဟုတ်ကြပါ။ ယေရှု နှင့် ရှင်ပေါလု တို့ ဖြစ်သည်။

ကျွန်ုပ်တို့သည် ဘာသာရေးထိပ်ထား အုပ်ချုပ်သည့်စနစ်ထဲမှာ ရှိပြီး၊ ယေရှုက ရှင်ဘုရင်/အုပ်ချုပ်သူ ဖြစ်သည်။

ကျွန်ုပ်တို့အားလုံးသည် သူ့အတွက် နှင့် တစ်ယောက်အပေါ်တစ်ယောက်တို့တွင် သူ့ အစေခံများ၊ ညီအစ်ကိုများ နှင့် မိတ်ဆွေများ ဖြစ်ကြသည်။

သင်တို့က သူဌေးများ သို့မဟုတ် ညီအစ်ကို မောင်နှမများ လိုချင်ကြပါသလား?

ညီအစ်ကိုများက သဘောတူညီမှုမရနိုင်သည့်အခါ ဘာများဖြစ်ပျက်သနည်း? သင်တို့သည် သူတို့နှင့် အတူတူ အလုပ်လုပ်၍ လျှောက်လှမ်းဖို့ ဆက်ကပ်ကျလျှင်၊ သခင်ဘုရားထံမှ တူညီသောအရာအားလုံးကို သင်တို့ မကြားသေးမီအထိ တစ်ယောက်နှင့် တစ်ယောက် စောင့်ရပါလိမ့်မည်။ ထို့နောက် သင်တို့က သဘောမတူနိုင်ကြလျှင် ဘယ်လိုလည်း? တမန်တော်ဝတ္ထု ၁၅း၃၆-၄၀မှ ရှင်ပေါလု နှင့် ဘားနဗတို့ကဲ့သို့ သင်တို့က သဘောမတူသည့်အရာ အပေါ် သဘောတူပါမှ အလုပ် အဆင်ပြေလာမည် ဖြစ်သည်။

**၄/သာမန်အသင်းတော်များမှ အယူဝါဒလွဲမှားခြင်းက မည်သို့နည်း?**

Roland Allan၏ စကားကို ကူးကားပါရစေ၊ "ဉာဏ်ပညာနှင့်ညွှန်ပြခြင်း မျှလောက်ထက် ခရစ်တော်၏ စစ်မှန်သောအတွေ့အကြုံ တန်ခိုးမှ ရလဒ်များသည် အစစ်အမှန် အယူဝါဒ ဖြစ်သည်။ အယူဝါဒလွဲမှားခြင်းများက လျစ်လျူရှုခြင်းကို မဖြစ်ပွားစေခဲ့သော်လည်း လူသားများ သင်ယူမှုမှ ထင်မြင်ချက်များဖြင့် ဖြစ်ပွားစေပါသည်။"

ယေရှုက သန့်ရှင်းသောဝိညာဉ်တော်အား အလွန် ယုံကြည်သကဲ့သို့ ကျွန်ုပ်တို့က ယုံကြည်နိုင်မည်လား? အမှန်တရားအားလုံးထဲမှာ ကျွန်ုပ်တို့ကို သန့်ရှင်းသောဝိညာဉ်တော်က ဦးဆောင်ညွှန်ပြမည့်အကြောင်းက သူ့ယုံကြည်ခြင်း ဖြစ်ပါသည်။ သူ့တပည့်တော်များနှင့် သုံးနှစ်သုံးမိုး အတူလက်တွဲပြီးနောက် ထွက်သွားသည့်အချိန်မှာ ၎င်းက သူ့ယုံကြည်ချက်လည်း ဖြစ်သည်။ လူများကို ကျွန်ုပ်တို့အပေါ်မှာ သို့မဟုတ် သန့်ရှင်းသောဝိညာဉ်တော်ပေါ်မှာ ကျွန်ုပ်တို့က မှီခိုစေနိုင်မည်လား? ကျွန်ုပ်တို့၏တပည့်တော်များအတွက် ရှင်ယောဟန်ခရစ်ဝင် ၁၆ကို ကျွန်ုပ်တို့က ရေးနိုင်ခဲ့မည်လား?

**၅/မဟာအမှုတော်များကို ဦးစီးသည့်သူအားလုံးက စိတ်နိုးကြားစေခြင်းများဖြင့် မှားယွင်းကြသည်ဟု သင်တို့က ပြောတတ်သောကြောင့်၊ ဆင်ကိုစီးလျက်အမှုတော်ဆောင်သူများကပဲ မြင်သာစေဖို့ ၎င်းကို လုပ်ဆောင်နိုင်မည်လား?**

ဟုတ်ပါသည်၊ ၎င်းနည်းအတိုင်း ဖြစ်နိုင်သည်။ သို့ရာတွင်၊ ကွဲပြားခြားနားသော အခြေအနေအများအပြားမှာ စေခံခေါင်းဆောင်အများကြီး ရှိပါသည်။ ထာဝရဘုရားက ဝက်သစ်ချပင်များ နှင့် ဆင်များကို ဖန်ဆင်းခဲ့သည်။ ဆင်အပေါ်မှာ ဦးဆောင်ကောင်းများ ရှိ၍၊ ဆင်များကို ကျွေးမွေးချင်သည့်သူ နောက်လိုက်အများအပြားလည်း ရှိပါသည်။ သို့သော်လည်း၊ အမှန်စေ့စော်မှုနှင့် စိတ်ထားကောင်းသည့် ဆင်မောင်းသမား အနည်းငယ်ကို ရှာတွေ့နိုင်ဖို့ အကြောင်းမဟုတ်သောကြောင့် ကိုယ်ပိုင်ရည်ရွယ်ချက်နှင့် ဆင်ကို မောင်းဖို့ ကြိုးစားနေသည့် စဉ်းစားစရာစေ့စော်မှုများနှင့် ထိုအရာအားလုံးကို တရားမျှတကြောင်းပြရမည် ဖြစ်သည်။ အကြောင်းမှာ ယေရှု၏ နောက်လိုက် ဖြစ်စေဖို့ နှင့် သူတို့ဆီသို့ လုပ်ဖို့ ကျွန်ုပ်တို့ကို သူ မိန့်မှာသည့် အရာများကို လုပ်ဆောင်ဖို့ ဖြစ်ပေသည်။

ကျွန်ုပ်တို့က ယေရှု၏ နောက်လိုက်များ သို့မဟုတ် အောင်မြင်သောလူများ၏ နောက်လိုက်များ ဖြစ်ကြသလား? အစစ်အမှန်မှာ ၎င်းကို အကောင်းဆုံးစေ့စော်မှုများနှင့် လုပ်ဆောင်ခြင်းပင် ဖြစ်သည်။ လုပ်ဆောင်ဖို့ ကျွန်ုပ်တို့ကို ယေရှုက မမိန့်မှာသည့်၊ မလုပ်ခဲ့သည့် အရာများကို ကျွန်ုပ်တို့က လုပ်ဆောင်သည့်အခါမှာ၊ ကျွန်ုပ်တို့က မှားသည့်နေရာမှာ အမြဲလိုလို အဆုံးသတ်ကြသည်။ ကျွန်ုပ်တို့သည် ယေရှု၏ ပညတ်တော်များ နှင့် စံနမူနာတို့ကို လိုက်လျှောက်သူများ ဖြစ်ကြသည်! သို့ရာတွင်၊ ဆင်များ ရောင့်ရဲအောင် ကျွေးမွေးနေဦးမည့် ယေရှု၏ နိုင်ငံတော်၏ ရိုးရှင်းသောဖွင့်ပြခြင်းနှင့် တစ်ဦးဦးကို နားလည်စေဖို့ ဘယ်လောက်

ဖြစ်နိုင်ကြောင်းကို ကျွန်ုပ်က ရှာတွေ့ထားသည်။

# အခန်း ၈

# ငြင်းပယ်ခြင်း၊ လက်ခံခြင်း နှင့် စစ်မှန်မှု အယောက်အလား

*"အကြင်မြို့သို့ ဝင်၍ မြို့သားတို့သည် လက်မခံအံ့၊ ထိုမြို့၏ လမ်းသို့ထွက်ပြီးလျှင်၊ ငါတို့၌ ကပ်သောသင်တို့မြို့၏မြေမှုန့်ကို ငါတို့ခါလိုက်၏။ သို့သော်လည်း ဘုရားသခင်၏နိုင်ငံတော်သည် သင်တို့၏ အနီးသို့ ရောက်ကြောင်းကို သိမှတ်ကြဟု သူတို့အားပြောကြလော့။ . . . သင်တို့၏စကားကို နားထောင်သောသူသည် ငါ့စကားကို နားထောင်၏။ သင်တို့ကို ပယ်သောသူသည် ငါ့ကိုပယ်၏။ ငါ့ကို ပယ်သောသူသည် ငါ့ကို စေလွှတ်တော်မူသောသူကို ပယ်သည်ဟု မိန့်တော်မူ၏။" ရှင်လုကာခရစ်ဝင် ၁၀း၁၀-၁၆*

လယ်ကွင်းများသည် ဖြူဖွေး၍ ရိတ်သိမ်းဖို့အတွက် အဆင်သင့်ဖြစ်သော်လည်း သင့်ကို လက်မခံကြလျှင် ၎င်းနေရာမှာ ဖုန်များကိုခါ၍ ဆက်သွားပါ! ယေရှုက ဤနေရာမှာ မျှော်လင့်ချက်အချို့ကို စီမံလျက် အလုပ် လုပ်နေပါသည်! "အားလုံးက ငါ့ကို လက်မခံသကဲ့သို့ သင့် ကိုလည်း လက်ခံကြလိမ့်မည်မဟုတ်။ သင်ကိုတိုင် ဤအသိဉာဏ်နှင့် ရင်ဆိုင်ရန်ပြင်ဆင်၍ သင့်ကို မစွန့်ပယ်စေပါနှင့်။" "ဤအကြောင်းက ပုဂ္ဂိုလ်ရေးမဟုတ်ကြောင်းကို နားလည်ပါ။ သင့်အကြောင်းလည်း မဟုတ်ပါ။ သူတို့ ငြင်းပယ်သည့် ထာဝရဘုရား၏ နိုင်ငံတော် တည်လုနီး သည့်အကြောင်း ဖြစ်ပါသည်။"

ငရဲပြည်က ကျွန်ုပ်တို့တောင်းဆိုသည့်အကြောင်းကို သေချာစွာလက်ခံ၍ ကျွန်ုပ်တို့ လိုချင်သည့်အကြောင်းကို သိကျစွာ ရစေသည်ဟု တစ်ချို့က ပြောကြသည်။ ထာဝရဘုရား၏ နိုင်ငံတော်ကို အသင် ငြင်းပယ်ပါသလား? ထာဝရအတွက် သင့်ရွေးချယ်မှုများကို ထာဝရဘုရားက လေးစားမည်ဖြစ်၍၊ ထာဝရဘုရား၏ ကျေးဇူးတော် မရှိသည့်နေရာနှင့်တူနေကြောင်း ကို သင်က တွေ့ရှိမည် ဖြစ်သည်။ သင် တစ်ယောက်တည်း ချန်ထား စေချင်ပါသလား? ထာဝရဘုရား ပါရှိမှု ကင်းမဲ့သည့် သင်တစ်ယောက်တည်းသာလျှင် ဆိုးဆိုးဝါးဝါးဖြစ်ကြောင်း ကို အသင် ရှာဖွေတွေ့ရှိလာပါမည်။ သင့်နည်းလမ်းအတိုင်း အရာရာကို သင် လုပ်ချင်ပါသလား? သင်သည် ထာဝရ သဘောကျစေဖို့ သင့်နည်းလမ်းများ၏ တစ်ခုတည်းသောအသီးကို ရရှိမည် ဖြစ်သည်။

အပြုသဘောဆောင်သောအေးစက်မှုမျိုး ဤနေရာမှာ မရှိပါ။ ပိုအေးစက်အောင်

ဖြည့်ပေးခြင်းဖြင့် ပိုပြီးအေးစက်လာသောအရာတစ်ချို့ကို သင်က မဖြစ်စေနိုင်ပါ။ ပိုပို၍ အပူစွမ်းအင်ကို ဖယ်ထုတ်ခြင်းဖြင့် ပိုပြီးအေးစက်လာသောအရာတစ်ချို့ကိုပဲ သင် ပြုလုပ်နိုင်မည် ဖြစ်သည်။ လုံးလုံး သုညဖြစ်ပါက အပူစွမ်းအင်အားလုံး မရှိတော့ပါ- ယူသွားဖို့ ချန်ထားသည့်စွမ်းအင် ရှိတော့မည်မဟုတ်ပေ။

တိကျသေချာသောမှောင်မိုက်ခြင်းမျိုး မရှိပါ။ ပိုမှောင်စေဖို့ ဖြည့်ခြင်းဖြင့် ပိုပိုပြီး သင်က မှောင်လာစေနိုင်မည် မဟုတ်ပါ။ အလင်းကို ပိုပို၍ ယူသွားခြင်းဖြင့် ပိုမှောင် လာသည့်အမှောင် ဖြစ်လာသည်။ လုံးလုံး မှောင်မဲခြင်းက အလင်းရောင် အနည်းငယ်မျှ ကင်းမဲ့ခြင်းကြောင့် ဖြစ်သည်။

သေချာသောဆိုးသွမ်းမှုမျိုး မရှိပါ။ တိုး၍ တိုး၍ ဆိုးသွမ်းမှုကို လက်ခံခြင်းဖြင့် ပိုပိုပြီး ဆိုးသွမ်းလာသည့်သူ မရှိသောလည်း ပို၍ ပို၍ ဖြောင့်မတ်ခြင်းကို ငြင်းပယ်ခြင်းဖြင့် ဆိုးသွမ်းမှု ဖြစ်စေသည်။ လုံးလုံး ဆိုးသွမ်းမှုက ဖြောင်းမတ်ခြင်း လုံးဝ ကင်းမဲ့သောကြောင့် ဖြစ်ပါသည်။

တိကျသေချာသောမုန်းတီးမှုမျိုး မရှိပါ။ ပိုမုန်းအောင်ဖြည့်စီးခြင်းဖြင့် ပုဂ္ဂိုလ်တစ်ယောက်ကို သင်က ပိုမုန်းတီး စေနိုင်မည် မဟုတ်ပါ။ တစ်ချို့က တိုး၍ တိုး၍ ချစ်ခြင်းကို ပယ်ချသောကြောင့် ပိုမုန်းတီးတတ်လာသည်။ လုံးလုံး မုန်းတီးခြင်းသည် ချစ်ခြင်း လုံးဝ ကင်းမဲ့သောကြောင့် ဖြစ်ပါသည်။

နိုင်ငံတော်ကို အသင် ပယ်ပါသလား? ထာဝရဘုရားကို ငြင်းပယ်ပါသလား? သူ့ ဖြောင့်မတ်ခြင်း နှင့် သူ့ ချစ်ခြင်းတို့ကို သင် ငြင်းပယ်ပါသလား? သင့်ရွေးချယ်မှုကို သူက လေးစားမည် ဖြစ်သော်လည်း၊ ကောင်းမြတ်ခြင်း အရာအားလုံး၏ ဇစ်မြစ် သင် သိနားလည်အောင် သူ လုပ်ဆောင်သည့်အခါ၊ သူ့နိုင်ငံတော်၊ သူ့ချစ်ခြင်း၊ သူ့အလင်းတော်၊ သူ့ဖြောင့်မတ်ခြင်း နှင့် သင့်ဆီသို့ စီးဆင်းစေသည့် သူ့ကျေးဇူးတော်တို့ကို ခွင့်ပြုမည် မဟုတ်ပါ။

ထာဝရဘုရားက ဆိုးသွမ်းခြင်းကို မဖန်းဆင်းခဲ့ပါ။ ဆိုးသွမ်းမှုကိုလည်း ခွင့်မပေးပါ။ သူက ကျွန်ုပ်တို့ နည်းလမ်း ရှိကြဖို့ ရိုးရှင်းစွာ ခွင့်ပြုသည်။ သူ့ကို ငြင်းပယ်ဦးမည်လား? သင့်ရွေးချယ်မှုကို သူက လေးစားမည် ဖြစ်သောကြောင့်၊ လုံးလုံး တစ်ကိုယ်တည်းဖြစ်ခြင်း နှင့် မှောင်မိုက်ခြင်းတို့ကို သင်က ချန်ထားခဲ့ရမည် ဖြစ်ပါသည်။

ဤကဲ့သို့ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၏ စွမ်းအားက လှန့်စေသည်။ ထာဝရကိစ္စအားလုံးသည် ဝမ်းမြောက်ဖွယ်ကောင်း၍ ကြောက်ဖွယ်လည်းကောင်းသောကြောင့် ရွေးချယ်မှုများ ပြုလုပ်ဖို့ သက်ရှိလူသားမှာ လွတ်လပ်စွာ ရွေးခွင့် ရှိသည်။

သို့ရာတွင်၊ ယေရှုက ကျွန်ုပ်တို့ ရိတ်သိမ်းဖို့ သွားကြသောကြောင့် လုံးလုံး ခွဲခြားရွေးထုတ်ခြင်းကို ကျွန်ုပ်တို့နှင့် ပြုလုပ်သည့်အကြောင်းကလည်း အံ့ဩဖွယ် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ကို တစ်ချို့က လက်ခံဖို့ သို့မဟုတ် ငြင်းပယ်ဖို့ အကြောင်းက သူ့ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဖြစ်သည်။ ၎င်းက ကောင်းကင်ဘုံရှင်ခမည်းတော်ကို ငြင်းပယ်စေဖို့ နှင့် လက်ခံဖို့ ဖြစ်သည်။ ကျွန်ုပ်တို့ကို သူ့ကိုယ်၌ လုံးလုံး တလုံးတဝတည်း ဖြစ်စေ၍ သူ့ခန္ဓာကိုယ်မှာ ရှိစေပါသည်။ ကျွန်ုပ်တို့က သူ့ခန္ဓာကိုယ် ဖြစ်ပြီး၊ သူ့ကိုယ်၌ ကျွန်ုပ်တို့ကို လုံးဝ တလုံးတဝတည်း ဖြစ်စေသည်။ ယေရှုက ပေါလုကို “ရှောလု၊ ရှောလု ဘာ ကြောင့် ကျွန်ုပ်ကို ညှဉ်းဆဲသနည်း?မေးသည့်အခါ၊ ‘သခင် အသင် ဘယ်သူလည်း?’ဟု သူက ပြန်မေးသည်။ ထို့ နောက် သခင်ဘုရားက၊ ‘ကျွန်တော်က အသင် ညှဉ်းဆဲသည့်ယေရှု ဖြစ်၏’။” ၎င်းက ဒမသက်မြို့ကို သွားသည့်လမ်းပေါ်မှာ ပေါလု ရင်ဆိုင်ရသည့် အလားတူအမှန်တရား ဖြစ်သည်(တမန်တော် ဝတ္ထု ၉း၄-၅)။

ယေရှုက ဖျားနာသူ နှင့် ထောင်ကျသူများဆီကို အမှန်သွားလည်ဖို့၊ ဆာလောင်ငတ်မွတ်သူကို ကျွေးမွေးဖို့၊ အဝတ်မရှိသူကို အဝတ်အစားပေးဖို့ နှင့် ဒုက္ခသည်များကို အိမ်ပြင်ဆင်ပေးဖို့ မိန့်မှာသည့်အခါ၊ တခြား လုံးဝ ပြီးပြည့်စုံသော သက်သေခံခြင်းကို သူက ဖြစ်ထွန်းစေကြောင်းကို ရှင်မဿဲခရစ် ဝင် ၂၅မှာ ဖော်ပြထားသည်။ သူတို့ကို၊ “ဤသူတည်းဟူသော ငါ့ညီတို့တွင် အငယ်ဆုံး သောသူတယောက်အား ပြုကြသမျှတို့ကို ငါ့အား ပြုကြ၏”ဟု သူက ပြောပါသည်။ သူ့အခြား တစ်ဘက်က သူများဆီကို၊ “သင်တို့သည် ဤသူတို့တွင် အငယ်ဆုံးသောသူ တယောက်အား မပြုသမျှတို့ကို ငါ့အား မပြုကြ။”ဟု ပြောပြီး ၎င်းသက်သေပြခြင်း ဆက်ပြောသည်။ ထိုသူတို့ကို ငြင်းပယ်ခြင်းသည် သူ့ကို ငြင်းပယ်ခြင်း ဖြစ်သည်။

ယေရှုက လုံးလုံး ပြည့်စုံသော သက်သေပြခြင်းကို ဆင်းရဲသား၊ ဒုက္ခဝေဒနာခံစားသူ၊ အငယ်ဆုံးသောသူ နှင့် ဝမ်းနည်းကြေကွဲသူတို့နှင့် ပြုလုပ်သည်။ ဆာလောင်သောအုပ်ထိန်းမဲ့ ကလေးတိုင်း နှင့် အားနည်းသောကလေးတို့အပေါ်မှာ သူက အာရုံစိုက်သည်။

လူကောင်းများက အချိန်ပေါင်းများစွာ ခက်ခဲသောမေးခွန်းများကို မေးနေကြသည်။ “ဒုက္ခဝေဒနာခံစားလွန်းသူအများရှိသည့်နေရာမှာ ထာဝရဘုရားက ဘယ်မှာ ရှိမည်နည်း? ထိုအရာများဖြစ်ပျက်ဖို့ ထာဝရဘုရားက ဘယ်လောက်ခွင့်ပြုထားသနည်း? မလှုပ်ရှားပဲ၊ ဘယ်လို မေတ္တာရှင်ဘုရား ဖြစ်နိုင်သနည်း? အလွန်သေးငယ်သော တန်ခိုး သို့မဟုတ် အရည်အချင်း သူ့မှာ အမှန်တကယ် ရှိပါသလား? သို့မဟုတ် မလှုပ်ရှားပဲနှင့်၊ စကြာဝဠာကို ဖန်ဆင်းသည့် တန်ခိုးရှင်ဘုရား ဘယ်လို ဖြစ်နိုင်သနည်း? သူ့ မေတ္တာကို မဖော်ပြနိုင်လောက်အောင် သူက အလွန်အားနည်း နေပါသလား?”

ထာဝရဘုရားက သူဖန်ဆင်းထားသည့် ကမ္ဘာမြေ၊ သူလွတ်လပ်မှုပေးခဲ့၍ မိတ်သဟာယဖွဲ့လျက် ဂရုစိုက်ပြီး ဤကမ္ဘာမြေကို စောင့်ရှောက်စေသည့်လူသား တို့ကို ကြည့်ရှုကာ အထက်မှာကဲ့သို့ မေးခွန်းကို မေးပါသည်။ “သင်တို့သည် ၎င်းဆင်းရဲမျိုးကို ဘယ်လို ဖြစ်ပါစေမည်နည်း? စင်စစ် အလွန်အစွမ်းမဲ့နေပါသလား? အမှန် ဂရုစိုက်ဖို့ အလွန်ဆင်းရဲ ပါသလား?”

မှန်ပါသည်၊ ၎င်းကို ကျွန်ုပ်တို့တယောက်ကမှ မလုပ်နိုင်သော်လည်း ကျွန်ုပ်တို့အသီး

သီးက တစ်ချို့ကို လုပ်နိုင်ပါသည်။ ကျွန်ုပ်တို့သည် အလုပ်လုပ်ဖို့ ဘာကြောင့် အလွန်ဆင်းရဲသနည်း? စကြာဝဠာမှာ ရှိသည့်လူပုဂ္ဂိုလ်တိုင်းကို ကျွေးမွေးဖို့၊ ဝတ်စားဆင်ရင်စေဖို့၊ ပညာသင်ပေးဖို့ နှင့် ခိုလှုံစေဖို့ ကျွန်ုပ်တို့က အရင်းအမြစ်များ ရှိကြပါသည်။ ကျွန်ုပ်တို့သည် ရိုးရှင်းသောဆန္ဒ မရှိကြပါ။ ကျွန်ုပ်တို့က အငယ်ဆုံးသောသူများကို ကျွေးမွေးဖို့ထက် ငွေကြေးကို အဆောက်အအုံများ၊ အစည်းအဝေးပွဲများ၊ အသံချဲ့စက်ပစ္စည်းများ၊နှင့် ပုဂ္ဂိုလ်ရေးသာယာမှုများတို့အတွက် အများဆုံး သုံးဖြုန်းတတ်ကြသည်။

ဤဆင်းရဲခြင်းအပေါင်းကြုံနေရချိန်မှာ ထာဝရဘုရားက ဘယ်နေရာမှာ ရှိသနည်း? သူသည် ဆင်းရဲမှု ခံစားသူ တစ်ဦး နှင့် အငယ်ဆုံးသူ တို့ရှိသည့် နှစ်နေရာမှာ ပါရှိသည်။ သူ့ခန္ဓာကိုယ် နှင့် သူ့လူများ ရှိသည့်နေရာတို့မှာ ရှိသည်။ သူ့လူများက ဒုက္ခဆင်းရဲခြင်းမှာ အစေခံခြင်းဖြင့်၊ အငယ်ဆုံးသူကို ချစ်ခြင်းဖြင့် ထာဝရဘုရားအား မြင်တွေ့စေပါသည်။

ဤကဲ့သို့ ထာဝရဘုရား၏ ဖွင့်ပြခြင်းက သူ့ကို လူများက နာခံစေနိုင်သည့် အစွမ်း၊ ခွန်အားရှိသောဘုရားအဖြစ် ဖော်ထုတ်ခြင်းမျိုးမဟုတ်ပါ။ အတင်းလုပ်သည့်ဝတ်ပြုခြင်းက မှန်သောဝတ်ပြုခြင်း မဖြစ်နိုင်ပါ။ ထိုဖွင့်ပြခြင်းက ထာဝရဘုရား၏ စိမ့်ဝင်ခြင်းသာ ဖြစ်သည်။ ဂရုဏာတော် နှင့် သမ္မာတရားတို့နှင့် ပြည့်စုံသော တစ်ဦးတည်းသော ထာဝရဘုရား၏သားတော်ဖြစ်ခြင်းမှ လူသားများက မြင်တွေ့တတ်ဖို့ သူ့ဂုဏ်အသရေတော်အတွက် နှုတ်ကပတ်တော်ကို ရုပ်လုံးပေါ်လွင်စေခြင်း ဖြစ်ပေသည်။ အပျိုကညာ၏ ဝမ်းထဲမှ ကလေး ဖြစ်ထွန်းလာစေ၍၊ ကြီးပြင်းလာလျှက် “ကလေးတို့က ကောင်းကင်နိုင်ငံကဲ့သို့ ဖြူစင်သောကြောင့် ငါ့ထံသို့ လာစေပါ”ဟု ပြောလာမည့် ထာဝရဘုရား ဖြစ်သည်။

ဤဂုဏ်အသရေတော်ကို တွေ့နိုင်ဖို့ နှစ်သက်ကြသည့်လူသားများက သူ့လိုဖြစ်လာလျှက် ကိုးစားဖို့၊ ချစ်မေတ္တာစိတ် မွေးထားဖို့ လိုလားသူများလည်း ဖြစ်ပါသည်။ သူတို့ကို သူက ဝိညာဉ် ခွန်အားဖြည့်စေဖို့၊ သူတို့အထဲမှာ အသက်ရှင်နေထိုင်ဖို့၊ သူတို့အားဖြင့် ရှင်သန်ဖို့ သူတို့က နှစ်သက်ကြသည်။ ထာဝရဘုရားကဆက်လက်စိမ့်ဝင်ခြင်းဖြင့် နိမိတ်များဖြစ်စေဖို့၊ အငယ်ဆုံး သောသူများကို ချစ်မေတ္တာထားဖို့ တို့ကိုလည်း လိုလားကြပါသည်။

ထာဝရဘုရား၏ ကောင်းကင်နိုင်ငံတော်၌ ဖွဲ့စည်းပုံ၌ အငယ်ဆုံးသောသူများက “ထိပ်ဆုံး”မှာ ပါရှိသည်။ အငယ်ဆုံးသောသူများအပေါ်မှာ ပြုသည့်အရာက ယေရှုမှာ ပြုခြင်းဖြစ်သည်။ ဤအကြောင်းက နိုင်ငံတော် မှောက်လှန်ခြင်း ဖြစ်ပေသည်။

## မေးလေ့ရှိသည့် မေးခွန်းများ

### ၁/ထိုကြောင့် ထာဝရဘုရားက မကောင်းဆိုးဝါးကို မဖန်ဆင်းဘူးလား?

သည်လိုလည်း မဟုတ်ပါ၊ ထာဝရဘုရားက မကောင်းဆိုးဝါးကို မဖန်ဆင်းပါ။ အကျင့်ကောင်းသောကောင်းကင်တမန်များ နှင့် လူသားများကိုပဲ ဖန်ဆင်းသည်။ ၎င်းတို့က သူ့ဂုဏ်အသရေတော်ကို ညှင်းဆိုခြင်း သို့မဟုတ် ထောမနာပြုခြင်းကို ရွေးချယ်ပိုင်ခွင့် ရှိကြသည်။

အမှောင်ထု နှင့် မုန်းတီးမှု၊ ဩဇာအတွက် တစ်ကိုယ်ကောင်းဆန်ခြင်း နှင့် လောဘတို့က မေတ္တာနှင့်ဆက်ကပ်သည့်ဂုဏ်ကို ငြင်းဆိုခဲ့သည့် ဆန္ဒကို ကြီးမားစေပါသည်။

### ၂/ထိုကြောင့် လုံးလုံးထိန်းချုပ်မှုထဲမှာ ထာဝရဘုရား မရှိဘူးလား?

သည်လိုလည်း မဟုတ်ပါ၊ အရာရာတိုင်းကို ကြိုပြီး အသေးစိတ် စိစစ်သည့် အတွေးအမြင်က ထာဝရဘုရားကို မထိန်းချုပ်ပါ။ ကျွန်ုပ်တို့ ရွေးချယ်သည့်အရာများက အမှန် အရေးပါလျှက်၊ ထာဝရ အကျိုးဆက်များလည်း ရှိသည်။ ကျွန်ုပ်တို့က စက်လို ဖန်ဆင်းထားသည့်အရာများ မဟုတ်ပါ။ ကျေးဇူးတော် နှင့် ဉာဏ်ပညာတို့ ကွာဟမှုကို ပိုင်းခြားစေသည့် နိုင်ငံတော်ထဲမှာ ကျွန်ုပ်တို့က အသင်ရှင်နေကြသည်။

ဟုတ်ပါသည်၊ ထာဝရဘုရား၏ ရည်ရွယ်ချက်အားလုံး ပြီးပြည့်စုံမည် ဖြစ်သည်! ခရစ်တော်၌ သူ့ရည်ရွယ်ချက်အားလုံးက ပြီးမြောက်လာပါမည်။ သို့သော်၊ Osoloမှ Brusselsသို့ ခရီးသွားဖို့ သင့်မှာ ရှိသည့် အစီအစဉ်အားလုံးအတိုင်း ဖြစ်သည်။ သင်သည် တိုက်ရိုက် လေယာဉ်နှင့် သွားလို့ရပါသည်။ ရထားနှင့် သွားလို့လည်း ရသည်။ ကားစီးသွားနိုင်သည်။ သင်သည် ကားစီးလာလျှင်၊ Osoloမှ Germanyသို့ (သို့) Osoloမှ Denmarkသို့ သွားသည့် လိုင်းကားကို စီးနိုင်ပါသည်။ အဝေးပြေးလမ်းမှာ ပြေးဆွဲသည့် ကား အမျိုးမျိုးကို ရွေးပြီး သွားလို့ရသည်။ လမ်းအများဆုံးကို ရွက်လှေ စင်းလုံးငှား၍ ရေကြောင်းဖြင့် သွားပြီး ထိုနောက်တွင် AntwerpမှBrusselsသို့ ကားဖြင့် (သို့) Brusselsသို့ ရေကြောင်းဖြင့် သွားလို့ ရပါသည်။ လမ်းခရီးအများဆုံးကို ခြေကျင်နှင့် ဖြစ်ဖြစ်၊ ကားနှင့် ဖြစ်ဖြစ် သွားဖို့ သင် နှစ်သက်ရာကို ရွေးလို့ရသည်။ လေကြောင်းခရီး၊ ကားခရီး (သို့) ခြေကျင်ခရီး စသည့် ခရီးတိုင်းကို ကွဲပြားသည့်လမ်းကြောင်းဖြင့် သွားလို့ရပါသည်။ မတော်တဆအရေးများ ကြုံတတ်၍ ခရီးတိုင်းက ကြန့်ကြာတတ်ပါသည်။ အရာရာ ဖြစ်ပျက်တတ်သည်။ သူတို့ကို သင် ဘယ်လို တုန့်ပြန်မည်နည်း? သင့်ခရီးပန်းတိုင် ရောက်ဖို့ နည်းလမ်းအများအပြား ရှိသည်!

ထာဝရဘုရားက လူသားများ၏ အဆိုးဝါးဆုံး ကျဆုံးမှုကို သူ့ဂုဏ်အသရေတော်ထဲမှာ အသွင်ပြောင်းစေသည့် ကားတိုင်မှလက္ခာဏာသည် သူ့ဂုဏ်တော်ပင် ဖြစ်သည်။ အကြမ်းဖက်ခြင်း တခုခုထက် ခွင့်လွှတ်ခြင်းက သာ၍သာ၍ အစွမ်းရှိသည်။ ကောင်းချီးမင်္ဂလာက ကျိန်ဆဲခြင်း တခုခုထက် ပိုပြီး တန်ခိုး ရှိသည်။ ချစ်ခြင်းမေတ္တာ ဘယ်သောအခါမှ မရှုံးနိမ့်ပါ။ ခရီးတခုခု၊ လမ်းလွဲတခုခု၊ ရှုံးနိမ့်မှု တခုခုကို ထာဝရဘုရားက ယူသွား၍ ကျေးဇူးတော့် ဂုဏ်တော်ကို ဖော်ထုတ်ခြင်းဖြင့် ပြောင်းပြန်လှန်နိုင်ပါသည်!

အာရှ အလယ်ပိုင်းသို့ ကျွန်ုပ် ပထမခရီးစဉ်များမှ ခရီးတစ်ခု သွားနေချိန်မှာ ကျွန်ုပ်တို့အားလုံးကို သတ်ဖို့ ဆုံးဖြတ်ဟန်ရှိသည့် ကားမောင်းသမားက တောင်ကုန်းများမှာ ကားကို အရှိန်မြင့်မြင့်နှင့် မောင်းနှင်ခဲ့သည်။ သူသည် တောင်ပေါ်သို့ ဘလိုင်းကြီး ပတ်မောင်းသွားသည်။ အမိုက်တင်ကုန်ကားကြီးကို ကျွန်ုပ်တို့က ကျော်သွားနေချိန်မှာ တောင်ပေါ်မှ အရှိန်မြင့်မြင့်နှင့် ဆုန်ဆင်းလာသည့် ကားနှင့် ခိုက်မိ ခါနီးနီး တစ်ကြိမ် ကြုံတွေ့ပြီးနောက်မှာ၊ ကျွန်ုပ်သည် ကားကို ရပ်စေ၍ ကားကို ဆင်ခြင် မမောင်းလျှင် ကားမစီးတော့ပဲ ခြေကျင်လမ်းလျှောက်သွားမည်ဟု ပြောချလိုက်သည်။ ကားမောင်းသမား၏ ဓလေ့ကို ကျွန်ုပ်က နားမလည်ဟုလည်း ပြောလိုက်၏- “ထာဝရဘုရားက ကျွန်ုပ်တို့အားလုံး သေစေလိုလျှင် သေကုန်ကြမည် ဖြစ်ပြီး၊ သို့မဟုတ်ပါက အသက်ရှင်ကြမည်သာ ဖြစ်သည်!” ကျွန်ုပ်၏ တုန့်ပြန်ချက်သည် ကျွန်ုပ်တို့က မွတ်စလင်များ မဟုတ်ကြပါ။ ကျွန်ုပ်တို့က စက်ပစ္စည်း၏ ခေးစာခံများ မဟုတ်ကြသော်လည်း ကျေးဇူးတော် နှင့် ဉာဏ်ပညာ တို့နှင့် ပြည့်စုံသည့် ယေရှု၏ နောက်လိုက်တပည့်များ ဖြစ်ကြသည်။

ထာဝရဘုရားက ကျွန်ုပ်တို့ကို မထိန်းချုပ်ပါ။ ကျွန်ုပ်တို့က အဖွဲ့အစည်းကြီးမှ အရေးပါသောပုဂ္ဂိုလ်များ မဟုတ်ပါ။

ကျွန်ုပ်တို့ကလည်း ထာဝရဘုရားကို ထိန်းချုပ်လို့ မရပါ။ ဒုက္ခဆင်းရဲခြင်း နှင့် အခက်အခဲ တို့မှ လွတ်လပ်သောသက်တာကို ရယူဖို့ ယုံကြည်ခြင်းနှင့်ဆိုင်သည့် ပုံသေနည်းများ မရှိပါ။ သင်က ငွေကြေးအတွက် ထာဝရဘုရားကို ဦးထိပ်ထားဖို့ ပုံသေနည်းလည်း မရှိပါ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အခြေအနေများကို အမြဲ မနှစ်သက်သော်လည်း ကျွန်ုပ်တို့မှာ တာဝန် ရှိကြောင်း လက်ခံရပါမည်။ ကျွန်ုပ်တို့က ထိုကဲ့သို့ လက်မခံကြလျှင် ခေးစာခံများ လုံးလုံး မဖြစ်ရပါ။

သို့သော်လည်း ကျွန်ုပ်တို့အားလုံးက ထာဝရဘုရား၏ဂုဏ်အသရေတော်အတွက် အလုပ် လုပ်ဆောင်ကြပြီး၊ “ထာဝရဘုရား၏မေတ္တာတော်ကို ကျွန်ုပ်တို့စိတ်နှလုံးထဲသို့ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် သွန်း လောင်းတော်မူသောကြောင့်” (ရောမ၊ ၅း၁-၅) ဝမ်းနည်းစိတ်ပျက်ခြင်း မရှိတော့၍ မျှော်လင့်ခြင်း တစ်ခုပြီးတစ်ခု ဖြစ်ထွန်းစေသည်ကို သိနားလည်လျက် အတိဒုက္ခ၌ ဂုဏ်ယူတတ်ကြမည် ဖြစ်ပါသည်။

ထိုနောက် ကျွန်ုပ်တို့သည် “ခရစ်တော်၏ ချစ်ခြင်းမှ ကျွန်ုပ်တို့ကို မခွဲနိုင်ကြောင်း”၊ နှင့် “ကျွန်ုပ်တို့ကို ချစ်သည့်သူ့အားဖြင့် ထိုအရာအာလုံး၌ ကျွန်ုပ်တို့က အောင်နိုင်သူများထက် အောင်နိုင်သူများ ဖြစ်ကြသည့်အကြောင်း”တို့ကို နားလည်ကြမည် ဖြစ်သည် (ရောမ၊ ၈း၁၈-၃၉)။

# အခန်း ၉

# သံယောဇဉ်ကို ကျော်လွန်၍ မျှော်ရှုခြင်း

‘

*‘ထိုခုနစ်ကျိပ်သောတပည့်တော်တို့သည် ဝမ်းမြောက်သောစိတ်နှင့် ပြန်လာ၍၊ သခင်၊ ကိုယ်တော်၏နာမအားဖြင့်အကျွန်ုပ်တို့သည် နတ်ဆိုးကိုပင် နိုင်ပါသည်ဟု လျှောက်ကြ၏။ ယေရှုကလည်း၊ စာတန်သည် လျှပ်စစ်ကဲ့သို့ ကောင်းကင်မှကျသည်ကို ငါမြင်ပြီ။ သင်တို့သည် မြွေ၊ ကင်းမြီးကောက်တို့ကို နိုင်ရသောခွင့်နှင့် ရန်သူများကို နိုင်ရသောအခွင့်တန်ခိုးကို ငါပေး၏။ သင်တို့ကို အဘယ်ဘေးမျှ မညှင်းဆဲရ။ သို့သော်လည်း နတ်ဆိုးကို နိုင်ရသောကြောင့်သာ ဝမ်းမြောက်ခြင်း မရှိကြနှင့်။ သင်တို့၏နာမည်များသည် ကောင်းကင်စာရင်း၌ ဝင်သည်ကို ဝမ်းမြောက်ခြင်း ရှိကြလော့ဟု မိန့်တော်မူ၏။” လုကာ၊ ၁၀း၁၇-၂၀*

*“ထိုအခါ ယေရှုသည် ဝမ်းမြောက်တော်မူခြင်း စိတ်ရှိသဖြင့်၊ ကောင်းကင်နှင့် မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ်တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဘော်ပြတော်မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ်ချီးမွမ်းပါ၏။ ထိုသို့အလိုတော် ရှိသောကြောင့် မှန်ပါ၏၊ အဘ။ ငါ့ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ၌ အပ်တော်မူပြီ။ သားတော်ကား အဘယ်သူဖြစ်သည်ကို ခမည်းတော်မှတပါး အဘယ်သူမျှ မသိ။ ခမည်းတော်ကား အဘယ်သူဖြစ်တော်မူသည်ကို၊ သားတော်နှင့် သားတော်သည် လင်းစေလိုသောသူမှတပါး အဘယ်သူမျှမသိဟု မိန့်တော်မူ၏။” လုကာ၊ ၁၀း၂၁-၂၂*

## ၁/အာဏာအကုန်

ရှင်လုကာခရစ်ဝင်ကျမ်းမှ ဤကျမ်းပိုဒ်များသည် ရှင်မဿဲခရစ်ဝင်ကျမ်း ၂၈း၁၈-၂၀ကို ထင်ဟပ်စေပြီး ဘယ်လောက်လက်တွေ့အသုံးချသင့်ကြောင်း အရေးပေး ပြောနေသည်။ ယေရှုသည် သူက ကောင်းကင်နှင့်မြေကြီးပေါ်မှာ အာဏာအကုန် ရှိကြောင်း၊ နှင့် သူ့တပည့်များက “ရန်သူများ၏ ဩဇာအကုန်”အပေါ်မှာ ဩဇာပေးထားကြောင်းတို့ကို ပြောကြားခဲ့သည်။ သို့သော် ယေရှုက ဧဝံဂေလိတရားများကို သွားဟောသည့်နေရာတိုင်းမှာ သူ့တပည့်တဦးဦးက တခြားတပည့်အယောက်တိုင်းပေါ်မှာ ဩဇာညောင်းစေသည်။

မြင့်မြတ်သောယဇ်ပုရောဟိတ်တစ်ပါးက အခြားတစ်ပါးအပေါ်မှာ ဩဇာညောင်းသည်ကို ဓမ္မသစ်ကျမ်း၏ ဘယ်နေရာမှာမှ မတွေ့ရပါ။ ကျွန်ုပ်တို့က “သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်စုံလျက်. . . ခပ်သိမ်းသောအရာတို့၌ ကျေးဇူးတော်ကြီးလှပါ၏. . . ထာဝရဘုရားကို ကြောက်လျက် တယောက်ကိုတယောက် နာလည်ကြ”ဖို့ ဖြစ်ကြောင်းသည် ပညတ်တော်လွှမ်းမိုးခြင်း ဖြစ်သည် (ဧဖက်၊ ၅း၁၈-၂၁)။ အစစ်အမှန် သန့်ရှင်းသောဝိညာဉ်တော် ကိန်းဝပ်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်နှင့် ပြည့်ဝသည့်အလားတူ လူအပေါင်းကို ကျွန်ုပ်တို့ အပြန်အလှန်လေးစားမှု ရှိလာသည်။ သင့်ညီအစ်ကို၏ စိတ်နှလုံးထဲမှာ ထာဝရဘုရားက နေရာယူလျှင် သူ့အပေါ်မှာ သင် ဘယ်လို နေရာယူမလည်း?

သို့ရာတွင်၊ “ရန်သူများ စိုးမိုးမှုအားလုံး”အပေါ်မှာ ကျွန်ုပ်တို့ကို ယေရှုက ဩဇာညောင်းစေပါသည်။ သင်သည် အနာရောဂါငြိမ်းခြင်း နှင့် ကယ်တင်ခြင်းတို့အကြောင်းက အံ့ဩစရာပါ။ ထာဝရဘုရား၏ ကောင်းကင်နိုင်ငံတော်ကို ရိုးစင်းသောဖော်ပြခြင်း ဖြစ်သည်။ ဤနေရာမှာ ကောင်းကင်နိုင်ငံတော်ကို သရုပ်ဖော်ခြင်းလည်း ဖြစ်သည်။ ထာဝရဘုရား၏ ကောင်းကင်နိုင်ငံတော် တည်လုနီးလာပါသည်။ သင်တို့ ဆုတောင်း၍ ဘာမှဖြစ်မလာသည့်အခါ ဘယ်လိုလည်း? ဟေဗြဲ၊ ၂း၈-၉က “ခပ်သိမ်းသောဩဇာ”၏ အမှန်တရားကို ဆုပ်ကိုင်လျက် ၎င်းကို ကျွန်ုပ်တို့ ဆုပ်ကိုင်ရင်းနှင့် သက်ရှိတင်းမာမှုကို ငြိမ်းစေဖို့လည်း အစစ်အမှန် ဖြစ်သည် -

*“ခပ်သိမ်းသောအရာတို့ကို သူ၏ခြေအောက်၌ ချထားတော်မူပြီဟု သက်သေခံသတည်း။ ခပ်သိမ်းသောအရာတို့ကို ချထားတော်မူ၏ဟု ဆိုသော်၊ မချမထားဘဲ ကျန်ရစ်သောအရာတစုံတခုမျှ မရှိရ။ ယခုမူကား၊ ခပ်သိမ်းသောအရာတို့သည် ချထားလျက်ရှိသည်ကို ငါတို့ မမြင်ရကြသေး။ ယေရှုသည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် လူအပေါင်းတို့အတွက်ကြောင့် အသေခံရသောအခွင့် ရှိစေခြင်းငှါ၊ ကောင်းကင်တမန်တို့အောက်၌ အနည်းငယ်နှိမ့်ပြီးမှ၊ အသေခံရသောကြောင့် ခေါင်းတော်၌ ဘုန်းအသရေပတ်ရစ်လျက်ရှိသည်ကို ငါတို့မြင်ကြ၏။”*

ယေရှုကို ကျွန်ုပ်တို့က မြင်တွေ့နိုင်သော်လည်း ခပ်သိမ်းသောအရာတို့ကို သူ့ခြေအောက်သို့ ချထားသည်ကို ကျွန်ုပ်တို့ မမြင်တတ်သိပါ။ ကျွန်ုပ်တို့ ဒုက္ခဝေဒနာခံသည့်အခါ သူလည်း ဒုက္ခခံခဲ့သည်။ ၁ကော၊ ၁၅း၂၀-၂၈က ထပ်တူအမှန်တရားကို သယ်ပေးသည်။ “သူ့ရန်သူများအားလုံးကို သူ့ခြေအောက်မှာ ချနိုင်သည့်တိုင်အောင် အုပ်စိုးပါလိမ့်မည်။” သူသည် ခပ်သိမ်း၏ ဘုရားသခင်ဖြစ်သော်လည်း သူ့ခြေအောက်မှာ အရာခပ်သိမ်း မချထားပါ။ ခပ်သိမ်းသောဩဇာ ရှိသော်လည်း သူ့ကို အားလုံး မရှိခိုးခိုင်းပါ။

သည်နေရာမှာ ကောင်းကင်နိုင်ငံတော်ရှိသော်လည်း တည်လာမည်သာ ဖြစ်သည်။

ယခု ကောင်းကင်နိုင်ငံတော် ရှိသော်လည်း မတည်တည်း။

ကောင်းကင်နိုင်ငံတော် တည်ခဲ့သော်လည်း တည်နေဆဲ ဖြစ်သည်။

ကောင်းကင်နိုင်ငံတော်သည် အသစ်ပြောင်းလဲသူတိုင်းကို လက်ခံလျက် ရှင်ဘုရင်၏

စကား နာခံမှုကို ဆက်လုပ်နေပါသည်။

ကျွန်ုပ်တို့သည် ဂတိတော် ပြည့်စုံသည်ကို မြင်တွေ့သည်ဖြစ်စေ၊ ၎င်းပြီးပြည့်စုံဖို့ စောင့်ဆိုင်းလျက် ဒုက္ခဝေဒနာ ခံရသည်ဖြစ်စေ ကျွန်ုပ်တို့မှာ ယုံကြည်မှု ရှိပါသည် (ဟေဗြဲ ၁၁း၄၀)။ ကျွန်ုပ်တို့လက်အောက်မှာ အရာခပ်သိမ်းကို မမြင်တွေ့နိုင်သေးသော်ငြားလည်း ယေရှုကို မြင်တွေ့နိုင်ပါသည်!

## ခ/အမြင့်မြတ်ဆုံးက မိတ်ဖွဲ့ခြင်း

သို့ရာတွင်၊ နတ်ဆိုးများအပေါ်မှာ ဩဇာညောင်းခြင်းက အမြင့်မြတ်ဆုံးမဟုတ်ပါ။ ယေရှုက အသင် အမှုတော်ဆောင်နိုင်ဖို့ အသေမခံခဲ့ပါ။ သူ့ခမည်းတော်နှင့် ဆက်သွယ်နိုင်ဖို့သာ အသေခံခဲ့သည်။ မဿဲ၊ ၁၁း၂၅-၃၀ကို Eugene Peterson၏ ဘာသာပြန်ဆိုခြင်းမှာ အောက်ပါအတိုင်း ဖော်ပြထားသည် -

*ထိုအခါယေရှုက၊ "ကောင်းကင်နှင့်မြေကြီးကို အစိုးရသောအဘ၊ ကိုယ်တော်သည် ပညာအလိမ္မာနှင့် ပြည့်စုံသောသူတို့အား ဤအရာများကို ထိမ်ဝှက်ကွယ်ထားလျက် သူငယ်တို့အား ဘော်ပြတော်မူသည်ဖြစ်၍၊ ကျေးဇူးတော်ကို အကျွန်ုပ် ချီးမွမ်းပါ၏။ ထိုသို့အလိုတော်ရှိသောကြောင့် မှန်ပါ၏အဘ။"*

*ယေရှုက သည်လိုဆက်ပြောသည်၊ "ငါ၏ခမည်းတော်သည် ခပ်သိမ်းသောအရာတို့ကို ငါ၌ အပ်ပေး တော်မူပြီ။ ဤအကြောင်းက ခမည်းတော်နှင့် သားတော်တို့၏ ရင်းနှီးမှုများနှင့် ဉာဏ်ပညာတို့မှ ဖြစ်ပေါ်လာသည့် ထူးခြားသောစီမံချက် ဖြစ်သည်။ခမည်းတော်မှတပါး အဘယ်သူမျှ သားတော်ကို မသိ။ သားတော်နှင့် သားတော် သည် လင်းစေလိုသော သူမှတပါး အဘယ်သူမျှ ခမည်းတော်ကို မသိ။ သို့သော် ၎င်းကို ကျွန်ုပ်ကိုယ်တိုင် ဆက်လက် မလုပ်ဆောင်ဘဲ၊ နားခံချင်သည့်သူ တယောက်ယောက်နှင့် တဆင့်ပြီး တဆင့် လုပ်ဆောင်ဖို့ အဆင်သင့် ဖြစ်၏။"*

*"အသင် ပင်ပန်းနေသလား? ခြေကုန်လက်ပန်းနေသလား? ကိုးကွယ်သည့်ဘာသာမှာ စိတ်ရှုပ်နေသလား? ငါ့ထံသို့ လာကြလော့။ ငါနှင့်အတူ လျှောက်လှမ်းလျှင် သင်သည် သက်သာလာ လိမ့်မည်။ ငါသည် စစ်မှန်သောအနားယူခြင်းအကြောင်းကို ပြည့်ဆွန်ပါမည်။ ငါ့ထမ်းဘိုးကို တင်၍ ထမ်းကြလော့။ ငါ့ထံ၌ နည်းခံကြလော့။ ငါသည် နူးညံ့သိမ်မွေ့နှိမ့်ချသော စိတ်သဘော ရှိ၏။ သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား၊ ငါ့ ထမ်းဘိုးသည် ထမ်းလွယ်၏။ ငါ့ဝန်လည်း ပေ့ါ၏ဟု မိန့်တော်မူ၏။"*

လူသား အပြစ်နွံအိုင်သို့မလဲကျမီ၊ ကယ်တင်ခြင်း မလိုအပ်မီ၊ ကမ္ဘာမြေပေါ်မှာ စာတန်မာရ်နတ်က အုပ်စိုးဖို့ မစပြုမီ၊ လူ့ကျင့်ဝတ် မပျက်ပြားမီ၊ လူသားတိုင်း လိုအပ်မှု ရှိကြောင်း အသိမီ၊ ထာဝရဘုရားက သူ့သားတော်အားဖြင့် ရည်ရွယ်ချက် ရှိခဲ့သည်။ သူကိုယ်တိုင်နှင့် လူသားများ အဆက်အသွယ် ရှိဖို့ ရည်ရွယ်ထားသည်။ သူ့စိတ်ဆန္ဒကို လူသားများအား ဝေမျှလိုသည်။ ညီအစ်ကိုများအပေါ်မှာ သားတော်ဘုရားဖြင့် သူ့စိတ်ဆန္ဒ ပွားများစေလိုသည်။ ခမည်းတော် နှင့် နှုတ်ကပတ်တော်အတွက် သူ့စိတ်နှင့် ဝတ်ပြုခြင်းကို သန့်ရှင်းသောဝိညာဉ်တော်က ဝေမျှ၍ ပွားများစေမည့် သက်ရှိဗိမာန်တော် ဖြစ်စေလိုသည်။

ထာဝရဘုရား၏ ဆန္ဒသည် သူ့ဖြစ်တည်ခြင်းကို ဗဟိုပြုသည့် လျှို့ဝှက်ဆန်းပြားသောမီး နှင့် အစွဲတို့သည် ၎င်းနှင့် ထပ်တူညီသည့်အထဲမှာ ဝင်ဖို့ လွတ်လပ်စွာရွေးနိုင်မည့် လူတိုင်း၏ စိတ်နှလုံးတွင် တိုးပွားစေရမည် ဖြစ်သည်။ ပုဂ္ဂိုလ်တယောက်ကို အချစ်ဟု ခေါ်လို့ မရနိုင်ပါ။ ပုဂ္ဂိုလ်တဦးတည်းကသာ ချစ်သည့်အတိုင်း ပြုမူနိုင်ပါသည်။ အဖ ထာဝရဘုရား၊ နှုတ်ကပတ်တော် ဘုရား၊ နှင့် ဝိညာဉ်တော် ဘုရားတို့သည် အပြန်အလှန် နာခံခြင်း၊ ယုံကြည်ခြင်း၊ လေးစားခြင်း၊ ရိုးသေခြင်း၊ နှင့် ချစ်ခြင်းတို့၌ သုံးပါးစလုံးဆက်နွယ်မှု ရှိပါသည်။ ထာဝရဘုရားသည် ချစ်မေတ္တာတရား ဖြစ်သည်!

လျှို့ဝှက်ဆန်းပြားသောချစ်ခြင်းသည် တခြားသူများ၏ ကောင်းစားခြင်းအတွက် လေးစားခြင်း၊ ယုံကြည်ခြင်း၊ နှင့် စွန့်လွှတ်ခြင်းတို့ဖြင့် အသက်ပေးလှူခြင်း ဖြစ်သောကြောင့် ကမ္ဘာ့အခြေအမြစ်မတည်မီ မှစ၍ ယေရှုက သတ်ဖြတ်ခံခဲ့ရသည့်၊ ခံနေသည့် သိုးသူငယ် ဖြစ်ပေသည်။ ချစ်ခြင်းမေတ္တာက အခြေခံကျသော ခံစားချက်၊ ဒုတိယတန်းစား ခံစားချက် မဟုတ်ပါ။ တခြားသူ ကောင်းစားခြင်းအတွက် ကျွန်ုပ်အသက်ကို လုံးလုံး ဆက်ကပ်အပ်နှံခြင်း ဖြစ်သည်။ ၎င်း၏အသီးအပွင့်သည် အားကောင်းသောခံချက်များ ဖြစ်နိုင်သော်လည်း ဦးစွာ ဒုက္ခဝေဒနာ နှင့် အသက်စွန့်ခြင်းတို့ကို ရောက်လာစေသည်။

၎င်းအားလုံးကို အဖထာဝရဘုရားက ဓမ္မဟောင်းအချိန်မှာ ဖော်ပြထားခဲ့၍ သူ့သားတော်အားဖြင့် ဆက်ကပ်ခဲ့ပြီး၊ ထာဝရအသက်အတွက် တောက်လျှောက်ရည်ရွယ်လျက် ပြင်ဆင်ပေးခဲ့ပြီး ဖြစ်သည်။ သူကိုယ်တိုင် လုပ်ဆောင်နေခဲ့သည့်အကြောင်းကိုဘဲ သားတော်ဘုရားက လုပ်ဆောင်သည်ဟုရင်း၊ သူကိုယ်တိုင် ပြောနေခဲ့သည့်အကြောင်းကဘဲ နှုတ်ကပတ်တော်ဖြစ်သည်ဟုရင်း၊ ခမည်းတော်က လုံးလုံးလျားလျား ယုံကြည်မှု ရှိသည်။ သားတော်ဘုရားက ကားတိုင်ပေါ်မှာ အသေခံခြင်း အမှန်တရားဖြင့် လုံးလုံး ပြီးပြည့်စုံစေကြောင်းကို ခမည်းတော်က အပြည့်အဝ ယုံကြည်ခဲ့ပါသည်။ သားတော်ဘုရားက သူ့ကိုယ်ပိုင်အလိုကို မရှာဘဲ၊ ခမည်းတော်၏အလိုကိုဘဲ ရှာခဲ့သည်။ ထို့ကြောင့် တဦးဦးက သားတော်ဘုရားကို လက်မခံနိုင်လျှင် သူ့ကို မသိနိုင်ကြဟု ခမည်းတော်က ပြောပါသည်။ အရာခပ်သိမ်းမှာ သားတော်ဘုရားကို ခမည်းတော်က လေးစားပြီး၊ သူ့ကြောင်းဘဲ ကျွန်ုပ်တို့ကို လက်ခံသည်။

ခမည်းတော်ထံမှ ၎င်းအားလုံးကို ယေရှုက ထာဝရအတွက် တောက်လျှောက် လက်ခံရရှိခဲ့ပြီး၊ အချိန်မီ တိုးပွားစေခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ကို သူက လုံးလုံးလျားလျား ယုံကြည်ပါသည်။ နှုတ်ကပတ်တော် ဖွင့်ပြဖို့အတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုဘဲ ယေရှုက ယုံကြည်လျက် သူ့ကိုသူ ဘယ်တော့မှ မပြောဘဲ သားတော်ဘုရားအားဖြင့် သန့်ရှင်းသောဝိ

ညာဉ်တော်က ခမည်းတော်ဘုရားကို ဖွင့်ပြခဲ့သည်။ ၎င်းအားလုံး ပြီးပြည့်စုံဖို့အတွက် သားတော်ဘုရားက အသေခံ၍၊ သန့်ရှင်းသောဝိညာဉ်တော်ကို နေရာယူစေတော်မူပြီး၊ ယခု ကမ္ဘာမြေကြီးပေါ်မှာ ပြည့်စုံခြင်းကို ဖြစ်ပေါ်စေဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို စောင့်ဆိုင်းနေကြသည်။ အဘယ်ကြောင့်ဆိုသော်၊ သန့်ရှင်းသောဝိညာဉ်တော်က သားတော်ဘုရားကို လုံးဝ လေးစားလျက် သားတော်ဘုရားကလည်း သန့်ရှင်းသောဝိညာဉ်တော်ကို လေးစားသောကြောင့် သူကိုယ်တိုင်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် အပြစ်အားလုံးကို ခွင့်လွှတ်မည် ဖြစ်သည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော် ငြင်းဆိုခြင်း အပြစ်ကို ခွင့်မလွှတ်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ အမှုတော်ဆောင်ခြင်းဖြင့် မှတစ်ပါး သားတော်ဘုရားထံသို့ ဘယ်သူတယောက်မှ လာလို့ရမည် မဟုတ်ပေ။

ခမည်းတော်၊ နှုတ်ကပတ်တော် နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့အားလုံးသည် ထာဝရအတွက် ရည်ရွယ်လျက် အနွေးနှင့်အမြန် တင်ဆက်ခဲ့ပြီး၊ ခမည်းတော်ဘုရား၏ မိသားစု၊ ခရစ်တော်၏ ခန္ဓာကိုယ် နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ သက်ရှိဗိမာန်တော်တို့၏ အလုပ်လုပ်မည့်သူများအဖြစ် သူတို့က ဆက်ကပ်ခဲ့ကြသည်။ အပြန်အလှန် လေးစားမှု၊ ယုံကြည်ခြင်း နှင့် လိုက်နာခြင်းတို့နှင့် ပြည့်စုံသည့် ထာဝရဘုရားသည် သူ့ကိုသူ နှင့် ကမ္ဘာပေါ်မှာ လူသားများနှင့် သူ့ဆက်ဆံရေး ရည်ရွယ်ချက်တို့ကို ကန့်သတ်ထားခဲ့သည်။

သူ့ရည်ရွယ်ချက်များသည် ပုံမှန်အစွမ်းဖြင့် လုပ်ရပ်များထက် မိတ်ဖွဲ့ခြင်းများဖြင့် ပြီးပြည့်စုံစေမည် ဖြစ်သည်။ သူက ချစ်ခြင်းမေတ္တာနှင့် မိတ်ဖွဲ့သည်။ ချစ်ခြင်းမေတ္တာသည် အမြင့်မြတ်ဆုံး ဖြစ်သည်။ မိတ်ဖွဲ့ကြဖို့ ကျွန်ုပ်တို့ကို ခေါ်ဖိတ်ပါသည်။ သူ့ရည်ရွယ်ချက်က လူသားများ အပြစ်ကြောင့်လဲကျခြင်းမှ ကယ်တင်ဖို့ ဆိုရုံမျှလောက် မဟုတ်ပါ။ သူနှင့် ကျွန်ုပ်တို့ ဆက်သွယ်ခြင်းဖြင့် သားတော်ဘုရား၏ ခပ်သိမ်းသောဂုဏ်တော်ကို ပေါ်လွင်စေဖို့ ရည်ရွယ်ပါသည်။

ယေရှုက ဘာသာရေးနှင့်ဆိုင်သော မနုဿဝါဒဆန်သည့် သင်က ကောင်းစား၍ ပျော်ရွှင်သည့်အသက်တာနှင့် ယခု အသက်ရှင်နေထိုင်နိုင်မည့်အကြောင်းထဲတွက်ဘဲ သေခံခဲ့သည် မဟုတ်ပါ။ ယေရှု အသေခံခဲ့သောကြောင့် ထာဝရဘုရား၏ ဂုဏ်တော်အတွက် သင်တို့က အသက်ရှင်နိုင်ကြပါသည်။ ထို့ကြောင့် လူကြီး စတီဖင်လို ကျောက်ခဲနှင့်ပစ်၍ အသေခံခြင်းမျိုးကို ဆိုလိုသည်။ သင့်အတွက် ဘယ်လို အဓိပ္ပါယ် ရှိမည်နည်း? ထာဝရဘုရားသည် သူ့ဂုဏ်တော်အတွက် ဘာအကြောင်းရှိသည်ကို စီရင်သူ ဖြစ်သည်။ သင်က စီရင်သူ မဟုတ်ပါ။

သင်သည် ကောင်းကင်မှာ ပျော်ရွှင်ရမည့်အကြောင်းတွက်ဘဲ ယေရှုက အသေခံခဲ့သည် မဟုတ်ပါ။ ၎င်းက ဘာသာရေးနှင့်ဆိုင်သောမနုဿဝါဒ ဆန်သေးသည်။ အရာခပ်သိမ်းကို တိုင်းတာရမည့်အဓိကအရာသည် လူသား မဟုတ်ပါ။ ယေရှုက အသေခံခဲ့သောကြောင့် ယခုအချိန်အတွက် နှင့် လာမည့်အချိန်အတွက်လည်း သင်က ထာဝရဘုရား၏ ဂုဏ်တော်အတွက် အသက်ရှင်နိုင်ပါတော့သည်။

## ၈/သင်တို့ကို အဆွေဟု ကျွန်ုပ်ခေါ်ပြီ

*“ကိုယ့်အဆွေတို့အဘို့အလို့ငှါ ကိုယ်အသက်ကို စွန့်ခြင်းမေတ္တာထက်သာ၍ မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။ သင်တို့သည် ငါပညတ်သမျှတို့ကို ကျင့်ဆောင်လျှင်ငါ၏ အဆွေဖြစ်ကြ၏။ ယခုမှစ၍ ငါသည် သင်တို့ကို ကျွန်ဟူ၍ မခေါ်။ ကျွန်မူကား၊ ကိုယ်သခင်ပြုသောအမှုကို မသိ။ သင်တို့ကို အဆွေဟူ၍ ငါခေါ်၏။ အကြောင်းမူကား၊ ငါသည် ခမည်းတော်ထံ၌ ကြားသမျှသောအရာတို့ကို သင်တို့အား ငါပြသ၏။”* ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၃-၁၅

အဆင့်၊ ရာထူး၊ လေးစားမှု၊ ဂုဏ် နှင့် ဩဇာတို့ အားလုံးကို တရားဝင်တောင်းဆိုမည့် တစ်ဦးသည် ကျမ်းပိုဒ်ထဲကအတိုင်း လုပ်မည် မဟုတ်ပါ! သူသည် လူသားများ၏ မျက်လုံးများကို ကြည့်ကာ မကြာမီ သူ့ကို လှည့်စားသူများ နှင့် မိတ်ဆွေများ အဖြစ်ခေါ်မည့်သူများကို ရှာနေသည်။ ဤအချက်ကို သူက လုပ်ဆောင်သည့်အခါ သူ့နိုင်ငံတော်မှာ ရာထူးဂုဏ်သိမ်ကိုယ်စားပြုသည့် အရာအားလုံးကို လုံးလုံးလျားလျား ပယ်ချခဲ့သည်။ ရာထူးဂုဏ်သိမ်ကိုမက်သောသူသည် သေသောသူ ဖြစ်သည်!

ပင်လယ်ပြင်မှာ ချိုင့်ဝှမ်းများ သို့မဟုတ် တောင်ကုန်းများ မရှိသည့်အလား ပလ္လင်တော်ရှေ့မှာလည်း ညီညာပြန့်ပြူးနေသည်! နိမ့်ကျသောအရာတိုင်းကို ချီးမြှောက်လျက် မြင့်သောအရာတိုင်းကို နိမ့်ကျစေသည်။ ပလ္လင်တော်ရှေ့မှာ ကျွန်ုပ်တို့ အားလုံးက ညီအစ်ကိုမောင်နှမများ ဖြစ်ကြသည်! ဓမ္မသစ်ကျမ်းမှာ “တစ်ဦးပေါ်တစ်ဦး” မိန့်မှာသည့်ပညတ်ချက်များ လေးဆယ်ရှိသောကြောင့် ဖြစ်သည်! အမြင့်မြတ်ဆုံးက မိတ်ဖွဲ့ခြင်း ဖြစ်သည်!

ရာထူးဂုဏ်သိမ်တိုင်းမှာ၊ အဆင့်နိမ့်ငယ်သားများက အမြဲ လက်အောက်ခံ ဖြစ်ရသည်။ ရာထူးဂုဏ်သိမ်နှင့်ဆိုင်သောခေါင်းဆောင်များသည် မိတ်ဖွဲ့စကားကို သုံးတတ်သော်လည်း အမိန့်ပေး ထိန်းချုပ်ဖို့အတွက် စကားဝှက် ဖြစ်သည်။ ရာထူးဂုဏ်သိမ်များကို ကျေးကျွန်များက တည်ပေးသည်။ ရာထူးဂုဏ်သိမ်တိုင်းမှာ သင့်အထက်လူကြီးများက သင့်ဆရာကြီး ဖြစ်သည်။ သင်က နာခံဖို့ လေ့ကျင့်သော်လည်း သူများ၏စစ်မှန်သောစိတ်ပါဝင်စားမှုမှာ သူ့တို့က နေရာယူကြသည်။ မိတ်ဖွဲ့စကား၊ လေးစားမှု နှင့် ရိုသေမှုတို့ကို သင် ကျင့်သုံးသော်လည်း ရာထူးအဆင့်များဖြင့်သာ ဆက်ခံလာမည် ဖြစ်သည်။ သင့်အထက်လူများ နှင့် သင့်နံဘေးရှိလူများက သင့်ပြိုင်ဘက်များ ဖြစ်သည်။

သူများ၏ လက်အောက်ခံ နေရသည့် ပေလသလူများကဲ့သို့ မဦးစီးဖို့ ကျွန်ုပ်တို့ကို ယေရှုက မိန့်မှာထားသည်။ ယေရှုဦးဆောင်သည့်နည်းအတိုင်း ကျွန်ုပ်တို့က လေ့ကျင့်ဖို့ ဖြစ်သည်။ သူ့ခေါင်းဆောင်မှု ပန်းတိုင်သည် သူ့စိတ်ဆန္ဒတစ်ခုလုံးကို ဝေမျှဖို့ နှင့် သူ့မိတ်ဆွေများအတွက် အသက်ပေးဖို့ ဖြစ်သည် (ယော၊ ၁၅း၁၅)။ အမှန် စင်စစ် သင်သည် သူငယ်ချင်းများအတွက် သင့်အသက် ပေးဆပ်ဖို့ဘဲ ဖြစ်သည်။ သင့်ရည်မှန်းချက်သည် အမြင့်တက်နေလျှင် မိတ်ဆွေများ လုံးဝ ရမည်မဟုတ်ပါ - သင့် အကျင့်သည် လူတိုင်းမှာ ရှိသည့်အရာဘဲ ဖြစ်နေလို့ပါ။

Eugene Peterson၏ ဘာသာပြန်သည့် ၁ကော၊ ၁၀း၁၄မှာ၊ *“ထိုကြောင့်၊ ငါ့ချစ်သူတို့၊ ထာဝရဘုရား၏ ဂုဏ်ကို သိမ်စေသည့်အရာများကို သုံးခြင်း သို့မဟုတ် ထိန်းချုပ်ခြင်းကို သင်တို့က မြင်တွေ့သည့်အခါ သူတို့နောက် မလိုက်ဘဲ အတတ်နိုင်ဆုံး အမြန် ရှောင်ကျဉ်ပါ။”*ဟု ရင်ဆိုင်စေပါသည်။

နောက်လိုက်တပည့်၏ ပန်းတိုင်သည် ခမည်းတော်၊ နှုတ်ကပတ်တော် နှင့် သန့်ရှင်းသောဝိညာဉ်တော်တို့၏ ဆက်နွယ်မှုများကို စံထားလျက် တန်းတူညီမျှသောစံနှင့် မိတ်ဖွဲ့ဖို့ ဖြစ်သည်။ ကျွန်ုပ်တို့ နေထိုင်သည့် ပတ်ဝန်းကျင်က ချစ်ခြင်းမေတ္တာ၊ အပြန်အလှန် ရိုသေခြင်း၊ ယုံကြည်ခြင်း နှင့် ထာဝရဘုရား ဦးထိပ်ထားလျက် အစေခံခြင်း မြင်တွေ့စေရမည့်အကြောင်းသည် မိတ်ဖွဲ့ခြင်းများ၏ ရည်ရွယ်ရာပန်းတိုင် ဖြစ်သည်။

ရှင်ယောဟန်ခရစ်ဝင် ၁၆မှာ ယေရှုက ပုံပမာပြောပြသည့်အကြောင်းက ပို၍ တုန်လှုပ်စေပါသည်!

*“ငါအမှန်အကန်ဆိုသည်ကား၊ ငါသွားလျှင် သင်တို့အကျိုးရှိလိမ့်မည်။ အကြောင်းမူကား၊ ငါမသွားလျှင် ဥပဓ္ဓျာယ်ဆရာသည် သင်တို့ဆီသို့ မလာ။ ငါသွားလျှင် ထိုသူကို သင်တို့ဆီသို့ ငါစေလွှတ်မည်။” ရှင်ယောဟန်ခရစ်ဝင် ၁၆း၇*

တပည့်တော်များက ယေရှုထွက်သွားခြင်းထက် အဆိုးဆုံးအဖြစ်ကို အစဉ်းစားတတ်ကြပါ။ ကမ္ဘာမြေမှာ ကျင်လည်သည့် အကောင်းဆုံး ခေါင်းဆောင်၊ ယေရှုသည် သူသွားလျှင် သူတို့အတွက် ပိုကောင်းကြောင်းကို ပြောနေပါသည်! ကျွန်ုပ်တို့က ကျွန်ုပ်တို့ မရှိလျှင်မဖြစ်၊ အရေးကြီးသည်ဟု ထင်နေကြသလား? ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ ဘယ်သူတွေဖြစ်သည်ဟု ထင်ကြသနည်း? ယေရှုသည် သူ့အသွေးသား ခန္ဓာကိုယ်နှင့် ဦးဆောင်ခြင်းထက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အတွင်းပိုင်းမှ သူ့တပည့်တော်များကို ဦးဆောင်ခြင်းက ပိုကောင်းသည်ဟု နားလည်ထားသည်! ယေရှုက သူသိထားသည်အတိုင်း အထဲမှမီးတောက်အကြောင်းကို သူ့မိတ်ဆွေများလည်း သိစေလိုပါသည်။

ကျွန်ုပ်တို့၏ အလုပ်သည် ကျွန်ုပ်တို့၏အသက်တာများပေါ်မှာ ယေရှု၏ လက်တွေ့ကျသခင်ဖြစ်ခြင်း နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ အတွင်းမှဦးဆောင်ခြင်းတို့ကို မိတ်ဆွေများက နားလည်စေဖို့ အဟန့်အတားတိုင်းကို ဖယ်ရှားရန် ဖြစ်သည်။ ကျွန်ုပ်တို့သည် မကြာခဏ မဟာအဟန့်အတား ဖြစ်တတ်သည်! တပည့်တော်များ၏ ပန်းတိုင်သည် အမှန်တရားအားလုံးအပေါ်မှာ သူ့အထဲမှာ ရှိသည့်သန့်ရှင်းသောဝိညာဉ်တော်က လမ်းပြကြောင်းကို လုံးလုံး ယုံကြည်သည့်မိတ်ဆွေ ဖြစ်ထွန်းစေဖို့ ဖြစ်ပါသည်။

လူသားခေါင်းဆောင်မှုအများအပြားက ကျွန်ုပ်တို့အပေါ်မှာ မှီခိုသည့်၊ လိုက်လျောသည့်၊ စောင့်ဆိုင်းသည့်၊ လေးစားသည့်၊ ကူညီမစသည့် လူများ တိုးပွားခြင်းကို ရှေ့ရှုကြသည်။

ဖန်တီးခြင်းမှာမှီတည်ခြင်းသည် ကျွန်ုပ်တို့ကိုယ်ပိုင်အတွက်ဘဲ ဖန်တီးနေသည်။

၎င်းက ဘုရင်တကာတို့၏ဘုရင်ကို ဆန့်ကျင် သစ္စာဖောက်မှု ဖြစ်စေသည်။

ယေရှုသည် အမှန်တရားပေါ်မှာ လူသားများကို ဦးဆောင်သည့် သန့်ရှင်းသောဝိညာဉ်တော်၏ အစွမ်းကို လုံး၀ ယုံကြည်စေလိုပါသည်။ ကျွန်ုပ်တို့က ယုံကြည်နိုင်မည် မဟုတ်လား? ထိုကြောင့် ယေရှုက သူသွားနှင့်ဖို့ ပြောခြင်း ဖြစ်သည်! သူ့တပည့်တော်များက တစ်ရွာပြီးတစ်ရွာ သွားကာ နောက်ထပ် ငြိမ်းသက်သောလူကို ရှာပြီး တပည့်များ ဖြစ်ထွန်းစေဖို့ ညွှန်ကြားသည့်အကြောင်းရင်းလည်း ဖြစ်သည်။ သူတို့ကို သူတို့ မှီခိုကြရန် မဖန်တီးဖို့ ဖြစ်သည်။ ဘုရင်းများ ဖြစ်လာဖို့အတွက် နေရာယူဖို့ မဟုတ်ပါ။ မိတ်ဆွေများအား ဘုရင်တကာတို့၏ဘုရင်ကို မိတ်ဆက်ပြီး သူ့ ဂရုစိုက်မှု ရယူစေဖို့ ဖြစ်ပါသည်။

## ဃ/တာဝန်ဝတ္တရားများ နှင့် မိတ်သဟာယဖွဲ့ခြင်းမှ လွတ်လပ်မှုများ

မိတ်ဆွေများက သူတို့အသက်တာမှာ ထာဝရဘုရား၏နိုင်ငံတော်ကို ရင်ဝယ်ပိုက်လာကြလျှင် အခြေခံဝတ္တရားတစ်ချို့ကို ခံယူလာနိုင်မည်ဆိုတာ ဖြစ်နိုင်ပါသည်။ ၎င်းက ပြဿနာများ ဖြစ်လာနိုင်သည့်နေရာ ရှိသည်! လွတ်လပ်မှု၏ ဝတ္တရားများကို လူများက မကြာခဏ မလိုက်လိုကြပါ။ တာဝန်များမှ လွတ်လပ်သည့် ကျေးကျွန်များ၏ လွတ်လပ်မှု သူတို့မှာ တကယ်ရှိကြသည်။ သူတို့က ဘယ်လို လုပ်ရမည့်အကြောင်း ပြောမည့် ဘုရင်ရှိသည်! ဤအကြောင်းရှိသည့်နေရာမှာ ဘုရင်ကို လိုချင်ကြပြီး၊ ဘုရင်ဖြစ်လိုသည့်သူများလည်း ရှိကြသည်။ ထိုကြောင့် နှစ်မျိုးစလုံးက ရှင်ဘုရင်ကို လုံး၀ တွေ့နိုင်မည် မဟုတ်ကြောင်းကို ညွှန်ပြသည်!

ထာဝရဘုရား၏ နိုင်ငံတော်မှာ လွတ်လပ်မှု သို့မဟုတ် အခြေခံတာဝန် လေးချက်ကိုကို ကျွန်ုပ်က သိရှိထားသည်။ ဤလွတ်လပ်မှုများကို ရင်ဝယ်ပိုက်သည့် သင့်တပည့်များအားပေးခြင်းသည် တပည့်တော်ဖြစ်စေခြင်း တစ်ခု၏ အဓိက ဝတ္တရားများမှ တစ်ခု အပါအဝင် ဖြစ်သည်။

## ၁/ ရှင်ဘုရင်ကို သင်ကိုယ်တိုင် ရှာဖို့ ဖြစ်သည်!

၎င်းက သင်သည် ကိုယ်တိုင်အစားကျွေးသူဖြစ်လာသည်ဟု ဆိုလိုသည်! သင့်ဘဝကို သူ့ကျေးဇူးတော်ဖြင့် အုပ်စိုးစေသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ သင်သည် ကျေးဇူးတော်ကြောင်း သို့မဟုတ် အကျင့်ကြောင်း အသက်ရှင်သည်! ဤအရာများက မကျန်းမာစေ၍ ဆက်ဆံရေးအတွက် အဆိပ်ဖြစ်စေသည်။ သခင်ဘုရား အောက်မေ့ဖို့ ချိုးဖွဲ့သောမုန့်ကို စား၍ စပျစ်ရည်ကို မသောက်ကြလျှင် ကျွန်ုပ်တို့မှာ ရှင်သန်သည့်ဘဝမရှိဘဲ (ယော၊ ၆း၅၅) အခြားသူတယောက်ကို ပေးဖို့ အရာလည်း ရှိမည် မဟုတ်ပါ။

ဘုရားကျောင်းတက်သည့် လူထုကြားမှ “ပတ်စ်တာက ဝိညာဉ်အစာကို ကောင်းကောင်းကျွေးသည်” သို့မဟုတ် “ကောင်းကောင်းမကျွေးနိုင်တော့”ဟူ၍ မကြာခဏ ပြောသံကြားရသည်။ ရှစ်လအရွယ် ကလေးကို သင် ကျွေးမွေးနေလျှင် ၎င်းက ပုံမှန်ဖြစ်သည်။ သို့

သော် ရှစ်နှစ်အထိ သင်က ကျွေးမွေးသေးလျှင် သူနှင့် သင်တို့ နှစ်ယောက်စလုံးမှာ အလွန်ကြီးသောပြဿနာ ရှိမည် ဖြစ်သည်! ရင့်ကျက်သောလူသည် တယောက်ယောက်က ကျွေးမွေး ပြုစုဖို့ ဘာကြောင့် လိုအပ်မည်နည်း?

## ၂/"တဦးအပေါ်တဦး ပညတ်ချက်များ"ကို အနည်းစုနှင့် ပြည့်စုံစေဖို့ ပါ။

သင်သည် သင့်မိန်းမနှင့် သို့မဟုတ် နှစ်ယောက်(သို့)သုံးယောက်နှင့် ဘုရားကျောင်း မတက်နိုင်လျှင် လူထုဝတ်ပြုခြင်းက ရှုံးပွဲလိုဘဲ ပိုတူလာမည် ဖြစ်သည်။

ဧဖက်သြဝါဒစာ ၄း၁၅၊ "သို့သော် မေတ္တာစိတ်နှင့် သမ္မာတရားကို ဟောပြောသဖြင့်၊ ခန္ဓာကိုယ်တစ်ခုလုံး မေတ္တာ၌စာရိတ္တထိထိရောက်ရောက်တိုးတက်မှုအတွက် အတူတကွဆက်စပ်ပေးသည့်အကြောင်းမှ ဦးခေါင်းတည်းဟူသော ခရစ်တော်မှာ အရာရာတို့၌ ကြီးပွားကြမည် အကြောင်းတည်း။"က ကျမ်းပိုဒ်ထဲမှာ "တဦးအပေါ်တဦး"စကားစုကို မသုံးထားသော်လည်း "တဦးအပေါ်တဦး" ပညတ်ချက်များမှ အရေးကြီးဆုံး တစ်ချက် ဖြစ်သည်။ သို့ရာတွင်၊ "ခန္ဓာကိုယ်တစ်ခုလုံး"၊ "အရောက်တိုင်းကို ထောက်မခြင်း"၊ "အပိုင်းပိုင်းမှာ မျှဝေခြင်း" စကားလုံးများကို အသုံးပြုသောကြောင့် အဓိပ္ပါယ်က အလွန်ရှင်းသွားသည်! မေတ္တာဖြင့် အခြားတဦးအပေါ်မှာ အမှန်တရားကို ကျွန်ုပ်တို့က မပြောနိုင်ကြလျှင်၊ ခန္ဓာကိုယ်မှာ ရင့်ကျက်မှု ရှိလာမည် မဟုတ်ပါ။

မိတ်ဆွေများဆီမှာ ကတိကအောက်နိုင်ရင်တောင်မှ အမှန်တရားအားလုံးကို ပြောဖို့ နားလည်လျက် ကျွန်ုပ်က မေတ္တာထားရှိရမည် ဖြစ်သည်။ ကျွန်ုပ်မိတ်ဆွေများ နှင့် ဇနီးတို့ထံမှ အမှန်တရားကို လက်ခံဖို့ နှိမ့်ချလျက် ယုံကြည်မှု ရှိရမည်။ ဤဖြစ်စဉ်ကို မရင့်ကျက်ခြင်း နှင့် မာန်မာနတို့က ဖျက်ဆီးသည်။ သင့်ကို အမှန်တရားပြောဖို့ လုံလောက်သော မေတ္တာ ကျွန်ုပ်မှာ မရှိလျှင် အမှန်စင်စစ် သင့်ကို ငြင်းပယ်၍ မိတ်ဖျက်မည် ဖြစ်သည်။ သင့်ဆီမှ အမှန်တရားကို ကျွန်ုပ်က နိမ့်ချစွာ လက်မခံနိုင်လျှင် မိတ်ဆွေလို သင့်ကို အစစ်အမှန် မေတ္တာမထားနိုင် သို့မဟုတ် မယုံကြည်နိုင် ဖြစ်မည်။

ခရစ်တော်၏ခန္ဓာကိုယ် အများဆုံးအပိုင်းသည် ဝိညာဉ်ရေးရာနှောင့်နှေးသည့်တိုင်း နှင့် ကြီးမားသောမရင့်ကျက်မှုတို့မှာ ကျန်ရှိနေသောကြောင့် ယေဘုယျ အမှန်တရားများကို ပလ္လင်ပေါ်မှဘဲ ကြားရသည်။ ၎င်းက တစ်လမ်းသွား အမှန်တရား ဖြစ်သည်။ နှစ်လမ်းသွား အမှန်တရားကို ကျွန်ုပ်တို့က လိုအပ်သည်။ အမှန်တရားကို ပေးဝေ၍ မိတ်ဆွေများ၏စိတ်နှလုံးမှ ပြန်လက်ခံရသည်။ သင်သည် တပည့်တော်များ ဖြစ်ထွန်းစေလိုလျှင် စိတ်ချင်းချိတ်၍ မျက်နှာချင်ဆိုင်လျက် အမှန်တရားကို ပြောခြင်း နှင့် လက်ခံခြင်း စံနမူနာပြဖို့ လိုပါသည်။

ယေရှုက အရှေ့တိုင်းသား ဖြစ်ခဲ့သော်လည်း ကသိကအောက်နိုင်သောအမှန်တရားများကို ရှောင်ကျဉ်၍ ဆယ်ယူခြင်းဖြင့် အရှေ့တိုင်းတို့ရင်ဆိုင်သည့်ဓလေ့ကို ချိုးဖောက်ခဲ့သည်။ သူ့မျိုးရိုးစဉ်ဆက် နှင့် မိတ်ဆွေများအတွက် အမှန်တရား ပြောဖို့ ဓလေ့ကိုအလေးထားခြင်းကိုလည်း ဖောက်ဖျက်သည်။ ရိုးရာဓလေ့တိုင်းမှာ အမှန်တရားကို ပြောဖို့ အကြောင်းနှင့် ပြဿနာတို့ ရှိစမြဲပါ။ အမှန်တရားအတွက် နိမ့်ချသော၊ ပြင်းပြသော ဆက်ကပ်မှု မရှိလျှင်၊ ကျွန်ုပ်တို့က လူများကို လိမ်လည်သောသူများ လွယ်လွယ်နှင့် ဖြစ်သွားသည်။

တာဝန်ယူခြင်းက အထက်အောက်ပုံစံမျိုး မဟုတ်ပါ။ ၎င်းက ဝိညာဉ်ကိုမကောင်းပြောသည့်အခြားစကား ဖြစ်သည်။ တာဝန်ယူခြင်းသည် အခြားတဦးပေါ်မှာ အမှန်တရားကို လက်ခံအောင်ပြောနိုင်သည့် နေရာမှာ ယုံကြည်မှုနှင့်မေတ္တာကို ဆက်စပ်ပေးခြင်း ဖြစ်သည်။ လူတဦးသည် သူ့အဖွဲ့မှ ညီအစ်ကိုကို မဝေမျှလျှင် ဘယ်သူကို ဝေမျှမည်နည်း?

ကမ္ဘာကို နိမ့်ချခြင်း၊ ဝန်ခံခြင်း နှင့် ရှုံးနိမ့်ခြင်းတို့က မနှောက်ယှက်ပါ။ သူကောင်းဟန်ဆောင်ခြင်း၊ မကောင်းမှုကို ဖုံးကွယ်ခြင်း၊ မာန်မာန နှင့် လိမ်လည်မှုများက အနှောက်အယှက်ပေးသည်။ ကျွန်ုပ်တို့က အမှန်တရားဖြစ်သည့် ယေရှု၏ နောက်လိုက်များ ဖြစ်သည်!

## ၃/သင့်ကလေးများကို နောက်လိုက်တပည့်ဖြစ်စေဖို့ ပါ!

သင့်ကလေးများကို နောက်လိုက်တပည့် မဖြစ်စေနိုင်လျှင်၊ လူမျိုးတကာကို သင်က တပည့်တော်များ ဘယ်လို ဖြစ်စေမည်နည်း? သင့်ကလေးများနှင့် ဆက်နွယ်မှုဂုဏ် မထားရှိလျှင်၊ သင်က ဘယ်သူနှင့် ထားနိုင်မည်နည်း? သင်က ဖခင်တယောက် အဖြစ်ရှုံးလျှင် တခြားအောင်မြင်မှုကိစ္စများမှာ ဘာဖြစ်မည်နည်း?

ခရစ်ယာန်အိမ်များမှ ကလေးအများအပြားက လူကြီးဖြစ်လာကြသော်လည်း ယေရှုနောက်မလိုက်ခြင်းသည် မိသားစုဆက်ဆံရေးထက် စီးပွားရေးကို ဦးစားပေးသောကြောင့် ခရစ်ယာန် အသက်တာ မဝေမျှ၊ အမှုတော် မပြုနိုင်သောအကြောင်းသည် အကြောင်းအများကြီးထဲမှ တစ်ချက် ဖြစ်သည်။ ကလေးများက စစ်မှန်သောစိတ်ပါမှုများကို သိကြသည်။ သူကောင်းဟန်ဆောင်ခြင်း နှင့် စိတ်ပိုင်းဖျော်ဖြေမှုများတို့ကို မြင်တွေ့ကြသည်။

အသက်ကြီးသူများအတွက် အဓိကစမ်းသပ်မှုသည် မြင်တွေ့နိုင်သည့် မိသားစုအပြုအမူ နှင့် ပတ်ဝန်းကျင်မှာ နေထိုင်ပြုမူခြင်းများ ဖြစ်သည်။ ကျွန်ုပ်တို့၏ ကလေးများနှင့် စီးပွားရေးလုပ်ဖော်ကိုင်ဖက်လူများကို ကျွန်ုပ်တို့ အများဆုတောင်းခြင်း သို့မဟုတ် ကျမ်းချက်အများအပြားကူးကားပြောဆိုနိုင်ခြင်းက ပုံမသွင်းစေနိုင်ပါ။ ကျွန်ုပ်တို့ ဖုန်းဘီလ် ပေး၊ မပေး နှင့် ကျွန်ုပ်တို့၏ ဇနီးသည်များအပေါ်ဘယ်လိုဆက်ဆံကြောင်း စသည့် ကျွန်ုပ်တို့၏အပြုအမူကို သူတို့က မြင်နေရသည်။ သင့်မှာ ကျွမ်းကျင်မှုများ နှင့် ဂုဏ်သိက္ခာရှိကြောင်း သို့မဟုတ် ဘာသာရေးပိုင်းမှာ ပါဝင်ရုံမျှ ဖြစ်ကြောင်းကို သူတို့က သိကြသည်။

## ၄/တပည့်တော်များ ဖြစ်စေခြင်းဖြင့် ရှင်ဘုရင်နှင့် သင့်ဆက်ဆံမှု တိုးတက်စေဖို့ပါ။

ရှင်ဘုရင်၏ အခြေခံအမိန့်သည် တပည့်တော်များ ဖြစ်စေဖို့ ဖြစ်သည်! ရှင်မဿဲခရစ်ဝင် ၂၈း၁၈-၂၀က မဟာစေစားချက် ဖြစ်ပြီး၊ မဟာအကြံပေးခြင်းမျိုး မဟုတ်ပါ။ အဖြစ်အပျက်အ

ကြောင်းများ သို့မဟုတ် အစီအစဉ်များ မဟုတ်ပါ! “တဦးနှင့်တဦး”အတူတကွ ဝန်ထမ်းပေးခြင်း ထင်သာမြင်သာရှိမှု နှင့် နှိမ့်ချမှုကို အခြေခံသည့် ဆက်ဆံရေးဖြစ်စဉ်ကို တပည့်တော်များက ဖြစ်ပွားစေဖို့ ဖြစ်သည်!

တပည့်တော်များကဘဲ တပည့်များ ဖြစ်ထွန်းစေသည်။ သို့သော် သင့်တပည့်တော်များက တပည့်တော်များ မဖြစ်စေနိုင်လျှင် သင်လည်း မဖြစ်နိုင်ပါ! အောင်မြင်မှုက မြေးလေးများမှာ ရှိသည်။ တတိယမျိုးဆက်မှာ ရှိသည်! ကျွန်ုပ်တို့၏အဖသည် အာဗြဟံ၊ ဣဇာက် နှင့် ယာကုပ်တို့၏ဘုရား ဖြစ်သည်။

သူမိန့်မှာသည့်အတိုင်း ကျွန်ုပ်တို့က လုပ်ဆောင်လျက် သူမိန့်မှာခဲ့သည့်အရာခပ်သိမ်းကို လိုက်နာဖို့ လူမျိုးတကာအား သင်ပေးလျှင်၊ သူ့ဂတိပေးခဲ့သည့်အတိုင်း လုပ်ဆောင်၍ သူ့အသင်းတော်ကို သူက တည်လာပါမည်။

## မကြာခဏ မေးလေ့ရှိသည့် မေးခွန်းများ

### ၁/အဆောက်အအုံများက ဘယ်လိုလည်း? ဆင်းရဲမှုကြောင်း နှင့် ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကြောင်း ဓမ္မသစ်အသင်းတော်က အဆောက်အအုံများကို မတည်ခဲ့သည်မှာ မမှန်ဘူး မဟုတ်လား?

မှန်ပါသည်၊ အသင်းတော်၏ ပထမသုံးရာစုတစ်လျှောက် တွေ့ဆုံခြင်းများအတွက် အဖွဲ့အစည်းများက ရည်ရွယ်ချက်တစ်ခုခုဖြင့် တည်ဆောက်သည့်အကြောင်း သုတေသနတွေ့ရှိချက် သို့မဟုတ် သမိုင်းအထောက်အထား မရှိပါ။ သို့ရာတွင်၊ ဤအကြောင်းက ဆင်းရဲခြင်းကြောင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုကြောင်း မဟုတ်ပါ။ ယုံကြည်သူအများက ငွေကြေးပိုင်ဆိုင်ကြပြီး၊ ညှဉ်းပန်းနှိပ်စက်မှု အချိန်များရှိသော်လည်း လွတ်လပ်၍ ငြိမ်းချမ်းသည့်အချိန်များလည်း ရှိပါသည်။ ထိုကဲ့သို့ အဆောက်အအုံ တည်ဆောက် လိုခဲ့ကြလျှင် အရင်းအနှီးများနှင့် လွတ်လပ်မှု သူတို့မှာ ရှိကြသည်။

တွေ့ဆုံခြင်းအတွက် အထူးအဆောက်အအုံများ ဆောက်၍ အသုံးပြုဖို့ ကနဦးအသင်းတော်မှာ ပြင်းထန်သောရိုးရာဓလေ့ဖိအားလည်း ရှိသည်။ ဂျူးတို့ဘက်ကကြည့်လျှင် ၎င်း၏အဆောက်အအုံများ နှင့် ဆရာများသုံးသည့် ရဇာတ်စနစ် ပုံပမာ ရှိခဲ့သည်။ ရောမဘက်က ကြည့်လျှင်လည်း နတ်ဘုရားကျောင်းများ နှင့် ၎င်း၏ ယဇ်ပုရောဟိတ်များ ရှိပါသည်။ ထို့အပြင်၊ ကနဦးအသင်းတော်သည် ဘာသာရေးနှင့်ဆိုင်သည့်အထူးအဆောက်အအုံများ နှင့် ယဇ်ပုရောဟိတ်များ မရှိခဲ့သောကြောင့် ပြင်းထန်သောညှဉ်းပန်းနှိပ်စက်မှုကို ရင်ဆိုင်ခဲ့ကြသည်။ ရောမသားများအတွက်၊ တစ်ချို့က ပလ္လင်နှင့် ဗိမာန်တော် မရှိခဲ့လျှင်

သူတို့က ဘုရားမဲ့များ ဖြစ်ကြပြီး၊ အမှန်စင်စစ် ကနဦးအသင်းတော်ကို သက်ရှိဘုရားမဲ့သမားများက ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။

ရိုးရာနှင့်ဆိုင်သည့်ဖိအားများ သည်မှာ ရှိပါသည်။ ကနဦးယုံကြည်သူများက အဆောက်အအုံများကို တည်ဆောက်ခဲ့ကြလျှင် ပိုပြီး ကြီးထွားလာနိုင်သည့် ညှဉ်းပန်းနှိပ်စက်မှုမှ လွတ်လပ်သည့်အချိန်များ ရှိလျက် ငွေကြေးလည်း ရရှိနိုင်ပါသည်။ ကနဦးမြင့်မြတ်သူများက ခိုင်မာသောယုံကြည်မှု ဖွင့်ပြခြင်းအတွက် အဆောက်အအုံများကို မတည်ခဲ့ကြပါ။ ယုံကြည်သူတိုင်း ယဇ်ပုရောဟိတ်ဖြစ်ခြင်းကို ယုံကြည်ကြသောကြောင့် သီးသန့်ယဇ်ပုရောဟိတ်အမျိုးကို ထား၍ ထောက်ပံ့ခြင်း မပြုကြပါ။ ထာဝရဘုရား၏ နိုင်ငံတော်သည် တည်လာခဲ့၍ ဘဝတစ်ခုလုံးအတွက် အကျိုးဝင်သည်ဟုလည်း ယုံကြည်ကြသည်။ ထို့ကြောင့် သူတို့က သီးသန့်သန့်ရှင်းသည့်နေရာများ ရှိသည်ဟု မယုံကြပါ။ တစ်ကမ္ဘာလုံးသည် သခင်ဘုရားကပိုင်သည်! ယေရှုသည် အသက်အားလုံး နှင့် လူသားလုပ်ရှားမှုအားလုံး ထာဝဘုရားဆီသို့ သန့်ရှင်းစေဖို့ အသေခံခဲ့သည်။ လက်များနှင့် ပြုလုပ်သည့်ဗိမာန်တော်များမှာ ထာဝရဘုရားက မရှိသော်လည်း သက်ရှိကျောက်တုံးများနှင့် တည်သည့် သက်ရှိဗိမာန်တော်၌ ရှိကြောင်း နှင့် သူတို့၏ခန္ဓာကိုယ်သည် သန့်ရှင်း သောဝိညာဉ်တော်၏ ဗိမာန်တော်ဖြစ်ကြောင်းတို့ ယုံကြည်မှုကို ဖော်ထုတ်ဖို့ သူတို့က အိမ်များမှာ တွေ့ဆုံကြသည်။ သက်ရှိကျောက်တုံးများသည် အသက်တာမှာ ဖြစ်ပျက်ခဲ့သည့်အကြောင်းကို သူတို့အလယ်မှ ယေရှုအား ဖော်ပြဖို့ အတူတကွ စုရုံးလာခဲ့ကြသည်။

သူတို့၏ ယုံကြည်ခြင်းနှင့်ကိုက်ညီသည့် ထာဝရဘုရား၏ ဗိမာန်တော်သည် ထာဝရဘုရား၏လူများ ဖြစ်ပြီး၊ အင်္ဂတေ နှင့် အုတ်ခဲများတွင် ငွေကြေးကို မရင်းနှီးခဲ့သော်လည်း လူများအထဲမှာ ရင်းနှီးကြသည်။ ဓမ္မသစ်အချိန်မှာ အလှူများကို ဝေတ်မွတ်ဘေးကြုံသူများ၊ မိဘမဲ့ကလေးများ၊ မုဆိုးမများ နှင့် ဆင်းရဲသားများ စသည်တို့အတွက် အသုံးပြုခဲ့ကြသည်။

အဆောက်အအုံများ၊ အသံချဲ့စက်များ၊ ရုံးသုံးစရိတ်များ နှင့် ခရစ်ယာန် ပတ်ဝန်းကျင်အဖွဲ့အစည်းအမျိုးမျိုး၏ စီးမံပေးခြင်းများမှာ ရင်းနှီးခဲ့သည့်ငွေကြေးများသည် ထာဝရဘုရား၏ အမှန်ဗိမာန်တော်မှာ၊ ထာဝရဘုရား၏ ကလေးများအတွက် ရင်းနှီးစေခဲ့ကြလျှင် ဆင်းရဲသူ၏ လိုအပ်မှုများဖြစ်သည့် အိမ်၊ စာသင်ကျောင်း၊ အစားအစာ နှင့် သောက်သုံးရေတို့အတွက် ပေးလှူခြင်းမှာ ကျွန်ုပ်တို့က အကြီးအကျယ်ကျေနပ်နိုင်ကြပါမည်။ အငယ်ဆုံးသူအပေါ်မှာ ပြုသမျှသည် ယေရှု၌ ပြုခြင်းဖြစ်သည်ဟု ဖော်ပြသည့် ရှင်မဿဲ ၂၅က ယေရှု၏နောက်လိုက် ကိုယ်တိုင်ပြောကြသည့်သူများကို စီရင်ဖို့ စံနှုန်း ဖြစ်ပါလိမ့်မည်။ ၎င်းသည် ယေရှုက ဆိတ်များမှ သိုးများကို ပိုင်းခြားစေနိုင်မည့် စံနှုန်းလည်း ဖြစ်ပါသည်။

အဆောက်အအုံများက ယေရှုကို အစေခံခြင်း နှင့် လူများကို ချစ်ခြင်းတို့အကြောင်း မပါရှိပါ။ ကျွန်ုပ်တို့ကိုယ်ပိုင်နိုင်ငံငယ်လေးအကြောင်း၊ အာဏာနှင့်စီမံခြင်း နှင့် ဂုဏ်သတင်းတို့အကြောင်း ဖြစ်သည်။ ၎င်းတို့က ကျွန်ုပ်တို့ ပတ်ပတ်လည်မှာ ရှိသည့်တခြားဘာသာများ

ကဲ့သို့ ဖြစ်လိုသည့် ကျွန်ုပ်တို့၏မာနတို့အတွက် အထိမ်းအမှတ်ကျောက်တိုင်များ ဖြစ်သည်။

အဆောက်အအုံမှာ ရင်းနှီးသည့် ဒေါ်လာတိုင်းသည် တစ်ခုအတွက်ဖြစ်ပြီး တစ်ဒေါ်လာထက်အနည်းငယ်နှင့် ဆာငတ်သူအား ကျွေးဖို့ အဝတ်အစားမရှိသူအား ပေးဖို့ ဖျားနာသူအား ဖေးမဖို့ နှင့် အကျဉ်းသားဆီသို့ သွားလည်ဖို့ အသုံးပြုသည်။ အဆောက်အအုံတိုင်းသည် တစ်ကိုယ်ကောင်းဆန်သည့် မာနအတွက် မှတ်ကျောက် ဖြစ်သည်။ ရင်းနှီးထားသည့်ဒေါ်လာတိုင်းကို ဆိတ်များအတွက်ရင်းနှီးသည့်ငွေကြေးကဲ့သို့ ယေရှုက စီရင်လာမည် ဖြစ်ပါသည်။

ဓမ္မဟောင်းကျမ်းပုံပြင်များမှ တဲတော်တည်ခြင်းအကြောင်းကို အသုံးချသည့်သူများသို့မဟုတ် ဗိမာန်တော်တည်ခြင်းသည် ထိုအတိုင်းလုပ်ခြင်းက တကယ်ကို မှားနေသည်။ ကျွန်ုပ်တို့က ပဋိညာဉ်ဟောင်းမှာ မရှိတော့သော်လည်း ဤသဘောထားများက အလွန်ခိုင်ခံ့သည်! သတေဖန်က “လက်နှင့် လုပ်ဆောက်သောဗိမာန်တော် များမှာ အမြင့်မြတ်ဆုံးသူမနေ”ဟု ကြေငြာခြင်းဖြင့် ဂျူးလူမျိုးနှင့် ထာဝရဘုရား၏ ဆက် သွယ်ခြင်း သမိုင်းကိုနိဂုံးချုပ်ပေးသည့်အခါ ယေရုရှလင် ကောင်စီက သူ့ကို ဒေါသထွက်လာခဲ့သည် (တမန်၊ ၇း၄၈)။ သတေဖန်သည် လူ့လက်များနှင့် ဆောက်ထားသည့်ဗိမာန်တော်မှာ ထာဝရဘုရားနားနေရာ မဟုတ်ကြောင်းကို ပြောကြားခဲ့သည့်အချိန်မှာ သူတို့၏ အသက်ရှင်ခြင်းအတွက်နည်းလမ်းဖန်တီးခြင်း နှင့် ဘာသာရေးစနစ် တစ်ခုလုံးကို ဝေဖန်ခြင်းဖြစ်ပါသည်။

ဘာသာရေးအဆောက်အအုံများထက် လူများထဲမှာ ထာဝရဘုရားက ယခု အသက်ရှင်နေကြောင်းကြေငြာခြင်းအတွက် အသင်းတော်ခေတ်မှာ အဦးဆုံး မာတုရအဖြစ် သူ့အသက်ကို ပေးဆပ်ခဲ့သည်။ အဆောက်အအုံများ(ကျွန်ုပ်တို့၏ ဗိမာန် ရုပ်ထွေးပါသလား?)သို့ကိုးကွယ်ရန် ဆွဲဆောင်ခြင်းကို တိုက်လှန်ရဲသည့် တဦးဦးက ယခုအချိန်မှာ ထိုနည်းတူပြင်းထန်သောတုန့်ပြန်မှုများကို ရင်ဆိုင်နေသည်။

“ဆိတ်များအတွက် ရင်းနှီးသည့်ငွေကြေး”က အလွန်စုံးဝါးသည့်အကြောင်း ပြောကြသည်ဟု သင် ထင်ပါသလား? သင်နှင့် ပုံပြင်သုံးပုဒ်ကို ဝေမျှပါရစေ။ တစ်ခုက ကျွန်ုပ်တို့ကာနေဒါမှာ နေတုန်းက ကျွန်ုပ်တို့နေထိုင်သည့်နီးနားမှအကြောင်း ဖြစ်သည်။

အရွယ်ရောက်ပြီးလူငယ်များ အဖွဲ့က ဖွင့်ဖြိုးဆဲနိုင်ငံသို့ သာသနာခရီးပြုခဲ့ကြပြီး၊ ခရီးတစ်ပိုင်းမှာ မိဘမဲ့ကလေးများဆီ သွား၍ အမှုတော်ဆောင်ကြသည်။ ထိုနှစ်မှာ ဆန်စျေးနှစ်ဆတက်သွား၍ ရိတ်ခါပြတ်သောကြောင့် ကလေးများက ဆာငတ်လာသည်ဟု တွေ့ကြရသည်။ သူတို့၏ ကြီးမား၍ ချမ်းသာသောအသင်းတော်သို့ ပြန်လာကြသည့်အခါ သူတို့ ခရီးစဉ်အကြောင်းကို ဦးစားပေး ပြောစေပြီး၊ သင်းအုပ်ဆရာကြီးက သူတို့ကို သွားတွေ့ကာမိဘမဲ့ကလေးများ၏ လိုအပ်မှုများကို သူတို့ မတင်ပြကြဖို့ တားထားသည်။ ဘာကြောင့်လည်း? အသင်းသူ/သားများက ထိုလိုအပ်မှုကို သိလာကြလျှင်၊ တစ်ချို့က မိဘမဲ့ကလေးများအတွက် ပေးလှူကြပါမည်။ အသင်းတော်က တည်ဆောက်မည့်အစီအစဉ်အတွက် ငွေကြေးများ လိုအပ်သောကြောင့် ၎င်းက အသင်းတော်အတွက် သေးငယ်သည့်အမှုဟုဆိုလိုခြင်းလည်း ဖြစ်မည်။

ဒုတိယပုံပြင်က ဒီဇင်ဘာ ရ၊ ၁၉၈၈ခုနှစ်မှာ အာလ်မီးနီးယားနိုင်ငံကို ဖြတ်၍မြေငလျင်လှုပ်ခတ်သွားပြီး အနည်းဆုံး လူပေါင်း ၂၅၀၀၀ သေဆုံးခဲ့ရသည့် အာလ်မီးနီးယမ်းမြို့မှ ကြောက်ရွံ့စရာဒုက္ခခံရသောအကြောင်း ဖြစ်သည်။ ထိုနေရာ အလယ်ပိုင်းမှာ မြေငလျင်လှုပ်ရာမှ အုတ်ကျိုးအုတ်ပဲ့များ ရှိသေးသည့်အကြားထဲတွင် နေထိုင်သောလူများ၏ ကလေးများကို ကြွက်များက ကိုက်ဖြတ်ခြင်း ဒုက္ခခံသည့်အကြောင်းအား ထိုမြို့သို့ သွားလည်သည့်အခါ ကျွန်ုပ်ကို ပြောခဲ့ကြသည်။ မြို့ကို ကားနှင့်လည်ပတ်ချိန်မှာ ညမှာ ခြောက်ကပ်၍ ဖယောင်းတိုင်နှင့်ဆင်းတုတော်များ ကောင်းကောင်းထားသည့်နေရာက ဒေါ်လာသန်းပေါင်း ၂. ၈ အကုန်ကျခံပြီး အထင်ကြီးလောက်သောကျောက်တုံးနှင့် တည်ထားသည့် အာလ်မီးနီးယမ်းတမန်တော် ဘုရားကျောင်း(သူတို့၏ တိုင်းအသင်းတော်)အသစ်ကို တွေ့ရသည်။ ကွန်ပျူတာအခန်းများ နှင့် အင်္ဂလိပ် စာသင်ခန်းများနှင့် ပြည့်သည့် အာလ်မီးနီးယမ်း ဧဝံဂေလိအသင်းတော် ဘုရားကျောင်းအသစ်သို့လည်း ကျွန်ုပ်တို့ ရောက်ရှိခဲ့သည်။ ကောင်းသောကျောက်တုံးနှင့် ဆောက်ထားသည့်ဘုရားကျောင်း ဖြစ်သည်။ ဆောက်လုပ်ကုန်ကျစရိတ်က ဒေါ်လာသန်းပေါင်း ၄သန်း ကုန်ကျပြီး ကွန်ပျူတာများ နှင့် ဓမ္မသီးချင်းစအုပ်များက ညမှာ ကောင်းကောင်းနား၍ ခြောက်ကပ်နေသည်။

ထို့နောက် ကျွန်ုပ်တို့က နှစ်ယောက်အိပ်အခန်းမှာ နေသည့်အဘွား နှင့် တခြားညီအစ်ကို၊ သူ့မိန်းမ နှင့် သူတို့ကလေးများ အပါဝင် ကလေးငါးယောက်နှင့် အတွဲလိုက် ထမင်းစားခဲ့ကြသည်။ ထိုအစ်ကိုက အလုပ်မရှိ၍ သူတို့နေသည့်နေရာကို ငှားဖို့ မသတ်နိုင်သောကြောင့် ကျွန်ုပ်ကို အကူအညီလာတောင်းကြ၏။ ထိုအစ်ကိုက သည်မြို့မှာ ဘက်မလိုက်ဩဇာတိက္ကမနှင့်ပြည့်သောဘုရားကျောင်းအသစ် တည်ဆောက်သည့်နေရာတွင် အလုပ်သွားလုပ်လျှင် မကောင်းဘူးလားဟု ကျွန်ုပ်က ပြောထားသည်။ ခါရစ်မဲတစ် အတိုင်းအဝိုင်းမှလာကြသူများက တရားလာဟောရမည့် ဘုရားကျောင်း ဖြစ်သည်။ ထို့ကြောင့် ဘာကြောင့်အလုပ်ဆက်မလုပ်တော့သနည်းဟု ကျွန်ုပ်က မေးသည့်အခါ အပတ်တိုင်း ပေးရမည့်လိုင်းကားခတောင် မလောက်မငှ ဖြစ်လာသည့်အချိန်မှစ၍ အလုပ် ဆက်မလုပ်နိုင် ဖြစ်ကြောင်းကို ပြောပြခဲ့ရှာသည်။ ၎င်းအချက်ကြောင့် အသင်းတော်က ဆင်းရဲသားတယောက်စားဝတ်နေရေး ဖူလုံအောင် လုပ်ခမပေးနိုင်သည့်အတွက် ကျွန်ုပ်က ဒေါသထွက်မိပါသည်။

ထိုညနေပိုင်းကုန်လွန်ပြီးနောက် တခြားချိန်းထားသည့်နေရာသို့ ကားမောင်းသွားပြီးကျွန်ုပ်အိမ်ရှင်က ဆောက်လုပ်နေသည့်ဘုရားကျောင်းကို ကျော်ဖြတ်၍ ကားမောင်းခဲ့ကြောင်းကို ပြောပြပါသည်။ အရှေ့မှ ကျောက်တုံးအဖြူနှင့်အကြောင်းသုံးခု ထူးထွင်းထားသည့် တကယ့်အထင်ကြီးလောက်သည့်အဆောက်အအုံကြီး ဖြစ်သည်။ ကျွန်ုပ်ပါးစပ်မှ ဆံတွေးကိုမျိုချလျက် ကားလမ်းတဘက်ကို ဖြတ်ခနဲကြည့်လိုက်သည့်အချိန်မှာ ဤရုပ်တုလိုဖြစ်သည့်ဗိမာန်တော်ကို ဆောက်လုပ်နေသည့်လုပ်သား ဆင်းရဲသားများကို ဖိနှိပ်ခြင်းနှင့် နှိုင်းယှဉ်

၍ မြင်သာအောင်ချမ်းသာကြသည်ဟု ကျွန်ုပ်အတွေးထဲဝင်လာပါသည်။ လမ်းကို ကျော်ဖြတ်လျှင် နှစ်ပေါင်းနှစ်ဆယ်ကျော်က လှုပ်ခတ်သွားသည့် ငလျင်ဒဏ်ကြောင့် ကျန်ခဲ့သည့်အုတ်အကျိုးအပဲ့များ မြို့ပြင်မှာ အပြည့်ရှိသည်။ လူများသည် အုတ်ကျိုးအုတ်ပဲ့ကြားမှာ အအေးဒဏ်ခံပြီး စို့ရွဲလျက် အိပ်စက်ကာ ကြွက်များ၏ တိုက်ခိုက်ခံသည့်ကလေးများက မနက်တိုင်း ပုံမှန် ထကြသည်ကို တွေးကြည့်သည့်အခါ ခရစ်ယာန် အဆောက်အအုံများက သူတို့၏မာနပြည့်သည့်အိမ်မှ နန်းတော်လို ဖြစ်သည်ဟု ခံစားမိပါသည်။

တတိယပုံပြင်က Ivan အလုပ်လုပ်သည့်နေရာ အာရှအလယ်ပိုင်းမှ ဆင်းရဲမှုလွှမ်းခြုံရသည့်နေရာအကြောင်း ဖြစ်သည်။ တကယ့်ရှေးဆန်သည့်အသင်းကြီး၏ အသင်းသားများအားဖြင့် အကျဉ်းထဲမှ ယေရှုကို Ivan က ချဉ်းကပ်လာသည်။ ၎င်းက သူတို့ကို သိ၍ အလွန်တရာချစ်ခင်သည့် အသင်းတော်၏ တစ်ခုတည်းသောသက်သေခံခြင်း ဖြစ်သည်။ Ivan က အကျဉ်းမှ လွတ်လာသည့်တချိန်မှာ အသင်းတော်များ တည်ဖို့ နိုင်ငံတိုင်း ခရီးထွက် စပြုလာသည်။ အကျဉ်းထဲမှာ နေစဉ်က မိတ်ဆွေ Alexanderကို ယေရှုဆီသို့ ပို့ဆောင်ပြီးနောက် ထောင်မှ ထွက်လာကြသည့်အခါ တပည့်တော်များ ဖြစ်စေဖို့ တခြားနယ်သို့ အတူတူသွားကြသည်။

မကြာမီမှာ Alexanderက ယေရှုထံသို့ တပည့်တော်များ အဖွဲ့ငယ်ကို ဦးဆောင်လာပြီ ဖြစ်သော်လည်း ရဲအရာရှိ လာ၍ “သည်နေရာမှာ အနှောက်အယှက် မရှိစေချင်ဘူး” ဆိုပြီး ထိုဒေသမှ ထွက်သွားရန် ပြောခဲ့သည်။ Alexanderက ထွက်မသွားပါ။ တစ်ခါ ညနေပိုင်း သူ့မိန်းမ နှင့် ညီအစ်ကိုနှစ်ယောက် တို့နှင့် ဝတ်ပြုနေကျစဉ် လူသုံးယောက်လာပြီး ပြတင်းပေါက်မှ သေနတ်နှင့် လာသတ်ပစ်ကြသည်။

Ivanက ဤအကြောင်းကို ပြောပြသည့်အခါ သူ့မိတ်ဆွေသေခြင်းကြောင့် မေးခွန်းများထုတ်စေ၍ စိတ်ဓာတ်ကျရကြောင်း ဆက်ပြောပါသည်။ ဤလို ဖြစ်ခဲ့လျှင် ဆိုပြီး Ivanကို ကျွန်ုပ်က ပြောသောကြောင့် သူ ကြောက်လာသည်။ မေးခွန်းက သူ့ကို အမြဲ စော်ကားနေသည်။ သူ့အသက်အတွက် သူက မကြောက်သော်လည်း ဆက်ကပ်ခြင်းကို စူးစမ်းသည့်အခါ ဘေးအန္တရာယ်က ၎င်းအတွက် ထိုက်တန်ပါသည်။ ယခု ကျွန်ုပ်ကို စိတ်ရှုပ်စေသည်။ ဘာ့ကြောင့်လည်း?

အသင်းတော်ကြီး ဝင်လာ၍ အဆောက်အဦးတည်ဆောက်လျက် ဘုရားကျောင်းထဲမှာ ခုံရှည်များ နှင့် သင်းအုပ်ဆရာထားပေးပြီး တပည့်တော်အသစ်များ ထားခဲ့သည့်အခါ ဒေသသစ်များမှာ တပည့်တော် အစုအဖွဲ့များကို သူ့သူငယ်ချင်းများကဲ့သို့ ထောင်ဖို့ သူက ဘာကြောင့် မစွန့်စားရဲသနည်း ဆိုသည့်မေးခွန်းကို Ivanက ကျွန်ုပ်အား ပြောရှာသည်။ အသစ်ပြောင်းလဲသူများက အာရှသားများ ဖြစ်ကြသည်။ ကြမ်းပြင်ပေါ်မှာ သူတို့က လေးနာရီကြာ ထိုင်ပြီး လက်ဖက်ရည်သောက်လျက် ယေရှုအကြောင်းကို ပြောနေကြသည်။ သို့ရာတွင်၊ သူတို့အဖွဲ့က အယောက်ဆယ်ငါးဦးကျော် စုလာသည့်အခါ အသင်းတော်ကြီးက အဆောက်အဦး တည်ပေး၍၊ အပြင်မှ စလာဗစ် ကျမ်းစာကျောင်းအောင် ပတ်စ်တာကို ခန့်ထားပေးသည်။ ထိုင်ခုံရှည်များ တစ်ဘက်ခြမ်းမှာ ထိုင်သည့် သက်ကြီး စလာဗစ် ဘွားအေတစ်ချို့ ထွက်သွားမှဘဲ အာရှသားများက ဝတ်ပြုခြင်း အစပြုကြသည်။

Ivanသည် အသင်းတော် ခေါင်းဆောင်များဆီသို့ သွား၍ တပည့်တော်စုများအတွက် အဆောက်အအုံများ တည်ဆောက်ခဲ့ပေးကြောင့်ကို မေးပါသည်။ သူတို့က တွေ့ဆုံနိုင်ဖို့ အိမ်များ ရှိသည်။ ရွာမှာ တခြားအဆောက်အအုံ မလိုအပ်ပါ။ အိမ်အလွတ်များတောင် ရှိသေးသည်။ သူတို့က အစားအစာ နှင့် ကလေးများအတွက် ဖိနပ်များသာ လိုအပ်သည်။ သူတို့၏ သူငယ်ချင်းများနှင့် ဝိုင်းထိုင်လျက် လက်ဖက်ရည် သောက်ကာ ယေရှုအကြောင်းကို ပြောနေကြသည်။ ရှေးနယ်ချဲ့အုပ်ချုပ်မှုမှ ထူးခြားသည့်လူငယ်အကြောင်း ပြောသည်ကို နားမထောင်လိုကြပါ။ ခေါင်းဆောင်များက Ivan၏ မေးခွန်းများကို မနှစ်သက်သောကြောင့် သူ့ကို အယူလွဲမှားသူကဲ့သို့ အသင်းတော်ကြီးမှ နှင်ထုတ်ကြသည်။

ထိုအချိန်မှစ၍ Ivanသည် အယူလွဲမှားသူ မဟုတ်ကြောင်း သူ့ကို သိပြီး၊ သူကဲ့သို့ ကမ္ဘာတဝှမ်းရှိလူများကလည်း ထင်မြင်ကြကို တွေ့ရှိခဲ့သည်။ သူ့ကို နှင်ထုတ်သည့်လူအုပ်များဆီမှာ ပြန်သွား၍၊ “သူ့ကို ကောင်းချီးပေးကြဖို့” တောင်းဆိုခဲ့ရာ အချိန်တစ်ချို့ကုန်လွန်ပြီးနောက်မှ ထိုကဲ့သို့ လုပ်ပေးကြသည်။ ယခုမှာ Ivanက ရှင်လုကာခရစ်ဝင် ၁၀နှင့်အညီ တပည့်တော်များ ဖြစ်ထွန်းစေသည်။ Alexander သေခြင်းက အချည်းနှီး ဖြစ်မသွားပါ!

ကျွန်ုပ်တို့ ဘာသာရေး ဓလေ့ မာနများအတွက် အထိမ်းအမှတ် အဆောက်အအုံများ ဆောက်လျက် ငွေကြေး ဖြုန်းတီးခြင်းဖြင့် ပုံကြီးမချဲ့သင့်ပါ။ ၎င်းအဆောက်အအုံတိုင်းသည် ကျွန်ုပ်တို့၏ အလွန်ကြီးမားသောမနာခံမှု နှင့် ယေရှု၏ပုံပမာ နှင့် နှုတ်ကပတ်တော်များကို လုံးဝ တော်လှန်ဆန့်ကျင်ခြင်းတို့အတွက် သက်သေ ဖြစ်သည်။

သို့ရာတွင်၊ နေစရာအိမ်မဲ့သူများ၊ မူးယစ်ဆေးစွဲသူများ နှင့် စွန့်ပစ်ခံသူများကို ကူညီဖေးမဖို့ သက်ရှိလူ့အတိုင်းအဝိုင်းများမှာ ကုစားခြင်း နှင့် ဝတ္တရားကျေပွန်မှုတို့ကို ကျွန်ုပ်တို့က ပိုပြီး လိုအပ်လျက်ရှိသည်။ လူ့အဖွဲ့အစည်းကြီးများမှာ မဟုတ်သော်လည်း လူ့အတိုင်းအဝိုင်း ကလေးများမှာ ထာဝရဘုရား၏ ချစ်ခြင်းမေတ္တာကို လက်တွေ့ကျကျ မထိတွေ့ဖူးသည့် ထိုသူတို့လို မိသားစုကို ကူညီဖေးမဖို့ ဖြစ်သည်။ ပြန်လည်ထူထောင်ခြင်း စင်တာ ရှိသည့်နေရာမှာ မသွားဘဲနှင့် သူတို့၏ ဓလေ့ထုံးစံအားဖြင့် တိုးတက်လိုသည့် အယောက်တိုင်း ရှိသည့်လူ့အတိုင်းအဝိုင်း ကလေးများမှာ သက်သေခံလျက် ကုစားပေးဖို့ အခြေခံတည်မြဲရာမှာ သွားနေပါ။ ထိုအကြောင်းများ ပညာရှင်များဖြင့် မလုပ်ဆောင်နိုင်သော်လည်း လူ့အတိုင်းအဝိုင်း၊ ဘုရားရှိခိုး ဝတ်ပြုခြင်း နှင့် အလုပ်လုပ်ခြင်း တို့အားဖြင့် ကုစားခြင်း ရရှိသည့်သူများ နှင့် ထိုသူတို့လို လူများမှ ပေါ်လာကြသည့်သူများက အများဆုံး လုပ်ဆောင်နိုင်သည်။

အဖွဲ့သားများ အတူတကွ အလုပ် လုပ်သည့်နေရာ၊ အစေခံသည့်နေရာ နှင့် နေစရာ

အိမ်မဲ့သူ၊ ဆေးစွဲသူ နှင့် စိတ်ဝေဒနာရှင်တို့အတွက် တာဝန်ယူခြင်း၊ ကုသခြင်း နှင့် ပြန်လည်ထူထောင်ခြင်း စင်တာများ ဖွင့်ပေးသည့်နေရာ မြို့အတွင်းပိုင်းများမှာ တိုးတက် သောလူ့အတိုင်းအဝိုင်းအသစ်များ ရှိပါသည်။

အာရှအလယ်ပိုင်း မြို့တစ်မြို့မှ အဖွဲ့သည် ၎င်းတို့ကဲ့သို့ မြို့တွင်းရှိ လူ့အတိုင်းအဝိုင်းကလေးများ ဖြစ်သည်။ ဤအတိတ်ဖြစ်ရပ် ကျရှုံးသည့်တစ်နေ့မှာ ဈေးတွင် မတ်တပ်ရပ်နေသည့် Uighur(အနောက်မြောက် တရုတ်မှ မွတ်ဆလင်)ကို သူတို့က သတိထားမိသည်။ နေမည့်နေရာ လိုပါသလားဟု သူတို့က မေးခဲ့ကြသည်။ သူက လိုကြောင်း ပြော၍ သူတို့နှင့် အိမ်ပြန် လိုက်လာသည်။ ထိုအတိုင်းအဝိုင်းမှာ လအတန်ကြာနေပြီးနောက် ထိုလူက စကားပြောသံ တခုကြားခဲ့သည်၊ "သင့်ကို ကျွေးမွေးပြုစုသည် ထိုသူတို့က ကျွန်ုပ်၏လူများ ဖြစ်သည်။ သူတို့ စကားကို နားထောင်ပါ။ သင့်အား အမှန်တရားကို ပြောနေကြသည်။" သူက ထိုသူတို့ စကားကို နားထောင်သောကြောင့် ယေရှု၏နောက်လိုက် ဖြစ်လာ၍ နှစ်ခြင်းခံယူခဲ့သည်။

## ၂/တရားဟောခြင်းက ဘယ်လိုလည်း?

ကောင်းသောတရားဒေသနာကို နားထောင်ဖို့ ကျွန်ုပ်တို့က စုရုံးစရာမလိုဘူးလား? စိတ်ဝင်စားစရာမေးခွန်းပါ! ယုံကြည်များစုရုံးဖို့ ဗဟိုပြု တရားဒေသနာ အများအပြား ရှိပါသည်။ တရားဟောပိုကောင်းသူက ပိုပြီး လူများကို စုရုံးစေပြီး ပိုများသောအရင်းအနှီးများကို ချုပ်ကိုင်နိုင်လာသည်။ တရားဟောခြင်းသည် ပို၍လွှမ်းမိုးခြင်း နှင့် အသိအမှတ်ပြုခြင်းတို့ အဓိပ္ပါယ် ပါရှိသည်။

သူတို့ဘာသာ စုရုံးလာကြသည့်အသင်းတော်လူကြီးများဆီသို့ ရှင်ပေါလုက ဘယ်လိုပြုမူဆက်ဆံကြောင်းကို ကျွန်ုပ်တို့က သိနားလည်ခဲ့ပြီး ဖြစ်သည်။ သူက ၎င်းကို "ကကြီးကကြောင်"ဟု ပြောသည်။ သူ့ရှုပါရုံသည် ရှင်လုကာခရစ်ဝင် ၁၀မှ သခင်ဘုရား၏ရှုပါရုံနှင့် တစ်သမတ် တည်း ဖြစ်သည်။ ဓလေ့အားဖြင့် ဆက်ဆံမှုများကို အဖွဲ့ငယ်များ၏ ရှုပါရုံက တိုးပွားစေ ပါသည်။ သူတို့ဘာသာစုရုံးကြသည့်သူများက မှားယွင်းကြသောကြောင့် တပည့်တော်ဖြစ်ခြင်း နှင့် တိုးပွားခြင်းတို့၏ ဆက်သွယ်မှု ထိုဒိုင်နမစ်ကို ရပ်တန့်စေသည်။

တရားဟောသည့်ဘက်မှာ ရှင်ပေါလု၏ အပြုအမူက ဘယ်လိုရှိသနည်း? ထိုအကြောင်းမှာ သူက အလွန် ရိုးရှင်းသည်ကို ၁ကော၊ ၂း၁-၅မှာ တွေ့ရသည်၊

*"ညီအစ်ကိုတို့၊ ငါသည် သင်တို့ရှိရာသို့ ရောက်လာသောအခါ၊ ဘုရားသခင်၏ သက်သေခံချက်ကို ထူးမြတ်သောစကားနှင့် ထူးမြတ်သောပညာအားဖြင့် သင်တို့အား ပြသ၍ ရောက်လာသည် မဟုတ်။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ်ပြဋ္ဌာန်းခြင်းရှိ၏။ သင်တို့နှင့်အတူ ငါရှိနေသောအခါ၊ အားနည်းခြင်း၊ အလွန်ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့်တကွ ငါရှိနေ၏။ သင်တို့၏ ယုံကြည်ခြင်းသည် လူပညာအားဖြင့် မတည်၊ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် တည်စေခြင်းငှါ၊ ငါ့စကား၊ ငါ့ဒေသနာသည် လူပညာနှင့် ယှဉ်သော ဖြားယောင်းသောစကားနှင့်တကွ ရှိသည်မဟုတ်။ ဝိညာဉ်တော်၏ နိမိတ်လက္ခဏာတန်ခိုးတော်နှင့်တကွ ရှိ၏။"*

ကျွန်ုပ်တို့သည် ထိုအချိန်မှ ဓလေ့နောက်ခံကို နားမလည်ကြသောကြောင့် သည်နေရာမှာ ဘာတွေဖြစ်နေသည်ကို မသိကြပါ။ ထိုအချိန်က အခြေခံကျသောအနုပညာများမှ တစ်ခုမှာ ဟောပြောခြင်း ဖြစ်သည်။ ဟောပြောကျွမ်းသူများသည် သူတို့၏ ပရိသတ်များကို မျက်ရည်ကျအောင် ရယ်မောစေသည့် ရောမတစ်နိုင်ငံလုံးမှ ထင်ပေါ်သူများ ဖြစ်ကြသည်။ ရှင်ပေါလုသည် ထိုအချိန်က ပညာတတ်အများဆုံးမှ တစ်ယောက် သည် ထိုအနုပညာကို သေချာစွာ သင်ယူရမည့်ကြောင်းကို နာလည်ထားသည်။ ကောရိန္တုများက သူတို့ဆီသို့ ရှင်ပေါလုက ထိုနည်းအတိုင်း စကားပြောဖို့ မျှော်လင့်ခဲ့ကြသည်။

ထိုကဲ့သို့ လုပ်ဖို့ ရှင်ပေါလုက ငြင်းဆန်ခဲ့သည်။ သူက အားနည်းမှုရှိပြီး၊ တုန်ယင်လျက် ကြောက်တတ်သည်။ ၎င်းအကျင့်အတိုင်း တရားဟောခြင်းကို တစ်ယောက်ယောက်က နာယူဖို့ ကြိုးစားရပါသည်။ သို့သော် ရှင်ပေါလုက သူ့နောက်မှ လူများကို ဆွဲသွားဖို့ မလိုလားပါ။ ထာဝရဘုရား၏အစွမ်းအစမှာသာ ယုံကြည်ခြင်းနှင့် အသက်ရှင်စေလိုသည်။ လူ့အစွမ်း၊ လူ့ဉာဏ်ပညာ နှင့် ပုဂ္ဂိုလ်ရေး ဖိအား စသည်တို့နှင့် လုပ်ဆောင်ဖို့ သူက ငြင်းဆန်ပါသည်။

တစ်ချို့ကို သင်တို့ဆီသို့ တစ်နာရီပြီး တစ်နာရီ၊ တစ်ပတ်ပြီး တစ်ပတ်၊ အစည်းအဝေး တစ်ခုပြီး တစ်ခု၊ အသံသွင်း တစ်ခုပြီး တစ်ခုဖြင့် တရားဟောစေလျှင် အမဲကို အဖြူဟု သင်တို့ကို သူတို့က ယုံစေမည် ဖြစ်သည်! အမှန်တရားနှင့် ထပ်တူ အခိုင်အမာယုံကြည်၍ ဘိသိက်ပေးခြင်းနှင့် တရားဟောခြင်းက မှားယွင်းနေသည်။ မဖြစ်နိုင်ဘူးလို့ သင်တို့က ပြောဦးမလား? တကယ် ဖြစ်နိုင်သည်။ ၎င်းက အချိန်တိုင်း ဖြစ်နေသည်။ ဝိုင်းနေသောကမ္ဘာတစ်ဝှမ်းမှ လူအများအပြားက ကြွယ်ဝခြင်း "သတင်းကောင်း"ကို ဘယ်လို လက်ခံလာခဲ့ကြသနည်း? ဘယ်လိုဘဲဖြစ်ဖြစ်လ ဓမ္မသစ်ကျမ်းမှာ အခြေမခံသည့် တစ်ချို့သည် ယုံကြည်သူများ၏ စိတ်နှလုံးများမှာ ၎င်းအတိုင်း ဘယ်လိုတွယ်စေမည်နည်း? လူသားလောဘ နှင့် လိုအပ်မှုတို့၏ ပုံပန်း နှင့် နောက်ခံတို့ကို ကျမ်းစာထဲမှ ထုတ်၍ တစ်နာရေပြီး တစ်နာရီ တရားဟောခြင်း နှင့် သွန်သင်ခြင်းတို့မှာ ထည့်ပြောပါ။

နိုင်ငံတော်ကျယ်ပြန့်ဖို့ ချမ်းသာခြင်းသတင်းကောင်း ယုံကြည်ခြင်းနှင့်ဆိုင်သော လှုပ်ရှားမှု ဖခင်ဟု မကြာခဏ အခေါ်ခံသည့် အကိုကြီး ကဲနက် ဟေဂျင်၏ သေခြင်းကို ဦးစားပေးရေးသည့် "The Midas Touch"ဟု ခေါ်သည့် စာအုပ်ကို ရှိသည်။ ၎င်းစာအုပ်တွင် သူ့နောက်လိုက်များ၏ ပစ္စည်းဥစ္စာကို အဓိကထားသည့်ဝါဒ နှင့် ရုံပုံငွေရှာခြင်းကို ခြယ်လှယ်သည့် နည်းဗျူဟာများကို ငြင်းဆန်ခဲ့ကြောင်း ရေးထားသည်။ ၎င်းက တစ်နာရေပြီး တစ်နာရီ သူတို့၏ ဝိညာဉ်ရေး ရာဖခင်ဖြစ်သည့် သင်တို့နောက်မှ အလှူပေးပို့မည့် ဟေဂျင်က ချမ်းသာခြင်း တရားဟောသူ များအကြောင်းကို ရေးသည့်စာအုပ် မဟုတ်ပါ။

ချမ်းသာခြင်းဆိုင်ရာ သွန်သင်ခြင်း၊ ကျိန်ခြင်းများနှင့် ခြိမ်းခြောက်ခြင်း နှင့် ဆယ်ဖို့တစ်ဖို့ နှင့် အလှူပေးခြင်းများမှ ကောင်းချီးပေးဖို့ ဂတိပေးခြင်းတို့သည် အမှန်စင်စစ် ရှင်ပေါလု အချိန်က အရေဖျားလှီးခြင်းနှင့် တထပ်တည်း ဖြစ်သည်။ ၎င်းက ဂလာတိ ၁း၈ မှ ရှင်ပေါလု ရှုတ်ချခြင်းနှင့် ထိုက်တန်သော တခြားသတင်းကောင်း ဖြစ်သည်၊ *“သို့သော်လည်း၊ သင်တို့အားငါတို့ဟောပြောသော ဧဝံဂေလိတရားမှတပါး အခြားသောဧဝံဂေလိတရားကို ငါတို့သည် ဟောပြောသော်၎င်း၊ ကောင်းကင်ဘုံမှလာသော ကောင်းကင် တမန် ဟောပြောသော်၎င်း၊ ဟောပြောသောသူသည် ကျိန်တော်မူခြင်းကို ခံစေ။”*

မှားသောဆရာများ ဘယ်လို ဆက်ဆံရမည့်အကြောင်းကို ၁တိ၊ ၆း၃-၆မှာ တိမောသေအား ရှင်ပေါလုက လမ်းညွှန်လျက် သည်လိုနှင့် နိဂုံးချုပ်ခဲ့သည်၊ *“စိတ်နှလုံး ယိုယွင်း၍၊ သမ္မာတရားနှင့် ကင်းသော သူတို့၏ အချည်းနှီးဆွေးနွေးခြင်း ဖြစ်တတ်၏။ ဘုရားဝတ်၌ မွေ့လျော်ခြင်းသည် အကျိုးစီးပွား ဖြစ်သည်ဟု သူတို့သည် စိတ်ထင်ကြ၏။ ထိုသို့သောသူတို့ကို ရှောင်လော့။”*

၎င်းက အလွန်ပြင်းထန်သော်လည်း တကယ့်လိုအပ်သည့်ညွှန်ကြားချက် ဖြစ်သည်!

အမေးနှင့်ဆိုင်သောဟောပြောခြင်းမှ ထိုအခြေအနေတွင်၊ ၁ကော၊ ၁၄း၂၆က အလွန်ပြင်းထန်ပါသည်။ *“ညီအစ်ကိုတို့ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြသောအခါ၊ ဆာလံသီချင်းကို ရသောသူ၊ ဆုံးမဩဝါဒစကားကို ရသောသူ၊ အခြားသောဘာသာစကားကို ရသောသူ၊ ဗျာဒိတ်တော်ကို ရသောသူ၊ အနက်ဘော်ပြရာကို ရသောသူ၊ အသီးသီး ရှိကြသည်ဖြစ်၍၊ ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလိုငှါ စီရင်ကြလော့။”*

ဤညွှန်ကြားချက်ကို ကျွန်ုပ်တို့က နာခံကြလျှင် ဘယ်ပုဂ္ဂိုလ်တစ်ယောက်ကမှ ဦးတည်ချက်တခုခုမှာ သွန်သင်ညွှန်ကြားချက်အတိုင်း နှင်ခြင်း သို့မဟုတ် စိုးမိုးခြင်း၊ ကြိုးကိုင်ခြင်းတို့ကို ခံရမည် မဟုတ်ပါ။ စိတ်ကို လှုံ့ဆော်ပေးသော အမေး နှင့် အဖြေ၊ စိန်ခေါ်မှု နှင့် တုန့်ပြန်မှု တို့ ရှိသည်။ ခန္ဓာကိုယ့် အဖွဲ့ဝင်အသီးသီးက သန့်ရှင်းသောဝိညာဉ်တော်၏လမ်းညွှန်သည့်အတိုင်း မျှောပါရသည်။ ယေရှုက သူ့ခန္ဓာကိုယ်၏ စစ်မှန်သောဦးခေါင်း ဖြစ်နိုင်သည့် အထားအသို ဖြစ်ပြီး၊ တယောက်ယောက်က သူတို့ကိုယ်ပိုင် အစီအစဉ်ကို မောင်းနှင်နေချိန်မှာ ပုံဆောင်သည့်ဦးခေါင်းမျိုး မဟုတ်ပါ။ တခြားသူများအတွက် ညီတူညီမျှဖြစ်စေသည့် နှင့် ယေရှုက သူ့ခန္ဓာ၏အသင်းသားတိုင်းစကားပြောသည့် ကျမ်းချက်အသီးသီးကို ကောက်နှုတ်၍ ဝေမျှခြင်း ဖြစ်သည်။

အကြီးအကျယ်ဟောသည့်အခြေအနေမှာ ကျွန်ုပ်တို့ သွားသည့်အခါ အောက်ခြေမှစ၍ အမှန်ကြေညာဖို့ သို့မဟုတ် မေးခွန်းမမေးဘဲနှင့် နာထောင်မည့်သူ “ထာဝရဘုရား၏သား (သို့) သမီး”(ယုံကြည်သူတိုင်း ယဇ်ပုရောဟိတ်ဖြစ်သည့်ပဋိညာဉ်သစ်ကို နားမလည်သည့် သူတို့ဟာသူတို့ ဖော်ထုတ်သည့် သူတိုင်း နှင့် ဓမ္မဟောင်း ပညတ်ချက် ဖြစ်သည်)ရှိသည်ဟု သိမ်မွေ့နက်နဲစွာ သွယ်ဝိုက် ဟောပြောဖို့ ခေါင်းများက မကြာခဏ ပြင်ဆင်ကြသည်။ သည်နေရာမှာ ဝိညာဉ်ရေးရာအပိုင်းကို သွန်သင်ခြင်း နှင့် ပုဂ္ဂိုလ်တဦးသို့ အပ်နှံခြင်းတို့ကို မေးခွန်းမထုတ်တော့ဘဲ လက်ခံခြင်းဖြင့် စီရင်ခဲ့သည်။ ဤအချက်က ယုံကြည်မှုတိုင်း၏ အခြေခံ ဖြစ်သည်။ သာမန် မေးခွန်မေးခြင်း နှင့် တာဝန်ခံမှုသည် ဖိခြင်း ဖြစ်ပြီး၊ ယုံကြည်လျက်ခေါင်းဆောင်မှုက အားပေးခြင်း ဖြစ်သည်။ ဤအရာက ယေရှုခရစ်တော်၏ အသင်းတော်မဟုတ်ပါ။ အရာခပ်သိမ်းက မေးခွန်းမေးစရာပါ! သင်တို့က သန့်ရှင်းသောဝိညာဉ်တော်ကို မေးခွန်းများမမေးလျှင် အမှန်တရားတိုင်းမှာ သင်တို့ကို သူက ဦးဆောင်မည် မဟုတ်ပါ။

အရွယ်ရှိသောရှင်ယောဟန်က ၁ယော၊ ၂း၂၄-၂၇မှာ သည်လို ဟောခဲ့သည်၊ *“ထိုကြောင့်၊ သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသောဒေသနာကို သင်တို့၌ တည်စေကြလော့။ ထိုဒေသနာသည် သင်တို့၌ တည်လျှင်၊ သင်တို့သည် သားတော်၌၎င်း၊ ခမည်းတော်၌၎င်း၊ တည်ရကြလိမ့်မည်။ ငါတို့အားပေးတော်မူသောဂတိတော်မူကား၊ ထာဝရအသက်ကို ဝန်ခံတော်မူသော ဂတိတော်ပေတည်း။ သင်တို့ကို လှည့်ဖြားသော သူတို့၏အကြောင်းကို ဤသို့ သင်တို့အား ငါရေး၍ ပေးလိုက်၏။ သို့သော်လည်း သန့်ရှင်းတော်မူသောဘုရား၏လက်မှ သင်တို့ခံရသော ဘိသိက်ကျေးဇူးတော်သည် သင်တို့၌ ရှိသည်ဖြစ်၍၊ အဘယ်သူမျှ သင်တို့ကို ဆုံးမဩဝါဒပေးစရာအကြောင်းမရှိ။ ထိုဘိသိက်ကျေးဇူးတော်သည် ဖြစ်ယောင်ဆောင်သည် မဟုတ်၊ အမှန်ဖြစ်လျက် ခပ်သိမ်းသောအရာတို့ကို သင်တို့အား သွန်သင်တော်မူသည်အတိုင်း၊ သင်တို့သည် သားတော်၌ တည်နေကြလော့။”*

ကွန်ဖရင့်အခြေအနေမှာ တရားဟောခြင်း ပြဿနာတခုသည် စာအုပ်များ၊ ကွန်ဖရင့်အစီအစဉ်များ၊ ဗီဒီယိုခွေများ ရောင်းဖို့ နှင့် တီဗွီကြည့်သူများကို ဆွဲဆောင်ဖို့ အချိန်တိုင်းလိုလိုမှာ သင်က အသစ်တစ်ချို့နှင့် စင်ပေါ်သို့ လာကြော်ညခြင်း ဖြစ်သည်။ အမှုတော်ဆက်လက်လည်ပတ်နိုင်ဖို့ ဝင်လာမည့်အလှူငွေများကို ယူထားဖို့ အစီအစဉ်အသစ်များနှင့် အသင်လာမည် ဖြစ်သည်။ သင်သည် နိုင်ငံတော်မှာ မနေထိုင်သောကြောင့် နောက်အိမ်အသင်းတော် အစပြုဖို့ နောက်တစ်ရွာသို့ သွားပါမည်။ သင်သည် ဟောပြော၍ ယူထားဖို့ဘဲ ဖြစ်သည်။ အချိန်အတော်ကြာပြီးသည့်နောက်တွင် သင်သည် ရောင်းဖို့ အသစ်တစ်ချို့ကို ပြုလုပ်၍ စလာမည် ဖြစ်သည်။ တယောက်ယောက်က ၎င်းကို ဘယ်လို လုပ်နိုင်မည်နည်း?ဟု သင်က မေးလာသည်။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ရောင်းဝယ်ဖောက်ကားနေမည့်သူ တယောက်ယောက်ကို ရလာဖို့ တခါအတွက် ခက်လိမ့်မည် မဟုတ်ပေ။ တခါ သင်က သင့် ဂုဏ်သိက္ခာကို ဆုံးရှုံးလျက်၊ နှုတ်ကပတ်တော်ကို လိမ်ရောင်းဝယ်ဖောက်ကားဖို့ ဖြစ်စေသည့်အဆင့်က အနည်းငယ်မှ အစပြုလာသည်။

သူတို့၏ လူများကို ဝိညာဉ်အစာကျွေးဖို့ နှင့် ကောင်းသောအလုပ်များ လုပ်ကြရန်တက်ကြွကြဖို့ ဦးစားပေးတာဝန်က ဟောပြောခြင်းဖြစ်ကြောင်းကို သဘောထားသည့် ထာဝရဘုရား၏ ရိုးသား၍ ဆက်ကပ်သည့်အစေခံများက ဘယ်လိုလည်း? တရားဟောခြင်းမှာ ပြဿနာ ရှိသေးသည်။ လူများဆီ ဟောပြောခြင်းက သူတို့၏ ပြောင်းလဲခြင်းကို မြင်တွေ့ဖို့

နှင့် အသံကြိုးကို တီးသည့်အလား နိုင်ငံတော်အတွက် အလုပ်များကို လုပ်ဖို့ ဖြစ်သည်။ ထို့ကြောင့် အဖြစ်အပျက်ကလေးများရှိသောကြောင့် တရားဟောသူမှာ အဆင်မပြေမှု ရှိသည်။ သို့ရာတွင်၊ ခရစ်ယာန် ခေါင်းဆောင်မှုမှာ ရူပါရုံ ပုံသွင်းခြင်း နှင့် စေ့စော်ခြင်းတို့အကြောင်း မရှိပါ။ ထိုစကားလုံးများက သမ္မာကျမ်းစကားလုံးများ မဟုတ်ပါ။ ခရစ်ယာန် ခေါင်းဆောင်မှုသည် ပုံပမာနှင့် လွှမ်းမိုးခြင်းအကြောင်း ဖြစ်သည်။ ကိစ္စတစ်ခုကို အရင်လုပ်ဆောင်ခြင်းဖြင့် ကြိုးကို ညှိထားပါ။

တစ်အိမ်ပြီး တစ်အိမ်၊ ဆက်သွယ်မှု တစ်ခုပြီး တစ်ခု ချိတ်ဆက်ထားပါ။ စကားလုံးများ၊ ပုံပန်း၊ ပင်ကိုယ်စရိုက် နှင့် စိတ်လှုပ်ရှားအောင်စန်းတင်ခြင်း စသည်တို့ဖြင့် ကမ္ဘာအားကပြခြင်းအကြောင်း မဟုတ်ပါ။ တစ်အိမ်ပြီး တစ်အိမ်သွားခြင်းသည် ဆက်ဆံရေး တည်ကြည်မှု နှင့် နိုင်ငံတော်ကို သရုပ်ပြခြင်း တို့အကြောင်း ဖြစ်သည်။

တရားဟောစင်ပေါ်မှ တပည့်တော်များ မဖြစ်ထွန်းစေနိုင်ပါဟု တစ်ချို့က ပြောခဲ့ကြသည်။ ပလက်ဖောင်းပေါ်မှ တပည့်တော်များ ဖြစ်ထွန်းစေနိုင်ပါသည်။

နောက်တဖန်၊ တရားဟောခြင်း အကြောင်းက ဘာလည်း? ၎င်းက အလွန်ကန့်သတ်သောနေရာတွင် ရှိသည်။ မယုံကြည်သေးသူများ ရှေ့မှာ ကျွန်ုပ်တို့ လုပ်ဆောင်သည့်တစ်ချို့က ဟောပြောခြင်း အခြေအနေတစ်ခု ဖြစ်စေနိုင်ပါသည်။

၁ကော၊ ၁၄း၂၆က လိုက်နာစေဖို့ ဖြစ်လျှင်၊ ယုံကြည်သူစုများသည် အလွန်ကွဲပြားသောနည်းလမ်းဖြင့် အချိန်ကို အတူတကွ မျှဝေယူကြမည် ဖြစ်သည်။ သူတို့အသီးသီးက သန့်ရှင်းသောဝိညာဉ်တော်ကို ပိုင်ဆိုင်ကြသည်။ သူတို့ဆီကို တယောက်ယောက်က တရားလာဟောဖို့ မလိုကြပါ။

*"ညီအစ်ကိုတို့၊ အဘယ်သို့နည်း။ သင်တို့စည်းဝေးကြသောအခါ၊ ဆာလံ သီချင်းကို ရသောသူ၊ ဆုံးမဩဝါဒစကားကို ရသောသူ၊ အခြားသောဘာသာစကားကို ရ သောသူ၊ ဗျာဒိတ်တော်ကို ရသောသူ၊ အနက်ဘော်ပြရာကို ရသောသူ၊ အသီးသီး ရှိကြသည် ဖြစ်၍၊ ခပ်သိမ်းသောအမှုတို့ကို တည်ဆောက်ခြင်းအလို့ငှါ စီရင်ကြလော့။" ၁ကော၊ ၁၄း၂၆*

### ၃/ ပူးပေါင်းဝတ်ပြုခြင်းက ဘယ်လိုလည်း? ၎င်းလှုပ်ရှားမှု အတွေ့အကြုံရှိဖို့ ကျွန်ုပ်တို့က လိုအပ်ပါသလား?

"ပူးပေါင်းဝတ်ပြုခြင်း"က ဓမ္မသစ်စကားရပ် မဟုတ်ကြောင်း သေချာပါသည်။ ပထမသုံးရာစုမှ အသင်းတော်မှာ ပိုက်အော်ဂင်များ၊ ဝတ်ရုံဝတ်၍ သံစုံသီဆိုသူများ မရှိကြောင်းလည်း သိသာလှပေသည်။ ရော့ခ်ဂီတအဖွဲ့ပုံစံ၊ အသံချဲ့စက်၊ ကခုံခြင်း၊ ပွဲလုပ်ခြင်းတို့ တစ်ခုခုဖြင့် "ဝတ်ပြုခြင်း"ကို ဦးဆောင်ခြင်း မရှိကြောင်း ရှင်းနေသည်။ ဤအရာများနှင့် လက်ရှိဖြစ်ရပ်သည် "ပူးပေါင်းဘိသိက်ပေးခြင်း"၊ "ထာဝရဘုရား၏ ရှိခြင်းကို သရုပ်ပြခြင်း"၊ "ဂုဏ်တော်ကို ချင့်ချိန်ခြင်း"၊ "ထာဝရဘုရား၏မီးကျလာစေမည့် ယဇ်ပူဇော်ခြင်း ပလ္လင်ကို တည်ခြင်း"၊ စသဖြင့် တို့ကို ဘာသာစကားနှင့်ပြောခြင်း ဖြစ်လာသည်။ ဤ"ပူးပေါင်းဘိသိက်ခြင်း" နှင့် "ထာဝရဘုရား၏ တည်ရှိခြင်းကို ရုပ်လုံးဖော်ခြင်း"တို့ကို လူများ တွေ့ကြုံနိုင်သည့်နေရာမှာ ကုသခြင်း နှင့် ကယ်တင်ခြင်းတို့က ပိုပြီး နေရာယူလာသည့်အကြောင်းကို နားလည်ဖို့အတွက် ထိုစကားက ပြောနေသည်။

တကယ်ဟုတ်သလား? "ပူးပေါင်းဘိသိက်ခြင်း" နှင့် ဘော်လုံးပွဲ သို့မဟုတ် ရော့ခ်ဂီတနှင့်ဖျော်ပွဲမှ ခံစားချက်တို့ကြားမှ ခြားနားခြင်းကို သင်တို့က ဘယ်လို ပြောမည်နည်း? ဤအတွေ့အကြုံမျိုးအားလုံးမှာ သံပြိုင်ကြွေးကြော်ခြင်း သို့မဟုတ် သီဆိုခြင်း နှင့် သူတို့ပတ်လည်ရှိ ထိုသူများနှင့် တလုံးတဝဖြစ် ခြင်းကို ဦးတည်သည့်လူအုပ်တစ်စု ပါဝင်သည်။ ဘာသာရေးအားလုံးက စည်းလုံးခြင်း နှင့် အရေအတွက်တို့၏ အင်အားကို အလေးထားကြသည်။

သို့ရာတွင်၊ ထာဝရဘုရား၏ ဖြစ်နိုင်ခြေအဖြေ နှင့် တောင်းဆိုချက်တစ်ခုက အရေအတွက်များသည့်လူများနှင့် ဆုမတောင်းကြဖို့ ဖြစ်သည်! သစ္စာရှိသောလူသား၏ ထိရောက်ထက်သန်သောဆုတောင်းချက်က အများဆုံး" ဖြစ်ကြောင်း ရှင်ယာကုပ်က ကျွန်ုပ်တို့ကို ပြောပြီးနောက်တွင် ဧလိယ၏ ပုံပမာကို ဖော်ပြသည် (ယာ၊ ၅း၁၆-၁၇)။ ထပ်ပြောခြင်း နှင့် အရေအတွက်များအကြောင်းတို့ကို ကျွန်ုပ်တို့က မကြားရဘဲ နှိမ့်ချခြင်း၊ ယုံကြည်ခြင်း နှင့် ယေရှုနှင့် ဆက်သွယ်ခြင်းတို့အကြောင်းကို ကြားနာရသည်။

ဤ"ပူးပေါင်းဘိသိက်ခြင်း"ကို ကျွန်ုပ်တို့က ဘယ်လို နားလည်းသနည်း? ထာဝရဘုရား၏ အစွမ်းဖြင့် ဘာသာဝေလ့ကို ဖြစ်ပေါ်စေသည်ဟု အနည်းငယ်သောပီတိကို ဖော်ပြခြင်းမှာ လူများအား စိတ်လှုပ်ရှားစေဖို့ အောသောဒေ့ါစ်တို့က ဖယောင်းတိုင်များ၊ အမွှေးတိုင် နှင့် သံပြိုင်ကြွေး ကြော်ခြင်းတို့ကို အသုံးပြုကြောင်း တခါက ကာလစ်မာတခ် ခရစ်ယာန်ဖြစ်သည့် Darren Brownက ပြောပြသည်။ လှုပ်ရှားမှုဖြင့် ထာဝရဘုရား၏ တည်ရှိခြင်းကို ထပ်တူညွှန်ပြခြင်း နှင့် ဝမ်းသာပီတိတို့ကို ဖော်ပြရာမှာ တက်ကြွစွာဝတ်ပြုခြင်း၊ ကခုန်ခြင်း နှင့် ထပ်သလဲလဲဟောပြောခြင်းတို့ကို ခရစ်မာတခ့်များက အသုံးပြုကြောင်းကို Darrenက ဆက်ပြောပြသည်။ စိတ်ဝင်စားစရာပါလား!

ခရိုးဆိတ်များမှာ အနာရောဂါငြိမ်းကြောင်းကို သက်သေခံသည့်သူ အများအပြားက နောက်မှ ၎င်းကို ဆုံးရှုံးသည့်အကြောင်း လေ့လာဖူးသလား! "ဘိသိက်ခြင်းကို ခံစားပါ!"ဆိုသည့် အကြံပေးခြင်းမျိုးများကို လူထုအား ခွင့်ပြုခြင်းဖြင့် သိမ်မွေ့စွာစိတ်ညှို့ခြင်း သို့မဟုတ် ဝမ်းသာကြောင်းဖော်ပြခြင်းကို စိတ်ကိုလှုံ့ဆော်သည့်ဝတ်ပြုခြင်းက ဖြစ်ပေါ်စေသည်ဟု Darren Brownက ပြန်ဖြေပါလိမ့်မည်။ "ဝေဒနာက ပျောက်သွားသလား?"၊ "သက်သာလာ သလား?" ဝေဒနာမခံစားခြင်းက စိတ်ညှို့ခြင်းအောက်မှတစ်ချက် ဖြစ်သည်။ တစ်ခါအကြံပြုချက်က ပျောက်သွားသည့် ဝေဒနာကို ပြန်ခံစားလာနိုင်သည်။ "သင်တို့၏ အနာငြိမ်းခြင်းကို ဆုံးရှုံးရသည်"။ သင်တို့ မခံစားဖူးသည့် အနာငြိမ်းခြင်းကို ဆုံးရှုံးရသည်။

ပါရမီရှင်အဖွဲ့ ဦးဆောင်မှုဖြင့် တစ်နာရီ သို့မဟုတ် နှစ်နာရီကြာ အလွန်အမင်း

သီချင်းဆိုလျှင် "ဝတ်ပြုခြင်း"က ဘယ်ချိန်စလာမည်နည်း? ဝမ်းသာပီတိကို ဖော်ပြခြင်းမှာ ဤသီချင်းဆိုခြင်း ရည်ရွယ်ချက်နှင့် ဘယ်ချိန် ဝင်လာမည်နည်း? ဓမ္မသစ် ဝတ်ပြုခြင်းက ဆက်ကပ်လိုက်နာခြင်းဖြင့် ယေရှုဆီမှာ ယဇ်ပူဇော်ခြင်း ဖြစ်သည်။

*"ညီအစ်ကိုတို့၊ အသက်ရှင်ခြင်း လက္ခဏာ၊ သန့်ရှင်းခြင်းလက္ခဏာ၊ ဘုရားသခင်နှစ်သက်တော်မူဘွယ်သောလက္ခဏာနှင့် ပြည့်စုံသောယဇ်ကို သင်တို့သည် ပူဇော်၍၊ မိမိကိုယ်ခန္ဓာကို ဘုရားသခင်အား ဆက်ကပ်ခြင်းတည်းဟူသော သင်တို့ပြုအပ်သော ဝတ်ကို ပြုမည်အကြောင်း၊ ဘုရားသခင်၏ ကရုဏာတော်ကို ထောက်ထား၍၊ သင်တို့ကို ငါတိုက်တွန်းနှိုးဆော်ပေ၏။ သင်တို့သည် လောကီ ပုံသဏ္ဍာန်ကို မဆောင်ကြနှင့်၊ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာ တည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည်အကြောင်း၊ စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းသို့ ရောက်ကြလော့။" ရောမသြဝါဒစာ ၁၂း၁-၂*

တစ်နာရီကြ သီချင်းဆိုဖြင့် အမြင့်ဆုံးစိတ်လှုပ်ရှားမှု ရရှိစေဖို့အကြောင်း ဖြစ်သည်ကို ၎င်းကျမ်းပိုဒ်မှာ မတွေ့ရပါ။ ထိုခံစားမှုများနောက်လိုက်ခြင်းမှာ ကျွန်ုပ်တို့က ပတ်ဝန်းကျင် အစဉ်လာနောက်ကို လိုက်စေသည်။ ကျွန်ုပ်တို့က အတွေ့အကြုံ တစ်ခါဖြစ်ပေါ်စေသည့် ယေရှုအား တကယ်နာခံခြင်းကို မကြာမကြာ အနည်းငယ်အားရုံစိုက်တတ်သည့် စိတ်လှုပ်ရှားစရာအတွေ့အကြုံကို လိုလားကြသည်။ ပူးပေါင်းဝတ်ပြုခြင်း အားလုံးက ဆိုးပါသလား? မဆိုးလောက်ပါဘူး! စိတ်လှုပ်ရှားဖွယ်ခံစားမှု အတွေ့အကြုံမျိုး တစ်ချို့ကို သူတို့က "ကျော်ဖြတ်"သည့်အခါ တယောက်ယောက်က ထိုကဲ့သို့ ခံစားဖို့ တကယ်ရှိဦးမည်လား? မရှိလောက်တော့ပါဘူး။

သို့ရာတွင်၊ ဓမ္မသစ်ကျမ်းအဖြစ်မှန်၏ သို့မဟုတ် ယေရှု ညွှန်ကြားချက်တစ်ခုခု၏ အပြင်ဘက်မှာ လုံးလုံး ရှိသည့်အချက် ဖြစ်သည်။ ၎င်းကို အစပြုခဲ့ကြသည့်သူများ၏ မူလရည်ရွယ်ချက်များ ဘယ်လိုဖြစ်ပါစေ ကျမ်းညွှန်းအပိုက ပြဿနာနှင့် အမြဲ အဆုံးသတ်သည်။

ထိုပူးပေါင်းဝတ်ပြုခြင်း ဖြစ်ရပ်များ၏ တိုက်တွန်းချက်များက ဓမ္မသစ်ကျမ်းသဘာဝကို ဖျက်ဆီးစေသည်။

၁/ခပ်သိမ်းသောဘာသာများသို့ တွေ့နေကျ ဘာသာရေးနည်းမှာ ကျွန်ုပ်တို့ကို ပြန်သွင်းဖို့ ကျွမ်းကျင်သူများက အိမ်ကြီးများမှာ ဝတ်ပြုခြင်းကို ဦးဆောင်ခဲ့ကြသည်။ သူတို့အရည်အချင်းနှင့် ဝတ်ပြုခြင်းကို လုပ်ဆောင်ခြင်းက အနုပညာထူးချွန်မှု နှင့် စိတ်လှုပ်ရှားစရာအတွေ့အကြုံတို့နှင့် စီရင်ကြသည်။ အချိန်တိုအတွင်းမှာ၊ ဝတ်ပြုခြင်းကို လူသားများ လုပ်ဆောင်မှုဖြင့် စီရင်သောကြောင့် စိတ်လှုပ်ရှားစရာအဆင့် ဖြစ်အောင် ရည်ရွယ်သည့်ရှိုးပွဲ ဖြစ်စေသည်။ လူသားက အဓိက ဖြစ်သည်။ ဤအကြောင်းက ဘာသာရေးနှင့်ဆိုင်သော မနုဿဗေဒ ဖြစ်သည်။

၂/တင်ဆက်ခြင်း နှင့် ဖြစ်ရပ်တို့လို ဝတ်ပြုခြင်းက ဓမ္မဟောင်း၏ ကျိုးကြောင်းပြခြင်းထဲမှာ ပြန်ရောက်သွားစေသည်။ ဓမ္မဟောင်းအချိန်မှာ ထာဝရဘုရားသည် တဲတော်၊ နောက်ပြီး ဗိမာန်တော်တို့မှာ နေသည်။ သူ့မီးလင်း၊ သူ့တည်ရှိခြင်း၊ နှင့် သန့်ရှင်းသောဝိညာဉ်တော် တို့က ရှိလာခဲ့သည်။ ခြောက်နာရီခြား ပြောင်းသည့် ဝတ်ပြုခြင်း အလုပ်ထဲကို ဦးဆောင်သည့် ယဇ်ပုရောဟိတ်အလွှာများလည်း ရှိသည်။ တခြားဘာသာနှင့် သန့်ရှင်းသောဝိညာဉ်တော်ကို ကြိုဆိုခြင်း၊ ဘိသိက်ခြင်းကို ခံထိုက်သောအရည်အချင်းရှိသည့်အမှုတော်ဆောင်ဟုလူတို့ယုံကြည်မှုကို ရရှိသည့် ထူးချွန်သူအမျိုးမျိုးအား ချီးမြှောက်ခြင်းဖြင့် သန့်ရှင်းသောဝိညာဉ်တော် ဆင်းတက်လာစေခြင်းတို့နှင့် ကျွန်ုပ်တို့၏ ခေတ်ပေါ်ဝတ်ပြုခြင်းအတွေ့အကြုံမှာ ဤဓမ္မဟောင်းဖြစ်တည်ခြင်းများကို သွတ်သွင်းခြင်း ဖြစ်သည်။ ပဋိညာဉ်ဟောင်းမှာ ကျွန်ုပ်တို့က အခိုင်အမာ ပြန်လှည့်လာကြသည်။ ဓမ္မသစ်၏ဖြစ်တည်ခြင်းသည် "သင်တို့အထဲမှာရှိသည့် ခရစ်တော်က မျှော်လင့်ခြင်းဂုဏ်တော်" ဖြစ်သည်!

၃/ဤပုံစံ ဝတ်ပြုခြင်းဖြစ်ရပ်များမှ ဘုံစကားသည် ထာဝရဘုရားကဘဲ ဆာငတ်သူနှင့် တွေ့ဆုံကြောင်း၊ ကျွန်ုပ်တို့က ဆာငတ်သူ နှင့် အလွန်အမင်းလိုအပ်သူတို့ကို ထာဝရဘုရားအတွက် တွေ့ဆုံရမည်အကြောင်း စသည်တို့ ဖြစ်သည်။ ကျွန်ုပ်တို့ ဝမ်းနည်းကြေကွဲ၍ အလွန်အမင်းလိုအပ်မှုထဲမှ ထာဝရဘုရားကို ရှာတွေ့ခဲ့သကဲ့သို့ ထာဝရဘုရားက အစာရေစာငတ်မွတ်၍ အလွန်အမင်းလိုအပ်မှု ရှိသူတို့ကို တွေ့ဆုံ အားဖြည့်ခြင်း နှင့် လန်းဆန်းစေခြင်းတို့ကို ကျွန်ုပ်တို့က တွေ့ကြုံခဲ့သည်။ သို့ရာတွင်၊ ဤဝေါဟာရအသုံးအနှုန်းက အလွန်လွယ်ကူစွာ ပဋိညာဉ်ဟောင်း ဖြစ်လာသည်။ ဥပမာအားဖြင့်၊ "ကျွန်ုပ်တို့နှင့် ဆုံတွေ့ဖို့ ထာဝရဘုရား ကြွလာရန် မြည်တမ်းကြသည်"၊ "သူ့ရှေ့မှာ သူ့မျက်နှာသာကို ရှာရမည်"၊ "သူ့မီး ဆင်းလာစေဖို့အတွက် ယဇ်ပလ္လင်တော်ကို တည်ရမည်"၊ "ကျွန်ုပ်တို့က ထာဝရဘုရား၏ ပေါ်လွင်သောတည်ရှိခြင်း မှာရှိရပါမည်" စသည်တို့ ဖြစ်သည်။ ဤဝေါဟာရအားလုံးသည် စိတ်အားထက်သန်မှု နှင့် စိတ်လှုံ့ဆော်မှုကို စောင့်စားခြင်းတို့ကို ဖြစ်စေဖို့ ပုံစံသွင်းနေပါသည်။

၎င်းတို့မှာ ဘာအမှား ရှိသနည်း? လွန်စွာ အနည်းငယ်နိုင်သော်လည်း ဓမ္မဟောင်းအတွေးများထဲမှာ ၎င်းက ကျွန်ုပ်တို့ကို ပြန်တွန်းပို့လာလျှင် ကျွန်ုပ်တို့မှာ ပြဿနာများရှိလာပါမည်။ ထာဝရဘုရားသည် သူ့လူများထဲမှာ မနေသောကြောင့် ဓမ္မဟောင်းမှာ သူ၏ပေါ်လွင်သောတည်ရှိခြင်း ရှိသည်။ မိစ္ဆာဒိဋ္ဌိများက မြင့်သောနေရာများသို့ သွားကြသည်! ထာဝရဘုရားက ထိုနေရာများ၏အပြင်ဖြစ်သည့် တစ်နေရာရာမှာ တည်ရှိသည်။ အောက်ပါဆုတောင်းချက်နှင့် ၎င်းစကားအားလုံးကို နှိုင်းကြည့်ပါ။

*"အထက်ဆိုခဲ့ပြီးသော အကြောင်းကြောင့်၊ ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသော တအိမ်ထောင်လုံးတည်းဟူသော သားတော်အပေါင်းတို့၏ ချုပ်အခြာ ဖြစ်တော်မူသော ငါတို့သခင် ယေရှုခရစ်၏ ခမည်းတော်ရှေ့မှာငါသည် ဒူးထောက်၍ ဆုတောင်းလေ့ရှိ၏။ ဆုတောင်းသောအချက် ဟူမူကား၊ ဝိညာဉ်တော်အားဖြင့် သင်တို့၏အတွင်းလူကို ခွန်အားနှင့်*

*မြဲမြံ ခိုင်ခံ့စေ၍၊ ယုံကြည်ခြင်းအားဖြင့် ခရစ်တော်သည် သင်တို့၏ စိတ်နှလုံးအထဲ၌ ကျိန်းဝပ်တော်မူမည်အကြောင်း၊ ဘုန်းတော်ကြွယ်ဝပြည့်စုံခြင်းနှင့်ညီလျော်စွာသင်တို့အား ပေးသနားတော်မူ၍၊ မေတ္တာ၌ စိုက်ပျိုးခြင်း၊ တိုက်မြစ်လည်း ကျတည်ခြင်းရှိသဖြင့်၊ သင်တို့သည် သန့်ရှင်းသူအပေါင်းတို့၏နည်းတူ၊ အနံ့အလျားအနက်အမြင့်တို့ကို ပိုင်းခြား၍ သိခြင်းငှါ၎င်း၊ ကိုယ်ဉာဏ်နှင့် မသိနိုင်သောခရစ်တော်၏ မေတ္တာတော်ကို သိနားလည်ခြင်းငှါ၎င်း၊ သင်တို့သည် တတ်စွမ်းနိုင်သဖြင့် ဘုရားသခင်၏ ပြည့်စုံတော်မူခြင်း ရှိသမျှနှင့်အညီ ပြည့်စုံကြပါမည်အကြောင်း၊ ငါသည် ဆုတောင်းလေ့ရှိ၏။ ငါတို့၌ ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့ တောင်းပန်ကြံစည်သမျှထက် အလွန်ထူးခြားစွာ ပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။” ဧဖက်ဩဝါဒစာ ၃း၁၄-၂၁*

ငယ်သော သို့မဟုတ် ကြီးကျယ်သောအစည်းအဝေးမှာ တစ်ချို့က အနာငြိမ်းခြင်း ရရှိပြီး မရသူ တစ်ချို့လည်း ရှိပါသည်။ အနာငြိမ်းခြင်းနိမိတ်များက ဖြစ်ပျက်သည့်နေရာထက် လက်ခံသူ၏ စိတ်နှလုံး အပေါ်မှာ နောက်ဆုံး မှီတည်နေသည်။ သို့ရာတွင်၊ သူတော်စင်များက သူတို့၏သူငယ်ချင်းများအား ဧည့်ခန်းများမှာ၊ လမ်းများပေါ်မှာ ဆုတောင်းပေးခြင်းဖြင့် အနာငြိမ်းခြင်းနိမိတ်နောက်ဆုံးဖြစ်လာကြောင်း သက်သေခံခြင်း အများအပြားကို ရရှိခဲ့ပြီး ကျွန်ုပ်တို့ကိုယ်တိုင်ကလည်း သက်သေခံတတ်သည်။ သံစဉ် မပါပါ။ အထူးစိတ်လှုံ့မှု မရှိပါ။ ခရစ်တော်တည်ရှိသည့်နေရာမှာ ငြိမ်သက်သောယုံကြည်မှု နှင့် သူက လူများကို ချစ်သောကြောင့်၊ ယေရှု ဂုဏ်တော်ကို သယ်ဆောင်လိုသောကြောင့် ထိုအလုပ်လုပ်ဖို့ သန့်ရှင်းသောဝိညာဉ်တော်၏ ကွယ်ကာဘိသိက်ခြင်း စသည်တို့ထဲဘဲ ရှိပါသည်။ ယေရှုက အနာငြိမ်းစေသောကြောင့် အနာငြိမ်းခြင်း ရှိနေသည်။

မှန်သောဝတ်ပြုခြင်း အသက်တာသည် ထာဝရဘုရား၏ ဂုဏ်တော်ကို တစ်နေကုန် အစီအစဉ်တိုင်းမှာ ချီးမွမ်းနေသည်။ မှန်သောဝတ်ပြုခြင်းသည် သံစဉ် သို့မဟုတ် လူအုပ်နှင့် အစီအစဉ်ကို အနည်းငယ် လုပ်ရသည်။ ဓမ္မသစ်အချိန် ဝတ်ပြုခြင်းက တဦးကို တဦးစောင့်၍ အစေခံသည့်နေရာသည် အတူတူ စားသောက်ခြင်းမှာ ဖြစ်သည်။ ကျလာသည့်အရာတခုခု သို့မဟုတ် စိတ်လှုံ့ဆော်မှုကို ဖန်းတီးခြင်းနှင့် ၎င်းက ဘာမှ မလုပ်ဆောင်နိုင်ပါ။ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမာန်တော်များမှာကဲ့သို့ ကျွန်ုပ်တို့က တဦးကိုတဦး လေးစားလျက် ခရစ်တော်ကိန်းဝပ်ခြင်းနှင့် ထိုအရာအားလုံးကို လုပ်နိုင်မည် ဖြစ်သည်။

ထာဝရဘုရားအတွက် ပတ်ဝန်းကျင်က အစာရေစာငတ်မွတ်သူများအား စန်းတင်ခြင်းသည် သခင်ယေရှု ပြောသည့်၊ “ဖြောင့်မတ်ခြင်း ပါရမီကို ဆာငတ်ခင်မွတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် ဝပြောခြင်းသို့ ရောက်ကြလတံ့။” (မဿဲ၊ ၅း၆) တောင်ပေါ်ဒေသနာတော် တစ်ချက်ကို အလွဲသုံးခြင်းဖြစ်သည်။ ဤကျမ်းပိုဒ်မှ “ဖြောင့်မတ်ခြင်း”ကို “တရားမျှတခြင်း” သို့မဟုတ် “လူသားခြင်းထောက်ထားမှု”ကဲ့သို့ သီးခြား စွာ ဘာသာပြန်ရပါမည်။ တစ်ဦးတည်း၊ ပုဂ္ဂိုလ်ရေး၊ အတွင်းပိုင်းသန့်ရှင်းခြင်းတို့အတွက်တည်းမဟုတ်ဘဲ ဆင်းရဲသားများ၊ အုပ်ထိန်းသူမဲ့သည့် မိဘမဲ့ကလေးများ နှင့် မုဆိုးမများအတွက် တရားမျှခြင်း နှင့် တန်းတူဆက်ဆံရေးများ ရှိဖို့ ဖြစ်သည်။ ၎င်းက သင်တို့ရှာနေသည့် ဖြောင့်မတ်ခြင်း အမျိုးအစား ဖြစ်လျှင်၊ သင်တို့က ၎င်းကို ရှာဖို့ ဝတ်ပြုအစည်းအဝေးသို့ သွားစရာ မလိုပါ။ အနည်းဆုံး သခင်ယေရှုမှာ အသင်တို့ ရှာကြပါ။

သခင်ယေရှုအတွက် သင်က ဆာငတ်သူ ဖြစ်လျှင်၊ သိုးခြံမှာ လုံခြုံစွာနေသည့်သိုး ကိုးဆယ့်ကိုးကောင်နှင့် အတူမနေဘဲ ပျောက်သောသိုး တစ်ကောင်ကို လိုက်ရှာနေကြောင်းကို ယေရှုက ပြောပါသည် (လုကာ၊ ၁၅း၄)။ သင်တို့သည် လမ်းများမှာ လျှောက်သွားနေကြသေးပါသည်!

ရှင်ပေါလုကို ထာဝရဘုရား ရှာသည့်အခါ သူ ဘာလုပ်ခဲ့သနည်း? ဝတ်ပြုစည်းဝေး အကောင်းဆုံး လုပ်သည့်နေရာ ယေရုဆလင်သို့ သူ မသွားပါ။ သဲကန္တာရသို့ သွားသည်။

သခင်ယေရှုက ဘာလုပ်ခဲ့သနည်း? ဆုတောင်းခြင်းဖြင့် ညများကို ကုန်ဆုံးစေခဲ့သည်။ သူသည် စောစောထ၍ ဆုတောင်းသည်။

သင်တို့က ထာဝရဘုရားကို တောင့်တကြသလား? အာရုံအပြောင်းအလဲမရှိသည့်၊ အနှောက်အယှက်မရှိသည့်၊ (သို့) လမ်းလွှဲစေမှုမရှိသည့် နေရာမှာ သွား၍ ထာဝရဘုရားကို ရှာပါ။ သင့်စိတ်နှလုံး ဗိမာန်တော်ထဲမှ သူ့ကို တွေ့ဆုံပါ။ ငြိမ်သက်သည့်နေရာမှာ သူ့ကို သွားတွေ့ပါ။ သင့် မျှော်လင့်ခြင်း ဂုဏ်တော်ဖြစ်သည့် ခရစ်တော်သည် သင့် စိတ်ထဲမှာ ကိန်းဝပ် နေပါသည် (ကလော၊ ၁း၂၇)။

၎င်းဆိုလိုခြင်း ဘယ်လိုဘဲဖြစ်ဖြစ်၊ ထာဝရဘုရားအတွက် သက်ရှိ အစာရေစာငတ်မွတ်သူသည် သင်တို့က အဆုံးမရှိ ဝတ်ပြုစည်းဝေးများသို့ သွားဖို့ မဆိုလိုပါ။ ၎င်းက နိုးကြားသူတစ်ချို့က သင့်ကို ယုံကြည်စေလိုသည့်အကြောင်းဘဲ ဖြစ်သည်။ ထို့နောက် ဝတ်ပြုစည်းဝေးများပြုလုပ်ခြင်းဖြင့် ငွေကြေးရဖို့ သူတို့က စီစဉ်ကြသည်။

ဝတ်ပြုစည်းဝေးများသို့ သွားခြင်းက သင့် အစာရေစာငတ်မွတ်မှုကို မဖြေရှင်းပေးနိုင်ပါ။ ခရစ်မာတခ်ပင်ကိုစရိုက်များက ညွှန်ပြသည့် တက်ကြွသောဝတ်ပြုခြင်းများ အပေါ်ကို ဦးတည်စေသည့် ဘာသာရေးဓလေ့မှာ သင့်ကို ပို့ဆောင်ခြင်းကိုဘဲ လုပ်ပေးနိုင်ပါမည်။

## ၄/ ဂရိုစိုက်အမှုတော်မှာ ပါဝင်ဖို့ ကိုက်ညီသောအကြောင်းက ဘာလည်း? လူများက ထာဝရဘုရားနှင့် အမှန်လျှောက်လှမ်းနေကြောင်း ကျွန်ုပ်တို့က သေချာစေလိုပါသလား? ငြိမ်သက်သောပုဂ္ဂိုလ်နှင့် အချိန်တို အတူနေကြပြီးနောက် ထားခဲ့ဖို့ ကျွန်ုပ်တို့က ဘယ်လောက် လုပ်နိုင်မည်နည်း?

ရှင်ပေါလုက တစ်နေရာရာမှာ ကြာရှည်နေခဲသည်ဟု ဓမ္မသစ်ကျမ်းထဲတွင် မှတ်တမ်းရှိသည်။ ဧဖက်မှာ သက်သေခံရင်းနှင့် နှစ်နှစ်နေခဲ့ကြောင်းက “အာရှပြည်သားဖြစ်သော

ယုဒလူ၊ ဟေလသလူအပေါင်းတို့သည် သခင်ယေရှု၏ နှုတ်ကပတ်တရားတော်ကို ကြားရကြ၏။”(တမန်တော်ဝတ္ထု ၁၉း၁၀) အဖြေဖြစ်သည်။ သည်နေရာမှာ ဒိုင်နမစ်က ဘာလည်း?

ရှင်ပေါလုက အဖွဲ့ငယ်များနှင့် အပြန်အလှန် အကျိုးပြုစေနိုင်သည့် ဆောင်ကြား မြိုင်ဘေး ပလက်ဖောင်းနေရာနား တစ်ခုမှာ Tyrannus ကျောင်း အမှန် ရှိခဲ့သည်။ ထိုနေရာမှ သခင်ဘုရား၏ နှုတ်ကပတ်တော်ကို အာရှသားအားလုံးက ဘယ်လို ကြားနိုင်မည်နည်း? ဧဖက်မြို့သည် စီးပွားရေး နှင့် ဘာသာရေး အခရာကျသည့် နေရာဖြစ်သည်။ ရှင်ပေါလုသည် နောက်လိုက်တပည့်တော်များ ဖြစ်လာကြပြီးသည့်နောက်တွင် သူတို့ သတင်းကောင်း ဟောပြောသွားကြကာ သူတို့၏ နေရာသို့ တခြားသူများအား နေရာယူစေသည်။ ထိုတပည့်တော်များသည် အိမ်သို့ ပြန်လာကြသောကြောင့် အာရှသားအားလုံးက သတင်းကောင်းကို ကြားခဲ့ရသည်။ ဒိုင်နမစ်က စေလွှတ်ခြင်း နှင့် ဆွဲဆောင်မှုနှင့်ထပ်ပေါင်းခြင်းတို့ မရှိသည့် တိုးပွားမှု ဖြစ်သည်။

သူတို့ အသက်တာများ၏ အခြေခံအုတ်မြစ်မှာ ခရစ်တော်ကို ထားစေ၍ သူက စေလွှတ်ကြသည်ဟု သူတို့ကို ယုံကြည်စေသည်ဟု ရှင်ပေါလုက နားလည်ခဲ့သည်။ ကောရိန္သုဩဝါဒစာ ပထမစောင် ၃မှ ရှင်ပေါလုစကားကို နားထောင်ပါ။ ထိုအခန်းမှာ ထာဝရဘုရားက သူ့လူများ၏ အသက်တာများမှာ ခိုင်မာသောလှုပ်ရှားမှုအစွမ်းကို ဖော်ပြသည်။ ရှင်ပေါလုသည် ထာဝရဘုရား၏ လှုပ်ရှားမှု စွမ်းရည်ကို လုံးဝ ယုံကြည်မှု ရှိခဲ့သည်။ အလုပ်ထဲမှ ထာဝရဘုရားအကြောင်း ပြောသည့်အောက်ပါစကားစုများကို နားထောင်ပါ၊

*“သခင်ဘုရားက တစ်ယောက်စီတိုင်းကို အစွမ်းအစပေး၏”*
*“ထာဝရဘုရားက ကြီးပွါး စေသည်”*
*“အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ထာဝရဘုရား၏ လုပ်ဖော်ကိုင်ဖက်များ ဖြစ်သည်”*
*“သင်တို့သည် ထာဝရဘုရား၏ လယ်ကွင်း ဖြစ်သည်”*
*“သင်တို့သည် ထာဝရဘုရား၏ ဗိမာန်တော် ဖြစ်သည်”*
*“အရာခပ်သိမ်းသည် သင်တို့ပိုင်ကြသည်”*
*“သင်တို့ကို ခရစ်တော်ကပိုင်၍ ခရစ်တော်ကို ထာဝရဘုရားက ပိုင်သည်”*

*“ဘုရားသခင်၏ ကျေးဇူးတော်ကို ငါခံရသည်နှင့်အညီ၊ လိမ္မာသောဗိသုကာကဲ့သို့ တိုက်မြစ်ကို ချပြီ။ အခြားသော သူသည် ထပ်ဆင့်၍ တည်ဆောက်လေ၏။ သို့ရာတွင်၊ အဘယ်သို့ ထပ်ဆင့်၍ တည်ဆောက်သည်ကို လူတိုင်းသတိပြုပါစေ။ အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော၊ ချလျက်ရှိသောတိုက်မြစ်မှတပါး အခြားသောတိုက်မြစ်ကို အဘယ်သူမျှ မချနိုင်။”*

ရှင်ပေါလုက သွားသည့်နေရာတိုင်းမှာ ၎င်းကဲ့သို့သော အခြေကို တည်လျက် ရှိသောကြောင့် သူ့အလုပ် ပြီးမြောက်ခဲ့သည်ဟု နားလည်သည်။ သူသည် အသင်းတော်ကို သုံး (သို့) လေးလကြာပြီးနောက် ထားခဲ့ကာ ထာဝရဘုရားက ဆက်လက်တည်ဆောက်မည်ဟု ယုံကြည်ခဲ့သည်။ ၎င်းအုတ်မြစ်က ဘာဖြစ်သနည်း? အုတ်မြစ်က ခရစ်တော် ဖြစ်သည်။

ယေရှုအသေခံခြင်းကြောင့် သူ၌ သင်တို့က အသက်ရကြသည်။ သူ့အသံကို ကြားနိုင်ကြသည်။ သူ့ ဝိညာဉ်တော်နှင့် ပြည့်စေခဲ့သည်။ သင်တို့အား သူ့ခမည်းတော်ကို ပြခဲ့သည်။ သင်တို့၏ ဦးခေါင်းဖြစ်လာသည်။ သူ့အောင်နိုင်ခြင်းက သင်တို့ကို ဖုံးလွှမ်းလာသည်။ ထာဝရဘုရား နှင့် သင်တို့၏ အကြားမှာ ဖျန်ဖြေသူတစ်ယောက်အဖြစ် ယေရှုက အသေခံခဲ့သည်။ သူ့အသေခံခြင်းက သင်တို့အား သူ့နာမည်၏ ဩဇာကို ပေးခဲ့သည်။

ထို့နောက် ရှင်ပေါလုက ၎င်းအုတ်မြစ်ပေါ်မှာ လူတိုင်းကို တည်ဆောက်စေသည်။ အမှားများမှ သူတို့ကို ကာကွယ်ဖို့ မကြိုးစားခဲ့ပါ။ သူတို့ကို မိခင်ကဲ့သို့ ဂရုမစိုက်ပါ။ ဖခင်လို ဂရုစိုက်သည်။ ဝိညာဉ်မီးက သူတို့ တည်ဆောက်ခဲ့သည့် အကြောင်းမှ ပြသပါသည်။ ထာဝရဘုရားတည်ဆောက်နေသည့်အကြောင်းကို သူတို့က ဖျက်ဆီးခဲ့လျှင် သူတို့ကို ထာဝရဘုရားက ဖျက်ဆီးမည် ဖြစ်သည်။ တခြားလူတဦး တည်ဆောက်သည့်အကြောင်းအတွက် ရှင်ပေါလုက တာဝန်မယူပါ။ သူတို့ကို ထာဝရဘုရား၏ လက်ထဲမှာ အပ်ထားသည်။

ဤအရာက လက်တွေ့မှာ ဘယ်လို ဖြစ်လာခဲ့သနည်း? ရုပ်တုများဆီသို့ လှူထားသည့် အစားအစာကို စားဖို့ ဟုတ်မဟုတ် နှင့် တနင်္ဂနွေတစ်နေ့မှာ အတူတကွ တွေ့ဆုံးခြင်းအကြောင်းတို့မှာ ကြီးမားသောအချက်များ ရှိခဲ့သည်။ ဝိညာဉ်ရေးရာဖခင်၊ အသင်းတော်များကို တည်ထောင်ခဲ့သည့်တစ်ယောက်၊ ဖွင့်ပြခြင်းမှာပါသည့်တစ်ယောက်၊ တမန်တော် ရှင်ပေါလုသည် ဥပဒေနှင့် ထိုအကြောင်းများကို အလွယ်တကူ ကျေးအေးစေရမည်ဟု သင်တို့က ထင်ကြပါမည်။ ၎င်းကဲ့သို့ သူက မလုပ်ခဲ့ပါ။

ရောမဩဝါဒစာ ၁၄ထဲမှာ ထိုအကြောင်းများ နှင့် အခြေခံသဘောတရားများကို သူက ချပြထားပြီး ချစ်ခြင်းမေတ္တာမှတပါး တခြားစည်းမျဉ်းများ မပြုလုပ်ပါ။ ၂ကော၊ ၁း၂၄မှာ သူက၊ “ထိုသို့ဆိုသော်လည်း၊ ငါတို့သည် သင်တို့၏ ယုံကြည်ခြင်းကို အစိုးရသည်မဟုတ်။ သင်တို့၏ ဝမ်းမြောက်ခြင်းအကြောင်းကို ကူမ၍သာ ပြုကြ၏။ အဘယ်ကြောင့်နည်းဟူမူကား၊ ယုံကြည်ခြင်းအားဖြင့် သင်တို့သည် တည်နိုင်ကြ၏။”ဟု ဟောကြားထားသည်။ ၎င်းက သူ့ဂရုစိုက်မှုမှာ မရင့်ကျက်သေးသည့်အသင်းတော် အများဆုံးအား ပြောခြင်း ဖြစ်သည်ဟု ကျေးဇူးပြု၍ မှတ်ထားပေးပါ။ စည်းကမ်းနှင့် ပတ်သက်သည့်ကိစ္စများမှာ သူက မှတ်ချက်မပေးသော်လည်း မေတ္တာရပ်ခံခဲ့သည်။ သူတို့၏ ယုံကြည်မှုအပေါ်မှာ သူက လွှမ်းမိုးထားခဲ့လျှင်၊ သူတို့ကို လဲကျစေမည် ဖြစ်ပါသည်။

အဘယ်ကြောင့် သူတို့ကို လဲကျစေမည်နည်း? ခရစ်တော်၏ အခြေခံအုတ်မြစ်ကို သူက ချပေးခဲ့သည်။ သူက ၎င်းအခြေခံအုတ်မြစ်ကို မယုံကြည်၍ အလေးမထားလျှင် ကောရိန္သုယုံကြည်သူများ ဘယ်လို ဖြစ်မည်နည်း? ရှင်ပေါလုသည် ယေရှုက သူ့အသင်းတော်ကို တည်စေပါသည်။ Roland Allan ပြောသည့်၊ “အနုပညာစွမ်းရည် ရုပ်သိမ်းခြင်း” အကြောင်းကို သူက လက်တွေ့အသုံးချနေသည်။ ဖအေက ဆုံးဖြတ်ချက်အားလုံးကို ချုပ်ကိုင်

လျှင် သားများက လုံးဝ ရင့်ကျက်လာကြမည် မဟုတ်ပါ။

ခရစ်တော်၏ ခန္ဓာကိုယ်ထဲမှာ အာဏာလွဲအပ်ခြင်းအကြောင်းမျိုး မရှိပါ။ ခရစ်တော်၏ ဩဇာတစ်ခုတည်း ရှိသည်။ ခရစ်တော်သည် သူ့ဩဇာကို ခန္ဓာကိုယ့် အဖွဲ့ဝင်အယောက်စီတိုင်းသို့ ဝေမျှခဲ့သည်။ ဩဇာအာဏာသည် တဦးနှင့် တဦးကို အစေခံခြင်းမှာ အသုံးချဖို့ ဖြစ်သည်။

ခရစ်တော်၏ အခြေခံအုတ်မြစ်ကို သင်တို့က တည်ကြလျှင် သင်တို့က သူတို့ကို ပြန်ခေါ်၍ ခရစ်တော်၏ ခန္ဓာကိုယ့် အဖွဲ့ဝင်ကဲ့သို့ တာဝန်ရှိကြကြောင်း လက်ခံစေရမည်။ သင်တို့က ထိုကဲ့သို့ မလုပ်နိုင်လျှင် သူတို့သည် သင်တို့အပေါ်မှာ မှီခိုလာပါမည်။ ၎င်းက သင်တို့ နှင့် သူတို့ကို ဖျက်ဆီးနေသည်။ ပုံဆောင်၍ လွှမ်းမိုးခြင်းမှာ အကျင့်ရှိဖို့ ခေါင်းဆောင်မှုက ရပ်စဲစေပြီး၊ အာဏာနှင့် ထိန်းချုပ်ခြင်း အကျင့်ကို ဖြစ်လာစေသည်။

ဟုတ်ကဲ့ပါ၊ လူအများအပြားက ဘုရင်ကို လိုချင်ကြပြီး ဘုရင်လည်း ဖြစ်လိုကြပါသည်။ ဟုတ်ပါသည်၊ ၎င်းက အချိန်တိုအတွင်းမှာ အောင်မြင်မှု နှင့် ဩဇာကို အာရုံစိုက်စေသည်။ သို့ရာတွင်၊ ရှောလမုန်၏ နိုင်ငံတော်တောင်မှ အဆုံး မဟုတ်ခဲ့ပါ။ သင်တို့အထဲမှ တစ်ချို့က၊ "သို့သော် ထိုအချက်က ပုန်ကန်ခြင်း နှင့် ပုဂ္ဂိုလ်စွဲတို့ကို အားပေးနေသည်။"ဟု ပြောဖို့ အဆင်သင့် ဖြစ်ကြသည်။ ၎င်းက ဖြစ်နိုင်မည် ဖြစ်သော်လည်း ရှင်ပေါလုက ဆောင်ရွက်လိုသည့် စွန့်စားမှု ဖြစ်သည်။ အာဏာ တပ်မက်ခြင်း နှင့် အာဏာရဖို့အတွက် ရည်ရွယ်ခြင်း ဝတ်ရုံကဲ့သို့ ဝတ်ဆင်နေသည့်သူကို အပြင်ပန်းအားဖြင့် နာခံစေဖို့ထက် စိတ်နှလုံးများမှ ထုတ်ဖော်စေခဲ့ဖို့ ပိုပြီးကောင်းပါသည်။

ကုန်လွန်ခဲ့သည့်နှစ်များမှ ခေါင်းဆောင်မှု ကွန်ဖရင့်မှာ မိန့်ခွန်းပြောပြီးနောက် လူတစ်ဦးက ထာဝရဘုရား၏ စကားကို ကြားဖို့ သူ့လူများအား လွတ်လပ်စေလျှင် ကျွန်ုပ်ပြောခဲ့သကဲ့သို့ သူ့အသင်းသား အများဆုံးက သူ့ကို စွန့်ခွာမည်ဟု ပြောသည်ကို ကျွန်ုပ်က အမှတ်တမဲ့ကြားသည်။ သူ့တရားဟောချက်ကို နားထောင်သူများက သဘောတူသည်။ ၎င်းက မှန်ကန်လျှင် သင်တို့က တရားဝင် ကြိုးကိုင်ချယ်လှယ်သည့် ပုံစံအမျိုးမျိုးအားဖြင့် တည်ဆောက်နိုင်ပေသည်။ ထိုကဲ့သို့ဖြစ်လျှင်၊ နောက်မှထက် များမကြာမီမှာ ၎င်းကို ဖော်ထုတ်ခဲ့ဖို့ ပို၍ ကောင်းပါသည်! ဘာတစ်ခုမှ မလုပ်ဖို့က ပိုကောင်းသည်။

တခြားမှာ ခရစ်တော်၏ အခြေခံအုတ်မြစ်ကို သင်တို့က ချထားကြလျှင် ၎င်းအခြေခံအုတ်မြစ်ကို သင် ယုံကြည်သည့် သို့မဟုတ် သင့်တပည့်က လုံးဝ မလိုလားသည့် အချက်ကို ဖော်ပြဖို့ ပထမဦးဆုံး ရှိသင့်ပါသည်။

ထာဝရဘုရားသည် လူယောက်ျား နှင့် မိန်းကလေးတိုင်း၏ ပတ်လည်မှာ သူ့အတွက် နေရာ သီးသန့်ထားခဲ့သည်။ သူက ကျွန်ုပ်တို့၏ ဂုဏ် နှင့် ကျွန်ုပ်တို့ကို မြင့်တင်သည့် ဦးခေါင်း ဖြစ်သည်။ ထာဝရဘုရားက သူ့အတွက် သီးသန့်ထားခဲ့သည့်နေရာမှာ ခေါင်းဆောင်အများအပြား ရှိသည်က သူတို့ကို စိတ်လှုပ်ရှားစေသည့်အကြောင်းတစ်ချက် ဖြစ်သည်။ ကျွန်ုပ်တို့အပေါ်မှာ လူများ မှီခိုစေခြင်းမှာ၊ ထာဝရဘုရား၏ နေရာကို ကျွန်ုပ်တို့က ယူရသည်။ သင်တို့က သဘောကျလျှင် ထာဝရဘုရား၏ ပလ္လင်ပေါ်မှာ ထိုင်နိုင်သော်လည်း သူထိုင်ချသည့်အချိန်မှာ ၎င်းက အမှန် နာကျင်စေသည်။

## ၅/အခြားငါးထပ်ကွင်း အမှုတော်လက်ဆောင်များ၊ တမန်တော်များအကြောင်းနှင့် ပတ်သက်၍ အသင်းတော်အပေါ်မှာ ခရစ်တော်၏ ဩဇာ မရှိဘူးမဟုတ်လား?

အသင်းတော်များကို စုစောင်းသည့် တစ်ချို့ကြောင့် တမန်တော်၏ ပြုပြင်ပြောင်းလဲခြင်း လှုပ်ရှားမှုအသစ်မှ တမန်တော်၏ ကျော်စောသောပုံသဏ္ဍာန် ပါရှိပြီး ၎င်းက သူတို့ကို လွှမ်းမိုးထားသည်။ တည်ရှိပြီးဖြစ်သောအသင်းတော်များကို စုစောင်းသည့်သူ တစ်ဦးဦးသည် ဓမ္မသစ် တမန်တော် မဖြစ်နိုင်ပါ။ သူတို့က ဘာသာရေးအုပ်ချုပ်ရေးမှူး ဖြစ်နိုင်သော်လည်း တခြား ဘာမှ မဖြစ်နိုင်ပေ။ ဓမ္မသစ် တမန်တော်သည် တပည့်တော်ဖြစ်စေခြင်းအတွက် နေရာအသစ်ကို လမ်းဖွင့်ပေးသည့် တစ်ဦးဦးကို ဆိုလိုသည်။ သူတို့က ရှေ့ပြေးများ ဖြစ်ပြီး၊ သုံးပါးတစ်ဆူက အမှန် စေလွှတ်ခဲ့သည်။ သူတို့က ကွန်ဖရင့်မှာ တရားဟောသူများ၊ စင်မြင့်ပေါ်မှ ဖျော်ဖြေသူများ မဟုတ်ကြပါ။

ငါးထပ်ကွင်းအမှုတော်အကြောင်းကို ပြောဖို့ နှစ်ပေါင်းတစ်ချို့လည်ကြောင်း ပုံမှန်အတွေ့အကြုံ ရှိခဲ့သည်။ ဤနည်းလမ်းအတိုင်း ဧဖက်ဩဝါဒစာ ၄း၁၁ ကျမ်းပိုဒ်တည်းမှာ အစဉ်လိုက် အမှန်တကယ် ဖော်ပြထားသည်က စိတ်ဝင်စားစရာ ဖြစ်သည်။ ကျမ်းတစ်ပိုဒ်တည်းတွင် အားလုံးက အခြေခံသည်! ကျမ်းတစ်ပိုဒ်ဖြစ်သည့် ၁ကော၊ ၁၅း၂၉မှာလည်း အသေခံခြင်းအတွက် နှစ်ခြင်းခံယူမှု ရှိသည့်အကြောင်းကို ပြောထားသည်။ ၎င်းကျမ်းပိုဒ်အကြောင်းလေးကို ကျွန်ုပ်တို့က ဘာကြောင့် မတည်ဆောက်နိုင်သနည်း? ကောင်းပြီ၊ ကျွန်ုပ်တို့သည် အသေခံခြင်းအတွက် နှစ်ခြင်းခံယူမှု ပြဿနာများ ရှိသောကြောင့် ၎င်းကျမ်းပိုဒ်အကြောင်းကို ပြောဖို့ မကြိုးစားကြတော့ပါ။

သို့ရာတွင်၊ မရင့်ကျက်မှု၊ မလုံခြုံမှု နှင့် အဆင့်အားဖြင့် ဩဇာရှိဖို့အတွက် လိုအပ်သူတို့သည် ခရစ်တော်၏ ခန္ဓာကိုယ်၌ ဩဇာအဆင့်များ ရှိသည်ဟု အကြံပြုဟန်ရှိသောကြောင့် ဧဖက်ဩဝါဒစာ ၄း၁၁အကြောင်းကို ပြောဖို့ နှစ်သက်ပါသည်။ ပုဂ္ဂလိကကဏ္ဍ နှင့် ကိုယ်ပိုင်-မှန်ကန်မှုတို့လောကမှာ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လက်ဆောင်များ၊ ခေါ်တော်မူခြင်းများ နှင့် အဆင့်များကို စွဲလမ်းစေတတ်သည်။ ရာထူးဂုဏ်သိမ်အဆင့်ဆင့်ကဲ့သို့ ထာဝရဘုရား၏ နိုင်ငံတော်ကို နားလည်ခြင်းမှာ၊ ကျွန်ုပ်တို့က ဩဇာဖွဲ့စည်းပုံနှင့် ကိုက်ညီခြင်းကို စိတ်စွဲစေတတ်သည်။

"တမန်တော်နှင့်ဆိုင်သည့်ကွန်ရက်များ"မှ တစ်ခုနှင့် ချိတ်ဆက်စေနိုင်ဖို့ ဘယ်လိုခေါင်းဆောင်မျိုးက ရှာသနည်း? "တမန်တော် ဖခင်"၊ ရာထူး နှင့် နာမည်ရခြင်းများကို ဘယ်လိုခေါင်းဆောင်မျိုးက ထွက်ရှာသနည်း? လိပ်ပြာမလုံသည့် ခေါင်းဆောင်မျိုးက သူ/

သူမ အထဲမှာ ယေရှုအသက်ရှင်နေသည်ကို မသိကြပါ။ ထိုသူတို့က အဖွဲ့အစည်းအားဖြင့် ဩဇာအာဏာကို ရှာနေကြသည်။ ယေရှုနှင့်ထက် လုပ်ရှာမှုများနှင့် သက်သေပြခြင်းအားဖြင့် လုံခြုံစိတ်ချမှု နေရာကို ရှာနေကြသည်။ ယေရှုကို သင့်ဦးခေါင်းအဖြစ်ထားဖို့ ထာဝရဘုရားကို သင့်ဖခင်အဖြစ်ထားဖို့ လုံလောက်မှု မရှိဘူးလား? ခရစ်တော့် ခန္ဓာကိုယ်၏ ရိုးရိုး အသင်းသား ဖြစ်ဖို့ လုံလောက်မှု မရှိနိုင်ဘူးလား?

*"ဟောင်းနည်းဟောင်းသောသားရေဘူး၌ အသစ်သောစပျစ်ရည်ကို ထည့်လေ့မရှိ။ ထိုသို့ ထည့်လျှင် အသစ်သောစပျစ်ရည်သည် သားရေဘူးကို ဆုတ်ခွဲသဖြင့် စပျစ်ရည်သည် ယို၍ သားရေဘူးလည်းပျက်စီးတတ်၏။ အသစ်သောစပျစ်ရည်ကို အသစ်သော သားရေဘူး၌ ထည့်ရသည်ဟု မိန့်တော်မူ၏။" ရှင်မာကုခရစ်ဝင် ၂း၂၂*

နည်းလမ်းသစ်တစ်ချို့နှင့် အသင်းတော်အလုပ် လုပ်ခြင်းမှ တံတိုင်းလေးခုထဲမှာ နှင့် ရာထူးအဆင့်လိုက် ဩဇာရှိသည့် ဖွဲ့စည်းပုံထဲမှာ အသစ်သောစပျစ်ရည်ကို ထည့်လို့မရပါ။ တံတိုင်းလေးခုထဲ၏ ပတ်လည်မှာ ပရိဘောဂများကို သင်တို့က ရွှေ့သော်လည်း (သို့) အသံကျယ်ကြီး အော်သော်လည်း၊ အမွှေးနံ့သာ (သို့) အလံများ၊ ဗုံများ (သို့) တူရိယာများ အသုံးပြုသော်လည်း၊ ဘယ်သူကမှ ဂရုစိုက်မည် မဟုတ်ပါ။ သို့ရာတွင်၊ ထာဝရဘုရား၏ နိုင်ငံတော်အကြောင်းသည် ယေရှု တစ်ဦးတည်း၏ ဦးဆောင်မှု အောက်မှာ မိတ်ဆွေများ ဖြစ်ကြသည့်အကြောင်းဟု သင်တို့က ပြောသည့်အခါ၊ ၎င်းက အောက်ခြေမှ အပြေးပြိုင်ခြင်းကို ဦးဆောင်သည့်နေရာမှာ နိုင်ငံတော် ပြိုလဲစေသည့်အကြောင်း ဖြစ်သောကြောင့် သင်တို့က ဒုက္ခခံရမည် ဖြစ်သည်။ သင်တို့က ဘာသာရေးလောင်အိမ်၏ အပြင်မှာ ရှိကြချိန်မှာ တစ်ဦးဦးကို ကြိမ်းဝါးခြင်းက လောင်အိမ်ထဲမှာ ရှိပါသည်။

အသစ်သောဝိုင်သရေဘူးက နိုင်ငံတော်ကို ပြိုလဲစေသည်။

အသစ်သောဝိုင်သရေဘူးက အစေခံခေါင်းမှု ဖြစ်သည်။

အသစ်သောဝိုင်သရေဘူးက မိတ်ဆွေများ၏ အသင်းတော်အင်္ဂါ ဖြစ်သည်။

အသစ်သောဝိုင်သရေဘူးက ယဇ်ပုရောဟိတ်များ၏ နိုင်ငံတော် ဖြစ်သည်။

အသစ်သောဝိုင်သရေဘူးသည် ခင်မင်မှုကို ပြသည့် ဆက်ဆံမှုများ နှင့် ပီးရမစ်လို ရာထူးအဆင့်များထက် "တစ်ဦးနှင့် တစ်ဦး"၏ တန်ဖိုးထားခြင်းများကို ပြသည့်ဆက်ဆံမှုများ ဖြစ်သည်။

ကျွန်ုပ်တို့အယောက်စီတိုင်းသည် ပဓာနကျသောသက်ရှိဖြစ်ခြင်းမှာ အားလုံးတူညီကြလျက် တူညီသောတန်ဖိုးလည်း ရှိကြသော်လည်း ကွဲပြားသောတာဝန်များ ရှိကြသည်ဟု တစ်ချို့က ပြောကြမည်ဆိုသည်မှာ ဖြစ်နိုင်ပါသည်။ ၎င်းက ကောင်းကောင်း မှန်ကန်သော်လည်း တစ်ဦးကို တစ်ဦး အစေခံဖို့ ထိုကွဲပြားသောတာဝန်များကို ကျွန်ုပ်တို့က အသုံးချရမည်လား (သို့) လူအနည်းငယ်ကို အာဏာပေးဖို့ (သို့) တခြားသူများသို့ သဘောတူညီချက်ပေးဖို့ ထိုတာဝန်များက လုပ်ပေးနိုင်မည်လား? ခွင့်ပြုချက်ပေးခြင်းက အာဏာကို ပြသည့် ဆက်ဆံမှုများဆီသို့ ကျွန်ုပ်တို့ကို ပြန်ရောက်စေသည်။ George Orwell၏ "တိရစ္ဆာန်ခြံ" စာအုပ်ထဲမှာ တိရစ္ဆာန်များအားလုံး တန်းတူ ဖြစ်သော်လည်း တခြားသက်ရှိများထက် တစ်ချို့က ပိုပြီး တန်းတူညီမျှမှု ရှိကြသည်။

ငါးထပ်ကွင်းအမှုတော်၏ လက်ဆောင်များသည် ရာထူးအဆင့်များ၊ ဩဇာ (သို့) အဖွဲ့အစည်းမှာ နေရာယူခြင်း အကြောင်း မရှိပါ။ ခရစ်တော့် ခန္ဓာကိုယ် နှင့် လောကလုံးမှ အငယ်ဆုံးသောသူကို သင်တို့က အစေခံကြလျှင်-အားလုံးကို အစေခံ လာကြလျှင်- သင်တို့၏ အသက်တာသည် သေချာသောအသီးများ သီးနိုင်မည် ဖြစ်သည်။ ၎င်းအသီးကို သင်တို့သူငယ်ချင်းများက အသိအမှတ်ပြုကြလျှင်၊ သူတို့က သင့်ကို တမန်တော်၊ ပုရောဖက်၊ ဧဝံဂေလိဆရာ၊ ပတ်စ်တာ သို့မဟုတ် ဆရာကဲ့သို့ ကောင်းချီးပေးလာမည် ဖြစ်သည်။

သို့မဟုတ် ငါးထပ်ကွင်း အမှုတော်များက ကျွန်ုပ်တို့၏အသက်တာမှ အဆင့်များဖြစ်နိုင်သည်။ ကျွန်ုပ်တို့သည် မိတ်ဆွေများ နှင့် မိသားစုတို့ကို ဧဝံဂေလိတရားများဟော၍ ယေရှု၌ ကျွန်ုပ်တို့၏ အသက်သာသစ်အကြောင်း အစပြုလာသည်။ သူတို့က ယေရှုကို ချဉ်းကပ်လာသည့်အခါ ယေရှု နှင့် ထာဝရဘုရား၏ နိုင်ငံတော်အကြောင်းကို ကျွန်ုပ်တို့က သွန်သင်ဖို့ အစပြုရပါမည်။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်း၊ ပြန်ပေးခြင်း နှင့် အမှန်တရားပြောခြင်းတို့မှ အသက်တာမှာ အနာရောဂါငြိမ်းခြင်း ဆက်သွယ်ရေးအချက်များအားဖြင့် သူတို့ကို ထိန်းကျောင်းရမည် ဖြစ်သည်။ သူတို့ကို လွတ်မြောက်စေဖို့ နှင့် ချေနှောင်ခြင်းများမှ လွတ်ဖို့ ပုရောဖက်ဉာဏ်ကို လိုအပ်နိုင်သည်။ ကျွန်ုပ်တို့က ရင့်ကျက်လာသည့်အခါ တပည့်တော်စုများကို ရင့်ကျက်အောင် ကူညီနိုင်မည် ဖြစ်သည်။ ယေရှုအကြောင်း ဝေမျှခြင်းကို နယ်မြေအသစ်များအားလုံးမှာ အစပြုလျက် တပည့်တော်များ ဖြစ်ထွန်းစေဖို့ စတင်သွားရောက်ကြတော့သည်။ တမန်တော်တစ်ယောက်လို၊ ခရစ်တော်၏ အနိမ့်ဆုံးအစေခံများလို၊ အများဆုံးစွန့်စားမှုများကို ယူဆောင်ခြင်း နှင့် အန္တာအရှိဆုံးအရာကို ပေါက်ကွဲစေခြင်း ကဏ္ဍထဲမှာ ကျွန်ုပ်တို့က ဆောင်ရွက်မည် ဖြစ်သည်။

သို့မဟုတ် ငါးထပ်ကွင်း အမှုတော်များသည် ချစ်ခြင်းမေတ္တာဖြင့် ကျွန်ုပ်တို့အသက်များမှ ပစ္စုပ္ပန် ဆင်းရဲသားများအား အစေခံခြင်းကို ယေရှုက ဘယ်လောက်အလုပ်များ လုပ်ကြောင်းကို ထုတ်ဖော်ခြင်းများ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် သူ့ခန္ဓာကိုယ်၏ အဖွဲ့ဝင်များ ဖြစ်သည်။ ကျွန်ုပ်တို့က ပတ်စ်တာ၊ ပုရောဖက်၊ ဧဝံဂေလိဆရာ၊ ဆရာ သို့မဟုတ် တမန်တော်များကဲ့သို့ ပြုမူလိုကြသည့်အခါ သူက သူ့ပြည့်စုံမှု၌ ကျွန်ုပ်တို့မှတဆင့် သူကိုယ်တိုင် ဖွင့်ပြနေသည်။

သင်တို့၏ ခေါ်တော်မူခြင်း (သို့) အမှုတော်ဆောင်ခြင်းက ဘယ်လို ဖြစ်ပါစေ၊ ယေရှုကို သင်တို့က သိနားလည်ခဲ့ကြလျှင် သင်တို့၏ ဖြစ်ခြင်း နှင့် သင်တို့ လုပ်ဆောင်ဖို့ မထိုက်တန်သော်လည်း ယေရှုတည်းကြောင့် ထိုက်တန်သည်ဟု သိလာကြပါမည်။ သင်တို့က ယေရှုကို မြင့်တွေ့ခဲ့ကြလျှင်၊ ဘုရားသခင်တစ်ပါးတည်းမှာ ကျွန်ုပ်တို့အားလုံးက မိတ်ဆွေ

များဖြစ်ကြသည်၊ ဆရာတစ်ပါးတည်းမှာ ကျွန်ုပ်တို့အားလုံးက သင်ယူသူများ ဖြစ်ကြသည်၊ ခမည်းတော်တစ်ပါးတည်းမှာ ကျွန်ုပ်တို့အားလုံးက သားသမီးများ ဖြစ်ကြသည်၊ သန့်ရှင်းသော ဝိညာဉ်တော်တစ်ပါးတည်းမှာ ကျွန်ုပ်တို့အားလုံးက သူဗိမာန်တော် ဖြစ်ကြသည်၊ဟု သင်တို့က နားလည်လာကြပါမည်။

သူတို့အကြောင်းကို ကျွန်ုပ်တို့က ဘယ်လိုဘဲထင်မြင်ကြပါစေ၊ ငါးထပ်ကွင်းအမှုတော်များသည် ရာထူးအဆင့် နှင့် ဩဇာများ အကြောင်းတော့ မဟုတ်ပါ။ ချစ်ခြင်းမေတ္တာနှင့် အစေခံခြင်းအကြောင်းတို့ ဖြစ်သည်။ အသင်းတော်များကို စုရုံးခြင်းလျက် သင်တို့၏ဩဇာ အောက်မှာ ပို့ဆောင်ခြင်းအကြောင်းလည်း မဟုတ်ပါ။ လူများ၏ အသက်တာကို လွတ်လပ်စေလျက် ခရစ်တော်၌ နေရာယူစေခြင်းအကြောင်း ဖြစ်သည်။ သူတို့သည် အသစ်သောဝိုင်သရေဘူးထဲမှာ မိတ်ဖွဲ့ခြင်း၊ စံနမူနာနှင့် လွှမ်းမိုးခြင်း၊ ရာထူးအဆင့်ဆင့်၊ အမိန့် နှင့် ထိန်းချုပ်ခြင်းတို့၏ ဟောင်းသောဝိုင်သရေဘူး မဟုတ်သည့် ထိုအရာများနှင့် အံကိုက်ဖြစ်ကြသည်။

## ၅/တာဝန်ခံမှုကဘာလည်း? ၎င်းက လူများကို တာဝန်ခံနိုင်ဖို့ ဩဇာအာဏာအဆင့်များ မလိုအပ်ဘူးလား?

ဦးစွာ တမန်တော်အောက်မှ သင်းအုပ်ဆရာများ ရှိသည့်နေရာမှာ တာဝန်ယူမှုရှည်ကြာလာသည့်အခါ ဘာတွေဖြစ်လာသနည်း? အုပ်ချုပ်မှုနှင့်ဝေးသော်လည်း ဘယ်သူတဦးကမှ အလွယ်တကူ မမိုက်ရိုင်းခဲ့ပါ။ မှူများကို အမှောင်မှာ ပျိုးလျက် မြေဩဇာပေးသည့်အလား သဘောထားခဲ့ကြသည်။

သူတို့အောက်မှ ခေါင်းဆောင်က ကောင်းသောထင်မြင်ချက်ကို ဖြစ်ထွန်းစေလိုသောကြောင့် ကောင်းသောအရာကိုဘဲ ဝေမျှကြသည်။ အကျပ်အတည်းများမှာ မကောင်းသောအရာ မကြာခဏ ဖြစ်လာသည့်အခါ၊ ထိပ်တန်းခေါင်းဆောင်သည် အားချိန်မ ရှိတော့ပါ သို့မဟုတ် ယုံကြည်သည့်သူက အချိန်ယူလျက် တစုံတခုနှင့် ကိုင်တွယ်ဖြေ ရှင်းဖို့ လိုအပ်ပါသည်။ နမိတ်ပုံစံတစ်ချို့နှင့် လုပ်ဆောင်ရန် သူက မျှော်လင့်စေခဲ့ပြီး၊ မှော်ပညာရှင် က ဦးထုပ်ထဲမှ ယုန်တစ်ကောင်ကို ဆွဲထုတ်သကဲ့သို့ တနေရာရာမှ ဖြေရှင်းချက်ကို ပေးမည် ဖြစ်သည်။ ရှုပ်ထွေးသည့်အတောအတွင်းမှာ အခြားဒေခံလူများကို တခုခုမှားသည်ဟု သံသ ယရှိစေသည့်ဘက်မှာ သို့မဟုတ် နားလည်စေသည့်ဘက်မှာ တိုးတက်စေသော်လည်း ၎င်းက သူတို့တာဝန် မဟုတ်သောကြောင့် ဘာမှ မလုပ်နိုင်ကြပါ။ ငွေကြေးစီးဆင်းမှုကို ထိရောက်စေနိုင်သည့် အချိန်မှစ၍ အလွန် ပြင်းထန်သောမေးခွန်း မေးဖို့ ဝါရင့်ခေါင်းဆောင်က အမြဲလိုလို မလိုလားပေ။ ၎င်းက အမြဲ ရှုပ်ထွေးနေသည်။ ကိစ္စလေးများ ရှိသည့်အခါ အမှန်တရား ပြောနေသည့်မိတ်ဆွေများက ယုံကြည်အားထားသည့်သူများ ပတ်ပတ်လည်တွင် ၎င်းနှင့် ဆက်နွယ်မှုရှိခဲ့လျှင် သာ၍ ကြီးမားသော အောင်မြင်မှု ဖြစ်နိုင်ခြေ ရှိလာပါလိမ့်မည်။

အမှန်စင်စစ်မှာ၊ လူတဦးသည် သူ့မြင်နိုင်စွမ်း၏တဘက်မှာ မတည်မှီ သန့်ရှင်းသော ဝိညာဉ်တော်ပေါ်မှာ ကြာရှည်စွာ တည်နေဖို့ စပြုခဲ့သည်။ တဦးဦးသည် သန့်ရှင်းသောဝိညာဉ်တော်မှ တာဝန်မယူနိုင်လျှင် သင့်ကို သူတို့က တာဝန်ယူနိုင်မည်ဟု ဘာကြောင့် သင်တို့က ထင်ကြသနည်း?

အမှန်တရားပြောခြင်းသည် “တဦးနှင့်တဦးအပေါ်”ထားသည့် သရုပ်မှန်များထဲမှ တစ်ချက် ဖြစ်သည်။ အမှားဝန်ခံခြင်းသည်လည်း အခြားတစ်ချက် ဖြစ်သည်။ အမှန်တရားပြောခြင်း နှင့် အမှားဝန်ခံခြင်းတို့သည် ဂုဏ်သိမ်အဆင့်များ နှင့် အာဏာနှင့် စာရင်းရှင်းခြင်းတို့အကြောင်း မဟုတ်သော်လည်း မိတ်ဖွဲ့ခြင်း၊ ယုံကြည်မှု၊ ခုခံနိုင်မှုအားနည်းခြင်း၊ နှိမ့်ချခြင်းနှင့် ရှုတ်ချခြင်းကို ကြောက်ခြင်းမှ လွတ်မြောက်ခြင်း အကြောင်းတို့ ဖြစ်ပါသည်။ ပြိုင်ဆိုင်ခြင်း၊ စွမ်းဆောင်မှု စံများ နှင့် အာဏာရဖို့ လှုပ်ရှားမှုများ စသည့်ဖိအားတို့မှ လွတ်လပ်မှုအတွက်ဘဲ နေရာယူထားသည်။

ဂုဏ်သိမ်အဆင့်များက စွမ်းဆောင်မှု နှင့် ဟန်ဆောင်မှုတို့ကို ပေါ်ပေါက်စေသည်။ ရာထူး အဆင့်ဆင့် တက်ခြင်းကို  သင်တို့က ကြည်ညိုမည် ဖြစ်သည်။ ကြည်ညိုဖွယ်နှင်ခြင်းက အားနည်းမှု နှင့် ရှုံးနိမ့်မှုတို့ကို ဖုံးဖိစေသည်ဟု ဆိုလိုသည့်အဓိပါယ် ရှိသည်။ ထို့အပြင် အကျင့်စာရိတ္တ နှင့် အမျိုးဂုဏ်တို့ဖြင့်ထက် အစွမ်းအစရှိခြင်း နှင့် လူထုစွမ်းဆောင်မှုတို့ဖြင့် ဂုဏ်သိမ်အဆင့်ဆင့်ကို သင်တို့က တိုးတက်စေမည် ဖြစ်ပါသည်။ အမြဲအားဖြင့် တိုးတက်သည့် ထိုသူများက အကျင့်စာရိတ္တအညံ့ဆုံးသူများ နှင့် ဂုဏ်နိမ့်သူများ ဖြစ်ကြသည်။ စွမ်းရည်နှင့် ဘယ်လို ကစားရမည်ဆိုသည်ကို သူတို့က သိကြသည်။ ၎င်းကစားခြင်း အစိတ်အပိုင်းတစ်ခုသည် စည်းကမ်းအနည်းငယ် ပါရှိသည် - သင့်ကျောကို ကျွန်ုပ်က ကုတ်လျှင် ကျွန်ုပ်၏ကျောကို သင် ကုတ်ရမည်၊ ကျွန်ုပ်က သင့်ကို ကာကွယ်လျှင် ကျွန်ုပ်ကို သင် ကာကွယ်ရမည်။ ဂုဏ်သိမ်အဆင့်များသည် တာဝန်ယူမှု ပုံပန်းအားလုံး ရှိရမည် ဖြစ်ပြီး အမှန်ဖြစ်ခြင်းမဲ့သည့် ပုံပန်းက လိုရင်းအချက် ဖြစ်သည်။

ဂုဏ်သိမ်အဆင့် နှင့် အမှုတော်စွမ်းပကား စိတ်ထားများက မိတ် ပျက်စေသည်။ အမှုတော့်ရည်ရွယ်ချက်က ထိုအရာများကို ဝါးမျိုခြင်းက မိတ်ဆွေများ မရနိုင်ကြပါ။ သူတို့အသုံးချသည့်အရာက ခင်မင်ကျွမ်းဝင်မှုများပဲ ဖြစ်သည်။ ထိုသူတို့ အလွန် အသုံးချသည့်အရာက လွယ်လွယ်နှင့် ပြန်မတုံ့ပြန်လာသောကြောင့် တူညီသည့်ဂိမ်းကိုပဲ ကစားကြရသည်။ အခြားသူများကို သင်တို့က အသုံးချခြင်းက သိထားပြီးသားလို ဖြစ်သော်လည်း အစိတ်အပိုင်းတစ်ခုကဲ့သို့ ၎င်းကို လက်ခံစေခဲ့ပြီး “အမှုတော်”က ပါဆယ်ထုပ်ကြီးလို ဖြစ်သွားသည်။

ညီအစ်ကိုများအဖွဲ့အားဖြင့် ယေရှုက သူ့နိုင်ငံတော် တိုးတက်ဖို့ ပုံသွင်းခဲ့သည်။ သူ့တပည့်တော်များကို မိတ်ဆွေများဟု ခေါ်ခဲ့သည်။ အသင်းကြီးနှင့်မဆိုင်သောအခြေခံဥပဒေ စိတ်ပိုင်းအားနည်းမှု နှင့် ကိုယ်ကျင့်တရားအားနည်းမှုကို မိတ်ဆွေများအား မျှဝေခြင်းအတွက် အစားထိုးတတ်ကြသည်။ တာဝန်ခံမှုက တဦးသည် အခြားတဦးအပေါ်မှာ အများကြီး

စိုးမိုးနိုင်ပါစေ အာဏာမသုံးတတ်ပါ။ ကျွန်ုပ်တို့က ဗဟိုအုပ်ချုပ်မှုများ မပြဋ္ဌာန်းခဲ့ကြပါ။ ထာဝရဘုရား၏ မိတ်ဆွေများ နှင့် တဦးကိုတဦး မိတ်ဆွေများ အဖြစ် ရင်းနှီးဖို့ပဲ  ဖန်တီးခဲ့ကြသည်။

အမြင့်မြတ်ဆုံးခေါ်ဆိုခြင်းက “မိတ်ဆွေများ”ဟု ခေါ်ပြောခဲ့ကြဖို့ ဖြစ်သည်။ ယေရှုခရစ်တော်၏ မိတ်ဆွေများအဖြစ် နှင့် တဦးနှင့်တဦး မိတ်ဆွေများအဖြစ် သူ့နောက်ကိုလိုက်ကြပါစို့။

# နောက်ဆက်တွဲ ၁-၄

## နောက်ဆက်တွဲ #၁ - ခရစ်တော်၏ တမန်တော်၊ အစေခံကျွန်များ

## by Brian Dodd

တမန်တော်အချို့ကိုယ်တိုင်က ဘာကြောင့် အကျော်အမော် ဖြစ်လိုသနည်း? အပြန်အလှန်အားဖြင့်၊ ယနေ့မှာ တချို့လူများက ဘာကြောင့် တမန်တော်များ မရှိဟု ပြောဆိုကြသနည်း? ပါရမီငါးခုမှ တစ်ခုသည် အသင်းတော် ရင့်ကျက်ခြင်း နှင့် တည်ဆောက်စရာတို့အတွက် လိုအပ်ကြောင်းကို ရှင်ပေါလုက သက်သေပြသည်။ ထိုပါရမီကို တချို့က ဘာကြောင့် ချီးမြှောက်ကြမည်နည်း? ထို့ပြင် ထိုပါရမီကို ထာဝရဘုရားက ယူသွားခဲ့ကြောင်းကို တချို့က ယုံကြည်မည်နည်း?

တမန်တော်ကို ပထမနေရာမှာ (Greco-Romanလူမှုရေးအခြေအနေမှာ) ထားခြင်းအကြောင်း နားလည်မှုလွဲခြင်းကို ဗဟိုပြုသည့် အဖြေသည် ဓမ္မသစ်ကျမ်းက တမန်တော်များကို အောက်ဆုံးမှာ သိသာစွာထားသည့်အခါ အသင်းတော်ဖွဲ့စည်းပုံ၌ ထိပ်တန်းမှာထားသောကြောင့် ဂုဏ်သိမ်အဆင့်နှင့်ဆိုင်သည့်နားလည်မှု အပေါ်မှာ အခြေခံခဲ့သည်။ ဓမ္မကျမ်းမှ ခေါင်းဆောင်မှုကို နားလည်ခြင်းသည် ကျွန်ုပ်တို့နားလည်သည့်တမန်တော်များက ခြေဆေးခြင်း၊ နိမ့်ကျသောအစေခံကျွန် (ယော၊ ၁၃)၊ "အားလုံး၏ အစေခံကျွန်" ဖြစ်လာဖို့ "အောက်ခြေမှ အစပြု" စသည်တို့နှင့် ဘောင်သွင်းကြသည် (မဿဲ၊ ၂၀း၂၀-၂၈။ ၁ကော၊ ၉း၁၉)။

ရှေးခေတ်မှာ "တမန်တော်"က စေလွှတ်ခြင်းခံသည့်တစုံတဦးဟု ရိုးရိုးလေး အနက်ဖွင့်ကြသည် (Greek: *apostolos*)။ အခြားတဦး၏ ကိုယ်စား စီးပွားရေး လုပ်ဆောင်ဖို့ စေလွှတ်ခြင်းခံရသည့် တစုံတဦးကို တမန်တော်ဟု ခေါ်သည်။ ထိုတို့အကြောင်းကို ဘာသာရေးမှာ မူလပြောသည့်အကြောင်း ဘာမှမရှိပါ။ သာမန်အားဖြင့် သူတို့က အသုံးပြုနိုင်သည့် တန်ဖိုးမရှိသောအစေခံကျွန် ဖြစ်သည်။ ရှေးခေတ်ခရီးသွားခြင်းသည် အန္တရာယ်ရှိသောကြောင့် တစုံတခုကို ပေါ့နှင့် မရွေးယူကြပါ။ ဘယ်သူက သူတို့၏ကိုယ်စား တစုံတဦးကို အမှန် စေလွှတ်မည်နည်း? ကျွန်ပိုင်ရှင် သို့မဟုတ် အစိုးရ သို့မဟုတ် တပ်မှူး ဖြစ်သည်။ စေလွှတ်ခြင်းခံသည့်ပုဂ္ဂိုလ်-တမန်တော်-သည် ရွေးချယ်ပိုင်ခွင့် မရှိပါ။ အစိုးရ သို့မဟုတ် တပ် ကိစ္စမှာ အမိန့်နှင့် စေလွှတ်ခြင်းခံရသည့် တမန်တော်သည် ပုံမှန်အားဖြင့် လက်နက်နှင့် လူများကို ဝိုင်းသည့်အပိုင်း ဖြစ်ပါလိမ့်မည်။ အစေခံကျွန်-တမန်သည် ၎င်းကဲ့သို့ထိန်းချုပ်ခြင်း မရှိပါ။ သခင်က ကောက်ဝယ်သော အစေခံကျွန်သည် ကျဆုံးမှုကို ခံနိုင်စွမ်းအရှိဆုံးဖြစ်သောကြောင့် ဒေသတချို့ကို ချဲ့ထွင်ခြင်းမှာ သူ့စီးပွားရေးကို ဦးစီးဖို့ စေလွှတ်ခြင်း ခံရသည်။ တမန်တော်-အစေခံကျွန်သည် ရှက်စရာအလုပ်ဖြစ်သည့် ခြေဆေးခြင်းကို လုပ်ရသည့် အနိမ့်ကျဆုံး အိမ်ဖော်ကျွန်နှင့် အတူတူ ဖြစ်သည် (ယော၊ ၁၃မှာ တွေ့နိုင်သည်)။ အနည်းဆုံး အရေးကြီးကိစ္စ တစ်ခုကြောင့် စေလွှတ်ခဲ့ရသည်။

ရှင်ပေါလုက သူ့ပေးစာများမှာ ၎င်းကဲ့သို့ စေလွှတ်ခံ-အစေခံကျွန်တဦးအဖြစ်သူ့ကိုသူ အမျိုးမျိုးအဖုံဖုံ သက်သေပြခဲ့သည်၊ "ထာဝရဘုရား၏ဧဝံဂေလိတရားကြောင့် လွှတ်စေခြင်းငှာ၊ ရွေးချယ်ခွဲထား၍ တမန်တော်ဟု ခေါ်ခြင်းခံရသည့် ယေရှုခရစ်၏ကျွန် ကျွန်ုပ်ပေါလုဖြစ်သည်" (ရောမ ၁း၄)။ ရှင်ပေါလုက သူ့ပေးစာများမှာ တောက်လျှောက်သာမန်အားဖြင့် မိမိကိုယ်ကိုသရုပ်ဖော်ရေး သားချက်အများဆုံး ဖြစ်သည်၊ "ယေရှုအားဖြင့် ထာဝရဘုရား၏ ကောင်းကင်နိုင်ငံတော် တည်လာမည့် သတင်းကောင်းကို ဂျူး-မဟုတ်သူများဆီသို့ ဝေမျှဖို့ စေလွှတ်ခြင်းခံရသည့် ကျွန်တဦး ဖြစ်သည်"။ အင်္ဂလိပ် သမ္မာကျမ်းစာကို ဖတ်ရှုသူများက ဓမ္မသစ်ကျမ်းထဲမှာ ခြားနားသည့် ဂရိစကားစကားလုံးများကို အစေခံကျွန်ကို "အစေခံ"စ ကားလုံးနှင့် ၁၉၀ကြိမ်လောက် သုံးပြုထားကတည်းက ရှင်ပေါလု၏ ကိုယ့်ကိုယ်ကို သိနားလည်ခြင်း အရေးပါသည့်ကဏ္ဍကို အလွယ်တကူ သိနိုင်မည် ဖြစ်ပါသည်။ ရှင်ပေါလုခေတ်မှာ ကျွန်ပိုင်ရှင် သခင်များက ရောမအင်ပါယာ၏ လူဦးရေ၏ သုံးပုံတစ်ပုံ ဖြစ်ပြီး၊ အခြား သုံးပုံတစ်ပုံက အရင်ကကျွန်များ ဖြစ်သည့်အတွက် ထိုအချက်က လွန်စွာဆီလျော်သည့် ဘာသာပြန်ချက်တစ်ခု မဟုတ်ခဲ့ပါ။ ရှင်ပေါလုက သူပြောလိုသည့်အကြောင်းကို ရှင်းရှင်းလင်းလင်း ဖြစ်စေသည်၊ ခရစ်တော်အတွက် အစေခံကျွန်ဖြစ်ခြင်းက ပိုင်ရှင်သီးသန့်အကြောင်း ဖြစ်သည် - ခရစ်တော်က သခင် ဖြစ်သည် (*kurios*သည် သခင်-ပိုင် ကျွန်အတွက် ရိုးရှင်းသောစကားလုံး ဖြစ်သည်)။ "အကြောင်းမူကား၊ ယခုတွင် ငါသည် လူ၏အလိုသို့ လိုက်သလော (သို့) ဘုရားသခင်၏အလိုတော်သို့ လိုက်သလော? လူတို့စိတ်ကို နူးညွတ်စေခြင်းငှာ ရှာကြံသလော? လူတို့စိတ်ကို နူးညွတ်စေခြင်းငှာ ရှာကြံသေးလျှင်၊ ခရစ်တော်၏ အစေခံကျွန်မဟုတ်ပြီ။" (ဂလာတိဩဝါဒစာ ၁း၁၀)

သမ္မာကျမ်းစာမှာ သုံးသည့်"တမန်တော်"စကားလုံးအကြောင်း နားလည်မှုမှ အခြားပြဿနာတစ်ခုသည် တပည့်တော်ဆယ့်နှစ်ဖော်၏ ခေါင်းပေါ်မှ ရောင်ခြည်တော်စက်ဝန်းများနှင့်ပုံကို ကျွန်ုပ်တို့ စိတ်ထဲမှာ စွဲသည့် အလယ်ခေတ်ပန်းချီကားများ ဖြစ်သည်။ ထိုအရာများက တန်ခိုးများနှင့် ဂုဏ်မြင့်သည့်လူများ၏ ပုံဖြစ်ပြီး သူတို့အထဲက အနည်းငယ်ပဲ ပါသည်။ ဤအကြောင်းက တမန်တော်စကားလုံး၏ မူလအကြောင်းကို ပြည့်စုံစွာ ပြန်လည်အဓိပ္ပါယ်ဖွင့်ခြင်း ဖြစ်သည်။ "တမန်တော်"သည် ဂုဏ်မြင့် ခေါင်းဆောင်မှုအဆင့်အတွက် ဂုဏ်ထူး မဟုတ်ပါ။ ယေရှုခေတ် မတိုင်မီ နှင့် ပြီးနောက်မှ "တမန်တော်များ"သည် သူတို့ကိုယ်တိုင်ဩဇာမဲ့သည့် ဂုဏ်နိမ့် အစေခံကျွန်များ ဖြစ်ပြီး၊ ယခုခေတ်မှ ပန်းကန်ဆေး သာမန်အလုပ်သမားများနှင့် အတူတူ ဖြစ်သည်။ ရှေးခေတ်မှ သူတို့လုပ်ဆောင်ခဲ့သည့်အလား

အစေခံကျွန်အဖြစ် ကျွန်ုပ်တို့က လက်တွေ့လုပ်ခဲ့ကြလျှင် "တမန်တော်"ဟု သင်တို့က ပြောသည့် ယခုခေတ်မှာ ဘယ်သူကမှ မန်နေဂျာ၊ ပိုင်ရှင် သို့မဟုတ် စားသောက်ဆိုင်မှူး အဖြစ်ထင်ကြမည် မဟုတ်ပါ။ ပန်းကန်ဆေးသူများ နှင့် ကားစပယ်များအဖြစ် ထင်ကြမည် ဖြစ်ပါသည်။ "တမန်တော်"သည် မြင့်သောဂုဏ် သို့မဟုတ် ဩဇာအာဏာကို ပြောခြင်း မဟုတ်သော်လည်း နိမ့်သောဂုဏ် နှင့် စွမ်းရည်ကိုသုံးခြင်းတို့ကို ပြောခြင်း ဖြစ်သည်။ "ခရစ်တော်၏" နှုတ်ကပတ်တော်များကို သင်တို့က တွယ်တာသည့်အခါ ထိုအရာက သူများ၏ စီးပွားရေးနှင့် ဩဇာတို့နှင့် ကူးစက်စေပြီး တမန်တော်များက သူတို့အောက်မှာ လုပ်ဆောင်နေကြသည်။ ခရစ်တော်က အကြီးအကဲ ဖြစ်ပြီး တမန်တော်ကို စေလွှတ်သည်။ တမန်တော်က တရားဟောသည့်အခါ သူက ရေသွယ်ပြွန်မျှသာ ဖြစ်သည်။

"တမန်တော်ဖြစ်ခြင်း"က သမ္မာကျမ်း စကားလုံး အသုံးအနှုန်း အဟုတ်ပါ။ သမ္မာကျမ်းအရ ကျွန်ုပ်တို့က ပြောနေကြလျှင်၊ အစေခံကျွန်-တမန်တော်များ(ကူညီခြင်းများ၊ ပေးကမ်းခြင်း၊ ညှာတာမှု၊ စသည်တို့ အတိုင်း)က သာမန်အထုံများ ရရှိပြီးနောက် ယခု ရရှိဦးမည့်အကြောင်းကို ကျွန်ုပ်က ရှင်းပြခဲ့မည် ဖြစ်ပါသည်။ တပည့်တော်ဆယ့်နှစ်ဖော် (သို့) ရှင်ပေါလုတို့ မဟုတ်သည့်၊ ကျမ်းစာရေးသူ မဟုတ်သည့်၊ အထုံကို ရာထူး၊ ဂုဏ် (သို့) အခွင့်အရေးယူခြင်းတို့ကို မတွေ့ရမည့် အခြား တမန်တော်အများအပြား ဓမ္မသစ်ကျမ်းထဲမှာပါ ရှိသည်။ အရာခပ်သိမ်းထက် ကျွန်ုပ်တို့ လိုအပ်သည့်အကြောင်းက ပျောက်ဆုံးသူ နှင့် စိတ်ဆင်းရဲသူများဆီသို့ ယေရှု၏ သာသနာအတွက် သည်လိုအစေခံကျွန်-တမန်တော်မျိုးများကို လွှတ်ပေးဖို့ ဖြစ်သည်။ ထာဝရဘုရားက စေလွှတ်သောဘုရားသခင် ဖြစ်ပြီး သူ့နောက်လိုက်တပည့်တော်များကို လမ်းပျောက်သောသူများသည် ကျွန်ုပ်တို့ဘက်ကို လာဖို့ စောင့်မနေဘဲ၊ သူတို့ဆီသို့ သွားဖို့ မိန့်မှာထားသည်။

ခေါင်းဆောင်အများအပြားသည် စာအုပ်များကို ဖတ်သည့်အခါ တဝီဝီမြည်သံကို ကြားခဲ့သောကြောင့် "သူတို့၏ ခေါင်းဆောင်မှုမှာ တမန်တော်"ကဲ့သို့ ဖြစ်လိုကြသော်လည်း အစိုးရခြင်း၊ လုံခြုံစိတ်ချခြင်း၊ တချို့ခရစ်ယာန်ကျင်းမှာ အနေသားကျခြင်းတို့မှာ ဆက်လက်တည်ရှိကြသည်။ တမန်တော်ဖြစ်ဖို့က နိမ့်ကျသောဂုဏ်ကို သုံးချလာနိုင်ဖို့ ဖြစ်ပြီး၊ သည်လိုအသက်တာမှာ လျှောင်ပြောင်မှု နှင့် မလုံခြုံမှုတို့ကို ရှင်းလင်းဖို့ ဖြစ်ပေသည်၊ "သတ်ဘို့ရာထားသောသူကဲ့သို့ အခြားသောသူများနောက်၌ တမန်တော်တည်းဟူသော ငါတို့ကို ဘုရားသခင် ထုတ်ပြတော်မူသည်ဟု ငါထင်၏။ အကြောင်းမူကား၊ ငါတို့သည် လောကီသားများနှင့် ကောင်းကင်တမန်များမျက်မှောက်၌ ပွဲဝင်သောသူ ဖြစ်ကြ၏။ ငါတို့သည် ခရစ်တော်၏ အကြောင်း ကြောင့် လူမိုက်ဖြစ်ကြ၏။. . ." (၁ကော၊ ၄း၉၊၁၀)။

တမန်တော်များကို ထာဝရဘုရားက အသင်းတော် နှင့် လောကအတွက် အထုံပါရမီကို ပေးခဲ့ပြီး(ဧဖက်၊ ၄း၁၁)၊ အများဆုံးက အရေးတကြီးလိုအပ်ပါသည်။ တမန်တော် (၎င်းကိစ္စအတွက် ပရောဖက်မျတား)မရှိ သည့်အသင်းတော်သည် မတောက်သည့်မီးလိုဖြစ်သည်။ ထိုခန္ဓာကိုယ်မှာ ဘာမှားယွင်းမှု ရှိသနည်း? ကျွန်ုပ်တို့သည် အသိဉာဏ်၊ ဘာသာရေး ထိန်းချုပ်မှု နှင့် ဇာတိပကတိ (ထိုကြောင့် အထုံပါရမီ အများဆုံးသည် လွှမ်းမိုးမှုမှာမူတည်ပြီး ထာဝရဘုရားထံသို့ မဆက်ကပ်ခဲ့ပါ - တမန်တော်များ၏ကဏ္ဍသည် အစေခံခြင်းနှင့် ရင့်ကျက်ခြင်းတို့အတွက် ခန္ဓာကိုယ်ကို အားပေးခြင်းမှာ အဓိကပံ့ပိုးမှု ဖြစ်သည်(ဧဖက်၊ ၄း၁၁)။ ကျွန်ုပ်တို့သိရသလောက် အသင်းတော်မှာ တမန်တော်အများဆုံးကို မတွေ့ခဲ့ရပါ။ အကြောင်းမှာ၊ နေရာတကာမှာ မီးတောက်လောင်နေသောကြောင့် ဖြစ်သည်။ ယေရှုက အကြီးအကဲ ဖြစ်သည် - သူက စေလွှတ်ခြင်းခံရသောကြောင့် ဤအရာများကို စေလွှတ်နေပြီး၊ သူ့နိုင်ငံတော် ပြည့်စုံလာခြင်း နှင့် သူ့တည်ရှိခြင်းတို့ကို သိကြားစေဖို့အလို၄ာ အစေခံခြင်းနှင့် ဒုက္ခခံခြင်းတို့မှာ သူက ပိုင်ပါသည်။ တမန်တော်များ နှင့် ပရောဖက်များသည် ထာဝရဘုရားလိုလားသည့် အသင်းတော်၏ အုတ်မြစ် ဖြစ်ကြသည် (ဧဖက်၊ ၂း၂၀။ ၃း၅-၆။ ၄း၁၁)။

ကျွန်ုပ်တို့က သူတို့အားလုံးကို လွှတ်ငြိမ်းခွင့်ရရှိစေဖို့ လိုအပ်သည်။ သူတို့က အင်္ဂလိပ်စလုံးသေး"a" နှင့် "p" ဖြစ်သည့် တမန်တော်များ နှင့် ပရောဖက်များ၊ ခရစ်တော်အားဖြင့် ထာဝရဘုရားအတွက် တစုံတဦး ဖြစ်လာမည့်မည်သူမဆို စသည်တို့ ဖြစ်သည်။ ကျွန်ုပ်တို့သိထားသည့်အသင်းတော်ကို ဒုက္ခပေးသည့် "တဦးတည်း ဖျော်ဖြေမှု" ပုံစံသစ်အကြောင်းကို ကျွန်ုပ်တို့က ပြောနေခြင်း မဟုတ်ပါ။ သူတို့က အင်္ဂလိပ်စလုံးသေး "a" နှင့် "p"ဖြစ်သည့် တမန်တော်များ နှင့် ပရောဖက်များ ဖြစ်ကြသော်လည်း အင်္ဂလိပ်စလုံးကြီး "S"နှင့် အဆုံးသတ်ထားသည်၊ "ထာဝရဘုရားက တချို့ကို တမန်တော်များတာဝန်၊ တချို့ကို ပရောဖက်များတာဝန်. . . တို့ကို ထမ်းဆောင်စေသည်။" ကျွန်ုပ်တို့က ကိုယ်ပိုင်ကျော်စောမှုများ ထပ်ပြီး မလိုတော့ပေ။ "ခရစ်တော်ကို ခန့်ညားသောအားဖြင့်၊ အချင်းချင်းတယောက်အောက်တယောက်ကိုယ် နိမ့်ချလျက်နေကြ"ဖို့ ဆိုလိုသည့်အကြောင်းကိုဖော်သည့် ပုံဥပမာများကို ကျွန်ုပ်တို့က လိုအပ်ပါသည် (ဧဖက်၊ ၅း၂၁)။

ဘုရားသခင်၊ ကျေးဇူးပြုပြီး လျှံပယ်သောရိတ်သိမ်းသူများကို စေလွှတ်တော်မူပါ!

Brian Dodd (Doctor of New Testament Studies, Sheffield University)က "*Empowered Church Leadership: Ministry in the Spirit According to Paul (Downers Grove: Inter-varsity Press, 1991)*"စာအုပ်ကို ရေးသည့်ဆရာကြီး ဖြစ်သည်။

## နောက်ဆက်တွဲ # ၂ - ဓမ္မသစ်ကျမ်းထဲမှ အိမ်အသင်းတော်

ကျွန်ုပ်တို့သည် အောက်ပါ ရှင်လုကာ၏ မှတ်တမ်း နှင့် အိမ်းများမှာ ခရစ်တော်က ဘယ်လောက်အမှုတော်ဆောင်ခဲ့သည့် ဖြစ်စဉ်တို့ဖြင့် ဤဖြည့်စွက်ချက်ကို အစပြုပါသည်။ ဟုတ်ကဲ့ပါ၊ သူ နှင့် ရှင်ပေါလု နှင့် အခြားတမန်တော်များသည်လည်း ဇရပ်များ နှင့် တမန်တော်ဝတ္ထုထဲမှာ ဗိမာန်တော်၏ ဆင်ဝင်တို့မှာ အစောပိုင်းတွင် အမှုတော်ဆောင်ခဲ့ကြသည်။ သို့ရာတွင်၊ ရှင်ပေါလုက ယုဒလူများထံသို့ မသွားတော့ဖို့ နှင့် ဟေလသလူများဆီပဲ သွားဖို့ ဆုံးဖြတ်လာသည့်အကြောင်းကို တမန်တော်ဝတ္ထုမှာ ရှင်းပါသည် (တမန်တော်ဝတ္ထု ၁၈း၆-၇)။ တမန်တော်ဝတ္ထုမှာလည်း သည်လို မှတ်တမ်းတင်ထားသည်၊ "ယုဒလူများ. . . အများအပြား. . . ထိုသူအပေါင်းတို့သည် ပညတ်တရားဘက်၌ စိတ်အားကြီးသောသူ ဖြစ်ကြ၏။" (တမန်တော်ဝတ္ထု ၂၁း၂၀)။ သို့သော်၊ အသင်းတော်၏ ထိုအပိုင်းသည် သုံးရာစုကို ဖြစ်တည်ရာမှာ မရှင်သန်စေခဲ့သောကြောင့် ယေရှု၌ ဤအချက်ကို ယုံကြည်သူများသည် ဇရပ်မှာ ဝတ်ပြုသည့်စနစ်ကို ပြန်လည် အသုံးပြုစေခဲ့ကြသည်။

ထိုကြောင့် အစမှာ ရောနှောလျက်တွေ့ဆုံသည့်နေရာများ ရှိခဲ့သော်လည်း ဓမ္မသစ်ကျမ်းမှာ ရေးသားသည့်အချက်များက ဖြစ်ပျက်ခဲ့သည့်ဘဝသည် အိမ်များမှာ အခြေခံသည်ကို တွေ့ရသည်မှာ အမှန်ဖြစ်သည်။

### ၁/အိမ်များ၌ ယေရှု၏ အမှုတော်ဆောင်ခြင်းကို ရှင်လုကာခရစ်ဝင်၏ မှတ်တမ်းမှ ကူးကားချက်များ ကိုးခု၊

*ရှင်လုကာခရစ်ဝင် ၅း၁၉၊ လူစုဝေးလျက်ရှိသောကြောင့် ဝင်စရာလမ်းကို မတွေ့သ ဖြင့်၊ အိမ်မိုးပေါ်သို့ တက်၍ အုတ်မိုးကို ဖေါက်ပြီးမှ လူနာကို အိပ်ရာနှင့်တကွ လူများအလယ် ယေရှု၏ရှေ့တော်သို့ လျှော့ချကြ၏။*

*ရှင်လုကာခရစ်ဝင် ၅း၂၉၊ ထိုနောက်မှ လေဝိသည် ကိုယ်တော်အဘို့အလို့ငှါ မိမိအိမ်၌ ကြီးစွာသောပွဲကို ခံ၍၊ အခွန်ခံသောသူများနှင့် အခြားသောသူ အပေါင်းတို့သည် ကိုယ်တော်မှစသော တပည့်တော်တို့နှင့်တကွ စားပွဲ၌ လျောင်းကြ၏။*

*ရှင်လုကာခရစ်ဝင် ၇း၃၆၊ ဖာရိရှဲတယောက်သည် အစာကို သုံးဆောင်တော်မူစေခြင်းငှါ ကိုယ်တော်ကို ခေါ်ပင့်လျှင်၊ ထိုဖရိရှဲ၏ အိမ်သို့ကြွ၍ စားပွဲ၌လျောင်းတော်မူ၏။*

*ရှင်လုကာခရစ်ဝင် ၁၀း၇၊ သို့မဟုတ် သင်တို့ထံသို့ ပြန်လာလိမ့်မည်။ ထိုအိမ်၌ နေ၍ အစားအသောက်စီရင်ရာကို စားသောက်ကြလော့။ အကြောင်းမူကား၊ လုပ်ဆောင်သော သူသည် အခကိုခံထိုက်ပေ၏။ တအိမ်မှ တအိမ်သို့ လှည့်လည်၍ မသွားကြနှင့်။* (ယေရှု၏ ပညတ်ချက်သည် အိမ်အသင်းတော်များ တည်ထောင်ဖို့ ဖြစ်သည်)

*ရှင်လုကာခရစ်ဝင် ၁၀း၃၉၊ ထိုမိန်းမ၌ မာရိအမည်ရှိသောညီမ တယောက်ရှိ၏။ ထိုမာရိသည် ယေရှု၏ ခြေတော်ရင်း၌ ထိုင်၍ စကားတော်ကို နားထောင်လျက်နေ၏။* (မေရိ နှင့် မာသ အိမ်သည် ယေရှုအတွက် အဓိကနေရာ ဖြစ်သည်။)

*ရှင်လုကာခရစ်ဝင် ၁၁း၃၇၊ ထိုသို့ မိန်တော်မူစဉ်တွင် ဖာရိရှဲတယောက်သည် အစာကို သုံးဆောင်တော်မူစေခြင်းငှါ ကိုယ်တော်ကို ခေါ်ပင့်လျှင်၊ သူ၏ အိမ်သို့ ကြွ၍ စားပွဲ၌ လျောင်းတော်မူ၏။*

*ရှင်လုကာခရစ်ဝင် ၁၄း၁၊ တနေ့သော ဥပုသ်နေ့၌ ကိုယ်တော်သည် အစာကို သုံးဆောင်ခြင်းငှါ အရာရှိဖြစ်သော ဖာရိရှဲတယောက်၏ အိမ်သို့ ဝင်တော်မူလျှင်၊ ထိုသူတို့သည် ကိုယ်တော်ကို ချောင်းကြည့်ကြ၏။*

*ရှင်လုကာခရစ်ဝင် ၁၉း၅-၆၊ ထိုအရပ်သို့ ယေရှုသည် ရောက်တော်မူသောအခါ မျှော်ကြည့်၍ ထိုသူကို မြင်တော်မူလျှင်၊ "ဇက္ခဲ၊ မြန်မြန်ဆင်းလော့။ သင်၏အိမ်၌ ယနေ့ငါ တည်းနေမည်ဟု မိန့်တော်မူ၏။ ဇက္ခဲသည် အလျင်အမြန် ဆင်း၍ ဝမ်းမြောက်သောစိတ်နှင့် ကိုယ်တော်ကို မိမိအိမ်၌ ဧည့်ခံလေ၏။"*

*ရှင်လုကာခရစ်ဝင် ၂၂း၁၁-၁၂၊ ငါသည် ငါ့တပည့်တို့နှင့်တကွ ပသခါပွဲကို စားရသော ဧည့်သည် အခန်းကား ဘယ်မှာ ရှိသနည်း? ဆရာက မေးသည်ဟု အိမ်ရှင်ကို ပြောကြလော့။ ထိုသူသည် ပြင်ဆင်လျက်ရှိသော အထက်အခန်းကြီးကို ပြလိမ့်မည်။ ထိုအခန်း၌ ပြင်ဆင်ကြ လော့ဟု မိန့်တော်မူ၏။* (မေတ္တာစားပွဲကို သခင်က အိမ်မှာ ပြုလုပ်ကျင်းပသည်။ မိသားစုကဲ့သို့ အိမ်များမှာ အမြဲ သုံးဆောင်ကြသည့် ယုဒလူမျိုးများ၏ ပသခါစားပွဲကို အထူးပုံစံ ပြုလုပ်ခြင်း ဖြစ်သည်။)

### ၂/ဓမ္မသစ်ကျမ်းမှာ အိမ်ကို အသင်းတော်အဖြစ် အသုံးပြုကြောင်း တိုက်ရိုက် ကူးကားချက် ဆယ့်ငါးချက်၊

ရှင်လုကာခရစ်ဝင် ၁၀ကို အနုကြည့်ခြင်းများအားဖြင့်၊ ရှင်ပေါလုသည် မြို့ပေါ်အသင်းတော်ဆီသို့ အမြဲ စာရေးခဲ့ပြီးနောက် သူတော်စင်အမျိုးမျိုး၏ အိမ်များမှာ အသင်းတော်များ သိကျသေချာစေဖို့ ကူးကားချက်များ ပြုလုပ်ခဲ့ကြောင်း ကျွန်ုပ်တို့က နားလည်ကြသည်။ ဤအမျိုးမျိုးသောအိမ်အသင်းတော်များက မြို့ပေါ်အသင်းတော်ကို ဖြစ်ထွန်းစေခဲ့သည်။ အသင်းတော်လူကြီး နှင့် သင်းထောက်များသည် မြို့ပေါ်အသင်းတော်ကို ဂရုစိုက်ဖို့ အိမ်အသင်းတော်များမှာ ပါဝင်သူတိုင်းမှ ရွေးကောက်တင်မြှောက်ခဲ့ကြသည်။ အိမ်အသင်းတော်များမှာ အုပ်ထိန်းမှဲ့

ကလေးများ နှင့် မုဆိုးမများအား ဂရုစိုက်ခြင်းကို သင်းထောက်လူကြီးများက ဦးဆောင်စေသည့်အချိန်မှာ သင်းတော်လူကြီးများက ယေဘုယျအလုပ်တချို့ကို တာဝန်ယူကြသည်။

သို့ရာတွင် ရှင်ပေါလုက အသင်းတော်လူကြီးများဆီကို ဘယ်သောအခါမှ စာမရေးခဲ့သော်လည်း သူတော်စင်များထံ ရေးခဲ့သည်။ သူတို့က သည်လိုလုပ်ရမည့်အကြောင်းများကို အသင်းတော်လူကြီးများအား ဘယ်တော့မှ မညွှန်ကြားခဲ့သော်လည်း အသင်းတော်တစ်ခုလုံးထံသို့ အမြဲ မေတ္တာရပ်ခံခဲ့ပါသည်။

*တမန်တော်ဝတ္ထု ၁း၁၃-၁၄၊ ရောက်ကြလျှင်၊ ပေတရု၊ ယာကုပ်၊ ယောဟန်၊ အန္ဒြေ၊ ဖိလိပ္ပု၊ သောမ၊ ဗာသောလမဲ၊ မဿဲ၊ အာလဖဲ၏သား ယာကုပ်၊ ရှိမုန် ဇေလုတ်၊ ယာကုပ်ညီ ယုဒတို့သည် တည်းနေရာ အိမ်အထက်ခန်းသို့ တက်ကြ၏။ ထိုသူအပေါင်းတို့သည် ယေရှု၏ မယ်တော် မာရိမှစ၍ မိန်းမတို့နှင့်ငှင်း၊ ညီတော်တို့နှင့်ငှင်း၊ တညီတညွတ်တည်း ကြိုးစား၍ ဆုတောင်းပဌနာပြုလျက် နေကြ၏။*

*တမန်တော်ဝတ္ထု ၂း၂ ထိုအခါ လေပြင်းမုန်တိုင်းကဲ့သို့သောအသံ တခဏခြင်းတွင် ကောင်းကင်မှ လာ၍၊ ထိုသူတို့ နေထိုင်သော အိမ်ကို ဖြည့်လေ၏။*

*တမန်တော်ဝတ္ထု ၂း၄၆၊ ထိုသူတို့သည်လည်း ဗိမာန်တော်၌ နေ့တိုင်းအစဉ် တညီတညွတ်တည်း နေ၍၊ ကိုယ်အိမ်၌ မုန့်ကို ဖဲ့လျက်ကြည်ဖြူရွှင်လန်းဝမ်းမြောက်သောစိတ်နှင့် အစာအာဟာရကို သုံးဆောင်ကြ၏။*

*တမန်တော်ဝတ္ထု ၅း၄၂ ဗိမာန်တော်၌ငှင်း၊ အိမ်၌ငှင်း နေ့တိုင်းအစဉ် ဆုံးမသွန်သင်လျက်၊ ယေရှုသည် ခရစ်တော်ဖြစ်၏ဟူ၍ ဧဝံဂေလိတရားကို မပြတ်ဟောပြောလျက်နေကြ၏။*

*တမန်တော်ဝတ္ထု ၈း၃၊ ရှောလုသည် အသင်းတော်ကို ဖျက်ဆီးလေ၏။ အိမ်များသို့ ဝင်ပြီးလျှင် ယောကျ်ားမိန်းမတို့ကို ဆွဲငင်၍ ထောင်ထဲ၌ လှောင်ထားတတ်၏။*

*တမန်တော်ဝတ္ထု ၁၀း၂၄၊ ထိုနောက်တနေ့၌ ကဲသရိမြို့သို့ ဝင်ကြ၍၊ ကော်နေလိသည် မိမိအဆွေအမျိုး မိတ်ခင်ပွန်းများတို့ကို စုဝေးစေပြီးလျှင်၊ ထိုသူတို့ကို မြော်လင့်လျက် နေကြ၏။*

*တမန်တော်ဝတ္ထု ၁၂း၁၂ ထိုကြောင့် သူက ဤအကြောင်းကို စဉ်းစားနေသည့်အချိန်မှာ၊ လူများစုဝေး၍ ဆုတောင်းရာ၊ မာကုအမည် သစ်ကို ရသောယောဟန်၏အမိဖြစ်သော မာရိ၏အိမ်သို့ ရောက်လာကြ၏။*

*တမန်တော်ဝတ္ထု ၁၆း၁၅၊ ထိုမိန်းမသည် အိမ်သူအိမ်သားတို့နှင့်တကွ ဗတ္တိဇံကို ခံပြီး . . .*

*တမန်တော်ဝတ္ထု ၁၆း၂၅-၃၄၊ ဖိလိပ္ပု ထောင်မှူး၏ အိမ်အကြောင်း*

*တမန်တော်ဝတ္ထု ၁၆း၄၀၊ ထိုအခါ ပေါလုနှင့် သိလတို့သည် ထောင်မှ ထွက်၍ လုဒိအိမ်သို့ ဝင်သဖြင့်၊ ညီအစ်ကိုများကို တွေ့မြင်၍ သက်သာစေပြီးမှ ထွက်သွားကြ၏။*

*တမန်တော်ဝတ္ထု ၂၈း၃၀-၃၁၊ ထိုနောက်မှ ပေါလုသည် နှစ်နှစ်ပတ်လုံး မိမိငှါးသော အိမ်၌နေသဖြင့်၊ မိမိထံသို့လာသောသူအပေါင်းတို့ကို ဧည့်ခံ၍၊ အဘယ်သူမျှအမြစ်တားဘဲ၊ ဘုရားသခင်၏နိုင်ငံတော်အကြောင်းကို အတည့်အလင်း ဟောပြော၍၊ သခင်ယေရှုခရစ်၏ အကြောင်းများကို သွန်သင်ပြသလျက် နေ၏။*

*ရောမဩဝါဒစာ ၁၆း၅၊ သူတို့၏အိမ်၌ရှိသောအသင်းတော်ကိုလည်း နှုတ်ဆက်ကြလော့။*

*ရောမဩဝါဒစာ ၁၆း၂၃၊ ငါ့ကိုငှင်း၊ သင်းဝင်သူ အပေါင်းတို့ကိုငှင်း၊ လက်ခံ၍ ဧည့်သည်ဝတ်ကို ပြုတတ်သော ဂါယု၊ မြို့စာရေးဧရတ္တု၊ သင်တို့ညီ ကွာတုတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။*

*၁ကော၊ ၁၆း၁၉၊ အာရှိပြည်၌ အသင်းတော်များတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ အာကုလနှင့် ပြစ်ကိလတို့သည် သူတို့အိမ်၌ရှိသောအသင်းတော်နှင့်တကွ၊ သခင်ဘုရားကို ထောက်၍ သင်တို့ကို များစွာ နှုတ်ဆက်ကြ၏။*

*ကောလောသဲဩဝါဒစာ ၄း၁၅၊ လောဒိကိမြို့၌ရှိသောညီအစ်ကိုတို့ကိုငှင်း၊ နုံဖ(တချို့စာမူများက အမနှင့်ဆိုင်သောပုံစံ "နုံဖျာ"အဖြစ် သုံးထားသည်)မှစ၍ သူ(တချို့စာမူများက "သူမ"ဟု ပြောထားသည်)၏ အိမ်၌ ရှိသောအသင်းတော်ကိုငှင်း နှုတ်ဆက်ကြလော့။*

*ဖိလေမုန်ဩဝါဒစာ ၁း၂၊ ငါတို့ချစ်သောနှမ အပ္ပိ၊ ငါတို့စစ်သူရဲအာခိပ္ပုမှစ၍ သင်၏အိမ်၌ ရှိသောအသင်းတော်ကို ကြားလိုက်ပါ၏။*

## ဂ/ဓမ္မသစ်ကျမ်းမှာ အိမ်ကို အသင်းတော်အဖြစ် အသုံးပြုကြောင်း သွယ်ဝိုက် ကူးကားချက် ဆယ့်ငါးချက်၊

အနုကြည့်မြင်နိုင်သည့်အဆောက်အအုံကို အခြေခံသည့် လူ့အဖွဲ့အစည်းများအားဖြင့် ထိုကျမ်းချက်များကို ကျွန်ုပ်တို့က ဖတ်ရှုကြလျှင် အသေးအဖွဲလေးကို ဆိုလိုသော်လည်း ရှင်လုကာခရစ်ဝင် ၁၀နှင့်အနုကြည့်ပါက ပထမရာစု အသင်းတော် အကြောင်းသည် အိမ်များမှာ အခြေခံခဲ့ကြောင်းကို တွေ့ရသည်။ အလွန်ကွဲပြားသောအမိပ္ပါယ်ကို ဆောင်လာသောကြောင့် အိမ်မှ ရိုးရှင်းသောအသင်းတော့်သမိုင်း၏ အစိတ်အပိုင်း ဖြစ်လာသည်။

*တမန်တော်ဝတ္ထု ၁၈း၇၊ ထိုအရပ်မှ ထွက်၍ ဘုရားသခင်ကို ကိုးကွယ်သော ယုတ္တုအမည်ရှိသောသူ၏ အိမ်သို့သွား၏။ ထိုအိမ်သည် တရားစရပ်နှင့်စပ်လျက် ရှိသတည်း။*

*တမန်တော်ဝတ္ထု ၁၉း၉-၁၀၊ အချို့သောသူတို့သည် ခိုင်မာသောစိတ်ရှိ၍ မယုံကြည်ဘဲ နေလျက်၊ လူများရှေ့မှာ ထိုဘာသာကို ကဲ့ရဲ့သောအခါ၊ ပေါလုသည် သူတို့အထဲမှ*

ထွက်သွား၍ တပည့်တော်တို့ကို အသီးအခြား ခွဲထားပြီးမှ၊ တုရန္နုအမည်ရှိသောသူ၏ စာသင်စရပ်၌ နှစ်နှစ်ပတ်လုံး နေ့တိုင်းဟောပြောသောအားဖြင့်၊ အာရှိပြည်သားဖြစ်သော ယုဒလူ၊ ဟေလသ လူအပေါင်းတို့သည် သခင်ယေရှု၏ နှုတ်ကပတ်တရားတော်ကို ကြားရကြ၏။

တမန်တော်ဝတ္ထု ၂၀း၈၊ သူတို့ စည်းဝေးသည့်နေရာ အထက်ခန်း၌ မီးခွက်အများအပြား ရှိ၏။

တမန်တော်ဝတ္ထု ၂၀း၂၀၊ သင်တို့အကျိုးပြုစုရာ တစုံတခုကိုမျှ ငါမထိမ်မဝှက်။ လူစုဝေးရာ၌၎င်း၊ အိမ်များ၌၎င်း၊ သင်တို့အား ဟောပြော၍ ဆုံးမဩဝါဒ ပေး၏။

ရောမဩဝါဒစာ ၁၆း၁၀၊ တပည့်တော်စစ်ဖြစ်သော အပေလေ နှင့် အာရိတ္တောဗုလု၏ အိမ်သူအိမ်သားတို့ကို နှုတ်ဆက်ကြလော့။

ရောမဩဝါဒစာ ၁၆း၁၁၊ ငါ၏ အဆွေအမျိုး ဟေရောဒျုန် နှင့် တပည့်တော်ဖြစ်သော နာကိသု၏ အိမ်သူအိမ်သားတို့ကို နှုတ်ဆက်ကြလော့။

ရောမဩဝါဒစာ ၁၆း၁၆၊ အချင်းချင်းတယောက်ကို တယောက် သန့်ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။ ခရစ်တော်၏ အသင်းတော်အပေါင်းတို့သည် သင်တို့နှင့် နှုတ်ဆက်ကြ၏။

ကောရိန္သုဩဝါဒစာပဌမစောင် ၁း၁၁၊ အကြောင်းမူကား၊ ငါ့ညီအစ်ကိုတို့၊ သင်တို့သည် အချင်းချင်းမသင့်၊ ရန်တွေ့ခြင်းရှိသည်ကို၊ ခလောဧအိမ်သားအချို့တို့သည် ပြောကြ၏။

ကောရိန္သုဩဝါဒစာပဌမစောင် ၁း၁၆၊ သတေဖန်၏ အိမ်သူအိမ်သားတို့အားလည်း ဗတ္တိဇံကို ပေးပြီ။ ထိုမှတပါး အခြားသောသူအား ဗတ္တိဇံပေးသည်ကို ငါမမှတ်မိ။

ကောရိန္သုဩဝါဒစာပဌမစောင် ၁၆း၁၅၊ ညီအစ်ကိုတို့၊ သတေဖန်၏ အိမ်သူအိမ်သားတို့သည် အခါယပြည်တွင် အဦးသီးသောအသီးဖြစ်၍၊ သန့်ရှင်းသူတို့၏အမှုကို ဆောင်ရွက်ခြင်းငှါ ကိုယ်ကိုကိုယ်အပ်ကြောင်းကို သင်တို့ သိကြပြီး ဖြစ်သည်။

ဖိလိပ္ပိဩဝါဒစာ ၄း၂၂၊ ငါနှင့်အတူရှိသော ညီအစ်ကိုမှစ၍ သန့်ရှင်းသူအပေါင်းတို့သည် သင်တို့ကို နှုတ်ဆက်ကြ၏။ ကဲသာဘုရင်၏ နန်းတော်၌ နေသော သန့်ရှင်းသူတို့သည် အထူးသဖြင့် နှုတ်ဆက်ကြ၏။

တိမောသေဩဝါဒစာဒုတိယစောင် ၁း၁၆၊ ထာဝရဘုရား၏ ကရုဏာတော်သည် ဩနေသိဖော်၏ အိမ်၌ သက်ရောက်ပါစေသော။ သူသည် ငါ့ကို အဖန်ဖန် သက်သာစေပြီ။ ငါ၌ သံကြိုးချည်နှောင်လျက်ရှိသော်လည်း၊ သူသည် ရှက်ကြောက်ခြင်း မရှိ။

တိမောသေဩဝါဒစာဒုတိယစောင် ၄း၁၉၊ ပြစ်ကိလနှင့်အာကုလမှစ၍ ဩနေသိဖော်၏ အိမ်သူအိမ်သားများကို နှုတ်ဆက်လော့။

တိတုဩဝါဒစာ ၁း၁၁၊ ထိုသူတို့၏ နှုတ်ကို ပိတ်ရမည်။ သူတို့သည် မစင်ကြယ်သော စီးပွါးကို တပ်မက်လျက်၊ မပေးအပ်သောဩဝါဒကို ပေး၍၊ တအိမ်ထောင်လုံးကို မှောက်လှန်တတ်ကြ၏။

ရှင်ယောဟန်ဩဝါဒစာဒုတိယစောင် ၁း၁-၂၊ အသက်ကြီးသူသည် မြတ်သောသခင်မကို၎င်း၊ သားသမီးတို့ကို၎င်း ကြားလိုက်ပါ၏။ ငါတို့၌ တည်၍ ငါတို့တွင် အစဉ်မပြတ်ရှိလတံ့သော သမ္မာတရားကြောင့်၊ ငါမှစ၍ သမ္မာတရားကို သိသောသူအပေါင်းတို့သည်၊ သခင်မနှင့် သားသမီးတို့၌ မှန်ကန်သောချစ်ခြင်းမေတ္တာ ရှိပါ၏။

# နောက်ဆက်တွဲ # ၇ – "တယောက်ကို တယောက်" စကားလုံးပါသည့် သမ္မာကျမ်းချက်များ

အမျိုးဂုဏ်မဲ့သည့် စစ်မှန်သောအယူဝါဒသည် သေနေသောအောသောဒေါ့စ် ဖြစ်သည်။ တစုံတဦး၏ ပို့ချသည့်စာကို နာထောင်ဖို့ အခန်းမှာ ထိုင်ခြင်းဖြင့် မိတ်ဖွဲ့ဖို့ သင်က သင်ယူနိုင်မည် မဟုတ်ပါ။ နေ့စဉ်အသက်တာမှာ ယေရှုနောက်ကို အတူတကွ လိုက်လျှောက်ခြင်းဖြင့် မိတ်ဖွဲ့ဖို့ သင်ယူနိုင်မည် ဖြစ်သည်။ ဓမ္မသစ်ကျမ်းက ဆက်ဆံရေးပညတ်ချက်များ အပြည့်ပါရှိသည်။ "တယောက်ကို တယောက်"ဆိုသည့် ပညတ်ချက်များ လေးဆယ်ကျော်ကို သည်မှာ ဖော်ပြထားပြီး၊ တူညီသောကျမ်းချက်များမှ "ညီအစ်ကိုများ"၊ "အိမ်နီးချင်းများ"၊ (သို့) "အသင်းသားများ"စသဖြင့် သုံးထားသည့် စကားလုံးများ ပါဝင်စေလျှင် စာရင်းက ခုနစ်ဆယ်ခန့်လောက် တိုးလာမည် ဖြစ်ပါသည်။

ဓမ္မသစ်ကျမ်းထဲမှာ တောက်လျှောက် တွေ့ရသည့် ဤပညတ်ချက်များသည် တယောက်ကို တယောက် စိတ်ရင်းမှ အစေခံလိုသည့်သူ နှင့် ကောင်းကင်နိုင်ငံတော်မှာ တယောက်စီတိုင်း နေထိုင်နိုင်ဖို့ အစေခံလိုသည့်သူများ ရှိပြီး ပြန့်သောဆက်ဆံရေးဖွဲ့စည်းပုံမှာ အစစ်မှန်အတူနေထိုင်သူ မိတ်ဆွေများကို အကျိုးတက်ရောက်မှု ရှိစေသည်။

*၁/ရှင်ယောဟန်ခရစ်ဝင် ၁၃း၃၄-၃၅၊ သင်တို့သည် အချင်းချင်း **တယောက်ကို တယောက်** ချစ်ကြလော့။ ငါသည် သင်တို့ကို ချစ်သည်နည်းတူ **အချင်းချင်း** ချစ်ကြလော့ဟု ပညတ်သစ်ကို ငါပေး၏။ သင်တို့သည် **အချင်းချင်း** ချစ်ကြလျှင်၊ လူအပေါင်းတို့သည် ထိုမေတ္တာကို ထောက်၍ သင်တို့သည် ငါ၏တပည့်ဖြစ်သည်ကို သိရကြလိမ့်မည်ဟု မိန့်တော်မူ၏။*

*၂/ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၂၊ ငါ့ပညတ်ဟူမူကား၊ ငါသည် သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့သည် **အချင်းချင်း** ချစ်ကြလော့။*

*၃/ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၇၊ သင်တို့သည် **အချင်းချင်း** ချစ်ခြင်းငှါ ဤပညတ်တို့ကို ငါပေး၏။*

*၄/ရောမသြဝါဒစာ ၁၂း၁၀၊ ညီအစ်ကို ချစ်ခြင်းအရာမှာ၊ ပကတိပေါက်ဘော်ကဲ့သို့ **တယောက်ကိုတယောက်** စုံမကြလော့။*

*၅/ရောမသြဝါဒစာ ၁၂း၁၀၊ ချီးမွမ်းခြင်းအရာမှာ၊ **တယောက်ကိုတယောက်** ချီးမြှောက်ကြလော့။*

*၆/ရောမသြဝါဒစာ ၁၂း၁၆၊ **အချင်းချင်း** စိတ်သဘော တညီတညွတ်တည်း ရှိကြလော့။ ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိကြနှင့်။ နှိမ့်ချသောသူတို့ကို အပေါင်းအဘော် လုပ်ကြလော့။ ငါသည် ပညာရှိ၏ဟု ကိုယ်ကို မထင်ကြနှင့်။*

*၇/ရောမသြဝါဒစာ ၁၃း၈၊ **အချင်းချင်း** ချစ်ခြင်းမေတ္တာမှတပါး အဘယ်အကြွေးမျှ အတင်စေနှင့်။ သူတပါးကို ချစ်သောသူသည် အကျင့်တရားနှင့် ပြည့်စုံပြီ။*

*၈/ရောမသြဝါဒစာ ၁၄း၁၃၊ ထို့ကြောင့်၊ ငါတို့သည် ယခုမှစ၍ **အချင်းချင်း** မစစ်ကြောမစီရင်ဘဲ နေကြကုန်အံ့။ ညီအစ်ကိုချင်း ထိမိ၍ လဲစရာအခွင့်၊ မှားယွင်းစရာအခွင့် မရှိစေမည်အကြောင်း သာ၍ စီရင်ကြကုန်အံ့။*

*၉/ရောမသြဝါဒစာ ၁၅း၇၊ ခရစ်တော်သည် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေလျက်၊ သင်တို့ကို လက်ခံတော်မူသည်နည်းတူ၊ သင်တို့သည် **တယောက်ကိုတယောက်** လက်ခံကြလော့။*

*၁၀/ရောမသြဝါဒစာ ၁၅း၁၄၊ ညီအစ်ကိုတို့၊ သင်တို့သည် ကောင်းသောပကတိသဘောနှင့် ပြည့်စုံ၍ အရာရာတို့ကို သိနားလည်သဖြင့်၊ **အချင်းချင်း**ဆုံးမခြင်းငှါ တတ်နိုင်သည်ကို ငါသဘောကျလျက် ရှိ၏။*

*၁၁/ရောမသြဝါဒစာ ၁၆း၁၆၊ အချင်းချင်း **တယောက်ကိုတယောက်** သန့်ရှင်းသောနမ်းခြင်းနှင့် နှုတ်ဆက်ကြလော့။*

*၁၂/ကောရိန္သုသြဝါဒစာပဌမစောင် ၁း၁၀၊ . . . သင်တို့ရှိသမျှသည် စကားတညီတညွတ်တည်းဖြစ်၍ **အချင်းချင်း** မကွဲပြားဘဲ စိတ်သဘော တသံတသမတ်တည်း ရှိသည်နှင့် စေ့စပ်စုံလင် ကြမည်အကြောင်း၊. . .*

*၁၃/ကောရိန္သုသြဝါဒစာပဌမစောင် ၁၀း၂၄၊ ကိုယ်အကျိုးကို အဘယ်သူမျှ မရှာစေနှင့်။ **သူ့အကျိုး**ကို လူတိုင်းရှာစေ။*
*၁၄/ကောရိန္သုသြဝါဒစာပဌမစောင် ၁၁း၃၃၊ ထို့ကြောင့် ငါ့ညီအစ်ကိုတို့၊ သင်တို့သည်*

စားအုံ့သောငှါ စည်းဝေးသောအခါ၊ အချင်းချင်း **တယောက်ကိုတယောက်** ငံ့လင့်ကြလော့။

၁၅/ကောရိန္တုသြဝါဒစာပဌမစောင် ၁၂း၂၅-၂၇၊ ကိုယ်ခန္ဓာ၌ အချင်းချင်း ကွဲပြားခြင်းမရှိဘဲ၊ အင်္ဂါများတို့သည် **အချင်းချင်း** သူ့ကိုကိုယ်နှင့်အမျှ သတိပြုစေခြင်းငှါ၊ ဘုရားသခင်သည် ကိုယ်ခန္ဓာကို မျှစေ၍၊ ယုတ်သောအင်္ဂါအား သာ၍များသော အသရေကို ပေးတော်မူ၏။ သို့ဖြစ်၍၊ အင်္ဂါတခုတည်း ဆင်းရဲခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူခံရကြ၏။ အင်္ဂါတခုသည် ချီးမြှောက်ခြင်းကို ခံရလျှင်၊ အင်္ဂါအပေါင်းတို့သည် အတူဝမ်းမြောက်ရကြ၏။ သင်တို့သည် ခရစ်တော်၏ကိုယ် ဖြစ်ကြ၏။ အသီးသီး အင်္ဂါတော် ဖြစ်ကြ၏။

၁၆/ဂလာတိသြဝါဒစာ ၅း၁၃-၁၅၊ ညီအစ်ကိုတို့၊ သင်တို့သည် လွတ်ခြင်းအခွင့်ကို ရသောသူ ဖြစ်ကြ၏။ သို့သော်လည်း ဇာတိပကတိအား အခွင့်ကို ပေး၍၊ ထိုလွတ်ခြင်းကို မသုံးကြနှင့်။ **အချင်းချင်း** ချစ်၍ အမှုချင်းကို ဆောင်ရွက်ကြလော့။ အကြောင်းမူကား၊ ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ပညတ်တပါးကို ကျင့်လျှင်၊ ပညတ်တရားရှိသမျှကို အကြွင်းမဲ့ကျင့်ရာရောက်၏။ သို့မဟုတ် အချင်းချင်းကိုက်စားလျှင် အချင်းချင်းဖျက်ဆီးမည်ဟု စိုးရိမ်၍ သတိရှိကြလော့။

၁၇/ဂလာတိသြဝါဒစာ ၅း၂၆၊ အချည်းနှီးသောကျော်စော ကိတ္တိကို တပ်မက်ခြင်း၊ **အချင်းချင်း**ချုပ်ချယ်နှောင့်ရှက်ခြင်း၊ **အချင်းချင်း** ငြူစူခြင်းတို့ကို ရှောင်၍နေကြကုန်အံ့။

၁၈/ဂလာတိသြဝါဒစာ ၆း၂၊ ထမ်းရွက်စရာဝန်ချင်းတို့ကို **အချင်းချင်း**ကူညီ၍ ထမ်းရွက်သောအားဖြင့် ခရစ်တော်၏တရားကို ကျင့်ကြလော့။

၁၉/ဧဖက်သြဝါဒစာ ၄း၂၊ အရာရာ၌ စိတ်နှိမ့်ချခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ရှည်ခြင်းနှင့် ပြည့်စုံသဖြင့် မေတ္တာစိတ်နှင့် **တယောက်ကိုတယောက်** သည်းခံခြင်း ရှိကြပါ။

၂၀/ဧဖက်သြဝါဒစာ ၄း၃၂၊ **အချင်းချင်း**ကျေးဇူးပြုခြင်း၊ သနားစုံမက်ခြင်း၊ ဘုရားသခင်သည် ခရစ်တော်ကြောင့် သင်တို့၏အပြစ်ကို လွှတ်တော်မူသကဲ့သို့ **အချင်းချင်း** အပြစ်လွှတ်ခြင်း ရှိကြလော့။

၂၁/ဧဖက်သြဝါဒစာ ၅း၁၉၊ ဆာလံသီချင်းမှာစသော ဓမ္မသီချင်း အမျိုးမျိုးတို့ကို **အချင်းချင်း** ပြောဆိုဘတ်ရွက်၍၊ နူးညွတ်သောစိတ်နှလုံးနှင့် သခင်ဘုရား ရှေ့တော်၌ ကျူး၍ သီချင်းဆိုကြလော့။

၂၂/ဧဖက်သြဝါဒစာ ၅း၂၁၊ ခရစ်တော်ကို ခန့်ညားသောအားဖြင့်၊ အချင်းချင်း **တယောက်ကိုတယောက်** ကိုယ်ကိုနှိမ့်ချလျက်နေကြလော့။

၂၃/ဖိလိပ္ပိသြဝါဒစာ ၂း၃၊ ရန်တွေ့လိုသောစိတ်၊ အချည်းနှီး ကျော်စောကိတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကိုမျှ မပြုကြနှင့်။ သူကပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ **တယောက်ကိုတယောက်** ထင်မှတ်ကြလော့။

၂၄/ကောလောသဲသြဝါဒစာ ၃း၉-၁၀၊ **အချင်းချင်း** မုသာစကားကို မပြောမသုံးကြနှင့်။ အကြောင်းမူကား၊ သင်တို့သည် လူဟောင်း၏ အကျင့်တို့နှင့် လူဟောင်း၏ ကိုယ်ကို ချွတ်ပယ်၍၊ ဖန်ဆင်းတော်မူသောသူ၏ ပုံသဏ္ဍာန်နှင့်အညီ၊ မှန်သောပညာအားဖြင့် အသစ်ပြုပြင်သော လူသစ်ကို ယူတင်ဝတ်ဆောင်သူ ဖြစ်ကြ၏။

၂၅/ကောလောသဲသြဝါဒစာ ၃း၁၃၊ **တယောက်၌ တယောက်** အပြစ်တင်စရာအခွင့်ရှိလျှင်၊ **အချင်းချင်း**သည်းခံ၍ အပြစ်ကို လွှတ်တော်မူသကဲ့သို့၊ ထိုနည်းတူ ပြုကြလော့။

၂၆/ကောလောသဲသြဝါဒစာ ၃း၁၆၊ ခရစ်တော်၏ နှုတ်ကပတ်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာတည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ **အချင်းချင်း**တို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကို ပြု၍၊ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။

၂၇/သက်သာလောနိတ်သြဝါဒစာပဌမစောင် ၄း၁၈၊ သို့ဖြစ်၍၊ ဤစကားများအားဖြင့် အချင်းချင်း **တယောက်ကိုတယောက်** သက်တာစေကြလော့။

၂၈/သက်သာလောနိတ်သြဝါဒစာပဌမစောင် ၅း၁၁၊ ထိုကြောင့်၊ သင်တို့သည် ယခုပင်ပြုသည်နည်းတူ၊ အချင်းချင်းတိုက်တွန်း၍ **တယောက်ကိုတယောက်** တည်ဆောက်ကြလော့။

၂၉/ဟေဗြဲသြဝါဒစာ ၃း၁၃၊ ဒုစရိုက်၏ လှည့်ဖြားခြင်းအားဖြင့် သင်တို့စိတ်နှလုံးမခိုင်မာစေခြင်းငှါ၊ ယနေ့ဟူ၍ ခေါ်ဝေါ်သောအချိန်၊ နေ့တိုင်းအစဉ် အချင်းချင်း**တယောက်ကိုတယောက်** တိုက်တွန်းနှိုးဆော်ကြလော့။

၃၀/ဟေဗြဲသြဝါဒစာ ၁၀း၂၄-၂၅၊ ထိုမှတပါး၊ မေတ္တာစိတ်ရှိစေခြင်းငှါလည်းကောင်း၊ ကောင်းသောအ

ကျင့်ကို ကျင့်စေခြင်းငှါဝင်း၊ တိုက်တွန်းနှိုးဆော်ရသောအခွင့်ကို ရှာ၍၊ အချင်းချင်း**တယောက်ကိုတယောက်** ထောက်စာကြည့်ရှုကြကုန်အံ့။ လူအချို့တို့၏ ထုံးစံရှိသည်အတိုင်း၊ အချင်းချင်း စည်းဝေးခြင်းအမှုကို မရှောင်မလွှဲကြနှင့်။ **အချင်းချင်း**တို့ကို တိုက်တွန်းနှိုးဆော်ကြလော့။ ကာလအချိန်ရောက်လုနီးသည်ကို ထောက်သဖြင့်၊ သာ၍ ကြိုးစားကြလော့။

၃၁/ရှင်ယာကုပ်ဩဝါဒစာ ၄း၁၁၊ ညီအစ်ကိုတို့၊ အချင်းချင်း**တယောက်ကိုတယောက်** ကဲ့ရဲ့ခြင်းကို မပြုကြနှင့်။ ညီအစ်ကိုချင်းကို ကဲ့ရဲ့၍၊ သူ၌အပြစ်ရှိသည်ဟု စီရင်သောသူသည် တရားကို ကဲ့ရဲ့၏။ တရား၌ အပြစ်ရှိသည်ဟု စီရင်၏။ ထိုသို့ပြုလျှင်၊ သင်သည် တရားကို ကျင့်သောသူမဟုတ်၊ တရားကို စစ်ကြောစီရင်သောသူ ဖြစ်၏။

၃၂/ရှင်ယာကုပ်ဩဝါဒစာ ၅း၉၊ ညီအစ်ကိုတို့၊ စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည်အကြောင်း၊ **အချင်းချင်း** ငြင်းခုံပြစ်တင်ခြင်းကို မပြုကြနှင့်။ တရားစီရင်ပိုင်သောသူသည် တံခါးနားမှာ ရှိတော်မူ၏။

၃၃/ရှင်ယာကုပ်ဩဝါဒစာ ၅း၁၆၊ အချင်းချင်း **တယောက်နှင့်တယောက်**၊ ကိုယ်အပြစ်ကို ဘော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း၊ အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီး ပဌနာသည် အလွန် တန်ခိုးပါ၏။

၃၄/ရှင်ပေတရုဩဝါဒစာပဌမစောင် ၁း၂၂-၂၃၊ သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ဘွားသည်မဟုတ်၊ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကိုများကို ချစ်ယောင်မဆောင်၊ အမှန်ချစ်ခြင်းအလိုငှါ၊ စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျက်၊ ကိုယ်စိတ်နှလုံးကို စင်ကြယ်စေပြီးသည်နှင့်အညီ၊ စင်ကြယ်သောစိတ်နှင့် **အချင်းချင်း**အားကြီးသော ချစ်ခြင်းမေတ္တာရှိကြလော့။

၃၅/ရှင်ပေတရုဩဝါဒစာပဌမစောင် ၃း၈၊ အချုပ်အခြားစကားဟူမူကား၊ သင်တို့အပေါင်းသည် စိတ်တညီတညွတ်တည်း ရှိကြလော့။ **တယောက်ကိုတယောက်** စိတ်ကြင်နာခြင်း၊ ညီအစ်ကိုချင်းကဲ့သို့ချစ်ခြင်း၊ သနားစုံမက်ခြင်း၊ စိတ်နှိမ့်ချခြင်း ရှိကြလော့။

၃၆/ရှင်ပေတရုဩဝါဒစာပဌမစောင် ၄း၈-၉၊ အခြားသောအမှုအရာထက်မက၊ **အချင်းချင်း** အားကြီးသောချစ်ခြင်းမေတ္တာရှိကြလော့။ ချစ်ခြင်းမေတ္တာသည် များစွာသောအပြစ်တို့ကို ဖုံးအုပ်တတ်၏။ မြည်တမ်းခြင်း မရှိဘဲ **အချင်းချင်း** ဧည့်သည်ဝတ်ကို ပြုကြလော့။

၃၇/ရှင်ပေတရုဩဝါဒစာပဌမစောင် ၄း၁၀၊ သင်တို့သည် ဆုကျေးဇူးတော်ကို အသီးအသီးခံရကြသည်နှင့်အညီ၊ ဘုရားသခင်၏ အထူးထူးအပြားပြားသောကျေးဇူးတော် ဘဏ္ဍာစိုးကောင်းကဲ့သို့၊ **အချင်းချင်း** ဝေငှ ပေးကမ်းကြလော့။

၃၈/ရှင်ပေတရုဩဝါဒစာပဌမစောင် ၅း၅၊ ထိုမှမက၊ အချင်းချင်း **တယောက်အောက်တယောက်** နှိမ့်ချလျက်နေ၍၊ နှိမ့်ချခြင်းတန်ဆာကို ဆင်ကြလော့။ အကြောင်းမူကား၊ ထောင်လွှားစော်ကားသောသူတို့ကို ဘုရားသခင်ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသောသူတို့အား ကျေးဇူးပြုတော်မူ၏။

၃၉/ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၁း၇၊ ဘုရားသခင်သည် အလင်း၌ ရှိတော်မူသကဲ့သို့၊ ငါတို့သည် အလင်း၌ ကျင်လည်လျှင်၊ **အချင်းချင်း**မိဿဟာယဖွဲ့ခြင်း ရှိကြသည်ဖြစ်၍၊ ဘုရားသခင်၏ သားတော် ယေရှုခရစ်၏ အသွေးတော်သည်၊ ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။

၄၀/ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၁၁၊ သင်တို့သည် ရှေ့ဦးစွာကပင် ကြားရသော တရားစကားဟူမူကား၊ မာရ်နတ်နှင့်ဆိုင်၍ မိမိညီကို သတ်သော ကာဣနကဲ့သို့မဟုတ်၊ ငါတို့သည် **အချင်းချင်း**ချစ်ရကြမည်ဟု လာသတည်း။

၄၁/ရှင်ယောဟန်ဩဝါဒစာပဌမစောင် ၃း၂၃၊ ဘုရားသခင်၏ ပညတ်တော်ဟူမူကား၊ သားတော်ယေရှုခရစ်ကို ယုံကြည်ရမည်။ သားတော် ပညတ်တော်မူသည်အတိုင်း၊ **အချင်းချင်း** ချစ်ရမည်ဟူသော ပညတ်ပေတည်း။

## နောက်ဆက်တွဲ # ၄ – ဓမ္မသစ်ကျမ်းမှ အချိန်ပြည့် အမှုတော် နှင့် ဘဏ္ဍာရေးများ

ခရစ်ယာန်အဖွဲ့တစ်ချို့တွင်၊ "အချိန်ပြည့်အမှုတော်"သည် မြင်နိုင်သည့်ရုပ်ဝတ္ထုအတွက် အမြဲလိုလို အကုန်အကျခံဖို့ ဖြစ်စေခဲ့သည်။ သည်လိုလုပ်ဆောင်မှုနောက်လိုက်ခြင်းက ခရစ်တော်၏ ခန္ဓာကိုယ်ကို ဖျက်ဆီးနေသည်။ ခရစ်တော့် ခန္ဓာကိုယ်၏ အခြားအ သင်းသားများအပေါ်မှာ အချိန်ပြည့်အမှုတော်ဆောင်များမှ သီးသန့်သူတော်စင်အဆင့်သို့ မြှင့်တင်ပေးသည်။ အမှုတော်ဂုဏ်အဆင့်များနောက်လိုက်ခြင်းသည် ယုံကြည်သူအားလုံး၏ အငယ်ဆုံးသောသူဘဝသို့ ရောက်စေခဲ့သည်ဟု တစ်ချို့က စောင်းပြောကြသည်။

ဤရုပ်ဝတ္ထုကလည်း ကျွန်ုပ်တို့၏ အသက်တာမှာ တခြားအလုပ်အားလုံးက "လောကီရေး" သို့မဟုတ် "လောက"နှင့် ပတ်သက်နေသည့်အချိန်မှာ ခရစ်ယာန် အမှုတော်သည် "ဝိညာဉ်ရေး" သို့မဟုတ် "မြင့်မြတ်သော"အလုပ် ဆိုပြီး မှားယွင်းသောဒွာလ်လေးဇီးမ် (dualism)နှင့် မိတ်ဆက်ပေးနေသည်။ ဘာသာရေးဒွါလ်လေးဇီးမ် ဖြစ်ပြီး၊ လောကအမြင် သို့မဟုတ် ဓမ္မသစ်ကျမ်းနားလည်ခြင်းများနှင့် ဘာတစ်ခုမှ လုပ်လုပ်မရပါ။

ကောလောသဲသြစာ အခန်းကြီး၃၊ အငယ် ၂၂-၂၄မှာ အစေခံကျွန်များကဲ့သို့ အလုပ်လုပ်သည့်သူများကို ရှင်ပေါလုက သည်လို ညွှန်ကြားခဲ့သည်၊ "*အစေခံကျွန်တို့၊ သခင်ဘုရားကို ကြောက်ရွံ့လျက်၊ လူတို့၏ စိတ်ကို နှုးညွတ်စေသောသူကဲ့သို့၊ မျက်မှောက်၌သာ နားထောင်သည်မဟုတ်၊ စိတ်နှစ်ခွမရှိဘဲ၊ လောကီသခင်၏စကားကို အရာရာ၌ နားထောင်ကြလော့။ လူ၏အမှုကိုသာ ဆောင်ရွက်သကဲ့သို့မဟုတ်၊ သခင်ဘုရား၏ အမှုတော်ကိုဆောင်ရွက်သကဲ့သို့၊ ပြုလေသမျှတို့၌ စေတနာစိတ်နှင့် ပြုကြလော့။ သင်တို့သည် သခင်ခရစ်တော်၏ အစေကို ခံကြသည် ဖြစ်၍၊ အမွေတော်တည်းဟူသော အကျိုးကို၊ ထိုသခင်ဘုရား၏ လက်တော်မှ ခံရလိမ့်မည်ဟု သိမှတ်ကြလော့။*"

ဂလာတိသြဝါဒစာ ၃း၂၆-၂၈မှာ၊ "*အဘယ်သို့နည်း ဟူမူကား၊ သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏။ ခရစ်တော်၌ ဗတ္တိဇံကို ခံသောသူရှိသမျှတို့သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ ဖြစ်ကြ၏။ ယေရှုခရစ်၌ ယုဒလူမရှိ၊ ဟေလသလူမရှိ၊ ကျွန်မရှိ၊ လူလွတ်မရှိ၊ ယောကျ်ားမရှိ၊ မိန်းမမရှိ၊ ထိုသခင်၌ သင်တို့အပေါင်းသည် တလုံးတဝတည်း ဖြစ်ကြ၏။*"ဟု ရှင်ပေါလုက ပြောသကဲ့သို့ ကျွန်ုပ်တို့အားလုံးက "ခရစ်တော် ၌ တလုံးတဝတည်း" နှင့် ယဇ်ပုရောဟတ်အရာကို ခံယူကြရသောသူများဖြစ်သောကြောင့် ဤကျမ်းချက်က ဓမ္မသစ်ကျမ်း၏ ဆောင်ပုဒ် ဖြစ်လာသည်။

သိုးနှင့်ဆိတ်များတို့သည် ယဇ်ကောင်များ မဟုတ်တော့ပါ။ ကျွန်ုပ်တို့သည် သက်ရှိယဇ်များ(ရောမ ၁၂း၁-၂) ဖြစ်သောကြောင့် ကျွန်ုပ်၏ နေ့စဉ်အသက်တာမှာ ဘာတွေဖြစ်ဖြစ် သူ့ထံသို့ ဆက်ကပ်လျက် ရှိနေပါသည်။ မြင့်မြတ်မှု နှင့် အလေးမထားမှု သို့မဟုတ် ဝိညာဉ်ရေး နှင့် လောကီရေး တို့အကြားမှာ ပိုင်းခြားမှု မရှိပါ။ ခရစ်တော်က သက်ရှိအားလုံးကို ကယ်တင် ခဲ့သည်! ကျွန်ုပ်တို့က ဘာသည်လုပ်လုပ် သူ့အတွက် လုပ်ဆောင်ဖို့ နှင့် နေ့စဉ် ဆက်ကပ် အပ်နှံဖို့ ဖြစ်သည်။

အများအပြားက ဂုဏ်အဆင့်ကို လိုက်ဖို့ နှင့် မြင်တွေ့စေဖို့ ငွေကြေးအတွက် အမှုတော်ဆောင်ကြသည်။ အမှုတော်သည် ကျွန်ုပ်တို့၏ သက်သေ မဟုတ်ပါ။ ယေရှုက အလျှုဖြင့် ၎င်းအမှုတော်မျိုးကို လက်မခံဘူး။ မှားယွင်းသောအကြောင်းများနှင့် အမှုတော်ဆောင်ခဲ့ခြင်းသည် လက်ခံနိုင်သည့်အပ်နှံမှု မဟုတ်ပါ။ ၎င်းက အသက်တာကိုဆက်ကပ်သလိုလက်ခံလို့ရကြောင်းကို ဖော်ပြသည့် ဆောင်ရွက်ပြီးအကြောင်းမျိုး မဟုတ်ပါ။ ဆက်ကပ်ခဲ့သည့်သူနှင့် လုပ်ဆောင်ခဲ့ပြီးသည့်အကြောင်း တို့၏ ဗဟိုချက်မ ဖြစ်သည်။ ခေါ်တော်မူခြင်းမှာ သစ္စာရှိသောကြောင့် ဆုကို ပေးခဲ့ကြသည်။ အငယ်ဆုံးသောသူကို အစေခံခြင်းသည် ယေရှုကို အစေခံခြင်း ဖြစ်သည်။ ကောင်းကင်နိုင်ငံတော်သည် နိုင်ငံတော်ကို မှောက်လန်မည့် ပထမက နောက်ဆုံး ဖြစ်လာပြီး၊ နောက်ဆုံးက ပထမဖြစ်လာရမည့်နေရာ ဖြစ်သည်။ အငယ်ဆုံးသောသူကို သစ္စာရှိစွာအစေခံသည့် မသိဖူးသောပုဂ္ဂိုလ်သည် စာအုပ်များဖြင့် လူအများအပြားကို လွှမ်းမိုးသည့် နာမည်ကျော်ကွန်ဖရင့်တရားဟောဆရာထက် ကြီးမားသောဆုလာဘ်ကို ရရှိမည် ဖြစ်ပါသည်။

တရားဝင်အလုပ်အားလုံးသည် အမှုတော်မြတ် ဖြစ်၏! ဘယ်သူ့အမှုတော်က အရေးကြီးဆုံး ဖြစ်သနည်း? ဟောပြောသူလား သို့မဟုတ် ချက်ပြုတ်သူလား? ဟောပြောသူလား သို့မဟုတ် အိမ်သာများကို သန့်ရှင်းရေးလုပ်သည့် တယောက်လား? ချက်ပြုတ်သူများ၊ သန့်ရှင်းရေးသမားများ နှင့် မှောင်းနှင်သူများ မပါရှိလျှင် ဆွေးနွေးပွဲ ဖြစ်မြောက်နိုင်မည် မဟုတ်ပါ။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ခန္ဓာကိုယ် ဖြစ်ကြသည်။ ယဇ်ပုရောဟိတ်အရိပ်အရာအားလုံး ရှိကြပြီး တယောက်ကိုတယောက် အစေခံမှု မရှိကြလျှင် ယေရှု၏ နိုင်ငံတော်ကို တိုးတက်စေနိုင်မည် မဟုတ်ပေ။

ယေရှုက လူသားကြိုးပမ်းမှု ဧရိယာတိုင်းမှာ သူ့အသက်သာကို စိမ့်ဝင်စေလိုသောကြောင့် ကျွန်ုပ်တို့အားလုံးက နှုတ်ကပတ်တော်သည် အသက်ဖြစ်စေသည်ကို တွေ့ရမည် ဖြစ်ပေသည်!

**က/သို့ရာတွင်၊ ဓမ္မသစ်ကျမ်းက သတင်းကောင်းနှင့် အသက်ရှင်ခဲ့သည့်သူများကို ဖော်ညွှန်းသည်။ ၎င်းက သူတို့၏"အခွင့်အရေး" ဖြစ်ပြီး သခင်ဘုရားက ၎င်းနှင့် မိန့်မှာခဲ့သည်။**

၁/ရှင်လုကာခရစ်ဝင် ၈း၁-၃သည် ချမ်းသာသည့်အမျိုးသမီးအဖွဲ့၏ ကိုယ်ပိုင်ငွေဖြင့် သူတို့ကို ဖြည့်ဆည်းပေးသောကြောင့် ယေရှု နှင့် သူတပည့်တော်များ ကိုယ်၌က လိုအပ်မှုကို အထောက်အပံ့မယူဘဲ ခရီးပြုခဲ့ကြကြောင်းကို ကျွန်ုပ်တို့အား ပြောနေသည်။

၂/တမန်တော်ဝတ္ထု ၆း၁-၇သည် တမန်တော်များအဖွဲ့ နှင့် သင်းထောက်လူကြီးများအား အသင်းတော်တစ်ခုလုံး၏ ပေးကမ်းခြင်းဖြင့် လိုအပ်သမျှဖြည့်ဆည်း ထောက်ပံ့ခဲ့ကြောင်းကို ပြောသည်။

၃/ကောရိန္သုဩဝါဒစာပဌမစောင် ၉း၇-၁၄သည် *ဝိညာဉ်ရေးတန်ဆာများနှင့်* အမှုတော်ဆောင်ပြီး *ရုပ်ဝတ္ထုပစ္စည်းများကို* ပြန်ရလိုသည့်သူများ၏ အခွင့်အရေးကို ဖော်ညွှန်းလျက် *ဧဝံဂေလိတရားကို ဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေရမည်အကြောင်း၊ သခင်ဘုရားက ပညတ်တော်မူခဲ့သည့်အကြောင်းနှင့်* အဆုံးသတ်သည်။ ဤအကြောင်းက ယေရှု လုပ်ဆောင်ခဲ့သည့်အကြောင်း နှင့် သူကဲ့သို့ ခရီးသွားသည့်သူများအတွက် သာမန် မိန့်မှာသည့်အကြောင်း ဖြစ်ပြီး ရှင်ပေါလုကလည်း ထာဝရဘုရား၏ နိုင်ငံတော့် သတင်းကောင်းကို ဟောကြားခဲ့ပါသည်။

၄/ကောရိန္သုဩဝါဒစာဒုတိယစောင် ၁၁း၉သည် ရှင်ပေါလု ကောရိန္သုမှာနေစဉ် မာကေဒေါနိပြည်မှလာသည့် ညီအစ်ကိုများက သူ့လိုအပ်သည့်အရာများကို သိလျက် ကူညီသည့်အကြောင်းကို သက်သေခံခြင်း ဖြစ်သည်။ ဧဝံဂေလိတရားနှင့် အသက်မွေးဖို့ သူ့လုပ်ပိုင်ခွင့်ကို လက်တွေ့အသုံးချခဲ့သည်။

၅/ဖိလိပ္ပိဩဝါဒစာ ၄း၁၀-၁၅သည် သူ့အပေါ် ဖိလိပ္ပိလူတို့ကသစ္စာရှိဖို့အတွက် မိန့်မှာပြီး ပေးကမ်းခြင်း နှင့် ရယူခြင်းမှာ သူနှင့် မျှဝေသည့် အသင်းတော်များ၏ အပြင်ဘက်မှာ သူတို့တည်း ဖြစ်ကြောင်း အပေါ်မှာ သူတို့ကို ချီးမွမ်းပါသည်။

၆/တိမောသေဩဝါဒစာပဌမစောင် ၅း၁၇-၂၀သည် ကောင်းမွန်စွာ အုပ်၍ သွန်သင်တတ်သည့် သင်းအုပ်များကို အလျှုန့်စ်ဆခံထိုက်သည့်အကြောင်းကို ပြောသည်။ တစ်ချို့က ဒေသခံ သင်းအုပ်ဆရာများကို လစာပေးကမ်းခြင်းသို့ ရည်ညွှန်း ပြောနေကြသည်။ ရှင်လုကာခရစ်ဝင် ၁၀သို့ တဖန် ပြန်လည် ကြည့်ရှုလေ့လာကြပါစို့။ အိမ်မှာ ဝတ်ပြုကြသည့်အဖွဲ့က ဘာကြောင့် လာစာ လိုအပ်မည်နည်း သို့မဟုတ် သူတို့၏ ဂိုဏ်းချုပ်/သိုးထိန်း/သင်းထောက်/သင်းအုပ်ကို လစာ ပေးဖို့ လိုမည်နည်း? ဘာကြောင့် သူတို့ကို သည်လို လုပ်စေချင်သနည်း?

အိမ်အသင်းတော်ခေါင်းဆောင်ဖြစ်သည့် သင်းတော်လူကြီးများက သူတို့မိသားစုများ၊ မိတ်ဆွေများနှင့် အလုပ်ကောင်းကောင်းလုပ်ခဲ့ကြောင်း၊ သူတို့မိသားစု၏ တဖက်ကမ်းကို ကျော်လွန်၍ သူတို့၏ အိမ်အသင်းတော်ကို အစေခံနိုင်မည့်အကြောင်းတို့ကို ကျွန်ုပ်တို့က သိနေကြလျှင် ထိုအတွေးအမြင်က ဖြစ်ထွန်းဖို့ အစပြုရမည် ဖြစ်ပါသည်။ အိမ်အသင်းတော်အသစ်များ အစပြုမှုကို ကူညီဖို့၊ သင်ကြားပေးဖို့၊ နှင့် အကြံပေးဖို့ သူတို့က ခရီးထွက်ကြပါတော့သည်။ လှည့်လည်သွားလာသောအစေခံများက သူတို့၏ ကျွမ်းကျင်မှုများနှင့် အလုပ်မလုပ်နိုင်ကြဘဲ၊ ယခင်ကကဲ့သို့ ရောင်းဝယ်ဖောက်ကားလျက် သတင်းကောင်းနှင့် အသက်မွေးဖို့ သူတို့၏အခွင့်အရေးကို အသုံးချဖို့ လိုအပ်ကြပါသည်။

သို့ရာတွင်၊ အိမ်အသင်းတော် လှုပ်ရှားမှုများကို အမြန်တိုးတက်ခြင်း၏ အတည်လက္ခဏာများမှ တစ်ခုသည် ဒေသခံခေါင်းဆောင်များက ကိုယ့်ကိုယ်ကို ထောက်ပံ့ခြင်း ဖြစ်ပြီး၊ အနည်းဆုံး တစ်ဝက်တစ်ပျက်မှာ ကိုယ့်စရိတ်နှင့် ခရီးပြုသည့် ခေါင်းဆောင်များလည်း အမြဲလိုလို အများဆုံး ဖြစ်သည်။ သင်ပြောသလိုပြောဖို့ကို အခပေးစေဖို့ သင်က သတိမမိလျှင် သင့်တရားများသည် ကိုယ်ကျင့်နှင့် အနည်းငယ်ပတ်သက်သောအမိန့်သာ ဖြစ်တော့မည်။ သင်က သင့်ကိုယ်ပိုင်အကုန်အကျခံ တရားဟောလျှင် သင့်တရားများက သာ၍ကြီးမြတ်သော ဩဇာ ရယူမည် ဖြစ်သည်။ သင်သည် သင်ပြောသည့်အကြောင်းကို ယုံကြည်မှု ရှိရမည်!

ထို့အပြင် သင့်ကိုယ်ကို ထောက်ပံ့မှု ရယူ၍ လှုပ်ရှားမှုက ရိတ်သိမ်းသည့်နေရာ သာမန်လောကမှာ သင့်ပါဝင်လုပ်ဆောင်မှုကို ထိန်းထားပါ။ ထိုကြောင့် ခေါင်းဆောင်အများအပြားသည် ခရစ်ယာန်တည်းနေထိုင်သည့်ရပ်ကွက်မှာ သီးခြားနေပြီး သူတို့ကို သူတို့ တရားဟောလျက် အမိန့်နှင့် ဦးဆောင်ပြီး၊ သူတို့ ပြောသည့်အရာအတိုင်း ပြုမူလျက် တစ်ထပ်တည်း လုပ်ဆောင်နေကြသည်။ သူတို့က သာမန်အသက်တာမှာ အသီးသီးခြင်းဖြင့် စီရင်ဖို့ တာဝန် မရှိပါ။

ရှင်ပေါလုက ကိုယ့်ကိုယ်ကို ထောက်ပံ့သည့် အစေခံ စံပြ ခေါင်းဆောင် ဖြစ်သည်။

## ခ/ရှင်ပေါလု၏ စံနမူနာ နှင့် သွန်သင်ခြင်းတို့နှင့် ပတ်သက်၍ သတင်းကောင်းနှင့် အသက်မွေးဖို့ သူ့အခွင့်အရေးကို အသုံးချဖို့ အကြာခဏ ငြင်းဆန်ခဲ့ကြောင်း. . .

၁/တမန်တော်ဝတ္ထု ၂၀း၂၆-၃၅သည် ဧဖက်အသင်းတော်လူကြီးများကို နောက်ဆုံးပေးသည့်မိန့်ခွန်း မှတ်တမ်း ဖြစ်ပြီး၊ သူ့သွန်သင်ချက် နှင့် ဥပမာတို့၌ သုံးသည့်စကားများမှာ လွန်စွာရင်ဆိုင်မှု ရှိသည်။ သူ့အဖွဲ့ နှင့် သူ့ကို ထောက်ပံ့ဖို့ သူ့လက်များနှင့် အလုပ်လုပ်သောကြောင့် တစ်ယောက်၏ ဥစ္စာကို မလိုချင်ခဲ့ပါဟု ဖော်ပြပြီး သည်လိုပြောပါသည်၊ ထိုသို့ *သင်တို့သည်လည်း အလုပ်လုပ်၍ အားနည်းသောသူတို့ကို မစရမည်ကိုင်၊ "အစွန့်အကြံခံ*

*ခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍ မင်္ဂလာရှိသည်”ဟု သခင်ယေရှု မိန့်တော်မူသောစကားတော်ကို အောက်မေ့ရမည်ကိုငှင်း၊ အရာရာ၌ သင်တို့အား ငါပြပြီ။*

တခြားသူများက ယေရှုနောက်ကို လိုက်လာကြဖို့ ဦးဆောင်မည့်သူများအတွက် သူက သူ့အသက်တာကို စံပြအဖြစ် တင်ပြထားသည်။ သူလုပ်ဆောင်ခဲ့သည့်အတိုင်း ဧဖက်သင်းထောက်များက သူ့ စံ နှင့် လုပ်ဆောင်မှုတို့ကို လိုက်လျှောက်လာကြမည်ဟု သူက မျှော်လင့်ပါသည်။ အချိန်တိုင်းအတွက် သင်းထောက်အားလုံး၏ စံပြ ဖြစ်ပါသည်။ ကွန့်ဖရင့်မှာ သင်တို့က လုံး၀ မကြားဖူးသည့် သမ္မာကျမ်းစာမှ ငွေရေးကြေးရေးအများအကြောင်းလည်း ဖြစ်သည်!

၂/ကောရိန္သုသြဝါဒစာပဌမစောင် ၄း၁၂သည် *ကျွန်ုပ်တို့က ကိုယ်လက်နှင့် ပင်ပန်းစွာလုပ်ဆောင်ရသောသူ ဖြစ်ကြ*၏ဟု ရှင်းရှင်းလင်းလင်း ဖော်ပြသည်။ ရှင်ပေါလုက ကောရိန္သုများကို သူ့ ချစ်ခြင်း နှင့် ဂရုစိုက်ခြင်း အထောက်အထားအဖြစ် နှင့် သူတို့၏ဖခင် ဖြစ်ခြင်းကို သက်သေပြခြင်းအဖြစ် တင်ပြခဲ့သည်။

၃/ကောရိန္သုသြဝါဒစာပဌမစောင် ၉း၁-၁၉သည် တခြားတမန်တော်များက မိန်းမယူပြီး ဧ၀ံဂေလိနှင့် အသက်မွေးဖို့ သူတို့၏ အခွင့်အရေးများကို အသုံးချခဲ့ကြသည့်အကြောင်းကို ရှင်ပေါလုက ဖော်ညွှန်းသည့်အကြောင်း ဖြစ်သည်။ သူ နှင့် ဗာနဗတို့က ဧ၀ံဂေလိမှ သူတို့ အခွင့်အရေးများကို အသုံးမချကြောင်း နှင့် သူတို့ကို သူတို့ ထောက်ပံ့ဖို့အတွက် နှင့် *ခရစ်တော်၏ ဧ၀ံဂေလိတရားကို ဆီးတားခြင်းအကြောင်း မရှိစေခြင်းအတွက်* ဆက်လက်အလုပ်လုပ်ခဲ့ကြကြောင်း တဖန် ဖော်ပြထားသည်။ ကောရိန္သုများထံမှ ငွေကြေးလက်ခံခြင်းက ဧ၀ံဂေလိကို ဘယ်လို အဆီးအတားဖြစ်စေနိုင်မည်နည်း? အလွန်ရိုးရှင်းပါသည်၊ သူတို့ဆီက အရာတစ်ခုခု ရဖို့ မျှော်လင့်ချက်နှင့်ပဲ လာကြောင်း သူ့ကို သူတို့ စွပ်စွဲမည် ဖြစ်သည်။

၄/ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၁း၇-၉သည် ကောရိန္သုများဆီကို ရှင်ပေါလုက စွပ်စွဲခြင်းမဲ့ တရားဟောလျက် သူ့ကိုသူ သူတို့အတွက် ၀န်ထုပ် မဖြစ်စေသည့် ပကတိသဘောဖြင့် သူ့ကိုယ်ကျင့်သြဇာ၏ အပိုင်းကို မှတ်တမ်းတင်သည်။

၅/ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၂း၁၃သည် ရှင်ပေါလုက သူ့ကိုသူ ကောရိန္သုများအတွက် ၀န်ထုပ် မဖြစ်စေသည့်အကြောင်း နောက်တဖန် မှတ်တမ်းထားသည်။

၆/ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၂း၁၄သည် *သားသမီးတို့သည် မိဘအတွက် ဥစ္စာကို ဆည်းဖူးရသည် မဟုတ်။ မိဘတို့သည် သားသမီးတို့အတွက် ဆည်းဖူးရသည်*၊ဟု ပကတိသဘောမှာ ၀န်ထုပ်မပေးခြင်း၏ ဆိုလိုရင်းကို ထပ်ပြောသည်။ “တမန်တော်ဖခင်များ”ဟု သူတို့ကို သူတို့ ခေါ်ကြသည့်သူများ နှင့် သူတို့သားများက ဆယ်ဖို့တစ်ဖို့ ပေးဖို့ လိုသည်ဟု သွန်သင်သည့်သူများသည် သူတို့၏ သမ္မာကျမ်းစာများကို တော်ရုံနှင့် မဖတ်ကြပဲလျက် လောဘဖြင့် လူများအား နှိုးဆော်ခြင်းကို သူတို့ကိုယ်တိုင် ဖော်ပြကြသည်။ ရှင်ပေါလု ဖြစ်စေချင်သော တမန်တော်များ မဟုတ်ကြပါ။ ရှင်ပေါလုအဆိုအရ သူတို့သည် မှားယွင်းသောတမန်တော်များသာ ဖြစ်ပါသည်။

၇/ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၂း၁၇-၁၈သည် ငွေကြေးအကြောင်းများ ပါလာသောအခါ ရှင်ပေါလု၏ အဖွဲ့က သူလျှောက်လှမ်းသကဲ့သို့ လျှောက်ခဲ့ကြသည့်အကြောင်းအား ကျွန်ုပ်တို့ကို သိနားလည်စေသည်။ တခါတရံ အမှုတော်၌ ဦးဆောင်သူသည် ငွေကြေးအကြောင်းများ ပြောမည် မဟုတ်သော်လည်း သူ့ကိုယ်စား အဖွဲ့ထဲမှ တစ်ယောက်ကို ပြောစေမည် ဖြစ်သည်။ ငွေကြေးအကြောင်းပြောခြင်းမှာ သူ့ကိုသူ ထိန်းလိုပါသည်။ ရှင်ပေါလုသည် သည်လို မလုပ်ခဲ့ပါ။ သူ့အဖွဲ့သားများအားလုံးကိုလည်း သူ့စံများ နှင့် ဆက်ကပ်မှုများကို ၀ေမျှခြင်းအကြောင်း ဟောဖို့ ညွှန်ပြခဲ့သည်။

၈/သက်သာလောနိတ်သြဝါဒစာဒုတိယစောင် ၃း၆-၁၂သည် အလွန်ရိုးရှင်းသောလမ်းညွှန်ချက် ဖြစ်သည်။ ရှင်ပေါလုက အလုပ်မလုပ်ခြင်းကို ဆိုလိုသည့် *စည်းမဲ့ကမ်းမဲ့* လျှောက်သွားသော ညီအစ်ကို တစ်ယောက်ယောက်ထံမှ ထွက်သွားဖို့ သူတို့ကို အကြံပေးသည်! ဧ၀ံဂေလိတရားဖြင့် အသက်မွေးဖို့ သူ့အခွင့်အရေးကို ဖော်ပြသော်လည်း သူ့လုပ်ဆောင်မှုစံနှင့် ကူမခဲ့ပြီး သူ့စံကို သူတို့က လိုက်လျှောက်ဖို့ တောင်းဆိုသည်။ နိဂုံးကဘယ်လိုလည်း? “တယောက်ယောက်က အလုပ် လုပ်မည် မဟုတ်လျှင်၊ သူက စားစရာ ရှိမည် မဟုတ်ပါ။”

## ဂ/မှားယွင်းသောတမန်တော် နှင့် ပရောဖက်များကို သူတို့ ငွေကြေးနှစ်သက်ခြင်းက ဖော်ပြသည်. . .

ရှင်ပေါလုသည် တမန်တော် နှင့် ပရောဖက်များ၏ ငွေကြေးဘက်မှာ မှားယွင်းသည့်အပြုအမူအကြောင်းကို ဖော်ပြခြင်းမှာ အလွန်မာန်ပါခဲ့သည်။ ဤအခြေအနေမှာ၊ တခြားခေါင်းဆောင်များသို့ စံထားဖို့ အလုပ်လုပ်ခြင်းအကြောင်းကို တွင်တွင်ငြင်းနေသည့်အချက် အံ့သြစရာ မရှိပါ။

ယုဒခေါင်းဆောင်များ၏ ငွေကြေး၊ ဂုဏ်သိမ်အဆင့်၊ နှင့် လေးစားမှုတို့ နှစ်သက်ခြင်းကြောင့်သော်ငှင်း၊ လူများ၏ ပုခုံပေါ်မှာ ၀န်များပြည့်စေပြီး မဖို့ သူတို့ကိုယ်တိုင်

မကူညီသည့်အကြောင်းသော်၎င်း(မဿဲ၊ ၂၃း၄)၊ ၎င်းဝန်ထုပ်၏ အကြီးဆုံးအပိုင်းသည် ငွေကြေး ခေါင်းပုံဖြတ်အမြတ်ထုတ်သည့်အကြောင်းသော်၎င်း ယေရှုက ရှုတ်ချသည်။

ကမ္ဘာတဝှမ်းရှိ ဗိမာန်တော် စနစ်များ နှင့် ယဇ်ပုရောဟိတ်အားလုံးသည် သူတို့ဆီကို လာသည့်သူများအပေါ်မှာ ကြီးမားသော ငွေကြေးဆိုင်ရာ ဝန်ထုပ်ကို တင်သည်။ ဘာသာရေးက လူများ၊ အထူးသဖြင့် ဆင်းရဲသားများကို ငွေနှင့် အမြဲ ဖိနှိပ်နေသည်။ ရှင်ပေါလုက ၎င်းအပိုင်းကို မနှစ်သက်ပါ။ ယေရှုကဲ့သို့ ငွေကြေးအတွက် အမှုတော်ဆောင်သူများကို သူ ရှုတ်ချခြင်းက အလွန်ရှင်းပါသည်။ သူ့ကိုသူ ထောက်ပံ့ဖို့ နေ့၊ ည အလုပ်လုပ်ခြင်းဖြင့် သူသည် လောဘကို နိုးဆွသည့်သူများမှ သူကိုယ်တိုင် ထွက်သွားဖို့ ဆုံးဖြတ်ချက်ချခဲ့သည်။ ထာဝရဘုရား၏ နှုတ်ကပတ်တော်ကို ရောင်းစားခြင်းနှင့် သူ့ကို စွပ်စွဲဖို့ တယောက်ယောက် ကဏ္ဍများကို ပေးခြင်းထက် တကယ် ဒုက္ခခံခဲ့သည်။

ရှင်ပေါလုအချိန်မှာ ထိုအကြောင်းက အမှန်ဖြစ်ခဲ့လျှင်၊ ငွေကြေးအတွက်ဘဲ ခရစ်ယာန်ခေါင်းဆောင်တိုင်းက အလုပ်လုပ်သည်ဟု တစ်လောကလုံးက ထင်ကြသည့်အချိန်မှာ ပိုပြီး များပြားမည် ဖြစ်ပါသည်။ စာအုပ်များကို အားပေးစေပြီး၊ ဘာသာရေးနှင့်ဆိုင်သည့်အပေါ်စားလက်ဝတ်တန်ဆာများကို ရောင်းစားလျက် သင်တို့ ဝတ်သည့် ရိုလက်စ် နာရီများ နှင့် ဒီဇိုင်းကောင်းသည့် ဝတ်စုံများကို ပေးကမ်းမှုပဲ ကောင်းကြီး အဆ ၁၀၀ ရမည် ဖြစ်ကြောင်း လိမ်ပြောကြသည်။ သို့ရာတွင်၊ ထာဝရဘုရား၏နှုတ်ကပတ်တရားတော်ကို နှစ်သက်သည့်သူများက ၎င်းကို ရောင်းစားမည် မဟုတ်ပေ။

၁/ကောရိန္သုသြဝါဒစာဒုတိယစောင် ၁၁း၁၃-၂၀သည် *မိစ္ဆာတမန်တော်များကို* တိုက်ရိုက်ဖော်ညွှန်းသည်။ *သူတပါးသည် သင်တို့ကို ကျွန်ခံစေခြင်း၊ ရောင်း၍ စားခြင်း၊ ဥစ္စာကို လုယူခြင်း၊ ရန်တွေ့ခြင်း၊ ပါးပုတ်ခြင်းကို ပြုလျှင်* စသည်ဖြင့် ရိုင်းစိုင်းသောအပြုအမူများသည်းညည်းခံစေခြင်းဖြင့် ရှင်ပေါလုက ကောရိန္သုများကို စွပ်စွဲသည်။ ထိုအပြုအမူများသည် သူတော်စင်များကို မိစ္ဆာတမန်တော်တို့၏ ထိန်းချုပ်မှုအောက်မှာ ထားပြီး ငွေကြေးအတွက် သူတို့ကို ကျွမ်းကျင်စွာ ကိုင်တွယ်လျက် သူတို့၏ သေးငယ်သော နိုင်ငံတော်များကို တည်ထောင်ဖို့ အသုံးပြုကြသည်။

၂/တိမောသေသြဝါဒစာပဌမစောင် ၆း၃-၁၀သည် *ဘာသာရေးကိုင်းရှိုင်းခြင်းသည် ရယူခြင်းကို ဆိုလိုသည်ဟု* ယူဆစေသည့် မိစ္ဆာဆရာများအကြောင်းကို တိမောသေသို့ ရှင်ပေါလုက ပြောခြင်း ဖြစ်သည်။ ထို့နောက် သူတော်စင်များသို့ သူ့ပညတ်ချက်သည် ၎င်းမိစ္ဆာဆရာများကို ဘယ်ချိန် ပြန်တွေ့မည်နည်း? *၎င်းအရာများမှ ကိုယ်တိုင် ရှောင်ထွက်ပါ*။ ဤရပ်တည်ချက်ဖြင့် ကျွန်ုပ်တို့သည် တီဗွီပေါ်မှာ ထိုတရားဟောချက် အများဆုံးမှ နှင့် နားခံမှုနှင့်သစ္စာရှိမှုတို့နှင့် သက်သေပြခြင်းဖြင့် ကြွယ်ဝခြင်းကို ဟောပြောနေသည့်သူများအားလုံးမှ ကျွန်ုပ်တို့ကိုယ်တိုင် ကင်းဝေးနေဖို့ လိုပါသည်။

၃/တိတုသြဝါဒစာ ၁း၁၁သည် *ထိုသူတို့၏ ပါးစပ်ကို ပိတ်ရမည့်သူ၊ မရိုးမသားရယူဖို့အလို့ငှါ မထိုက်သည့် သူတို့၏ သွန်သင်သည့်အရာများ၊ အိမ်သူအိမ်သားလုံးကို ဝင်နှောက်သူတို့သည်* မိစ္ဆာဆရာများ ဖြစ်မည်ဟု တိတုကို ရှင်ပေါလုက သင်ပေးခြင်းအကြောင်းကို မှတ်တမ်းထားသည်။ ဟုတ်ပါသည်၊ ရုပ်မြင်သံကြား တရားဟောဆရာများက သမ္မာကျမ်းစာကို အသုံးပြုကြသည်။ ဟုတ်ပါသည်၊ သူတို့ကိုသူတို့ ခရစ်ယာန်များဟု ခေါ်ကြသည်။ ဟုတ်ပါသည်၊ သူတို့က အရမ်း အောင်မြင်ဟန်ရှိသည်။ သို့သော် ရှင်ပေါလုက သူတို့၏ *ပါးစပ်များကို ပိတ်ရမည်ဟု* ပြောထားသည်။ ဘာကြောင့်ဖြစ်သနည်း? သူတို့အားလုံး၏အဓိက ရည်ရွယ်ချက်သည် ငွေကြေး ရရှိဖို့ လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

၄/ရှင်ပေတရုသြဝါဒစာပဌမစောင် ၅း၂-၃သည် မရိုးမသားရယူ ဖို့ မဟုတ်ဘဲ. . . သင့်ဆီ*သို့အပ်နှံသည့်သူများအပေါ် အုပ်စိုးဖို့မဟုတ်ဘဲ၊ သိုးစုရှေ့မှာ ပုံ သက်သေပြဖို့ ဖြစ်တည်ခြင်းကို* ထာဝရဘုရား၏ လူများအား ဆန္ဒပြင်းပြစွာ အစေခံဖို့ သိုးတော်စုများကို ခေါ်နေပါသည်။ နောက်တဖန် *ထာဝရဘုရားက ဝါကြွားခြင်းကို ခုခံသော်လည်း နှိမ့်ချသော သူတို့ ကျေးဇူးပြုသည့်* အံ့မခန်းဖော်ပြချက်ကို သဘောပေါက်ပြီး လောဘ နှင့် ထိန်းချုပ်မှုတို့က ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကို မှားယွင်းစေသည့် ဘဘောရှိသည်။ ထာဝရဘုရားက ဝါကြွားခြင်းကို ဘယ်လောက် ခုခံသနည်း? ကြိယာမှာ ကြိယာပုဒ်စု မရှိပါ။ “ဝါကြွားခြင်းကို ဆန့်ကျင်တိုက်ခိုက်သည်”ဟု ဖတ်ရသည်။ ကျွန်ုပ်ကို ထာဝရဘုရားက ဆန့်ကျင် မတိုက်ခိုက်စေလိုပါ!

၅/ရှင်ပေတရုသြဝါဒစာဒုတိယစောင် ၂း၃နှင့်၄သည် အငမ်းမရဖြစ်ခြင်းက မှားယွင်းခြင်းကို သက်သေပြသည့် သိသာထင်ရှားသောကြေငြာချက်များ ဖြစ်သည်။ ဤအရာက ဘယ်လောက် လုပ်နိုင်မည်နည်း? ခေါင်းဆောင်တစ်ယောက်သည် သေချာသောကားမျိုး ရှိသည် သို့မဟုတ် ရုံးမှာ သေချာသောပရိဘောဂများရှိပြီး နောက်တစ်ယောက်ကလည်း ၎င်းကို လိုချင်သည်။ ဤအကြောင်းက “ဇဝံဂေလိကို ပျံ့နှံ့စေခြင်း”အကြောင်း မဟုတ်ပါ။ ၎င်းက လိမ်လည်ခြင်း ဖြစ်သည်။ အငမ်းမရဖြစ်ခြင်းအကြောင်း ဖြစ်သည်။

ကျော်ကြားသောခရစ်ယာန်ခေါင်းဆောင်ဖြစ်ပြီးနောက် ထင်ရှားသောခရစ်ယာန်ခေါင်းဆောင်ဖြစ်ခြင်းကြောင့် ဝါကြွားခြင်းကို ထာဝရဘုရားက ဘယ်လောက် ဆန့်ကျင်တိုက်ခိုက်ကြောင်းကို ထင်ရှားစွာပြသည့် ငွေကြေးပိုင်း နှင့် လိင်ပိုင်းမကောင်းသတင်းများမှာ ဖော်ပြခဲ့ပေသည်။ သူက မကောင်းဆိုးဝါးသုံးပါးတစ်ဆူ၏ လမ်းကြောင်းအတိုင်း ရှိစေသည်။ ပထမက ဘဝမာန၊ ရာထူးမာန၊ ထူးချွန်မှုမာန နှင့် အစွမ်းအစမာန တို့ဖြစ်သည်။ ထို့နောက်

အမြင်နှင့် တပ်မက်ခြင်းက အလိုပြည့်စုံစေဖို့ အစပြုလာသည်။ ကျွန်ုပ်တို့က ကျွန်ုပ်တို့ လိုချင်သည့်အရာကို ရနိုင်သည်။ ထာဝရဘုရား လူများ၏ ငွေကြေးက စီမံခန့်ခွဲရေးနေပုံကို မတည်ဖို့ အလွဲသုံးစေခဲ့သည်။ ထို့နောက် ၎င်းက အတွေးသားတပ်မက်ခြင်း နှင့် လိင်ပိုင်းအပြစ်(သုတ္တံကျမ်း ၂၂း၁၄) တို့ဖြစ်သည်။ ကျွန်ုပ်လိုချင်သည့်အရာကို ကျွန်ုပ် ရနိုင်လျှင် မိန်းမသို့မဟုတ် ယောက်ျား တစ်ယောက်ယောက်ကို ဘာကြောင့် မရနိုင်မှာလည်း?

ရှင်ပေါလုက တိမောသေဩဝါဒစာပဌမစောင် ၅း၁၇-၂၁မှာ အသင်းထောက်များ နှင့် သူ့ဆက်ဆံရေးအကြောင်းကို တိမောသေအား ညွှန်ကြားသည့်အခါ ရယူခြင်း စွပ်စွဲမှုများ နှင့် ထိုအပြစ်ထဲက အပြစ်တင်ခြင်း တို့ကြားမှာ သူက ညီမျှစေသည်။ စွပ်စွဲချက်များသည် ပုဂ္ဂိုလ်တစ်ယောက်ဆီမှပဲ မရရှိခဲ့ပါ။ သို့ရာတွင်၊ အပြစ်ကျူးလွန်ဖို့ ရှာနေသည့် ထိုခေါင်းဆောင်များအား တိမောတေက *ကျန်သည့်သူအားလုံးလည်း ကြောက်ရွံ့နိုင်ဖို့ သူတို့ရှေ့မှာ ပြစ်တင်* စေခဲ့သည်။

ကျွန်ုပ်တို့သည် ထင်ရှားသောခေါင်းဆောင်များနှင့် အမှုတော်မြတ်မှာ သူတို့ကို ပတ်ဝန်းကျင် ထိုသူများဖြင့် ဖုံးလွှမ်းနေသည့် ပိုပိုပြီး ပြင်းထန်သောအပြစ်ကို မြင်တွေ့နေရပါသည်။ လောဘ နှင့် ငွေကြေးအကြောင်းကို ရင်ဆိုင်ဖို့ နှင့် ကြပ်မတ်ဖို့ ရှာသည့်သူ တစ်ယောက်ယောက်ရှိလျှင် သူတို့က ဘာသာရေးမှာ ဝိညာဉ်အားနည်းမှု နှင့် စီရင်ပိုင်ခွင့် ရှိသည်ဟု ပြောစေမည် ဖြစ်သည်။ တစ်ယောက်က လိင်ပိုင်းအပြစ်ကို ရင်ဆိုင်ဖို့ ရှာလာလျှင် သူတို့က ညှာတာမှု နှင့် ကယ်တင်ခြင်း မရှိပါဟု ပြောမည် ဖြစ်သည်။ နောက်ဆုံးမှာ လောကသည် လဲကျသောတစ်ယောက်ကို ပြန်လည်ကယ်တင်နိုင်ဖို့ အစွမ်းအစ လိုမည် ဖြစ်ပါသည်။ အပြစ်တင်ခြင်း နှင့် ကြောက်ခြင်း မရှိပါ။ ဖျော်ဖြေမှုကို ဆက်လက် လုပ်ဆောင်နိုင်မည့်တွန်းအားပေးမှု နှင့် အပြစ်တို့အတွက် ဖြောင့်မတ်ခြင်း တစ်ခုတည်း ရှိပါသည်။

"ခရစ်ယာန်"မီဒီယာ အများဆုံးသည် *မရိုးမသားရယူခြင်းအတွက် မထိုက်သည့်အရာများကို* ပြောဖို့ လူများအတွက် အခွင့်အရေးဖန်တီးခြင်းမှာ အလွန်ကောင်းကြပါသော်လည်း တပည့်တော်များ ဖြစ်ထွန်းစေခြင်းမှာ အလွန် အားနည်းပါသည်။ မီဒီယာသည် ပရိသတ်ဖြစ်စေခြင်း နှင့် ငွေကြေးကို အခြေခံခြင်းတို့မှာ ကောင်းသော်လည်း ယေရှု၏ နောက်လိုက်ဖို့ ဆက်ကပ်မည့်သူများ ဖြစ်ထွန်းစေခြင်းမှာ အလွန်အားနည်းနေသည်။ ယေရှုသည် သူ့အမှုတော်တစ်ခုလုံးကို တပည့်တော်ဆယ့်နှစ်ဖော်သို့ အပ်နှံခဲ့ပြီး၊ မျက်နှင်ချင်းဆိုင် ဆက်ဆံရေးများအားဖြင့် သူ့အမှုတော်ကို တိုးပွားဖို့ သူတို့ကို ယုံကြည်ခဲ့ပါသည်။ သူက အစီအစဉ်ဘီ(B) မရှိပါ။ တစ်ခုတည်းသောအစီအစဉ်က သန့်ရှင်းသောဝိညာဉ်တော်၏ ဦးဆောင်မှုအောက်မှာ ဆက်ဆံရေးတိုးပွားစေခြင်း ဖြစ်သည်။

ကျွန်ုပ်တို့သည် ယေရှု၏ နောက်လိုက်များ ဖြစ်ကြသည်။ မီဒီယာအစွမ်း နှင့် ထင်ရှားသောခရစ်ယာန်များ ဖြစ်ခြင်းတို့ဖြင့် မလှည့်စားပါနှင့်။ ယေရှုသည် သူ့ရည်ရွယ်ချက်များတိုးတက်စေမည့်နည်းကို တိထွင်လျက် သရုပ်ပြခဲ့ပြီး၊ အနည်းငယ်မှာ သူတို့က တူညီသောအရာကို လုပ်နိုင်ဖို့ သူတို့ကို ခွန်အားပေးဖို့အတွက် သူ့ဘဝကို ရင်းနှီးခဲ့ပါသည်။ ကျွန်ုပ်တို့သည် သူ့နည်းစနစ်အပေါ်မှာ မတိုးတက်နိုင်ခဲ့ပါ။

## ဃ/ဓမ္မသစ်ကျမ်းထဲမှ ဆင်းရဲသားများကို ဂရုစိုက်ခြင်း

ယေရှုက ဆင်းရဲသားများနှင့် လုံးလုံးသက်သေခံခြင်း ပြုလုပ်ပြီး အငယ်ဆုံး သောသူမှာ ပြုခဲ့သည့်အရာက သူ့မှာ ပြုခြင်း ဖြစ်ကြောင်း ကြေငြာခဲ့သည့် အမှန်တရားကို ကျွန်ုပ်တို့က ရည်ညွှန်းခဲ့ပါသည်။ ရှင်မဿဲခရစ်ဝင် ၂၅ နှင့် ဟေရှာယအနာဂတ္တိကျမ်း ၅၈တို့သည် ပထမရာစုနှစ် ယုံကြည်ချက်များ ဖြစ်ကြသော်လည်း ကျွန်ုပ်တို့၏ အတွေး နှင့် အသက်ရှင်ခြင်းအားလုံးမှာ အခြေခံကျသောကျမ်းပိုဒ်များ ဖြစ်ပါသည်။ ကနဦးအသင်းတော် အမြန်ကြီးထွားခြင်းအကြောင်းများမှ တစ်ခုသည် ရောမအင်ပါယာ၏ အောက်တန်းစားများမှ စွန့်ပစ်ခံကလေးလေးများကို ကောက်ယူပြီး သူတို့လို ပျိုးထောင်ခြင်းကို ကျင့်သုံးကြသော အကြောင်း ဖြစ်သည်။

*ရှင်ယာကုပ်ဩဝါဒစာ ၁း၂၇၊ "ခမည်းတော်ဘုရားသခင့်ရှေ့၌ စင်ကြယ်သန့်ရှင်းသောသီလဟူမူကား၊ မိဘမရှိသောသူငယ်တို့နှင့် မုတ်ဆိုးမတို့သည် ဆင်းရဲခံရသောအခါ၊ သူတို့ကို ကြည့်ရှုပြုစုခြင်း၊ ကိုယ်တိုင်လည်း လောကီ အညစ်အကြေးနှင့် ကင်းစင်အံ့သောငှါ စောင့်ရှောက်ခြင်းပေတည်း။"*

*တမန်တော်ဝတ္ထု ၆း၁၊ "ထိုကာလ၌ . . . ဟေလေနစ်အမျိုးမုတ်ဆိုးမတို့ကို မလုပ်ကျွေးဟု ထိုအမျိုးသားတို့သည် မြည်တမ်း၍ ဟေဗြဲလူတို့ကို အပြစ်တင်ကြ၏။"*

*တိမောသေဩဝါဒစာပဌမစောင် ၅း၃၊ "မုတ်ဆိုးမအမှန်ဖြစ်သောမိန်းမတို့ကို မစလုပ်ကျွေးလော့။"*

*တိမောသေဩဝါဒစာပဌမစောင် ၅း၁၆၊ "ယုံကြည်သောယောက်ျားမိန်းမ၌ မုတ်ဆိုးမရှိလျှင်၊ ကိုယ်တိုင်လုပ်ကျွေးစေ။ သို့ပြုလျှင်၊ အမှန် ဖြစ်သောမုတ်ဆိုးမတို့ကို အသင်းတော်သည် အနှောင့်အရှက် မရှိစေဘဲ လုပ်ကျွေးနိုင်လိမ့်မည်။"*

သင်းထောက်လူကြီးများက ထိုစီမံခန့်ခွဲခြင်းကို ခရစ်တော့်ခန္ဓာကိုယ်၏ အကျိုးပြုသောအချက်များနှင့် သရုပ်ဖော်ပြီး၊ သူတို့က ဘယ်လောက် ကူညီဖို့ ဘယ်သူတို့ကို ကူညီဖို့နှင့် အကူအညီတောင်းခံသည့်သူများနှင့် ဘယ်လောက်ခွဲနေဖို့ ဆိုသည့်စိန်ခေါ်မှုများ ရှိသော်လည်း ၎င်းကို အမှန်မလိုချင်ခဲ့သည့်သူတို့နှင့် ဆက်ဆံခဲ့ရသည်။

ဆင်းရဲသားအလေးထားသည့် ထိုအကြောင်းက တမန်တော်ဝတ္ထု ၁၅၏ ယေရုရှလင်ကောင်စီမှ ထွက်လာဖို့ ငွေရေးကြေးရေးညွှန်ကြားချက်တည်းပဲ ဖြစ်ပြီး မှတ်တမ်းထားသည့်အရာက အရာရာကို ငွေကြေးကြောင့် ဆိုပြီး မဖော်ပြထားပါ။ ၎င်းကို ကျွန်ုပ်တို့က

ဂလာတိများထံမှ သင်ယူရသည်။

ဂလာတိဩဝါဒစာ ၂း၁၀၊ *“ငါတို့သည် ဆင်းရဲသော သူများကို အောက်မေ့ စေခြင်းငှါ သူတို့ အလိုတခုတည်း ရှိ၏။ ထိုအမှုကို ငါသည် အလိုအလျောက်ကြိုးစား အားထုတ်လေ့ရှိ၏။”*

သို့ရာတွင်၊ ငတ်မွတ်ခြင်းဘေး ကြုံနေသည့်တစ်ချိန်လုံး ယေရုရှလင်မှာ ဆင်းရဲသားသူတော်စင်များကို ကူညီဖို့ အသင်းတော်များမှ အလှူငွေကောက်ခံခြင်း ရှိသည့်အကြောင်းက ရှင်ပေါလုသည် ဆင်းရဲသားများကို ကူညီဖို့ ငွေကြေး အလှူခံခြင်း နှင့် ပေးကမ်းခြင်း ဘယ်လောက် စဉ်းစားခဲ့သည့်အကြောင်းနှင့် ကျွန်ုပ်တို့အား အရှင်းဆုံး သရုပ်ပြနေသည်။

*ကောရိန္သုဩဝါဒစာပဌမစောင် ၁၆း၁-၂၊ “သန့်ရှင်းသူတို့အဘို့ လှူဒါန်း၍ စုထားခြင်းအမှုမှာ၊ ဂလာတိပြည်၌ အသင်းတော်များကို ငါ မှာထားသည်အတိုင်း သင်တို့ ပြုကြလော့။ ငါ ရောက်လာသောအခါ လှူဒါန်း၍ စုထားစရာ မရှိစေခြင်းငှါ၊ ခုနစ်ရက်တွင် ပဌမနေ့ ရက်၌ အသီးအသီး ကောင်းစားသည်အတိုင်း၊ မိမိတို့ဥစ္စာ တဘို့ကို ထုတ်၍ စုထားကြလော့။”*

ပဌမဆုံး အလှူငွေကောက်ခံခြင်းကို မိန့်မှာထားခဲ့သော်လည်း သိကျသောငွေပမာဏ သို့မဟုတ် ရာခိုင်နှုန်း တောင်းဆိုမှု မရှိပါ။ တကယ်တော့ အယောက်စီတိုင်း အသီးသီးက သူတို့ ခံစားရသည့်ကောင်းကြီးများမှ ပေးလှူဖို့ ဖြစ်ပါသည်။

ဒုတိယမှာ ရှင်ပေါလုက သူ ပြန်မလာမီ ကောက်ခံသည့်အလှူငွေများကို ပြည့်စုံစေလိုသည်ဟု မှတ်ထားသည်။ ကျွန်ုပ်တို့၏ ကြွယ်ဝခြင်း တရားဟောသူအများအပြားက အလှူငွေများကို သူတို့၏ ကိုယ်ပိုင်အဖြစ် သိမ်းလိုကြသည်။ ဘာကြောင့်လည်း? လူများကို ပေးကမ်းခြင်းဖြင့် ကိုင်တွယ်ဖို့ သူတို့၏ အစွမ်းအစကို ယုံကြည်ကြသည်။ ရှင်ပေါလုက ကြိုးကိုင်ခြင်း သို့မဟုတ် အကျပ်ကိုင်မှုကို မလိုချင်ပါဘူး။ ထာဝရဘုရား ရှေ့မှာ သူတို့နှလုံးသား ငြိမ်သက်နေချိန်မှာ၊ လူများသည် ဘယ်လိုပေးကမ်းဖို့အကြောင်းကို သူတို့၏စိတ်ထဲမှာ ဖြစ်ပေါ်ခဲ့သည်။ သူ့ယုံကြည်မှုကို ထာဝရဘုရား၏ လူများသို့ စကားပြောဖို့ သန့်ရှင်းသောဝိညာဉ်တော်ကို သူက စံထားခဲ့သည်။

*ကောရိန္သုဩဝါဒစာဒုတိယစောင် ၈း၁-၈၊ . . . ဘုရားသခင်သည် မာကေဒေါနိပြည်၌ ရှိသောအသင်းတော်များတို့အားဖြင့် ပြုတော်မူသောကျေးဇူးတော်အကြောင်းကို ငါတို့သည် သင်တို့အား ကြားပြောကြ၏။ ထိုအသင်းတော်တို့သည် ညှဉ်းဆဲခြင်းအားဖြင့် များစွာသောစုံစမ်းခြင်းကို ခံရသော်လည်း၊ အလွန်ကြီးသောဝမ်းမြောက်ခြင်းနှင့်၊ ဥစ္စာပြုန်းတီးသော ဆင်းရဲခြင်းအကြောင်းသည်၊ သူတို့၏ စွန့်ကြဲပေးကမ်းခြင်းစည်းစိမ်ကို ဖြစ်စေ၍ ကြွယ်ဝပြည့်စုံ၏။ အကြောင်းမူကား၊ သူတို့သည် တတ်နိုင်သမျှထက်မက၊ အလိုအလျောက်စွန့်ကြဲချင်သောစေတနာစိတ် ရှိကြသည်ဟု ငါသည် သက်သေခံ၏။ သူတို့အလှူဒါနကို ငါတို့သည် ယူ၍ သူတို့နှင့်ကူညီလျက်၊ သန့်ရှင်းသူတို့အား လုပ်ကျွေးခြင်းအမှုကို ဆောင်ရွက်မည်အကြောင်း၊ သူတို့သည် တိုက်တွန်းသွေးဆောင်သော စကားများအားဖြင့် ငါတို့ကို တောင်းပန်ကြ၏။ . . . ငါတို့ကို ချစ်ခြင်းမှစသော အလုံးစုံတို့နှင့် ကြွယ်ဝပြည့်စုံသည် ဖြစ်၍ ထိုကျေးဇူးနှင့်လည်း ကြွယ်ဝ ပြည့်စုံခြင်း ဖြစ်စေသတည်း။*

အလှူငွေက သူတော်စင်များအတွက် ဖြစ်ပြီး သန့်ရှင်းသူတို့အား လုပ်ကျွေးခြင်းအမှုမှ မိတ်သဟာယသည် သာ၍ ဆက်ကပ်ခြင်း နှင့် ပျော်ရွှင်ခြင်းတို့နှင့် စတင်စေခဲ့သည်။ အုတ်ခဲများ နှင့် မော်တာဖိုး၊ လျှပ်စစ်မီတာခများ၊ ဓာတ်ဆီဖိုးများ နှင့် အထွေထွေစာရေးများ နှင့် ညစောင့်များ၏ လစာများ ပိုပေးနိုင်ခြင်းမှာ ဝမ်းမြောက်ဖို့ ခက်ခဲပါသည်။ ညီအစ်ကို မောင်နှမများ မိတ်သဟာယ၏ ဆက်ကပ်မှုကို သိဖို့ တခြားအကြောင်းတစ်ခုသာ ဖြစ်သည်။

*ကောရိန္သုဩဝါဒစာဒုတိယစောင် ၈း၁၃-၁၅၊ ဤအမှုအရာ၌ အခြားသောသူတို့သည် ချမ်းသာရ၍ သင်တို့သည် ဆင်းရဲစေခြင်းငှါ ငါအကြံရှိသည်မဟုတ်။ များများရသောသူမပို။ နည်းနည်းရသောသူမလိုဟူသော ကျမ်းစကားနှင့်အညီ၊ မျှခြင်း တရားကို ထောက်၍၊ ယခု၌ သင်တို့၏ စည်းစိမ်သည် သူတို့၏ ဆင်းရဲကို မစသဖြင့်ငှင်း၊ နောင်၌ သူတို့၏ စည်းစိမ်သည် သင်တို့၏ ဆင်းရဲကို မစသဖြင့်ငှင်း၊ အညီအမျှဖြစ်စေခြင်းငှါ ငါအကြံရှိ၏။*

သန့်ရှင်းသူတို့အား လုပ်ကျွေးခြင်းအမှု မှ မိတ်သဟာယသည် တန်းတူညီမျှခြင်းအကြောင်း နှင့် တွေ့ဆုံခြင်း လိုအပ်မှုများအကြောင်း ရှိသောကြောင့် သင်တို့၏ လိုအပ်မှုများသည် လမ်းပေါ်မှာ တွေ့ရမည် ဖြစ်သည်။ ညီအစ်ကို မောင်နှမများ၏ လိုအပ်မှုကို ကျွန်ုပ်တို့က ဘယ်လို သိနိုင်မည်နည်း? သူတို့အပေါ်မှာ ကျွန်ုပ်တို့၏တာဝန်များကို ဘယ်လို သိနိုင်မည်နည်း? ကျွန်ုပ်တို့၏ အတွေးထဲမှာ တန်းတူညီမျှခြင်းသဘောထားကို ဘယ်လို ထည့်စဉ်းစား မည်နည်း? *တယောက်အပေါ်တယောက် စောင့်စိုင်းခြင်း*ကို သည်နေရာမှာ ဘယ်လို အသုံးချရမည်နည်း?

နာမည်ကျော် တရားဟောဆရာများတစ်ချို့က သူတို့၏ ထာဝရဘုရား၏ မျက်နှာသာရခြင်းကို ဖော်ပြသောဘဝ ပုံစံ နှင့် ကြွယ်ဝမှုတို့ကို ကြွားလုံးထုတ်ကြပြီး၊ ငွေကြေးနှင့် ရိတ်သိမ်းဖို့ မျှော်လင့်ချက်ဖြင့် သူတို့၏ ငွေကြေးများနှင့် “မြေဆီကောင်းသည့်”နေရာမှာ ကြဲသည့်အချိန်မှစ၍ ပို၍ပေးကမ်းပြီး သူတို့၏ တရားနာသူများကို ကိုင်တွယ်ဖို့ သူတို့၏ တရားများနှင့် သက်သေပြထားသည်။ သူတို့က မညီမမျှ ကြွားလုံးထုတ်လျက် ငွေကြေးများ ကြဲသည့် “မကောင်းသောမြေ”ကဲ့သို့ ဆင်းရဲသားများကို သရော်ကြသည်။ ဤအကြောင်းက လုံးဝ လိမ်လည်ခြင်း ဖြစ်သည်။

ထာဝရဘုရားသည် *“လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှါငှင်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်၏ အမွေခံဖြစ်စေခြင်းငှါငှင်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော” (ရှင်ယာကုပ်ဩဝါဒစာ ၂း၅)*ဟု ကြွေငြာပါသည်။

သုတ္တံကျမ်းကလည်း သည်လို ကြွေငြာထားသည်၊ *“ဆင်းရဲသားကို သနားသောသူ*

*သည် ထာဝရဘုရားအား ချေးငှါးသောသူ ဖြစ်၍၊ သူပြုသောအမှု၏ အကျိုးကို ဆပ်ပေးတော်မူလိမ့်မည်” (သုတ္တံကျမ်း ၁၉း၁၇)။*

*ကောရိန္သုဩဝါဒစာဒုတိယစောင် ၉း၁၊ “သန့်ရှင်းသောသူတို့ကို လုပ်ကျွေးခြင်း၏ အမှုအရာများကို သင်တို့အား ငါရေး၍. . . . ”*

အလှူငွေများသည် သန့်ရှင်းသူများအတွက် ဖြစ်ပြီး၊ ခေါင်းဆောင်သူများအတွက် မဟုတ်ပါ။ အလှူငွေများအကြောင်းရေးသည့် တမန်တော်ဝတ္ထုကျမ်းထဲမှာတောင်မှ *တမန်တော်၏ ခြေရှေ့မှာ ချထားပါ*ဟု ပါရှိသည်။ အလှူငွေများမှ အဓိကရည်ရွယ်ချက်မှာ သူတော်စင်များကို ဂရုစိုက်ဖို့ ဖြစ်ပြီး၊ အထူးသဖြင့် မုဆိုးမများ နှင့် မိဘမဲ့ကလေးများအတွက် ဖြစ်သည်။ အလှူငွေများသည် ခေါင်းဆောင်များ၏ အုပ်ချုပ်မှုကဏ္ဍကို ထောက်ပံ့ဖို့ အသုံးမချစေသင့်ပါ။

*ကောရိန္သုဩဝါဒစာဒုတိယစောင် ၉း၅၊ “. . . အနိုင်အထက်လျှုရသော ဥစ္စာကဲ့သို့ မဟုတ်။ အလှူကျေးဇူးကဲ့သို့ အသင့်ရှိစေခြင်းငှါ။. . .*

ဓမ္မသစ်ကျမ်းမှ ပေးကမ်းခြင်းသည် ရက်ရောစွာပေးလှူခြင်း ဖြစ်ပြီး၊ အတင်းပေးလှူစေခြင်းမျိုး လုံးဝ မဟုတ်ပါ။ ပဋိညာဉ်အသစ်သည် ထာဝရဘုရား၏ ရက်ရောသည့်စိတ်နှလုံးကဲ့သို့ ထာဝရဘုရားထံမှ ရရှိသည့် စိတ်သစ်၏ ပဋိညာဉ် ဖြစ်သည်။ ထာဝရဘုရား၏ လူများအားဖြင့် သူ့ရက်ရောမှုကို ကျွန်ုပ်တို့က ယုံကြည်မည်လား သို့မဟုတ် မယုံကြည်ဘူးလား?

*ကောရိန္သုဩဝါဒစာဒုတိယစောင် ၉း၆၊ “. . . များစွာကြဲသောသူသည် များစွာရိတ်ရမည်ဟု မှတ်ကြလော့။”*

မျိုးစေ့ကြဲခြင်း နှင့် ရိတ်သိမ်းခြင်းတို့၏ ကတိသည် ဆင်းရဲသားများအား ပေးကမ်းခြင်းနှင့် ပတ်သက်စေခဲ့ပြီး၊ ထိုပေးကမ်းခြင်းက *ကောင်းသောအကျင့်အမျိုးမျိုးတို့နှင့်အထူးသဖြင့် ပြည့်စုံစေမည့်အကြောင်း၊ အမျိုးစုံသောမင်္ဂလာကျေးဇူး(၉း၉)*နှင့် ရိတ်သိမ်းခြင်းကို ခွင့်ပြုသည်။ *သင်တို့အား မျိုးစေ့ကို ပေး၍ ပွါးများစေတော်မူမည်။ သင်တို့၏ ဖြောင့်မတ်ခြင်းကိုလည်း ကြွယ်ဝစေတော်မူမည် (၉း၁၀)၊ ငါတို့အားဖြင့် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းစရာအကြောင်း ရှိလိမ့်မည် (၉း၁၁)။* သူတို့ကို *ထာဝရဘုရားအား ချီးမွမ်း စေပြီး (၉း၁၃)၊ သင်တို့အဖို့အလိုငှါ ဆုတောင်းခြင်း (၉း၁၄)*မှာ တိုးပွားစေသည်။

ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဆုတောင်းခြင်း နှင့် ထာဝရဘုရားအားချီးမွမ်းခြင်းတို့သည် အနာဂတ်မှာ မျိုးစေ့ကဲ့သို့ ကြဲလျက် တိုးပွားစေဖို့ ဖြစ်သည်။

*ရှင်ယာကုပ်ဩဝါဒစာ ၂း၅၊ “ငါချစ်သော ညီအစ်ကိုတို့၊ နားထောင်ကြလော့။ လောကတွင် ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း ရတနာကို ရတတ်စေခြင်းငှါ၎င်း၊ ဘုရားသခင်ကို ချစ်သောသူတို့အား ပေးမည်ဟု ဝန်ခံတော်မူသော နိုင်ငံတော်၏အမွေခံဖြစ်စေခြင်းငှါ၎င်း၊ ထိုသူတို့ကို ရွေးကောက်တော်မူသည် မဟုတ်လော။”*

ရှင်ယာကုပ်သည် ချမ်းသာသောသူသို့ ပေးကမ်းရန်လိုလားမှုကြောင့် အသင်းတော်ကို ဝေဖန်ပြစ်တင်ပြီး၊ ထိုကဲ့သို့လုပ်ဆောင်ခြင်းက *ဘက်လိုက်မှု*ကို ပြ၍ *ဆိုးယုတ်သောအတွေးများနှင့်* စီရင်လာစေသည့် အချက်နှင့် သူတို့ကို ရင်ဆိုင်ပေးသည်။ စံနှုန်းသည် *ကိုယ်ကိုချစ်သကဲ့သို့ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့* ဖြစ်ပါသည်။ ကျွန်ုပ်တို့က မေးခွန်း ထုတ်နေပါသေးသည်၊ “ကိုယ်နှင့်စပ်ဆိုင်သောသူက ဘယ်သူလည်း?” လူအများအပြားက ဒုက္ခဝေဒနာ ခံစားရသည်ဟု ကျွန်ုပ်တို့သိထားသည့် ကမ္ဘာရွာမှာ ၎င်းက မဟာမေးခွန်းတစ်ခု ဖြစ်ပါသည်။ သင်တို့က သိထားသော လမ်းပေါ်မှာရှိသည့်ပုဂ္ဂိုလ် သို့မဟုတ် လမ်းဖြတ်ကူးသည့်ပုဂ္ဂိုလ် နေသည့်ကျေးရွာအသီးသီးမှာလည်း မဟာမေးခွန်း ဖြစ်၏။ ရှင်ယာကုပ်၏ နိဂုံးချုပ်ခြင်းက ဘယ်လိုလည်း?

*ရှင်ယာကုပ်ဩဝါဒစာ ၂း၁၅-၁၇၊ “ညီအစ်ကိုနှမတို့သည် အဝတ်အချည်းစည်းရှိ၍၊ နေ့တိုင်းစားရသောအစာ မရှိသောအခါ၊ သင်တို့တွင် တစုံတယောက်သောသူက၊ ငြိမ်ဝပ်စွာသွားကြလော့။ နွေးကြလော့။ ဝကြလော့ဟု ပြောလျက်၊ သူတို့ကိုယ်နှင့်တော်လျော်သောအသုံးအဆောင်ကို မပေးဘဲနေလျှင် အဘယ်အကျိုးရှိသနည်း။ ထိုနည်းတူ၊ အကျင့်နှင့်ကင်းသော ယုံကြည်ခြင်းသည် တပါးတည်း ရှိသောကြောင့် အသေဖြစ်၏။”*

ဓမ္မသစ်ကျမ်းသည် အဆောက်အအုံများဆောက်ဖို့ ထောက်ပံ့ခြင်းအတွက် ပေးကမ်းစေခြင်းအကြောင်း နှင့် ရက်ရက်ရောရောပေးကမ်းသည့် အသက်တာပုံစံများအကြောင်း ဘာမျှ မပါရှိပါ။ ကျမ်းတစ်ခုလုံး၏ ဦးတည်ချက်သည် လူသားများ ဖြစ်ပြီး ၎င်းဦးတည်ချက်က အငယ်ဆုံးသောသူအပေါ်မှာ ကျွန်ုပ်တို့ ပြုသည့်အကြောင်းက ဘုရားသခင်အပေါ်မှာ ပြုခြင်း ဖြစ်ကြောင်း သခင်ဘုရားပြောသည့် အလွန်ကြီးမားသောအရာ ဖြစ်ပါသည်။

ယေရှုဘုရား၊ ကျွန်ုပ်တို့က သန့်ရှင်းသောလက်များနှင့် စိတ်ပါလက်ပါ အစေခံပါရစေ။

Steve and Marilyn Hill

**(စတီးဗ် နဲ့ မာရေလင် ဟီးလ်)**

# ကျွန်ုပ်နှစ်သက်သည့်စာအုပ်တချို့

*Houses That Change the World*, Wolfgang Simson (Waynesbo-ro, GA: Om Publishing), 2001, 303 pages. This is the book that started it all for many! Complete, readable and powerfully convincing. Thanks so much Wolf!

*Organic Church*, Neil Cole, (San Francisco, CA, Jossy-Bass), 2005,www.cmaresources.org. Does God only move far far away or long long ago? The account of a movement which started in California and is going around the world.

*Simply Church*, Tony and Felicity Dale (Austin, TX: Karis Publishing), 2002, 120 pages. A very good introduction to all things house church. Great website at www.house2house.org

*Pagan Christianity: The Roots of our Church Practices*, Frank Viola and George Barna (Tyndale House). The most heavily footnoted book many will ever see as the pagan roots of modern church practices are documented and exposed.

*Church Planting Movements*, David Garrison (Richmond, VA: International Mission Board of the Southern Baptist Convention), 1999. A free 30 page booklet is available for download at www.churchplantingmovements.com. The full book and many other resources are also available to order.

*Missionary Methods: St Paul's or Ours*, Roland Allen (Grand Rapids; Erdmans), 1954. An Anglican Missionary to China, Allan said that his books would not be read until at least twenty years after his death. He still speaks! A classic.

*The Global House Church Movement*, Rad Zdero (Pasedena: William Carey Library), 2004. A great introduction to the house church movement from a good friend.

For training, example, challenge from David Watson, a foremost disciple making pioneer, go to www.cpmtr.org. Practical and powerful!